www.burmeseclassic.com

မောင်ဝိုင်ခန့်

(အမျိုးသားစာပေဆု)

ငါတို့ဘက်ကကြည့်တော့

# ဒီမိုကရေစီသူရဲကောင်း



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသည့် ခုနှစ်**

၂၀၁၅၊ အောက်တိုဘာလ

**ထုတ်ဝေသည့် အကြိမ်**

ပထမအကြိမ်

**တန်ဖိုး**

၃၀၀၀ - ကျပ်

**ထုတ်ဝေသူ**

ဦးအောင်သိန်းဝင်း၊ ကြည်လှမောင်စာပေ (၀၀၈၅၁)

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးကျော်မိုးစိန်၊ အောင်သာအော့ဖ်စက် (မြ-၀၃၁၃၇)

အမှတ်-၁၇၂၊ ၃၁ လမ်းအထက်၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

ကြည်လှမောင်စာပေ

ဖုန်း ၀၉-၅၁၆၂၁၅၆၊ ၀၉-၇၉၆၆၁၀၀၆၁

**မျက်နှာဖုံးပန်းချီ**

ကျော်ဖြူစံ

**ဒီဇိုင်း** - ကိုငယ်

**ထုတ်ဝေသည့် စာအုပ်ကတ်တလောက် အညွှန်း (CIP)**

**[illegible]** (အမျိုးသားစာပေဆု) ၈၀၈-၈၄

**ဒါတို့ဘက်က**ကြည့်တော့ ဒီမိုကရေစီသူရဲကောင်း

**ကြည်လှမောင်**စာပေတိုက်၊ ၂၀၁၅

**စာမျက်နှာ**-၃၁၀၊ ၁၃·၅ စင်တီ × ၂၁ စင်တီ

(၁) ဒါတို့ဘက်က ကြည့်တော့ ဒီမိုကရေစီသူရဲကောင်း

## မာတိကာ

၁။ စာရေးသူ၏ အမှာ ၁

၂။ မြန်မာ့နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ရောက်ပြီ ၁၁

၃။ အဖေနှင့်အမေသေတော့ နိုင်ငံတော်ချာပန ခင်ပွန်းသေတော့ မမြင်လိုက်ရတဲ့ ဘဝ ၃၀

၄။ ကွန်မြူနစ်များ ဝိုင်းရံနေသူအဖြစ် စွပ်စွဲခဲ့ကြသည် ၄၈

၅။ မြေနီကုန်း အရေးအခင်း နှစ်ပတ်လည်နေ့မှာ သတိပေးစကား ပြောကြားခံရသူ ၆၅

၆။ အဆင့်မြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ၇၂

၇။ ဟစ်တလာ၏ နာဇီလူငယ်အသင်းကို အားကျ၍ စွမ်းအားရှင် ဖွဲ့ခဲ့လေသလား ၈၈

၈။ အမေရိကန်အစိုးရစာအုပ်အကြောင်း စာဖတ်ဝိုင်းနှင့် အကြမ်းဖက် ရိုက်နှက်ခံခဲ့ရစဉ်က ၁၀၄

၉။ သေနတ်များကြားက မိန်းမသား ၁၁၆

၁၀။ အစာငတ် ရေပြတ်နှင့် လမ်းဘေးအကျယ်ချုပ်မှာ ကံကောင်းလို့ မသေ၊ ကိုထိန်လင်းတို့ အမေ ၁၃၁

၁၁။ မန္တလေးကို ခရီးသွားမယ်လုပ်လို့ နေအိမ်အကျယ်ချုပ် ပြစ်ဒဏ်ချသတဲ့ ၁၅၁

၁၂။ ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်သူတွေ လုပ်ကြံခဲ့သလဲ ၁၆၄

www.burmeseclassic.com

www.burmeseclassic.com


၁၃။ လူသားချင်း စာနာမိလို့ တရားရုံးက
ထောင်ဒဏ်ချသတဲ့ ၂၄၅

၁၄။ သမ္မတဖြစ်ခွင့်ကို ကြိုတင်တားဆီးပိတ်ပင်ခံရသူ ၂၅၇

၁၅။ ရွေနှင့်ဆက်၍ ဝယ်လည်းမရ၊ ပြိုင်ပွဲဝင်ဆုများလည်း
မဟုတ်၊ ဘဝနှင့်ရင်း၍ ရခဲ့သော နိုင်ငံတကာမှ
ပေးအပ်သည့် ဆုများကို ပိုင်ဆိုင်သူ ၂၇၅

၁၆။ စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၂၉၄

၁၇။ မိုးငြိမ်းကိုးကားသည့် စာအုပ်စာတမ်းများ ၂၉၇



**ဝန်ခံချက်**

ကျွန်တော် မောင်ခိုင်ခန့် (အမျိုးသားစာပေဆု) ရေးသားသည့် "**ငါတို့ဘက်ကကြည့်တော့ ဒီမိုကရေစီသူရဲကောင်း**" စာအုပ်ပါ ဓာတ်ပုံများကို Internet Website များနှင့် www. goole.com မှ ရှာဖွေအသုံးပြုကြောင်း ရိုးသားစွာ ဝန်ခံအပ်ပါသည်။


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ သမ္မတဆိုတဲ့ ရာထူးကို မမက်မောဘူး၊
ပြည်သူလူထုနဲ့ နိုင်ငံအကျိုးပြုနိုင်မယ့် နေရာကနေ
လုပ်ပိုင်ခွင့် ရှိလို့ရှိရင် ကျွန်မ ကျေနပ်တယ်၊
ဒါပေမဲ့ ပြည်သူလူထုရဲ့မျှော်လင့်ချက်တွေကို
အပြည့်အဝ ဖြည့်ဆည်း ပေးနိုင်ဖို့ နည်းလမ်းတွေကို
စဉ်းစားထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်
၂၅-၇-၂၀၁၅ ရက်နေ့၊
ကျိုက်လတ်မြို့

## စာရေးသူ၏ အမှာ

ကျွန်ုပ်တော်သည် မည်သည့် ပါတီဝင်တစ်ဦးမျှ မဟုတ်သည်ကို ရိုးသားစွာ ဝန်ခံပါသည်။ ထို့အတူ ကျွန်ုပ်တော်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေမျိုးရင်းချာတစ်ဦး မဟုတ်သကဲ့သို့ ခင်မင်ရင်းနှီးသူတစ်ဦး မဟုတ်ပေ။ ဒေါ်အောင်ဆန်းစုကြည်အား ယုံကြည်စွာ အားပေးထောက်ခံသူ တစ်ဦးမျှသာ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ကျွန်ုပ်တော်တို့မှာ လူချင်း ခင်မင်ရင်းနှီးမှု၊ သိကျွမ်းမှု မရှိကြသော်လည်း ဒီမိုကရေစီဘက်တော်သားအဖြစ် ထာဝရရပ်တည်လျက် ရှိပါသည်။

ဒေါ်အောင်ဆန်းဆုကြည်အား ကျွန်ုပ်တော် ပထမဦးဆုံး မြင်ဖူး၊ တွေ့ဖူး၊ အသံကြားဖူးသည်မှာ ၂၄-၈-၈၈ ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းတွင် ဖြစ်သည်။ တစ်ခဏတာမျှသာ ဖြစ်သည်။ ၂၆-၈-၈၈ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၌ ကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည်၏ လူထုအစည်းအဝေးကြီးတွင် အနီးကပ် မြင်တွေ့ဖူးသည်။ ၂၅-၈-၂၀၁၄ ရက်နေ့က စာပေအနုပညာရှင်များ တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ကျွန်ုပ်တော် ခဏမျှ စကားပြောခဲ့ဖူးသည်။ ယခု ရေးသားမည့် စာအုပ်အကြောင်းပင် ဖြစ်သည်။

ကျွန်ုပ်တော်သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး၊ တပ်မတော်၏ ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးတစ်ဦးအဖြစ် ဒေါ်အောင်ဆန်းစုကြည်အား သိသည်။ ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မိခင် ဒေါ်ခင်ကြည်တို့နှင့်အတူ ဒေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစုကြည် နှစ်နှစ်သမီးအရွယ်ခန့်က ဓာတ်ပုံကို မြင်တွေ့ခဲ့ဖူးသည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း ကျွန်တော် အထွေထွေ သပိတ်ကော်မတီ (ရန်ကုန်)တွင် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် ဆောင်ရွက်နေစဉ် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးအောင်ကြီးတို့လည်း တစ်ပါတီစနစ် ဖျက်သိမ်းရေးနှင့် ဒီမိုကရေစီ ရရှိရေးအတွက် တိုက်ပွဲဝင်နေကြပြီ ဖြစ်သည်။ တောင်းဆိုနေကြပြီ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ တည်ထောင်သည့်အခါ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း အတူပါဝင်ခဲ့ကြသည့် သူငယ်ချင်းများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဝင်ကြသည်။ ပါတီလုပ်ငန်းများတွင် ထဲထဲဝင်ဝင် လှုပ်ရှားခဲ့ကြသည်။ ကျွန်တော်က မည်သည့်ပါတီမျှ မဝင်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီအထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းများကို သွားရောက်နားထောင်သည်။ ဟောပြောသည့် နေရာများတွင် လိုက်ပါနားထောင်လေ့ ရှိသည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ၊ ၂၀ ရက်နေ့တွင် တပ်မတော် အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား "နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ) အရ နေအိမ် အကျယ်ချုပ်ချထားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်နှင့် ပြစ်ဒဏ်ချခံရစဉ် ကာလအတွင်း ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံးဆုဖြစ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုသည် မြန်မာနိုင်ငံမှ နိုင်ငံသားတစ်ဦး ပထမဦးဆုံး ရရှိသည့်ဆု ဖြစ်သဖြင့် ကျွန်တော် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ခဲ့ရသည်။



၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာသည့် နောက်ပိုင်းတွင် အပတ်စဉ် စနေနေ့တိုင်း တက္ကသိုလ်ရိပ်သာလမ်းရှိ သူ၏ နေအိမ်ရှေ့၌ ကျင်းပသည့် ဟောပြောပွဲသို့ အပတ်စဉ်ဆိုသလို ကျွန်တော် သွားရောက်နားထောင်ခဲ့သည်။ ပထမအစ ဟောပြောပွဲနေ့များက ဟောပြောသူ ဒေါ်အောင်ဆန်းစုကြည်က နေအိမ်အဝင် ခြံတံခါးဝ တရားဟော၍ နားထောင်သူ လူထုပရိသတ်က တက္ကသိုလ်ရိပ်သာလမ်းမကြီးပေါ်တွင် ထိုင်၍ နားထောင်ကြရသည်။ အနှောင့်အယှက်ကင်းစွာဖြင့် ဟောပြောသူနှင့် နားထောင်သူတို့မှာ အဆင်ပြေလှသည်။ နောက်ပိုင်းတွင် မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး နှောင့်ယှက်လာကြသည်။

အထူးသဖြင့် ၉.၁၁.၅၆ ဝါးရင်းတုတ်တပ်ဖွဲ့ဟူသော စွမ်းအားရှင်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်တို့အား ကမ္ဘာအေးလမ်းမပေါ်တွင်ပင် နေ့ခင်းကြောင်တောင်ကြီးမှာပင် ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ကြတော့သည်။ တပ်မတော်အစိုးရက ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေနေ့ ဟောပြောပွဲများကို ပိတ်ပင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အတိုက်အခိုက်၊ အတားအဆီး၊ အနှောင့်အယှက်များကြားကပင် မြို့နယ်ပါတီရုံးများသို့ သွားရောက်စည်းရုံးရေးဟောပြောပွဲများ လုပ်သည်။ နှစ်ပတ်တစ်ကြိမ် စာဖတ်ဝိုင်းကျင်းပသည်။ နှစ်ပတ်တစ်ကြိမ် ပြုလုပ်သည့် စာဖတ်ဝိုင်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်များနှင့် သူ၏ နေအိမ်တွင် ပြုလုပ်ခြင်း ဖြစ်သည်။ ၂၄.၆.၉၈ ရက်နေ့တွင် ပြုလုပ်သည့် စာဖတ်ဝိုင်းကို ပြုလုပ်ခွင့် မပေးဘဲ လုံခြုံရေးများက ကြမ်းတမ်းစွာ ရိုက်နှက်၍ တားမြစ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် စာဖတ်ဝိုင်းသို့ လာရောက်သည့် အဖွဲ့ချုပ်လူငယ်များ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့ လမ်းပေါ်တွင် တစ်ည အိပ်ခဲ့ရသည်။

နေအိမ်အကျယ်ချုပ်မှ လွတ်သည့် အချိန်ကာလများတွင် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သား ဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးတာဝန်ဖြင့် မြို့နယ်ပါတီရုံးများသို့ သွားရောက်သည်။ စည်းရုံးရေးဟောပြောပွဲများ ကျင်းပသည်။ ၁၉၉၈ ခုနှစ်အတွင်း အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးလိုလို အဖမ်းခံကြရသည်။ မြို့နယ်ပါတီရုံးများ ချိတ်ပိတ်ခံကြရသည်။ ယင်းကိစ္စများနှင့် ပတ်သက်၍ ခရီးများ သွားရောက်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်အား သက်ဆိုင်ရာ အာဏာပိုင်များ၊ ထောက်လှမ်းရေးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တားဆီးပိတ်ဆို့ခြင်းကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ်နှင့် ကျန်းမာရေး အခြေအနေ စိုးရိမ်ရသည်အထိ လမ်းဘေးတွင် ရှေ့သို့ ခရီးမဆက်နိုင်ရန် ပိတ်ဆို့တားဆီးခဲ့ကြသည်။ ယင်းသို့ တားဆီးပိတ်ဆို့ခံရစဉ် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား အစာရေစာ ဖြတ်တောက်ထားသည်။ သောက်ရေကို ခွင့်ပြုချက်နှင့် ဝယ်ယူခွင့်ပြုခဲ့သည်။ တားဆီးပိတ်ဆို့ခံရသည့် နေရာများတွင် တစ်ပတ်ခန့်၊ နှစ်ပတ်ခန့် ကြာမြင့်သည်။ ထိုအခြေအနေမျိုးတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအတွက် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းအား ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လုံခြုံရေးအဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ဆေးဝါးကုသခွင့်ပေးခဲ့သည်။

တားဆီးပိတ်ဆို့ခံရသည့် နေရာများတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား အကြမ်းဖက်၍ အတင်းအဓမ္မ နေအိမ်သို့ ပြန်ပို့ခံရသည်လည်း ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေ အထူး စိုးရိမ်ရသဖြင့် မိမိ၏ အစီအစဉ်နှင့် နောက်ပြန်လှည့်၍ ဆေးဝါးကုသခံယူရသည်များလည်း ရှိသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အဖွဲ့ မန္တလေးသို့ သွားရောက်ရန် ရန်ကုန်ဘူတာကြီးတွင် စောင့်ဆိုင်းနေစဉ် လုံခြုံရေး တပ်ဖွဲ့ဝင်များက



အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်ကာ နေအိမ်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား နေအိမ်အကျယ်ချုပ်ပြစ်ဒဏ် တစ်နှစ်ခွဲစီ ချမှတ်ခဲ့ကြသည်။ ၂၀၀၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ပြစ်ဒဏ်မှ လွတ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် ပြစ်ဒဏ်မှ လွတ်သည်နှင့် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ စည်းရုံးရေးဆင်းသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်တိုက် ဖယ်ဆက်သလိုပင် စည်းရုံးရေးဆင်းခဲ့သည်။ ခရီးစဉ်များအတွင်း အဆင်ပြေချောမွေ့စွာ သွားလာခွင့်ရသည့် ခရီးစဉ်များ ရှိသကဲ့သို့ တားဆီးပိတ်ပင်ဟန့်တားနှောင့်ယှက်မှု များစွာနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

၂၀၀၃ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၏ နောက်ဆုံးခရီးစဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ခရီးစဉ် ဖြစ်သည်။ ယင်းခရီးစဉ်တလျှောက်လုံးနီးပါးတွင် အတားအဆီး၊ အဟန့်အတား၊ အနှောင့်အယှက်မျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းခရီးစဉ်မှာ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့ဖြစ်ပြီး ထိုနေ့တွင် ဇွမ်းအားရှင်များနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းတို့၏ အကြမ်းဖက် နှိမ်နင်းဖြိုခွင်းမှုကြောင့် လူ ၄ ဦး သေဆုံးခဲ့ရပြီး ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် လိုက်ပါလာသည့် လူ ၅၀ ဦးခန့် ဒဏ်ရာရရှိကြောင်း တပ်မတော်အစိုးရက တရားဝင် သတင်းထုတ်ပြန်သည်။ ကိုယ်တွေ့ကြုံသူများနှင့် ဒေသခံများအဆိုအရ သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ အစိုးရ၏ သတင်းထုတ်ပြန်ချက်ထက် ပိုများသည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့မှာ ဒဏ်ရာ အနည်းငယ်စီသာ ရရှိသော်လည်း တပ်မတော်အစိုးရက နေအိမ်အကျယ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဒဏ် ၆ နှစ် ချထားခဲ့သည်။ ယင်းပြစ်ဒဏ် ချမှတ်နေစဉ်အတွင်း အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောဆိုသူ ဒေါ်အောင်ဆန်းစုကြည်ထံ ရောက်ရှိလာသဖြင့် နေအိမ်အကျယ်ချုပ် တစ်နှစ်ခွဲ ထပ်မံချမှတ်ခံရပြန်သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်မှာ ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် လွဲခဲ့ရသည်။

၂၀၁၀ ရွေးကောက်ပွဲအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါတီမှတ်ပုံတင်ခြင်း မပြုဘဲ နေခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို မကျေနပ်သဖြင့် ရွေးကောက်ပွဲကို မဝင်ဘဲ သပိတ်မှောက်ခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျခံနေစဉ်အတွင်း ဗဟိုအမှုဆောင်အဖွဲ့ကို ပြန်လည် တိုးချဲ့ဖွဲ့စည်းသည်။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ မှတ်ပုံတင်လျှောက်ထားခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်နေရာအသီးသီးတွင် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ် ၄၈ နယ်စလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ရာ ၄၇ နေရာဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရာ အနိုင်ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်နှင့် လွှတ်တော်သို့ ရောက်ရှိလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်း ဖြစ်လာသည်။



ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်တွင်းသို့ ရောက်ရှိပြီးနောက်ပိုင်းတွင် အရှေ့တောင်အာရှ၊ အာရှ၊ အနောက်နိုင်ငံများ၊ ဥရောပနိုင်ငံများ စသည့် နိုင်ငံများသို့ ခရီးသွားရောက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၅ ခုနှစ်အတွင်း နောက်ဆုံးခရီးစဉ်မှာ တရုတ်နိုင်ငံ ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)တွင် ပါရှိသည့် ဥပဒေပုဒ်မများကို ပြင်ဆင်ရန် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ နှင့် ပုဒ်မ ၅၉(စ)တို့ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(စ) ဒေါ်အောင်ဆန်းစုကြည်၏ သမ္မတဖြစ်ခွင့်ကို ပိတ်ပင်ထားသော ပုဒ်မ ဖြစ်သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သွားရောက်၍ ဟောပြောပွဲ ကျင်းပခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေးအတွက် ပြည်သူလူထုထံမှ လက်မှတ်များ ကောက်ခံခဲ့ရာ လက်မှတ်ပေါင်း ၅ သန်းကျော် ရရှိခဲ့သည်။

သို့သော် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် ပုဒ်မတစ်ခုချင်းစီ မဲခွဲဆုံးဖြတ်ရာတွင် ပုဒ်မ ၅၉(စ) အပါအဝင် အရေးကြီးပုဒ်မအားလုံး ရှုံးနိမ့်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(စ) ပြုပြင်ခွင့်မရခြင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ မျှော်လင့်ထားသည့် သမ္မတဖြစ်ခွင့်မှာ ဆုံးရှုံးသွားပြီ ဖြစ်သည်။ ယင်းအတွက် ပြည်သူလူထုမှာ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ကြရသည်။ သို့တိုင် ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်မှာ ခိုင်မာနေဆဲ ဖြစ်သည်။ ယုံကြည်ချက်အတိုင်း ဆောင်ရွက်ရန်အတွက် အားမာန်အပြည့် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



**၂၀၁၅ ရွေးကောက်ပွဲဟာ နိုင်ငံရဲ့ ကံကြမ္မာကို ဆုံးဖြတ်ပေးမယ့် ရွေးကောက်ပွဲ ဖြစ်တယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို အပြည့်အဝ ဖန်တီးပေးနိုင်ဖို့ နည်းလမ်းတွေကို စဉ်းစားထားပါတယ်** ဟု ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့် ပြောကြားနေဆဲ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးနှင့် ဒီမိုကရေစီစနစ်ကို ပြည်သူများ လက်တွေ့ခံစားနိုင်ရေးအတွက် အတိုက်အခံသမားတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ အတိုက်အခံပါတီတစ်ခုအနေဖြင့်သော်လည်းကောင်း မြန်မာ့နိုင်ငံရေးလောကတွင် ထဲထဲဝင်ဝင် လုပ်ဆောင်နေသည်မှာ ယင်း၏ အသက်ထက်ဝက်နီးပါးမျှ ရှိပြီဖြစ်သည်။ ခင်ပွန်းဖြစ်သူ ကျန်းမာရေး အခြေအနေ စိုးရိမ်ဖွယ်ရာ အခြေအနေရောက်ရှိနေစဉ်နှင့် ကွယ်လွန်သည့် အချိန်ကာလများကိုပင် စွန့်လွှတ်၍ အကျပ်အတည်း၊ အခက်အခဲ၊ အဟန့်အတား၊ တားဆီးပိတ်ပင်မှုများကြားက ဒီမိုကရေစီရရှိရေးကို ဦးတည်၍ အတိုက်အခံ နိုင်ငံရေးသမားကောင်းတစ်ဦးအနေဖြင့် လှုပ်ရှားရုန်းကန်ရပ်တည်နေခဲ့သည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီး ပြီးစီးသည့် တပ်မတော်အစိုးရက စစ်**အာဏာ** သိမ်းပြီးနောက်ပိုင်း ကာလများတွင် တပ်မတော်အစိုးရကို **အတိုက်အခံ** ပြုခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ တည်**ထောင်**ပြီးနောက်ပိုင်းတွင် အတိုက်အခံ လုပ်ခဲ့သည်မှာ ပို၍ များသည်။

တပ်မတော်အစိုးရအပေါ် **အာဏာဖီဆန်ရေး** လမ်းစဉ်ကို ကျင့်သုံး၍ **အများသဘောမတူသည့် အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြဟူသော** ကြွေးကြော်သံနှင့်အတူ အစိုးရဆန့်ကျင်ရေး၊ တပ်မတော်**ဆန့်ကျင်ရေး နည်း**များကို အသုံးပြုကာ ပြည်သူလူထုကို စည်းရုံးနိုင်ခဲ့သည်။ **ထို့အတူ** တပ်မတော်အစိုးရအား **We have to choose between dialouge or utter devastation (တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးနှင့် အလုံးစုံ ပျက်သုဉ်းရေး)** ဟူသည့် နည်းလမ်းနှစ်ခုအနက် တစ်ခုခုကို ရွေးချယ်ရန် ပြောဆို၍ တပ်မတော်အစိုးရကို ခြိမ်းခြောက်နိုင်ခဲ့သည်။



၁၉၉၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မဲဆန္ဒနယ် အများအပြားတွင် ၈၂ ရာခိုင်နှုန်းကျော်နှင့် အပြတ်အသတ် အနိုင်ရပြီးနောက် တပ်မတော်အစိုးရမှ လွှတ်တော်ခေါ်ပေးရန်နှင့် အာဏာလွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်အစိုးရက တာဝန်ယူအုပ်ချုပ်နေသည့် ဆယ်စုနှစ်နှစ်စုကျော်နီးပါး တပ်မတော်အစိုးရကို နည်းလမ်းမျိုးစုံဖြင့် ဆန့်ကျင်ခဲ့သည်။ ဝေဖန်ခဲ့သည်။ အာဏာဖီဆန်ရေးလမ်းစဉ်အရ အများသဘောမတူသည့် အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ တပ်မတော်အစိုးရ၏ အဓိကရန်သူ ဖြစ်ခဲ့သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်အား နှစ်ကာလရှည်ကြာစွာ နေအိမ်အကျယ်ချုပ်ဖြင့် ပြစ်ဒဏ်ချထားခဲ့သည်။ ၁၅ နှစ်နီးပါးမျှ ကြာသည်။

သို့သော် ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် တပ်မတော်အစိုးရအား အတိုက်အခံပြုနေသည့် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူလူထုက ထောက်ခံနေကြဆဲ ဖြစ်သည်။ ယုံကြည်နေကြဆဲ ဖြစ်သည်။ ချစ်ခင်လေးစားနေကြဆဲပင် ဖြစ်သည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေါ်အောင်ဆန်းစုကြည်မှာ သမ္မတဖြစ်ခွင့် မရသည်မှာ ရာနှုန်းပြည့်နီးပါး သေချာနေသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ဆွေးနွေးပွဲ၌ တပ်မတော်အား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုးအား ပုဒ်မ ၅၉(စ)ကို ပြင်ဆင်ရန် မထောက်ခံကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ဇူလိုင်လ၊ ၂၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်တွင် ပုဒ်မ ၅၉(စ)ကို မဲခွဲဆုံးဖြတ်ရာ၌ ထောက်ခံမဲ ၃၇၁ မဲသာ ရရှိသဖြင့်

www.burmeseclassic.com



ပြင်ဆင်ခွင့် ရှုံးနိမ့်ခဲ့သည်။ ထိုနေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သူ လွှတ်တော်ကိုယ်စားလှယ်မှာ ၅၈၃ ဦး ရှိသဖြင့် ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံမဲများအရေအတွက် ၄၇၅မဲဖြစ်သဖြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၁၆၆) ဦးမှာ ပုဒ်မ ၅၉(ဃ) မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများ ပြင်ဆင်ရေးတွင် မထောက်ခံခဲ့သည်မှာ သေချာသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်အစိုးရလက်ထက်တလျှောက်လုံး တပ်မတော် မုန်းတီးရေး၊ တပ်မတော် ပြိုကွဲရေး၊ အာဏာဖီဆန်ရေးလမ်းစဉ်ကို စသည်တို့ ဝါဒဖြန့်သည်၊ လုပ်သည်ဟု ဆိုကာ တပ်မတော်၏ အဓိက ရန်သူအဖြစ် သတ်မှတ်ခဲ့ကြသော်လည်း ယနေ့တိုင် ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံတွင် နှစ်ပေါင်းငါးဆယ်ကျော် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသည့် ဒီမိုကရေစီစနစ်ကို ပြန်လည်တူးဆွ၍ ရှေ့ဆောင်လမ်းပြ အကောင်အထည်ဖော်ပေးခဲ့သဖြင့် ဒီမိုကရေစီစနစ်ကို ချစ်မြတ်နိုးသူ မြန်မာနိုင်ငံသားများသာမက နိုင်ငံတကာက ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီသူရဲကောင်းတစ်ဦးအဖြစ် ကမ္ဘာ့ည်းမော်ကွန်းထိုးကာ အသိအမှတ်ပြုလျက် ရှိကြသဖြင့် ကျွန်တော်ရေးသားပြုစုသည့် စာအုပ်အား **"ငါတို့ဘက်ကကြည့်တော့ ဒီမိုကရေစီသူရဲကောင်း"** အမည်ပေး၍ ရေးသားထုတ်ဝေလိုက်ရပေသည်။

မောင်နိုင်ခန့် (အမျိုးသားစာပေဆု)

## မြန်မာ့နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ရောက်ပြီ

၁၉၈၈ ခုနှစ်၊ နှစ်ဆန်းပိုင်းကာလတွင် ဒေါ်အောင်ဆန်းစုကြည်အား လန်ဒန်တက္ကသိုလ်ကြီးက ပါရဂူဘွဲ့နှင့် ထိုက်တန်သူအဖြစ် သတ်မှတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ဒေါက်တာဘွဲ့ ရရှိသည့်အခါ သားနှစ်ဦးမှာ တက္ကသိုလ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် မိသားစုနှင့်အတူ ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီး ဒေါ်ခင်ကြည်၊ သား အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ တစ်ဦးတည်းသော သမီး အောင်ဆန်းစုကြည်တို့ မိသားစု

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရှိ မိခင်ကြီး ဒေါ်ခင်ကြည်သည် ၁၉၈၈ ခုနှစ်၊ မတ်လထဲတွင် လေဖြတ်သည့် ဝေဒနာကို ခံစားရသည်။ ယင်းသတင်းကို ဒေါ်အောင်ဆန်းစုကြည် ရရှိသည်နှင့် ၁၉၈၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မိခင်ကြီး နေထိုင်ရာ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသည်။

မိခင်ကြီး ဒေါ်ခင်ကြည် မကျန်းမာ၍ မြန်မာနိုင်ငံသို့ ပြန်လာသည်မှာ ပထမဆုံးအကြိမ် မဟုတ်သော်လည်း နောက်ဆုံးအကြိမ်အဖြစ် အပြီးအပိုင် ပြန်လာခြင်း ဖြစ်လာရသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မြေးနှစ်ဦးဖြစ်သည့်
မောင်မြင့်ဆန်းအောင်နှင့် မောင်ထိန်လင်းတို့အား
ရှင်ပြုအလှူတော်မင်္ဂလာကျင်းပစဉ်

ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသမီးတစ်ဦး ဖြစ်သည်နှင့်အညီ သားများဖြစ်သည့် မောင်မြင့်ဆန်းအောင်နှင့် မောင်ထိန်လင်းတို့ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းနှင့်အညီ ရှင်ပြုပေးနိုင်ရန် ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်နှင့်အတူ ၁၉၈၇ ခုနှစ်က ရှင်ပြုမင်္ဂလာ ကျင်းပပေးခဲ့သည်။ သားများအား ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအမွေကို ပေးခဲ့သည်။ ထိုစဉ်က မြေးများ အလှူမင်္ဂလာကို အဘွားဖြစ်သူ ဒေါ်ခင်ကြည်မှာ ကျန်းမာစွာဖြင့် ဆင်ယင်ကျင်းပပေးနိုင်ခဲ့



သော်လည်း ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကို သတိရနေမည်မှာ သေချာသည်။ ထို့အတူ အလှူဒါယိကာမ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကို သတိရနေပေလိမ့်မည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် သားများကို ရှင်ပြုရန် သက်သက်သာ ဖြစ်ပြီး မြန်မာ့နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် စဉ်းစားမိချင်မှ စဉ်းစားမိပေလိမ့်မည်။ သို့သော် ယင်း၏ စိတ်ကူးကို ခန့်မှန်းရခက်ပေလိမ့်မည်။

မြန်မာ့နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် သို့မဟုတ် ဒီမိုကရေစီတိုက်ပွဲရန်အတွက် စိတ်ကူးရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည့် မှတ်တမ်းမှတ်ရာများ မရှိပေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် အဆင့်မြင့် နိုင်ငံရေးပညာရပ်များကို သင်ကြားထားသူ ဖြစ်သဖြင့် ဒီမိုကရေစီအရသာကို ခံစားနားလည်သိရှိနေပြီ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသို့ ပြန်လည် မရောက်ရှိမီ ၁၉၈၈ ခုနှစ်၊ မတ်လ၊ ၁၃ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားကိုဖုန်းမော် သေဆုံးခြင်းကို အကြောင်းပြု၍ ဒီမိုကရေစီတိုက်ပွဲခေါ်သံကို ကြားနေရပြီဖြစ်သည်။

ထိုနေ့က အင်းစိန်လမ်းမကြီးပေါ်တွင် စက်မှုတက္ကသိုလ်ကျောင်းသားများနှင့် အရပ်သားများ ခိုက်ရန်ဖြစ်ပွားခြင်းကို အကြောင်းပြု၍ အစိုးရမှ လူစုခွဲခဲ့ရာ ကျောင်းသားငါးဦး ဒဏ်ရာရရှိရာမှ ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ သေဆုံးခဲ့ရသည်။ ယင်းကိစ္စကို မကျေနပ်သဖြင့် ကျောင်းသားများ ဆန္ဒပြခဲ့ကြသည်။ ထိုမှတဖန် တစ်စတစ်စနှင့် ကျောင်းသားများ၏ မကျေနပ်ချက်များသည် ရန်ကုန်တက္ကသိုလ်သို့ ကူးစက်ခဲ့သည်။ ယင်းကိစ္စမှတစ်ဆင့် တစ်ပြည်လုံးရှိ တက္ကသိုလ်များသို့ ပျံ့နှံ့သွားသဖြင့် ၂၁.၆.၁၉၈၈ ရက်နေ့တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှ တက္ကသိုလ်ကောလိပ်သိပ္ပံများကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်

www.burmeseclassic.com



ကြောင်း အစိုးရက ကြေညာခဲ့သည်။ ရန်ကုန်တိုင်း စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေညာသည်ထိ ဖြစ်လာသည်။

မဆလပါတီ၏ အရေးပေါ်ညီလာခံ ကျင်းပနေချိန်အတွင်း ပါတီတွင်းတွင် ကြီးမားသော ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာသည်။ မဆလပါတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးစန်းယုတို့ နုတ်ထွက်သဖြင့် ဦးစိန်လွင်က နိုင်ငံတော်သမ္မတ ဖြစ်လာသည်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဖြစ်လာသည်။ ပါတီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ယင်းသို့ ဦးစိန်လွင် သမ္မတ ဖြစ်လာပြီး နှစ်ရက်အကြာ ၂၉·၇· ၁၉၈၈ နေ့တွင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး အပါအဝင် ဦးကြည်ဟန်၊ ဦးစိန်ဝင်း၊ ဦးဘရွှေ၊ ဦးခင်ညို၊ ဦးကြည်မောင်၊ ဦးထွန်းရွှေ၊ ဦးချစ်ကိုကိုနှင့် ဦးအောင်မြင့်တို့ကို နိုင်ငံတော်အား ထိပါးစေမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်ရန်အလို့ငှာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက် (ဝါဆိုလပြည့်)နေ့တွင် ကျောင်းသားများ စုဝေး၍ ဟောပြောပွဲများ လုပ်ခဲ့ကြသည်။ ဆန္ဒပြပွဲများ လုပ်လာခဲ့ကြသည်။ ထိုအခါ နိုင်ငံတော်သမ္မတ ဦးစိန်လွင်၏ အမိန့်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ် အရေးပေါ်အခြေအနေ ကြေညာကာ စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခဲ့သည်။

သို့တိုင် ကျောင်းသားများ၏ ဆန္ဒပြပွဲများက ရပ်တန့်မသွားပေ။ ဆက်လက် ဆန္ဒပြနေခဲ့ကြသည်။ တစတစနှင့် ရန်ကုန်မှသည် နယ်မြို့များအထိ ဆန္ဒပြပွဲများ ကူးစက်သွားခဲ့သည်။ ရန်ကုန်တွင် ကျောင်းသားများနှင့် အရပ်သားအချို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံရသည့်တိုင် ရန်ကုန် အပါဝင် နယ်မြို့များအထိ ဆန္ဒပြပွဲများက ပို၍ကျယ်ပြန့်လာသည်။ များပြားလာသည်။

၈·၈·၈၈ နေ့တွင် ရန်ကုန်မြို့တွင် အကြီးကျယ်ဆုံး ဆန္ဒပြပွဲကြီး ဖြစ်ပေါ်လာသကဲ့သို့ နယ်မြို့များတွင်လည်း ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ယင်းညတွင် နိုင်ငံတော်သမ္မတ ဦးစိန်လွင်၏ အမိန့်ဖြင့် ရန်ကုန်မြို့တော်



ခန်းမရှေ့တွင် စစ်တပ်က ပစ်ခတ်လူစုခွဲရာ ဆန္ဒပြသူများ အများအပြား သေဆုံးခဲ့ရသည်။ ၈·၈·၈၈ နေ့သည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ခဲ့ရသည်။ ဒီမိုကရေစီအရေးတော်ပုံ တိုက်ပွဲ စတင်ခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်သဖွယ် ဖြစ်ခဲ့ရသည်။

ထိုနေ့အထိ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် ထင်ထင်ရှားရှား ပါဝင်လှုပ်ရှားနိုင်ခဲ့ခြင်း မရှိသေးပေ။ ငြိမ်သက်နေဆဲပင် ဖြစ်သည်။ ထိုနေ့ ဆန္ဒပြပွဲကြီးကို ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်တိုင် မြင်တွေ့နိုင်သကဲ့သို့ TV, ရေဒီယိုများမှ ကြားသိနိုင်သည်။ ယင်း၏ စိတ်ဆန္ဒမှာ မည်သို့ဖြစ်ပေါ်နေသည် မသိ။ ပြည်သူများသည် ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိနေသည်ကို သတိထားမိသူ နည်းသည်။ အာဇာနည်နေ့ လွမ်းသူ့ပန်းခွေ လာရောက်ချခဲ့သည်မှတစ်ပါး သာမန်သာ သိကြသည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ မိခင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် မမာမကျန်းဖြစ်နေသည်ကိုပင် မသိကြပေ။ အစိုးရကလည်း တရားဝင်ထုတ်ပြန်ခြင်း မပြုခဲ့ပေ။

သို့အတွက် နိုင်ငံရေးသမားများ အပါအဝင် ပြည်သူများနှင့် ဒေါ်အောင်ဆန်းစုကြည်မှာ အလှမ်းကွာဝေးနေဆဲ ဖြစ်သည်။

၉·၈·၈၈ နေ့တွင်မူ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့်က ညမထွက်ရ အမိန့်ထုတ်ပြန်ခဲ့သည်။ အခြေခံပညာကျောင်းများကို ပညာရေးဝန်ကြီးဌာနက ပိတ်ခဲ့သည်။ အစိုးရက ဝန်ထမ်းများကို လစာတိုးပေး၍ စည်းရုံးခဲ့သည်။ သို့တိုင် နိုင်ငံအနှံ့ ဆန္ဒပြပွဲများက ဆက်လက် ဖြစ်ပေါ်နေခဲ့သည်။ မန္တလေးတွင် မန္တလေးတက္ကသိုလ်သမဂ္ဂကို ဖွဲ့စည်းသည်။ ၁၂·၈·၈၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ မဆလပါတီဥက္ကဋ္ဌ ဦးစိန်လွင် နုတ်ထွက်ခဲ့ရပြန်သည်။ ဆန္ဒပြပွဲများက ရက်ဆက်ဆိုသလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com





အာဇာနည်ဗိမာန်ရှိ ဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူသို့ အာဇာနည်နေ့အခမ်းအနားတွင်
မိခင်ကြီး ဒေါ်ခင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်၊
မြေးကြီး မြင့်ဆန်းအောင်တို့ မိသားစု သွားရောက် ဂါရဝပြုစဉ်



ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူတွင် ဖုံးဖောက်ခွဲခြင်း မခံရမီက
ဒေါ်အောင်ဆန်းစုကြည်နှင့် သား မောင်မြင့်ဆန်းအောင်၊
မောင်ထိန်လင်းတို့ အမှတ်တရ



ဦးစိန်လွင် နေရာတွင် ဒေါက်တာမောင်မောင်အား ၁၉.၈.၈၈ နေ့တွင် အစားထိုး ခန့်အပ်ခဲ့ရပြန်သည်။

နိုင်ငံအနှံ့ ဆန္ဒပြပွဲများ ကျင်းပနေချိန်တွင် ဒေါ်အောင်ဆန်းစုကြည်အား ဗမာပြည်ကွန်မြူနစ်ပါတီက သတိပြုမိသကဲ့သို့ စာရေးဆရာ၊ သတင်းစာဆရာ သုံးဦးကလည်း သတိပြုမိကြသည်။ ထိုသုံးဦးမှာ ဆရာဦးဝင်းတင်၊ ဆရာမောင်သော်ကနှင့် ဆရာမောင်မိုးသူတို့ ဖြစ်သည်။

ဆရာဦးဝင်းတင်၊ ဆရာမောင်သော်ကနှင့် ဆရာမောင်မိုးသူတို့က ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့က ဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူတွင် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေ ချနေသည်ကို သတင်းစာတွင် တွေ့ရှိသဖြင့် သတိထားမိခြင်း ဖြစ်သည်။ သို့သော် ယင်းတို့မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးသိကျွမ်းကြသည် မဟုတ်။ တွေ့ဖူးမြင်ဖူးကြသည်လည်း မဟုတ်ပေ။ ဒေါ်အောင်ဆန်းစုကြည် မြန်မာစကား တတ်မတတ်ကိုပင် မသိဟု ဆရာမောင်သော်က,က ဆိုသည်။

ထိုစဉ်က စာပေအနုပညာရှင်များအသင်း ဖွဲ့စည်းပြီးဖြစ်သဖြင့် ဆရာဦးဝင်းတင်၊ ဆရာမောင်သော်ကနှင့် ဆရာမောင်မိုးသူတို့မှာ တပူးတွဲတွဲ ဖြစ်နေသည်။ သုံးဦးသား တိုင်ပင်ကြသည်။ နိုင်ငံအတွက် ခေါင်းဆောင်ကောင်းတစ်ယောက် လိုအပ်လာသည်ကို နားလည်သဘောပေါက်ကြသည်။ ယင်းအတွက် သူတို့သုံးဦး အချင်းချင်း တိုင်ပင်ကြသည်။ ဆွေးနွေးကြသည်။

နောက်ဆုံးရလာဒ်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံရန် အကောင်းဆုံး အဖြေတစ်ခု ရလာသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ချက် ချခဲ့ကြသည်။

ဆုံးဖြတ်ချက်အတိုင်း ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည် နေထိုင်ရာ အိမ်သို့ အရဲစွန့်၍ သွားခဲ့ကြသည်။ သူတို့သုံးဦး ဒေါ်အောင်ဆန်းစုကြည်နှင့် လာရောက်တွေ့ဆုံရခြင်း အကြောင်းရင်းကို ပြောပြကြသည်။ စည်းရုံးကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရလဒ်က မကောင်းပါ။ ဆရာဦးဝင်းတင်၊ ဆရာမောင်သော်က၊ ဆရာမောင်မိုးသူတို့ သုံးဦး၏ ဆွေးနွေးချက်ကို ဒေါ်အောင်ဆန်းစုကြည်က ကျွန်မ စိတ်မဝင်စားပါဘူး။ ကျွန်မ ပြန်လာတာဟာ ကျွန်မမိခင် မုဆိုးမကြီးကို ပြုစုဖို့ ပြန်လာတာပါဟု တုံ့ပြန်ပြောကြားခဲ့သည်။ ထိုနေ့က ဆရာဦးဝင်းတင်တို့ သုံးဦးသား မှန်းချက်နှင့် နှမ်းထွက် မကိုက်သဖြင့် ခေါင်းငိုက်စိုက်ချကာ ပြန်ခဲ့ကြရသည်။

ဆရာဦးဝင်းတင်၊ ဆရာမောင်သော်ကနှင့် ဆရာမောင်မိုးသူတို့မှာ စာရေးဆရာ၊ သတင်းစာဆရာများပီပီ လွယ်လွယ်ကူကူနှင့် လက်လျှော့တတ်သူများ မဟုတ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်ထံ နောက်တစ်ခေါက် သွားရန် တိုင်ပင်ကြပြန်သည်။ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဆရာဦးဝင်းတင်တို့ သုံးဦးကား ဒေါ်အောင်ဆန်းစုကြည် ရှိရာ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ နောက်တစ်ခေါက် သွားကြသည်။

ဒုတိယအခေါက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆရာဦးဝင်းတင်တို့သုံးဦး မြန်မာ့အနာဂတ်နိုင်ငံရေး ဆွေးနွေးကြပြန်သည်။ ညှိနှိုင်းကြပြန်သည်။ အဆင်ပြေသွားသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သဘောတူညီမှု ရရှိသည့်အခါ လူထုပရိသတ်ရှေ့သို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိရန် လိုအပ်လာသည်။ လူထုပရိသတ်နှင့် မိတ်ဆက်ရန် လိုအပ်လာသည်။

ဩဂုတ်လအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး စစ်အုပ်ချုပ်ရေး ဥပဒေနှင့် အုပ်ချုပ်နေသဖြင့် ဩဂုတ်လ ဒုတိယပတ်အတွင်း ဆန္ဒပြပွဲများ အနိုက်အတန့် ရပ်တန့်သွားသည်။ မြို့နေပြည်သူလူထုမှာ ကိုယ့်ရပ်ရွာကိုယ် လုံခြုံရေးယူနေကြရသည်။ ဝန်ထမ်းများလည်း အလုပ်မဆင်းကြသဖြင့် လုံခြုံရေးတာဝန်ရှိသူများမှအပ အစိုးရယန္တရားမှာ ပျက်လုနီးပါး ဖြစ်နေသည်။

ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် ဆန္ဒပြပွဲများကား ကြိုကြား



ကြိုကြား ဖြစ်နေဆဲပင် ဖြစ်သည်။ ဆန္ဒပြကျောင်းသားများ၊ ဝန်ထမ်းများနှင့် ပြည်သူအချို့ ဖမ်းဆီးထိန်းသိမ်းခံကြရသည်။

လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှုများ ဖြစ်ပွားနေသည်။

မဆလပါတီ၏ အောက်ခြေအဖွဲ့အစည်းများက လှုပ်ရှားမှုများ ရပ်တန့်နေသည်။ သို့သော် ဗဟိုအဆင့်မှ တိုင်းပြည်ကို အုပ်ချုပ်နေသည့် ဗဟိုကော်မတီ၏ လှုပ်ရှားမှုများမှာ ပြန်လည် သက်ဝင်လာသည်။ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး ကျင်းပသည်။ နိုင်ငံတော် သမ္မတ၊ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ၊ မဆလပါတီဥက္ကဋ္ဌ ဦးစိန်လွင်ကို နုတ်ထွက်ခွင့်ပြုသည်။ ပြည်သူ့လွှတ်တော် စတုတ္ထအကြိမ် အရေးပေါ်ညီလာခံ ခေါ်သည်။

အချို့ ဆန္ဒပြသပိတ်စခန်းများ ပိတ်သိမ်းနေသည်။

၁၉·၈·၈၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် မဆလပါတီဥက္ကဋ္ဌကို ဒေါက်တာမောင်မောင်အား အစားထိုး ရွေးချယ်တင်မြှောက်ခဲ့သော်လည်း ဆန္ဒပြပွဲများ ပြန်လည် အရှိန်ရလာသည်။

ရန်ကုန်တိုင်း၊ စစ်အုပ်ချုပ်ရေး နယ်နိမိတ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများ ပြန်လွှတ်လာသည်။ ဆန္ဒပြပွဲများမှာ ကျောင်းသားများအရေး သက်သက် မဟုတ်တော့။ နိုင်ငံ့အရေးကို ဦးတည်ဆန္ဒပြလာကြသည်။

ရန်ကုန်မြို့ နေရာအနှံ့အသီးသီးတွင် မနက်ပိုင်းတွင် ဆန္ဒပြကြ၍ မွန်းလွဲပိုင်းတွင် လူထုဟောပြောပွဲများ ရန်ကုန်မြို့ နေရာအနှံ့အပြားနှင့် နယ်မြို့များတွင်ပါ ကျင်းပလာကြသည်။ ရန်ကုန်မြို့တွင်မူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သူနာပြုဆရာမများအား ပစ်ခတ်မှု ဖြစ်ပွားပြီးနောက်ပိုင်း သပိတ်စခန်း ပြုလုပ်လာကြသည်။ မြို့လယ်ခေါင် စုရပ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထို့အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ လူထုဟောပြောပွဲများ ကျင်းပလာခဲ့ကြသည်။

၂၄·၈·၁၉၈၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဒေါက်တာမောင်

www.burmeseclassic.com

www.burmeseclassic.com





၂၄-၈-၈၈ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်၍ ပြည်သူလူထုအား ခေတ္တ စကားပြောစဉ်

မောင်၏ အမိန့်ဖြင့် နေ့လယ် မွန်းလွဲ ၁ နာရီမှ စစ်အုပ်ချုပ်ရေးဥပဒေနှင့် ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းထားသည့် စစ်အုပ်ချုပ်ရေးအာဏာကို ရုပ်သိမ်းခဲ့ပြီး နယ်မြို့များ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ထုတ်ပြန်ထားသည့် ပုဒ်မ ၁၄၄ ကို ရုပ်သိမ်းခဲ့သည်။

မှတ်မှတ်ရရ ၂၄-၈-၁၉၈၈ နေ့ ညနေပိုင်းခန့်တွင် ဒေါ်အောင်ဆန်းစုကြည်သည် လူထုနှင့် ပထမဆုံး စတင် တွေ့ဆုံသောနေ့ဟု ဆိုနိုင်သည်။ ထိုနေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းသို့ ရောက်ရှိလာပြီး လူထုပရိသတ်များအား စတင် စကားပြောခဲ့သည်။ ထိုစဉ်က ဆရာမောင်သော်ကနှင့် အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်သီတာထွန်းတို့ ဘေးတစ်ဖက်တစ်ချက်စီ ခြံရံ၍ စကားပြောခဲ့ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မိန့်ခွန်း လာပြောခြင်း မဟုတ်ပေ။

၂၆-၈-၁၉၈၈ နေ့တွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်တွင် ကျင်းပမည့် လူထုအစည်းအဝေးသို့ တက်ရောက်ကြရန် နှိုးဆော်သည့် စကားများကို လိုရင်းတိုရှင်း ပြောသွားခဲ့ခြင်း ဖြစ်သည်။



စစ်အုပ်ချုပ်ရေး ဥပဒေ ရုပ်သိမ်းပြီး နောက်တစ်နေ့ ၂၅-၈-၁၉၈၈ နံနက် မွန်းမတည့်မီအချိန်တွင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံရသူ ၁၀ဦးမှာ အင်းစိန်အကျဉ်းထောင်မှပြန်လည် လွှတ်မြောက်လာကြသည်။ ထိုနေ့ ညနေပိုင်းတွင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသည် ဒေါ်အောင်ဆန်းစုကြည်ထက် တစ်ရက်စော၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းအတွင်းတွင် လူထုဟောပြောပွဲ ကျင်းပခဲ့သည်။ လူထုပရိသတ် ရာပေါင်းများစွာ တက်ရောက်ခဲ့သည်။ ဟောပြောပွဲမှာ အောင်မြင်သည် ဆိုနိုင်သည်။ သို့သော် ဦးအောင်ကြီးဟောပြောရာတွင် **"စစ်တပ်ကို စိတ်နှင့်တောင် မပစ်မှားနဲ့"** ဆိုသည့် စကားကို ထည့်သွင်းပြောကြားခဲ့သဖြင့် လူထုပရိသတ်၏ အော်ဟစ်လှောင်ပြောင်ခြင်းကို ခံခဲ့ရသည်။ ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။ ယင်းစကားကြောင့် ပရိသတ်အချို့၏ နိုင်ငံရေးယုံကြည်မှု လျော့နည်းစေခဲ့ရသည်။ လူထုဟောပြောပွဲ မပြီးမီ ပရိသတ်များ လှည့်ပြန်ခဲ့ကြသဖြင့် ဟောပြောပွဲကို ရုပ်သိမ်းလိုက်ရသကဲ့သို့ ဖြစ်သွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဆရာဦးဝင်းတင်၊ ဆရာမောင်သော်ကနှင့် ဆရာမောင်မိုးသူတို့ သုံးဦးနှင့် တွေ့ဆုံထားသကဲ့သို့ ဆန္ဒပြကျောင်းသားများနှင့် တွေ့ဆုံစကားပြောထားဟန် ရှိသည်။ ဆွေးနွေးထားဟန် ရှိသည်။ ရွှေတိဂုံဘုရား အနောက်ဘက် လူထုအစည်းအဝေးကို နိုင်ငံရေးသမားဟောင်းကြီးများနှင့် စီစဉ်ထားရှိသည်။

၂၆-၈-၁၉၈၈ ရက်နေ့ နံနက်တွင် မိုးလေဝသ ကောင်းမွန်နေသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုအရ ဩဂုတ်လတွင် မိုးဖြိုင်ဖြိုင်ရွာနေတတ်သော်လည်း ဒေါ်အောင်ဆန်းစုကြည် ဟောပြောသည့် လူထုအစည်းအဝေး ကျင်းပချိန်တွင် မိုးကင်းစင်နေသည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်ဘက်တွင် ကျင်းပသည့် လူထုအစည်းအဝေးကြီးသို့ နံနက် မိုးစင်စင်မလင်းမီကပင် လူပရိသတ်

www.burmeseclassic.com

www.burmeseclassic.com





၂၆-၈-၈၈ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်မုခ်၌ လူထုအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

များ တဖွဲဖွဲ ရောက်ရှိလာကြသည်။ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်တွင် ကွင်းပြင်ကျယ်ကြီးတစ်ခုလုံး ပြည့်သွားသည်။ အချို့ပရိသတ်များက လမ်းမပေါ်တွင် ရှိနေသည်။ လူထုပရိသတ် ရာပေါင်း၊ ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ကျင်းပမည့် အချိန် ကျရောက်သော်လည်း ဟောပြောမည့် ဒေါ်အောင်ဆန်းစုကြည်မှာ မရောက်သေး။ လူထုပရိသတ်မှာ များသထက် များလာသည်။

အစည်းအဝေး ကျင်းပရမည့် အချိန်ထက် တစ်နာရီခန့် နောက်ကျပြီး ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ရောက်ရှိလာသည်။

မကြာမီ အစည်းအဝေး ကျင်းပသည်။

ထိုနေ့က လူထုအစည်းအဝေးကို နှစ်ရက်၊သုံးရက်အတွင်း စီစဉ်ခဲ့ကြခြင်းဖြစ်သော်လည်း လူထုပရိသတ်မှာ အံ့သြဖွယ်ရာ များပြားလှသည်။ ထင်မှတ်သည်ထက် ပိုများနေသည်။ လူထုပရိသတ်မှာ ထောင်ပေါင်းများစွာ ဖြစ်နေသည်။ ဒေါ်အောင်ဆန်းစုကြည်လည်း အံ့သြနေပေလိမ့်မည်။ နိုင်ငံရေး ဝေါ်မွတ်မှုနှင့် အနာဂတ်ခေါင်းဆောင်ကောင်းတစ်



ယောက် ပေါ်ထွန်းရေးအတွက် အမှတ်လက္ခဏာ သင်္ကေတပင် ဖြစ်ပေလိမ့်မည်။

၂၆-၈-၁၉၈၈ ရက်နေ့တွင် ကျင်းပသည့် လူထုအစည်းအဝေးကြီးမှာ စစ်အုပ်ချုပ်ရေးဥပဒေထုတ်ပြီးမှ စီစဉ်ခြင်း မဟုတ်ပေ။ ၂၁-၈-၁၉၈၈ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်းအနီး လက်ဖက်ရည်ဆိုင် အပေါ်ထပ်တွင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးသမားဟောင်းကြီးများ ဖြစ်သည့် ဝိဇ္ဇာရသခင်ချစ်မောင်၊ သခင်ခင်အောင်၊ သခင်ထွန်းခင်တို့ ပါဝင်ပြီး စာပေပညာရှင်များ ဖြစ်သည့် ဆရာဦးဝင်းတင်၊ ဦးထွန်းတင်၊ မုံရွာတင်ရွှေတို့နှင့် အစည်းအဝေး ပြုလုပ်ခဲ့ကြသည်။ ယင်းအစည်းအဝေးသို့ ဒေါ်အောင်ဆန်းစုကြည်၏ ရုံးအဖွဲ့မှ သခင်တင်မြ၊ ဦးလှတင်၊ ဦးသာထွန်း(ကျောက်ဖြူ)နှင့် ဗိုလ်စံဘကျော်တို့ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် လူထုအစည်းအဝေးကြီး ကျင်းပရန် ဆုံးဖြတ်ချက်တစ်ခု ပါဝင်ခဲ့သည်။ လူထုအစည်းအဝေး ကျင်းပမည့်နေရာ သိမ်ဖြူကွင်း ဖြစ်သည်။ စစ်အုပ်ချုပ်ရေး ဥပဒေ ရုပ်သိမ်းပြီးမှ လူထုအစည်းအဝေး ကျင်းပမည့်နေရာကို ရွှေတိဂုံဘုရား အနောက်ဘက်မုခ်သို့ ပြောင်းရွှေ့ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

လူထုအစည်းအဝေးအတွက် အသံချဲ့စက်နှင့်စင်မြင့်ကို တတ်သိပညာရှင်များက တာဝန်ယူပြီး နေရာချထားရေး၊ စည်းကမ်းထိန်းသိမ်းရေးစသည်တို့ကို သခင်တင်မြဦးဆောင်၍ သုံးရောင်ခြယ်အဖွဲ့က တာဝန်ယူသည်။

လူထုအစည်းအဝေးကို ၈ နာရီ ကျင်းပရန် စီစဉ်ထားသော်လည်း ၉ နာရီကျော်မှ ကျင်းပဖြစ်သည်။ အခမ်းအနားမှူးမှာ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီထွန်းဝေ ဖြစ်သည်။

လူထုအစည်းအဝေးကြီးတွင် ဒေါ်အောင်ဆန်းစုကြည် စတင်မိန့်ခွန်းပြောနေစဉ် စင်ဘေး လက်ယာထောင့်မှ ပရိသတ်များ ရုတ်ရုတ်

www.burmeseclassic.com

www.burmeseclassic.com



သဲသဲ ဖြစ်သွားသည်။ ထိုစဉ် ဒေါ်အောင်ဆန်းစုကြည် လုံခြုံရေး တာဝန်ယူထားသည့် သုံးရောင်ခြယ်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းရံလိုက်ကြသည်။ ပရိသတ်များအကြား ရုတ်ရုတ်သဲသဲ ဖြစ်သွား၍ ဒေါ်အောင်ဆန်းစုကြည်၏ မျက်နှာတွင် ထိတ်လန့်သည့် အမူအယာ မမြင်တွေ့ရ။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးနေသည်။ စိုးရိမ်စိတ်လည်း ရှိဟန်မတူ။

ခဏအကြာ ပရိသတ်ကြားထဲမှပင် "ချော်ကျလို့ပါ၊ ဘာမှမဖြစ်ပါဘူး" အော်ပြောသည်။ ချော်ကျသူ နဖူးပေါက်သွားသည်။ အဖြစ်မှန်ကို သိသည့်အခါ လူထုအစည်းအဝေးကို ပြန်စသည်။ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်း ဆက်ပြောသည့်အခါ "ဒီလူထု အစည်းအဝေးကြီးကို ပြည်သူလူထုဟာ စည်းကမ်းရှိရှိနဲ့ ညီညီညွတ်ညွတ်နဲ့ ဆက်လုပ်သွားပါရစေ" ဟု တောင်းပန်စကား ဆိုလိုက်သည်။ ပရိသတ်များလည်း ဒေါ်အောင်ဆန်းစုကြည် အသံကြားသည်နှင့် ငြိမ်သက်သွားသည်။

ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က သူ့အကြောင်းကို အနည်းငယ် ရှင်းပြသည်။



၂၆.၈.၈၈ ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ရှိ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်း ပြောကြားသည့် လူထုအစည်းအဝေးသို့ တက်ရောက်လာသည့် လူထုပရိသတ်များ



**ကျွန်မဟာ နိုင်ငံခြားမှာ နေတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျနေတယ်။ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာသိလို့လဲလို့ ပြောကြပါတယ်။ ပထမ ဒီကနေ စပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျွန်မ နိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ဒါလေးအတွက်ကြောင့်နဲ့ ကျွန်မတိုင်းပြည်အပေါ်မှာထားတဲ့ မေတ္တာဟာ ဘယ်လိုမှ ကျဆင်းမသွားနိုင်ပါဘူး။**

**နောက်တစ်ခု ပြောချင်တာက ကျွန်မဟာ ဗမာပြည် နိုင်ငံရေးအကြောင်း ဘာမှ နားမလည်ဘူးတဲ့၊ တကယ်တော့ ကျွန်မဟာ နားလည်လွန်းလို့ ခက်နေပါတယ်၊ ဗမာနိုင်ငံရေး ဘယ်လောက် ရှုပ်ထွေးတယ်၊ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေ ဘယ်လောက် ခံရတယ်ဆိုတာ ကျွန်မတို့မိသားစု အသိဆုံးပါပဲ။**

ဒေါ်အောင်ဆန်းစုကြည်သည် သူ့ဘဝကို ရိုးရှင်းစွာ ပြော၍ ရှင်းပြသည်။ ဝန်ခံသည်။ သူ၏ နိုင်ငံရေးအသိတရားကို လက်တွေ့နှင့် ထပ်တူယှဉ်၍ ပြောပြသည်။ ပွင့်ပွင့်လင်းလင်း ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အသံသြဇာနှင့် ကရုဏာသက်စေမည့် စကားများကို ရွေးချယ်တတ်မှုကြောင့် ပရိသတ်အားလုံး သူ၏ မိန့်ခွန်းနောက်သို့ စီးမျောကာ ငြိမ်သက်သွားသည်။ လက်ခုပ်သြဘာပင် မပေးနိုင်တော့ချေ။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့် စကားများ၊ မိန့်ခွန်းများကို ကိုးကား၍ ဒီမိုကရေစီအကြောင်းကို ပြောသည်။ ဒီမိုကရေစီ ရရန် ပြည်သူအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေရန်လိုကြောင်း ပြောပြသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သည့် **ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်၊ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်** ဟု ထည့်သွင်းပြောကြားခဲ့သည်။ ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သည့် တပ်မ

www.burmeseclassic.com

www.burmeseclassic.com



တော်အကြောင်းနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့သည်။

**ကျွန်မအနေနဲ့ကတော့ ပြည်သူလူထုကို မှန်မှန်ကန်ကန် ပြောသင့်တယ်လို့ ယုံကြည်တယ်၊ ကျွန်မ စိတ်ထဲရှိသလို မှန်မှန်ကန်ကန် ပြောသွားမှာပဲ၊ ကြိုက်ရင်လည်း ထောက်ခံကြပါ၊ မကြိုက်ရင်လည်း ကျွန်မစိတ်ထဲမှာ မှန်တဲ့အတိုင်း လုပ်တာပဲ၊ မကြိုက်တာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ကျွန်မ တစ်ခုပြောချင်တာဟာ အခုချိန်မှာ တပ်မတော်နဲ့ ပြည်သူလူထုကြားထဲမှာ စိတ်ဝမ်းကွဲနေကြပါတယ်၊ ဒီစိတ်ဝမ်းကွဲမှုကြီးဟာ နောင်တိုင်းပြည်အတွက် အန္တရာယ်အမျိုးမျိုး ဖြစ်နိုင်ပါတယ်**ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ပြောကြားလိုက်သည့် စကားမှာ တပ်မတော်နှင့် ပတ်သက်သည့်စကား ပါနေသည့်အတွက် စကားလုံး ရွေးချယ်မှု မမှန်ကန်ပါက ဦးအောင်ကြီး ပြောလိုက်သည့် တပ်မတော်နှင့် ပတ်သက်သည့် စကားကြောင့် ပရိသတ်၏ ငြိုငြင်မှုနှင့် ထောက်ခံအားပေးမှု ကျဆင်းခဲ့ရသည်။ ယင်းအချက်ကို သိထားသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်နှင့် ပတ်သက်သည့် စကားကို ပရိသတ်လက်ခံအောင် ရွေးချယ်ပြောနိုင်ခဲ့သည်မှာ သူ၏ အောင်ပွဲပင် ဖြစ်သည်။ ထို့အတူ တပ်မတော်နှင့် ပြည်သူလူထုအကြား ဆက်ဆံရေးအတွက် အနာဂတ်ကို မျှော်မှန်း၍ ပြောကြားနိုင်ခဲ့ခြင်းမှာ အလွန်ကောင်းမွန်သည်။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်နှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သည့် တပ်မတော်အကြောင်း၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ဖတ်ပြသည်။

**တပ်မတော်သားတွေကိုလည်း ကျွန်မ ဒီကနေပဲ မေတ္တာရပ်ခံပါရစေ။ လူထုအားကိုးနိုင်တဲ့ တပ်မတော်ကြီး ဖြစ်ပါစေ၊ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်တဲ့ တပ်မတော်ကြီး ဖြစ်ပါစေ၊ ပြည်သူ**





စည်းရုံးရေးခရီးစဉ်တစ်ခုတွင် ပြည်သူလူထုအား လက်ပြနှုတ်ဆက်နေသည့် ဒေါ်အောင်ဆန်းစုကြည်အား တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



**လူထုကလည်း ဖြစ်ပြီးတဲ့ဟာတွေကို ကြိုးစားခွင့်လွှတ်ပြီးတော့ တပ်မတော်အပေါ်မှာ မေတ္တာမပျက်ပါစေနဲ့လို့ တောင်းပန်ပါရစေ**ဟု ပြောကြားသည်။ ယင်းစကားမှာ နိုင်ငံတော်၏ အနာဂတ်အရေး ဖြစ်ပြီး တပ်မတော်နှင့် ပြည်သူလူထုအကြား မေတ္တာမွှမ်းထုံစေသည့် စကား ဖြစ်သည်။ ခွင့်လွှတ်ခြင်းကိုပင် ရိုးရိုးရှင်းရှင်း မသုံး။ မေတ္တာမွှန်းသော စကားလုံးဖြင့် ကြိုးစားခွင့်လွှတ်ပြီးတော့ဟု သုံးနှုန်းသွားခဲ့သည်။ တပ်မတော်ကို မေတ္တာရပ်ခံ တောင်းပန်သည်။ ပြည်သူလူထုကိုလည်း တပ်မတော်အပေါ် မေတ္တာထားရန် လှုံ့ဆော်ချက်သည် ထိရောက်လှသည်။ ရေရှည်အတွက် စေတနာပါသော စကားများ ဖြစ်သည်။

မေတ္တာတရားကို အခြေခံ၍ ပြည်သူလူထုအား ကြီးနိုင်ငယ်ညှင်း ဆိုသည့် စကားကိုလည်း ချေဖျက်ပေးသည်။ နည်းလမ်းပြပေးခဲ့သည်။

**အခု လူထုဘက်ကနေ အားကြီးနေတဲ့အချိန်မှာ အားငယ်တဲ့ အစုအဝိုင်းကိုလည်း နိုင်ထက်စီးနင်း မလုပ်ကြပါနဲ့၊ ဒီလို နိုင်ထက်စီးနင်း လုပ်တာဟာ အကျင့်မကောင်းပါဘူး၊ ပြည်သူလူထုရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေပါလိမ့်မယ်၊ ပြည်သူလူထုဘက်ကနေပြီးတော့ ခွင့်လွှတ်နိုင်တဲ့ သဘောထားရှိတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ထင်ပေါ်ပါစေ**ဟု ထည့်သွင်းပြောကြားခဲ့သည်မှာ မေတ္တာနှင့်ယှဉ်သော ကရုဏာတရားကို ဖော်ညွှန်းလိုက်ခြင်းပင် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် သုံးနှုန်းပြောဆိုခဲ့သော အစုအဝိုင်းဆိုသည်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဝင်များကို ဆိုလိုခြင်းဖြစ်ဟန်တူသည်။ ပြိုင်ဘက်ရန်သူကို မေတ္တာထားသည်။ ရန်သူကို မေတ္တာထားကာ မေတ္တာပို့၍ မရလျှင် ကရုဏာထားကြရန် ဆိုလိုသည်လားမသိ။ အများပြည်သူ မခံစားမိသော ဂုဏ်သိက္ခာကို ဖော်ညွှန်း၍ ပြည်သူလူထု ဂုဏ်သိက္ခာဟု ထည့်သွင်းပြောကြားခဲ့သဖြင့် ပြည်သူလူထုတွင် ဂုဏ်သိက္ခာရှိသည်ကို နားလည်သဘောပေါက်ခွင့် ရရှိခဲ့သည်။



**အယုံအကြည်အရ ပါတီဝင်အနေနဲ့ ဆက်ပြီး ထမ်းဆောင်နေကြတဲ့ သူတွေကိုလည်း အနှောင့်အယှက် မပြုကြပါနဲ့၊ ဒီမိုကရေစီဆိုတာ မားမားမတ်မတ် ကိုယ့်ယုံကြည်ချက်ကိုယ် ရှိနိုင်တဲ့ စနစ်မျိုး ဖြစ်ပါတယ်။**ဟု ဒီမိုကရေစီစနစ်၏ ထင်ရှားသော အနှစ်သာရတစ်ခုကို မီးမောင်းထိုးပြခဲ့သည်။ ဒီမိုကရေစီစနစ်တွင် ယုံကြည်ချက်၊ ခံယူချက်အရ ကြိုက်သည့် စနစ်၊ ကြိုက်သည့် ဝါဒကို ယုံကြည်ခွင့် ရှိပြီး စနစ်မတူ၊ ဝါဒမတူသူတို့ကို ပြိုင်ဘက်အဖြစ် ထားနိုင်သော်လည်း ရန်ဘက်အဖြစ် မသတ်မှတ်ရန် သတိပေးစကား ပြောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ရွှေတိဂုံဘုရား အနောက်ဘက်တွင် ကျင်းပခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်း ပြောကြားသည့် လူထုအစည်းအဝေးပွဲကြီးမှာ မြန်မာ့ဒီမိုကရေစီသမိုင်းတွင် မော်ကွန်းထိုးရမည့် အစည်းအဝေးကြီးတစ်ခု ဖြစ်သည်။ နံနက် ၉ နာရီကျော်ခန့်တွင် စတင်ခဲ့သော လူထုအစည်းအဝေးကြီးမှာ နံနက် ၁၁ နာရီခွဲခန့်တွင် ပြီးဆုံးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှာ နှစ်နာရီကျော်ခန့် တဆက်တည်း ပြောနိုင်ခြင်းမှာလည်း သူ၏ စကားပြောစွမ်းရည်ကို ပြည်သူလူထုအား ထုတ်ဖော်ပြသရာ ရောက်ပေသည်။ ထိုနေ့မှစ၍ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလောကသို့ လှသိရှင်ကြား စတင် ဝင်ရောက်လာသည်မှာ မြန်မာသာမက ကမ္ဘာကပင် အသိအမှတ်ပြုရသော ကမ္ဘာကျော် လူထုအစည်းအဝေးကြီး ဖြစ်ခဲ့ရသည်။ ထိုအချိန်မှ စ၍ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com



## အဖေနှင့် အမေ သေတော့ နိုင်ငံတော်ဈာပန၊ ခင်ပွန်းသေတော့ မမြင်လိုက်ရတဲ့ ဘဝ

မြန်မာ့ လွတ်လပ်ရေးဖခင်ကြီး၊ တပ်မတော်၏ ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်တို့ ကွယ်လွန်စဉ်က နိုင်ငံတော်ဈာပနအဖြစ်နှင့် သင်္ဂြိုဟ်ခဲ့ကြသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အစိုးရအာဘော်အရဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီး တပ်မတော်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် မသမာသူ လူတစ်စု လုပ်ကြံခံရခြင်းကြောင့် ကျဆုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်မှာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ တပ်မတော်မှ အာဏာသိမ်းပြီး ရက် ၁၀၀ ခန့်အကြာ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို ကွယ်လွန်သည့် ဇူလိုင်လ ၁၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ် နေထိုင်ရာ တာဝါလိန်းနေအိမ် (ယခု ဗိုလ်ချုပ်ပြတိုက်)သို့ ပြန်လည် သယ်ဆောင်ခဲ့သည်။ နေအိမ်သို့ ရောက်သည့်အခါ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်အား ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က စစ်ဝတ်စုံနှင့် လဲလှယ်ပြင်ဆင်ပေးခဲ့သည်။



၁၉၈၈ ခုနှစ်အထိ အစိုးရရုံးများတွင် ချိတ်ဆွဲခဲ့သော လွတ်လပ်ရေးဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၂၀ ရက်နေ့တွင် တာဝါလိန်းနေအိမ်မှ ဂျူဗလီဟောသို့ ပြောင်းရွှေ့ယူဆောင်ခဲ့ရာ ရန်ကုန်ဆေးရုံကြီးရှေ့ ရောက်သည့်အခါ အခြားခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များကို ရင်ခွဲရုံမှ ထုတ်ယူ၍ ဂျူဗလီဟောသို့ ရဟန်းရှင်လူ ပြည်သူတို့မှ လိုက်ပါပို့ဆောင်ပေးခဲ့သည်။ ဦးရာဇတ်နှင့် ရဲဘော်ကိုထွေးတို့မှာ မွတ်စလင် ဘာသာဝင်များ ဖြစ်သဖြင့် မွတ်စလင်ဘာသာဝင်တို့ ထုံးစံအတိုင်း ကင်းဘဲလမ်း မွတ်စလင်သင်္ချိုင်းတွင် သင်္ဂြိုဟ်ခဲ့သည်။

၁၉-၇-၁၉၄၇ ရက်နေ့တွင် ကျဆုံးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ရဲဘော်ကိုထွေးအထိ အားလုံးကို နိုင်ငံတော် အပါအဝင် ပြည်သူလူထုအားလုံးက အာဇာနည်ခေါင်းဆောင်ကြီးများအဖြစ် သတ်မှတ်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂျူဗလီဟောတွင် ၁၀ လကျော် ဂုဏ်ပြုခံ ထားရှိခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဧပြီ ၁၁ ရက်နေ့တွင် နိုင်ငံတော်ရာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့သည်။ လိုက်ပါပို့ဆောင်သူ ပြည်သူလူထု ပရိသတ် ငါးသိန်းကျော်ဖြင့် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီး၌ အာဇာနည်ဗိမာန်သို့ ပွဲသွင်းသင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်။


ဇူလိုင်လ ၁၉ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးစဉ်က ဇနီးဖြစ်သူ ဒေါ်ခင်ကြည်သည် သတင်းရလျှင်ရခြင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လိုက်သွားသည်။ ဆေးရုံကြီးတွင် ဗိုလ်ချုပ်အလောင်းကို ကြည့်ပြီးနောက် ချုံးပွဲချ၍ ငိုကြွေးခဲ့ခြင်း မရှိ။ ဒေါ်ခင်ကြည်၏ နှလုံးသားတွင် ပရိဒေဝမီး တောက်လောင်နေသော်လည်း သူ၏စိတ်ကို မာန်တင်း၍ ထိန်းချုပ်နိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်ကို နေအိမ်သို့ ပြန်လည်သယ်ဆောင်ရန် ဆေးရုံကြီးအတွင်းမှ ပြန်ထွက်လာသော ဗိုလ်ချုပ်ဇနီး ဒေါ်ခင်ကြည်မှာ ခပ်မော့မော့ မျက်နှာထားနှင့် တည်တည်ကြည်ကြည်ပင် မြင်ရသည်။ ဂုဏ်ခြေမပျက် ရှိသည်ဟု ဆိုသည်။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ကလာပ်အား ဆေးရုံကြီးမှ



တာဝါလိန်းနေအိမ်သို့ ပြန်လည်သယ်ဆောင်လာပြီးနောက် ဗိုလ်ချုပ်၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်သည် မိမိစိတ်ကို ထိန်းချုပ်၍ ဗိုလ်ချုပ် မကွယ်လွန်မီက ဝတ်ဆင်ခဲ့သော မန္တလေး အပြုရောင် ပိုးတိုက်ပုံနှင့် အဝါရောင် ဘန်ကောက်လုံချည်တို့အစား စစ်ဝတ်စုံကို လဲလှယ်ပေးသည်။ ထို့နောက် ဗုဒ္ဓဘာသာ မြန်မာတို့၏ ဂါရဝအတိုင်း ဦးသုံးကြိမ်ချ၍ ကန်တော့ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးချိန်မှာ အသက် ၃၂ နှစ်အရွယ်မျှသာ ရှိသေးသည်။ နိုင်ငံတကာက အသက် ၃၅ နှစ်အထိကို လူငယ်ဟု သတ်မှတ်ထားသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် လူငယ်ဘဝတွင် ကွယ်လွန်ခဲ့သည်ဟု ဆိုနိုင်သည်။ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ဗိုလ်ချုပ်ဟု ဆိုနိုင်သည်။ ထို့အတူ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရန်




၁၉၄၈ ခုနှစ်၊ ဇူလိုင်လ၊ (၁၉) ရက်နေ့တွင် ပထမဆုံး ကျင်းပခဲ့သည့် အာဇာနည်နေ့ အခမ်းအနားအတွက် အသုံးပြုခဲ့သည့် လက်ကမ်းကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်မြို့ Nippon Military Club (မင်တိုမစ်ရှင်ဟိုတယ်)၌ ကျင်းပသည့် ထမင်းစားပွဲ ဖိတ်ကြားစာအရ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်တေဇနှင့် ဒေါ်ခင်ကြည်ဟု သုံးနှုန်းထားသဖြင့် ကမ္ဘာ့အငယ်ဆုံး ဗိုလ်ချုပ်ကြီးဟု ဆိုက ဆိုနိုင်ပါသည်။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်မှာ အသက် ၃၆ နှစ်မျှသာ ရှိသေးသည်။ သား အောင်ဆန်းဦးက ၄ နှစ်၊ အောင်ဆန်းလင်းက ၃ နှစ်၊ သမီး အောင်ဆန်းစုကြည်မှာ ၂ နှစ်အရွယ်မျှသာ ရှိသေးသည်။ ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အိမ်ထောင်သက် ၅ နှစ်မျှသာ ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့စဉ်က အစိုးရအဖွဲ့ အပါအဝင် ဖဆပလအဖွဲ့ချုပ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်ဌာနချုပ် စသည်တို့မှ အသီးသီး ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်က ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ညတွင် အသံလွှင့်ရုံ ရေဒီယိုမှတစ်ဆင့် တိုင်းသူပြည်သားများအား အမှာစကား ပြောကြားခဲ့သည်။

ကျွန်မရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နှင့် လူမျိုးအတွက် ကြီးပမ်းရင်း လမ်းခုလတ်မှာပဲ အနုတော့ ကျဆုံးသွားရှာပါပြီ၊ ဒီတော့ကာ ကျဆုံးသွားတဲ့ လူတွေလည်း ကျဆုံးသွားကြပြီဖြစ်တဲ့အတွက် ချဲ့ထွင်လို့လည်း မပြောလိုတော့ပါဘူး၊ ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်များကို ချစ်ကြည်လေးစားကြရင်ဖြင့် သူတို့ ရည်ရွယ်ထားခဲ့တဲ့ ပန်းတိုင် အဝင်ရောက်အောင် ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါလို့ ပြောပါရစေတော့။

ကျွန်မမှာတော့ ကြီးလေးတဲ့ တာဝန်တွေကို ရှေ့ဆောင်ရှေ့ရွက်အဖြစ်နဲ့ မလုပ်နိုင်သေးလို့ နောက်ကနေပြီးတော့ပဲ ဗိုလ်ချုပ် ချမှတ်ခဲ့တဲ့ လမ်းစဉ်များကို တစ်နည်းတစ်ဖုံ ဖြည့်စုအားပေးပြီး သူ့ရဲ့ ရင်နှစ်ဖြစ်တဲ့





ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များအား အာဇာနည်ဗိမာန်သို့ ပို့ဆောင်သဂြိုဟ်စဉ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ပို့ဆောင်သဂြိုဟ်စဉ် လမ်းဘေးဝဲယာမှ ဂါရဝပြုနေသည့် လူထုပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို သူတို့ရဲ့ ဖခင်သွေးပီပီ ဖခင်လို ဖြစ်ထွန်းလာစေဖို့ ပြုစုပျိုးထောင်ပေးမယ်လို့ ဆုံးဖြတ်ပြီးပါပြီ။

ကျွန်မနည်းတူ ကျွန်မနဲ့ ကံတူအကျိုးပေး ဖြစ်ကြရတဲ့ ကျဆုံးသွားကြတဲ့ ခေါင်းဆောင်ကြီးများရဲ့ ဇနီးသည်များမှာလည်း ဝမ်းနည်းပက်လက် ဖြစ်ကြလိမ့်မယ်လို့ သိပါရဲ့။ ဒါပေမဲ့ ကျွန်မ ပြောလိုတာကတော့ သူတို့ကို တကယ်ချစ်ရိုးမှန်ရင်ဖြင့် သူတို့ချမှတ်ထားတဲ့ လမ်းစဉ်ကို လိုက်ကြစေလိုပါတယ်၊ ဒါမှပဲ သူတို့ကို ချစ်ခင်ရာ ရောက်ပါလိမ့်မယ်၊ ဒီတော့ ကျွန်မတို့က အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းပြီး အားပေးကြဖို့ လိုပါတယ်။

ကျွန်မတို့ တိုင်းသူပြည်သားများကလည်း ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်ကြီးများကို လေးစားတဲ့အနေနဲ့ ဒေါသရှေ့ထားပြီး စိတ်လိုက်မာန်ပါ မပြုလုပ်ကြဘဲ ကွယ်လွန်တဲ့ ပုဂ္ဂိုလ်များရဲ့ ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်းကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။ ဖဆပလအဖွဲ့ကြီးနဲ့ ဖဆပလအစိုးရအဖွဲ့ကို ထောက်ခံကြပြီး ကွယ်လွန်ရှာကြတဲ့ ခေါင်းဆောင်များရဲ့ ရည်မှန်းချက်ဖြစ်တဲ့ လုံးဝလွတ်လပ်ရေး မရမနေ ကြိုးပမ်းအားထုတ်ကြပါလို့သာ တိုင်းပြည်အား အပြီးသတ် မှာကြားခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၏ အမှာစကားမှာ ပူဆွေးဝမ်းနည်းသည့် အရိပ်အယောင် မပြ။ ဗိုလ်ချုပ်လမ်းစဉ်အား တန်ဖိုးထား၍ အနာဂတ်ကို ရည်ညွှန်းပြောဆိုသည်။ လွတ်လပ်ရေး ရရှိရေးကို အနာဂတ်ပန်းတိုင်အဖြစ် အဓိက မှာကြားခဲ့ခြင်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနည်းတူ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်သည်လည်း တိုင်းပြည်ကို ချစ်မြတ်နိုးကြောင်း၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးကြောင်း သက်သေထူရာရောက်ပေသည်။

သို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော် ဈာပနအခမ်းအနားနှင့်



ရဟန်းရှင်လူပြည်သူ ငါးသိန်းကျော်တို့က ဂါရဝပြု လိုက်ပါပို့ဆောင်ခဲ့ကြသည်။ ယင်းနိုင်ငံတော်ဈာပန အခမ်းအနားသို့ ဗိုလ်ချုပ်၏ဇနီး ဒေါ်ခင်ကြည်နှင့် သားအောင်ဆန်းဦး၊ သား အောင်ဆန်းလင်း၊ သမီးဖြစ်သူ အောင်ဆန်းစုကြည်တို့ပါ တက်ရောက်လိုက်ပါ ပို့ဆောင်ခွင့်ရခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ် ချမှတ်ခဲ့သည့် အမျိုးသားရေး ရည်မှန်းချက်များနှင့် တိုင်းပြုပြည်ပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ လူမှုရေးလုပ်ငန်းများကို များစွာ ဆောင်ရွက်ခဲ့သည်။

ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် တိုင်းကျိုးပြည်ပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ချီးမြှင့်သည့် Mother of Burma (မြန်မာမိခင်ဘွဲ့)၊ ၁၉၅၀ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ချီးမြှင့်သည့် မဟာသီရိသုဓမ္မဘွဲ့၊ ၁၉၅၅ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံက ချီးမြှင့်သည့် Star of Yugosalak နှင့် ထိုင်းနိုင်ငံက ချီးမြှင့်သည့် ဘုရင့် မြင့်မြတ်သော ဘွဲ့များ ရရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခံရပြီး ၁၉၇၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ဒေါ်ခင်ကြည်သည် မြန်မာသမိုင်းတွင် တစ်ဦးတည်းသော အမျိုးသမီး သံအမတ်ကြီး ဖြစ်ခဲ့သည်။ အငြိမ်းစားယူသည့်အခါ ယခု ဒေါ်အောင်ဆန်းစုကြည် နေထိုင်လျက်ရှိသည့် အမှတ်-၅၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့သို့ ပြန်လည်နေထိုင်သည်။ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး နေထိုင်သည့် အမေရိကန်နိုင်ငံသို့လည်းကောင်း၊ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် နေထိုင်သည့် အင်္ဂလန်နိုင်ငံသို့လည်းကောင်း လိုက်ပါနေထိုင်ခြင်း မရှိပေ။

ဒေါ်ခင်ကြည်သည် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိုက်ကယ်အဲရစ်တို့မှ မွေးဖွားသည့် မြေး မောင်မြင့်ဆန်းအောင်နှင့် မောင်ထိန်လင်းတို့အား ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သံသရာဝဋ်ဆင်းရဲမှ ကင်းငြိမ်းရာ နိဗ္ဗာန်ကို ရည်သန်လျက် ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့သည်။

၁၉၈၈ ခုနှစ်၊ မတ်လထဲတွင် ဒေါ်ခင်ကြည်သည် လေဖြတ်ဝေဒနာကို စတင် ခံစားရသည်။ ထိုအခါ တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ ပြန်လာပြီး မိခင်ကြီးအား လာရောက်ပြုစုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၌ နေထိုင်စဉ် ဆန္ဒပြပွဲများ အကြီးအကျယ် ဖြစ်ပွားလျက်ရှိသည်။ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပြည်သူလူထု၏ တောင်းဆိုချက်များနှင့်အတူ သမ္မတများ တစ်ဦးပြီးတစ်ဦး ပြုတ်ကျကုန်ပြီး နောက်ဆုံး စစ်တပ်က အာဏာသိမ်းခြင်း ခံရသည်။ ဒေါ်အောင်ဆန်းစုကြည်လည်း မြန်မာ့နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ရောက်လာသည်။

ဒေါ်ခင်ကြည်သည် အသက် ၇၇ နှစ်အရွယ် ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နံနက် ၇ နာရီ ၁၇ မိနစ်တွင် နေအိမ်၌ပင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဒေါ်ခင်ကြည် ကွယ်လွန်ပြီး နောက်တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့ မင်္ဂလာဆောင်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံနှင့်အတူ အထ္ထုပ္ပတ္တိအကျဉ်းကို သတင်းစာတွင် ဖော်ပြခဲ့ပါသည်။

**အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ ဖခင်**
**ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်**

ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ထောင်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်ကို မြောင်းမြမြို့၌ ၁၉၁၂ ခုနှစ်၊ ဧပြီလ ၁၈ ရက်တွင် ဖွားမြင်သည်။ အဖ ဦးဖိုးညွှင်း၊ အမိ ဒေါ်ဖွားစုတို့၏ သားသမီး ၁၀ ဦးအနက် အငွေမမြောက်သမီး ဖြစ်သည်။ ရန်ကုန်





ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်

www.burmeseclassic.com

www.burmeseclassic.com



မြို့၊ ကြည့်မြင်တိုင် အေဘီအမ်ကျောင်းတွင် စတင် ပညာဆည်းပူးခဲ့ပြီး နောက် မော်လမြိုင်မြို့ မော်တင်လိန်း ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်ခဲ့သည်။ မြောင်းမြမြို့ အမျိုးသားကျောင်းတွင် ဆရာမအဖြစ် နှစ်အနည်းငယ်အကြာ အမှုထမ်းခဲ့ပြီး မိမိ၏ ဇီဝပေါရမီနှင့် ကိုက်ညီသော သူနာပြုဆရာမအလုပ်ကို လုပ်ကိုင်နိုင်ရန် ရန်ကုန်ဆေးရုံကြီးနှင့် ဒပ်ဖရင်ဆေးရုံတို့တွင် သူနာပြုဆရာမသင်တန်းများကို တက်ရောက်သင်ကြားခဲ့သည်။ ရှေးဦးစွာ ရန်ကုန်ဆေးရုံကြီး၌ သူနာပြုအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရာ ကာလကတ္တားသို့ လူနာအချို့ ပြောင်းရွှေ့ပေးပြီး စစ်မဖြစ်မီ အိန္ဒိယမှ မြန်မာပြည်သို့ နောက်ဆုံးသင်္ဘောဖြင့် ပြန်လည် လိုက်ပါလာခဲ့သည်။ ၁၉၄၂ ခုနှစ်စစ်အတွင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဆေးရုံကို ဖွင့်ခဲ့သော အဖွဲ့ဝင်တစ်ဦးအဖြစ် ထိပ်တန်းမှ ပါဝင်ခဲ့ပါသည်။ ယင်းကာလမှာပင် သူနာပြုချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် လူနာအဖြစ် ဆေးရုံလာတက်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံမေတ္တာမျှခဲ့ကြခြင်း ဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ထိမ်းမြားလက်ထပ်ခဲ့၍ အောင်ဆန်းဦး၊ အောင်ဆန်းလင်းနှင့် အောင်ဆန်းစုကြည်ဟူသော သားနှစ်ယောက်၊ သမီးတစ်ယောက် ဖွားမြင်ခဲ့သည်။

ဒေါ်ခင်ကြည်သည် မြင့်မြတ်သော ဇနီးကောင်းတစ်ဦး ဖြစ်သည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၌ လုပ်ကြံခံရပြီးနောက်တွင် ခင်ပွန်းသည် ချမှတ်ခဲ့သော တိုင်းပြုပြည်ပြု လုပ်ငန်းများ၊ အမျိုးသားရေး ရည်မှန်းချက်များကို ဆက်လက်ထိန်းသိမ်းခဲ့သည်။ ၎င်း၏ ဘဝတလျှောက်လုံးတွင် တိုင်းပြည်အကျိုးကို ရည်စူးခဲ့ပြီး မြင့်မြတ်သော အကျင့်သိက္ခာ၊ ကိုယ်ကျိုးစွန့်လွှတ်မှုနှင့် တည်ကြည်မှန်ကန်မှုတို့ကို အမြဲတစေ ဦးထိပ်ထားအရေးပေးခဲ့သူ ဖြစ်သည်။

၁၉၅၉-၆၀ ပြည့်နှစ်များတွင် ပြည်ထောင်စုပါတီအတွက် စည်း





အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်တို့၏ မင်္ဂလာဆောင်တွင် ရိုက်ကူးထားသည့် ဓာတ်ပုံ

ရုံးရေးတာဝန်များကို ဖိဖိစီးစီး တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း မည်သည့်နေရာတွင် ရွေးချယ်ခံ ပါဝင်ခဲ့ခြင်း မရှိချေ။ ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ဒေါ်ခင်ကြည်သည် ယနေ့အချိန်အထိ မြန်မာအမျိုးသမီးများထဲတွင် သံအမတ်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခံရသည့် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည်။ ယင်းတာဝန်ကို အလွန် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်သည့် ဂျဝါဟာလီလာယ်နေရူးနှင့် သမီးဖြစ်သူ အင်ဒီရာဂန္ဒီတို့၏ တိုင်းပြည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာနှင့် နီပေါနိုင်ငံလုံးဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် အမှုထမ်းခဲ့ခြင်း ဖြစ်သည်။ ဒေလီမြို့၌ ၁၉၆၇ ခုနှစ် အငြိမ်းစားယူခဲ့သည်အထိ ၇ နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ခင်ကြည်၏ ဘဝနောက်ဆုံးပိုင်း နှစ်များဖြစ်သော ကျန်အနှစ် နှစ်ကာလကို ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်တွင် ဥယျာဉ်တွင်းရှိ သစ်ပင်၊ ပန်းပင်များ ပြုစုခြင်း၊ စိတ်ပျက်အား်းကျန်နေ

www.burmeseclassic.com

www.burmeseclassic.com



သူများအား နှစ်သိမ့်ခြင်းတို့ဖြင့် အေးချမ်းစွာ ကုန်လွန်စေခဲ့ပါသည်။ သူမအတွက် ပျော်ရွှင်ကြည်နူးရသော အချိန်ကာလများမှာ သူမ အလွန်ချစ်မြတ်နိုးသော မြေးများဖြစ်သည့် မြင့်ဆန်းအောင် (အလက်ဇန္ဒား) နှင့် မောင်ထိန်လင်း (ကမ်)တို့နှင့် နေခဲ့ရသည့် ကာလများပင် ဖြစ်ပါသည်ဟု ၂၈-၁၂-၈၉ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်နှင့် အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အမှတ် ၅၄/၅၆၊ တက္ကသိုလ်ရိပ်သာလမ်း နေအိမ်သို့ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်ကို လာရောက်ဂါရဝပြုကြသည်။ ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။ သားဖြစ်သူ ဦးအောင်ဆန်းဦးနှင့် သမီး ဒေါ်အောင်ဆန်းစုကြည်တို့အား နှစ်သိမ့်အားပေးခဲ့ကြသည်။



အငြိမ်းစားအမတ်ကြီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်မှ မြေးရှင်သာမဏေ မောင်မြင့်ဆန်းအောင်နှင့် မောင်ထိန်လင်းတို့ကို ဆွမ်းဆက်ကပ်လှူဒါန်းစဉ်



ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်ကို နေအိမ်၌ ၇ ရက်တိုင် ထားရှိပြီး ၂-၁-၈၉ ရက်နေ့ နေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဈာပနအခမ်းအနားနှင့် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရွှေတိဂုံဘုရားလမ်းရှိ ကန်တော်မင်ပန်းခြံတွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ ဒေါ်ခင်ကြည် ဂူဗိမာန်မှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ဂူဗိမာန်၊ သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ် ဂူဗိမာန်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၏ ဂူဗိမာန်အကြား၌ တည်ရှိသည်။

ဒေါ်ခင်ကြည်၏ ဈာပနကို နိုင်ငံတော် ဈာပနအခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်ရာတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ ဆွေမျိုးသားချင်းများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူလူထုတို့မှ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ အစိုးရဝန်ထမ်းများ လိုက်ပါပို့ဆောင်ခြင်း မပြုရန် ညွှန်ကြားသဖြင့် လိုက်ပါပို့ဆောင်ခွင့်မရဟု အငြင်းပွားဖွယ်သတင်းများ ထွက်ပေါ်ခဲ့သည်။

နိုင်ငံတော် ဈာပန အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်ရာတွင် ရှေ့ဆုံးမှ ဈာပနယာဉ်ကား၊ ပန်းခြင်းပန်းခွေကား၊ ဦးအောင်ဆန်းဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့၏ ကားများ စသည်ဖြင့် လိုက်ပါကာ ပရိသတ်ရာပေါင်းများစွာတို့က နေအိမ်မှ ရွှေတိဂုံဘုရားလမ်း ဂူဗိမာန်အထိ လမ်းလျှောက်၍ လိုက်ပါပို့ဆောင်ခဲ့သည်။ တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းတလျှောက်လုံး ဈာပနသို့ လိုက်ပါပို့ဆောင်သူများနှင့် လမ်းဘေးဝဲယာမှ အသုဘရှု ပရိသတ်များနှင့် ပြည့်နှက်လျက်ရှိသည်။

ဈာပန ပို့ဆောင်ရန် အစီအစဉ်အတိုင်း တက္ကသိုလ်ရိပ်သာလမ်း နေအိမ်မှ ပြည်လမ်း၊ ဦးဝိစာရလမ်း၊ ကန်လမ်း၊ ရွှေတိဂုံဘုရားလမ်း အတိုင်း ပို့ဆောင်သင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်။ ဈာပနကားပေါ်တွင် တပ်မတော်မှ ကြည်း၊ ရေ၊ လေ တပ်မတော်သားများ ခြံရံလျက် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများ လိုက်ပါပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ ညနေ (၄) နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်ခင်ကြည်၏

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ကြီးစောမောင်က ဗိုလ်ချုပ်အောင်ဆန်းကတော် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ ရုပ်ကလာပ်ကို ဂါရဝပြု၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်



ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး အငြိမ်းစားသံအမတ်ကြီး ဒေါ်ခင်ကြည်၏ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်သူများနှင့် လမ်းဘေးဝဲယာမှ ဂါရဝပြုနေသူများ တွေ့ရစဉ်



နိုင်ငံတော် ဈာပနအခမ်းအနား အပြီးတွင် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားအချို့ ဟောပြောပွဲ ပြုလုပ်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မိခင်ကြီး ဒေါ်ခင်ကြည်တို့ ဈာပနကို နိုင်ငံတော် ဈာပနအခမ်းအနားဖြင့် လိုက်ပါပို့ဆောင်သူ ပြည်သူလူထု ထောင်ပေါင်းများနှင့် စည်ကားသိုက်မြိုက်စွာ ကိုယ်တိုင် လိုက်ပါ သဂြိုဟ်ခွင့် ရခဲ့သည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ခင်ပွန်းဖြစ်သူ ဒေါက်တာ မိုက်ကယ်အဲရစ် နာမကျန်းဖြစ်စဉ်က ကိုယ်တိုင် ပြုစုခွင့် မရသကဲ့သို့ ကွယ်လွန်သည့်အခါ ကိုယ်တိုင် လိုက်ပါသဂြိုဟ်ရန် ဝေးစွ၊ ကွယ်လွန်သူ ခင်ပွန်းမျက်နှာကိုပင် မြင်ခွင့်၊ တွေ့ခွင့် မရရှိခဲ့ပေ။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် ရှိနေပြီး ခင်ပွန်းဖြစ်သူက အင်္ဂလန်နိုင်ငံတွင် ရှိနေခြင်းတို့ကြောင့် ဖြစ်သည်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် မိသားစုရှိရာ အင်္ဂလန်နိုင်ငံသို့ ပြန်လိုက ပြန်နိုင်သည်ဟု ဆိုသော်လည်း မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်ခွင့် ပြုမည်မဟုတ်ကြောင်း တပ်မတော်အစိုးရ သတိပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် အင်္ဂလန်နိုင်ငံသို့ မပြန်ခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်သည် ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်ကျနေစဉ် ၁၉၈၉ ခုနှစ်မှ ၁၉၉၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ၁၀ ကြိမ် လာရောက်ကာ ဇနီးဖြစ်သူနှင့် ၂၈၄ ရက်ကြာ နေထိုင်ခဲ့သည်ဟု ဆိုသည်။ ၁၉၉၇ ခုနှစ်တွင် ဒေါက်တာမိုက်ကယ်အဲရစ်သည် အင်္ဂလန်တွင် နေထိုင်စဉ် ဆီးကျိတ်ကင်ဆာရောဂါ စတင် ဖြစ်ပွားခဲ့သည်။ ရောဂါအခြေအနေမှာ ကုသ၍ မရနိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ သို့အတွက် ဒေါက်တာမိုက်ကယ်အဲရစ်သည် ဇနီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံနိုင်ရန် မြန်မာနိုင်ငံ ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





မိခင်ကြီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်၏ အုတ်ဂူသို့
သမီး ဒေါ်အောင်ဆန်းစုကြည်နှင့် မြေးမောင်မြင့်ဆန်းအောင်တို့
သွားရောက်ဂါရဝပြုစဉ်

တပ်မတော်အစိုးရက ဒေါက်တာမိုက်ကယ်အဲရစ်၏ ပြည်ဝင်ခွင့်ဗီဇာကို ငြင်းပယ်ခဲ့သည်။ အကြောင်းမှာ ဒေါက်တာမိုက်ကယ်အဲရစ်၏ ကျန်းမာရေးအခြေအနေအရ မြန်မာနိုင်ငံမှ လုံလောက်သည့် ဆေးကုသမှု ထောက်ပံ့ပေးနိုင်ခြင်း မရှိသည့်အတွက်ဟု ဆိုကာ ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်အား မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာ ငြင်းပယ်ခံရခြင်းကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်၊ အမေရိကန် အပါအဝင် နိုင်ငံတကာမှ အထင်ကရ ပုဂ္ဂိုလ်များက တပ်မတော်အစိုးရထံ ပြည်ဝင်ခွင့်ဗီဇာပေး



ရန် တောင်းဆိုခဲ့ကြသည်။ တပ်မတော်အစိုးရမှ လုံးဝ ငြင်းပယ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ခင်ပွန်းရှိရာ အင်္ဂလန်နိုင်ငံသို့ ပြန်လိုက ပြန်နိုင်သော်လည်း မြန်မာနိုင်ငံသို့ ပြန်လာရန် ပြည်ဝင်ခွင့်ဗီဇာ ရရှိရေးမှာ မသေချာသဖြင့် မပြန်ဘဲနေသည်။

သို့နှင့် ဒေါ်အောင်ဆန်းစုကြည်မှာ အင်္ဂလန်သို့လည်း မပြန်နိုင်။ ခင်ပွန်းဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ်မှာလည်း မြန်မာနိုင်ငံသို့လည်း လာခွင့်မရ။ ၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ခင်ပွန်းဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ် ကွယ်လွန်သည့်အခါ ကိုယ်တိုင် သင်္ဂြိုဟ်ခွင့် မရလိုက်သည့်အပြင် ခင်ပွန်းသည်၏ မျက်နှာကိုပင် နောက်ဆုံးအကြိမ်အဖြစ် မြင်ခွင့်မရလိုက်ပေ။

ယင်းမှာ ဒေါ်အောင်ဆန်းစုကြည်သည် ခင်ပွန်းနှင့် သားများထက် အမိမြန်မာနိုင်ငံကို ပို၍ ချစ်သည်ကို လက်တွေ့သက်သေပြခဲ့သည့် သာဓကတစ်ခုပင် ဖြစ်သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## ကွန်မြူနစ်များ ဝိုင်းရံနေသူအဖြစ် စွပ်စွဲခဲ့ကြသည်

၁။ ယခုလက်ရှိ အခြေအနေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူ အုပ်စုကြီးထွားလာသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောက်ခြေတွင် မြေပေါ်မြေအောက် (ယူဂျီ/အိုဂျီ)များ ပေါ်ပေါက်လာသည်။

၃။ ထို့ကြောင့် အိုဂျီ/ ယူဂျီနှင့် ကွန်မြူနစ်လှုပ်ရှားမှုကို အကြောင်းပြု၍ အနီးအနား (ရွေးကောက်ပွဲရွေးချိန်) ဒေါက်ဖြုတ်နိုင်သည်။

၄။ ထို့ကြောင့် အောင်- စု- တင် အဖွဲ့တွင်းမှ ကွန်မြူနစ်များ၊ ကွန်မြူနစ် လိုလားသူဟု ယူဆရသူများကို အနားယူရန် မေတ္တာရပ်ခံသင့်သည်။

အထက်ဖော်ပြပါ အချက် ၄ ချက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ(ဟောင်း) ဦးအောင်ကြီး၏ ၂၉.၁၁.၈၈ ရက်နေ့ နေ့စွဲပါ အရေးပေါ်သုံးသပ်ချက် ၈ ချက်တွင် ပါဝင်သည့် အချက်များ ဖြစ်သည်။ ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဝန်းကျင်တွင် ဗကပများ ရောက်နေသည်။ NLDအဖွဲ့၏ ထွေးခေါ်မှုအပိုင်းမှာ ဗကပ တွေးခေါ်မှု လွှမ်းမိုးနေသည်။ NLD ထဲမှာ ဗကပတွေ ရှိနေသည်ဟု ဦးအောင်ကြီးကပင် စတင် ပြောဆိုခဲ့သည်။



ထို့နောက် ၅.၈.၈၉ နေ့တွင် တပ်မတော်အစိုးရက ဗကပများသည် ဒေါ်အောင်ဆန်းစုကြည်အား ယင်းတို့၏ မြေပေါ်အမာခံများ တစ်ဆင့် လှုပ်ရှားစေခဲ့သည်ဟု လူသိရှင်ကြား တရားဝင် ပြောဆိုခဲ့သည်။

နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်နှင့် ပြည်တွင်း၊ပြည်ပ တွေ့ဆုံသည့် အခမ်းအနားတွင် ''ဒီမိုကရေစီ တည်ဆောက်ချင်ရင် Comfrontation နည်းနှင့် လုပ်လျှင် သိပ်မှားသွားမည်ဖြစ်ကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အာဏာဖီဆန်ခြင်းဆိုသည်မှာ မလုပ်အပ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ''အာဏာပဟူသမျှ ဖီဆန်ကြ'' ဆိုသည်မှာ သိပ်မှား၍ မလုပ်အပ်ကြောင်း စသည်ဖြင့် မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပတ်ဝန်းကျင်တွင် လက်ဝဲဆန်သော အာဏာဖီဆန်ရေးပုဂ္ဂိုလ်အချို့၏ စေ့ဆော်မှု၊ ဖန်တီးမှုကြောင့် အာဇာနည်နေ့ကို နိုင်ငံရေးအထိမ်းအမှတ်အဖြစ် ကျင်းပရန် သင့်သည်ဟု ညှိနှိုင်း ပြောဆိုခဲ့ကြသည်။ ထိုမှတစ်ဆင့် အာဇာနည်နေ့ကို နိုင်ငံရေးလှုပ်ရှားမှု အဖြစ် ဆောင်ရွက်လာသည်ဟု ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တတ်သိပညာရှင်များ ဖြစ်သည့် မောင်သော်က၊ ဒေါ်မြင့်မြင့်ခင်၊ သာယာဝတီစမ်းစမ်းနွဲ့၊ ဦးကိုယု၊ မောင်ဝံသ၊ မောင်ခက်ပန်၊ ဦးတင်မိုးတို့နှင့် တွေ့ဆုံဆွေးနွေးစဉ် ၁၈၄၀ ပြည့်နှစ်က ပေါ်ထွက်လာသည့် အမေရိကန်အတွေးအခေါ်ပညာရှင် ဟင်နရီဒေးဗစ်သော်ရိုး (Henny David Thorean)၏ Civil Disobedence သဘောသက်ဝင်သည့် စာပိုဒ်ကို ရွတ်ပြခဲ့ရာ အားလုံး သဘောကျသဖြင့် မြန်မာလို ကိုက်ညီမည့် စာသားကို စီစဉ်ရန် ပြောကြားခဲ့ပြီးနောက် ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးအပြီးတွင် ဆရာဦးဝင်းတင်က **အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်**ကြကြေးကြော်သံကို တင်ပြရာ သဘောတူညီခဲ့သည်။ ထိုစဉ်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ဆောင်ပုဒ်သဖွယ် အသုံးပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ပါတီအခမ်းအနားတစ်ခုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ပါတီဝင်များနှင့်အတူ တွေ့မြင်ရစဉ်

ဗမာပြည် ကွန်မြူနစ်ပါတီ (ဗဟို)မှ ဗဟိုစစ်ကော်မရှင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောမှ ဒေါ်အောင်ဆန်းစုကြည် မိခင် ဒေါ်ခင်ကြည်ထံသို့ ပေးပို့ခဲ့သည်။ ထင်ရှားကျော်ကြားသည့် နိုင်ငံရေးသမားဟောင်းကြီး သခင်ဗသိန်းတင်မှလည်း ဒေါ်ခင်ကြည်ထံ စာတစ်စောင် ပေးပို့ခဲ့ရာ ဒေါ်ခင်ကြည် ကျန်းမာရေး မကောင်း၍ မပေးဖြစ်ခဲ့ဟု ဆိုသည်။ ယင်းစာကိုမူ သခင်ခင်အောင်က မီးရှို့ဖျက်ဆီးခဲ့သည်ဟု သိရသည်။

ယင်းနောက် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောမှ လေးမျက်နှာ ပါရှိသည့် စာတစ်စောင်ကို ဒေါ်စန်းကျော်ဇောမှ ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်ပေးရာ တွေ့ခွင့် မရ၍ မပေးခဲ့ရ။ ယင်းနောက် ဗကပဥက္ကဋ္ဌဟောင်း သခင်ဇင်၏ ဇနီး ဒေါ်ကြည်ကြည်ထံ ပြန်လည် အပ်နှံရာ လက်မခံဘဲ မရောက်ရောက်အောင် ပို့ရန်သာ ပြောခဲ့သည်။ ယင်းစာမှာ ဒေါ်အောင်ဆန်းစုကြည်ထံ ရောက်မရောက်ကို တပ်မတော်အစိုးရ မသိဟု ဆိုသည်။



ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသို့ ပြန်လာသည်မှ မကျန်းမမာဖြစ်နေသည့် မိခင်ကြီး ဒေါ်ခင်ကြည်ကို ပြုစုရန်နှင့် ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် စာအုပ်ရေးရန်အတွက် ဖြစ်သည်။ ၈၈ ဒီမိုကရေစီအရေးတော်ပုံနှင့် တိုက်ဆိုင်နေသည့်အခါ ဆရာဦးဝင်းတင်၊ ဆရာမောင်သော်က၊ ဆရာမောင်မိုးသူတို့က ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေး ပွဲထုတ်ခဲ့ကြသည်။ စင်တင်ခဲ့ကြသည်ဟု ပြောဆိုခဲ့ကြသည်။ အင်န်အယ်လ်ဒီပါတီကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည်။

အင်န်အယ်လ်ဒီ ဖွဲ့စည်းပြီးသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် **သူသိသည်ဆိုသောသူများ၏ အကြောင်းကို သူသိမည်** မထင်ဟု ယူဆခဲ့ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပြီးသည့်အခါတွင် အဖွဲ့ချုပ်တွင် ကွန်မြူနစ်များ ဝိုင်းရံနေသည်။ သို့သော် ဆရာဦးဝင်းတင်ကိုမူ သတင်းစာသမားတစ်ဦးအဖြစ် မြင်ပြီး ကွန်မြူနစ်အမည်နာမ တပ်၍ မခေါ်ခဲ့ကြပေ။ ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ငန်းများကို ဆရာဦးဝင်းတင်နှင့်အတူ ဆောင်ရွက်သူ အင်န်အယ်လ်ဒီမှ EC ဦးထွန်းတင်ကို လက်ဝဲစာပေ လေ့လာလိုက်စားသူနှင့် ကွန်မြူနစ်ဝါဒ ယုံကြည်သက်ဝင်သူအဖြစ် ကင်ပွန်းတပ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် အနီးတွင် ရှိသည့် ဆရာဦးဝင်းတင်နှင့် ဒေါ်မြင့်မြင့်ခင်သည် မန္တလေးမှ ဗကပ မြေပေါ်ပါတီအဖြစ် ဖွဲ့စည်းထားသည့် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၏ နာယကများ ဖြစ်သည်။ ထို့အတူ ရွှေနေ ဦးကိုယုက အလံနီကွန်မြူနစ်ဟောင်း လက်ဝဲစွန်းဝါဒီတစ်ယောက် ဖြစ်သည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ဗကပ ယုဂျီတာဝန်ခံများဖြစ်သည့် သက်ခိုင်နှင့် ဝေလင်း (ခ) ကျော်မြတို့ ကျုံးသွင်းခံရသည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အဖြစ် ဗကပတို့ ကြိုးဆွဲရာ

www.burmeseclassic.com

www.burmeseclassic.com



က နေရသည်။ ဝင်၍ကမိသည်ဟု ပြောဆိုခဲ့ကြသည်။ အထူးသဖြင့် အင်နိုအယ်လ်ဒီသည် ဗကပယူဂျီများ ဖန်တီးမှုနှင့် ပေါင်းစပ်ကာ နိုင်ငံတော်အာဏာကို အကြမ်းဖက်နည်းဖြင့် လုယူရန် ကြံစည်နေသည်ဟု စွပ်စွဲခဲ့ခြင်းပင် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား အများက National Figure အဖြစ် ဗကပ(ယူဂျီ)ပါတီ ကော်မတီ လက်ခံခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားခေါင်းဆောင် National Figure အဖြစ် လက်ခံသူများပင် ဗကပ(ယူဂျီ)များ ဖြစ်သွားနိုင်သည်။



ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင်
နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့်အတူ တွေ့ရစဉ်



ဗကပ(ယူဂျီ) ဗဟိုပါတီကော်မတီက ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသားခေါင်းဆောင်အဖြစ် လက်ခံ၍ ပြည်သူလူထုက အမျိုးသားခေါင်းဆောင်၊ လူထုခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ခြင်း မဟုတ်သည်မှာ သေချာသည်။ ထိုစဉ်က ပြည်သူတို့ ခံစားချက်၊ ယုံကြည်ချက်တို့ဖြင့် တင်မြှောက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်၏ အနီးတွင် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံ ကာလနှင့် ၁၉၅၁ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဗကပ ပါတီဝင်ဖြစ်ခဲ့သည့် ဦးထွေးမြင့်သည် မကြာခဏ တွေ့ဆုံ၍ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးလောကထဲသို့ ရောက်ရှိလာစေရန် စည်းရုံးခဲ့သည် ဆိုသည်။ သခင်အုန်းမြင့်က ဗကပဟောင်း၊လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်ဟောင်း သခင်တင်မြကို ဒေါ်အောင်ဆန်းစုကြည်အနီးသို့ စေလွှတ်ခဲ့သည်။

သခင်တင်မြသည် ၁၉၈၆ ခုနှစ်ခန့်ကတည်းက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ဖူးသည်။ ထိုစဉ်ကတည်းက နိုင်ငံရေးသဘောတရားများကို ဆွေးနွေးခဲ့ဖူးသည်။ ယင်းအတွက် သခင်တင်မြသည် ဒေါ်အောင်ဆန်းစုကြည်၏ အတိုင်ပင်ခံ ရုံးအဖွဲ့တွင် ဦးလှတင်၊ ဦးစံသာကျော်တို့နှင့် ကူညီဆောင်ရွက်ခဲ့ကြသည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပမည့် ၄၂ ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားကို တပ်မတော်အစိုးရက နိုင်ငံတော်မှ ကြီးမှူးကျင်းပမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ယင်းအတွက် ၄၂ နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများကို ဖိတ်ကြားရာတွင် ဝန်ကြီးသခင်မြ၊ ဝန်ကြီးဦးဘချို၊ ဝန်ကြီးဦးရာဇတ်၊ ဝန်ကြီးမန်းဘခိုင်၊ ဝန်ကြီးမိုင်းပွန်စော်ဘွားစပ်စံထွန်းနှင့် အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး မိသားစုများ[illegible] တက်ရောက်မည်ဟု အကြောင်းပြန်ကြားခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း မိသားစုမှ ဦးအောင်ဆန်းဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှ

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်မည်၊ မတက်ရောက်မည်ကို အကြောင်းပြန်ကြားခဲ့ခြင်း မရှိပေ။

၄၂ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်သူလူထုအား အများဆုံး ငါးဦးအထိသာ စုပေါင်း၍ အာဇာနည်ဗိမာန် လာရောက်ဂါရဝပြုရန် လူဦးရေ ကန့်သတ်ထားသည်။

ထိုစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တစ်ပါတီလျှင် ၁၀ ဦး တက်ရောက်၍ ပန်းခွေချခွင့်ကိုပင် လက်မခံ။ ပါတီအနေဖြင့် တရားဝင်ခွင့်ပြုချက် မယူဘဲ ပန်းခွေချရန် စီစဉ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အာဇာနည်နေ့နှင့် ပတ်သက်၍ ပါတီစုံကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ခွင့်ပြုချက် မယူကြောင်း၊ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ရမည်ဖြစ်ကြောင်း၊ အခြားပါတီများ အမိန့်ဖီဆန်ရန်အတွက် မိမိအစီအစဉ်ဖြင့်သာ တက်ရောက်ပန်းခွေချသင့်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အာဇာနည်ဗိမာန်သို့ ချီတက်၍ ပန်းခွေချမည်ဖြစ်ကြောင်း၊ အခြားပါတီများအနေနှင့် ၄င်း၏ ပါတီနှင့်အတူ ပန်းခွေချရန် ဖိတ်ခေါ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ၁၃.၇.၈၉ ရက်နေ့တွင် ကျောက်တံတားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် "အာဇာနည်နေ့တွင် တစ်ပါတီ ၁၀ ယောက်သာ တက်ရောက်ဂါရဝပြုရမည်ဆိုသည်ကို လက်မခံနိုင်ကြောင်း၊ အာဇာနည်နေ့တွင် အေးအေးချမ်းချမ်း အလေးပြုနိုင်ရန်အတွက် လုံခြုံရေးချထားသည့် တပ်များကို ရုပ်သိမ်းပေးရန်လိုကြောင်း၊ ယခင် အာဇာနည်နေ့များတွင် သမ္မတကြီးကိုယ်တိုင် တက်ရောက်အလေးပြုခဲ့ပြီး တဖြည်းဖြည်း ဝန်ကြီးတစ်ယောက်သာ တက်ရောက်အလေးပြုသည့် အဆင့်သို့ ရောက်ရှိလာသည်။ အာဇာနည်ကြီးများ၏ လမ်းစကို မေးမှိန်အောင် လုပ်နေခြင်းဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။



အထက်ပါ ပြောကြားချက်များနှင့် ပတ်သက်၍ တပ်မတော်အစိုးရက လက်မခံ။

"ဗိုလ်ချုပ်အောင်ဆန်း၏ အာဏာဖီဆန်ရေးလမ်းစဉ်မှာ နယ်ချဲ့အင်္ဂလိပ်ခေတ်က ချပေးခဲ့သော လမ်းစဉ်ဖြစ်၊ တပ်မတော်သည် နယ်ချဲ့ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးကို ကာကွယ်နေသော အဖွဲ့ဖြစ်၊ အာဇာနည်ဗိမာန်သို့ အများပြည်သူများ လာရောက်အလေးပြုရာတွင် မိမိတို့ လုံခြုံရေးအစီအစဉ်များအတွင်းမှ ဖြစ်ရမည်" ဟူသော ခေါင်းစဉ်ဖြင့် ၁၇.၇.၈၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှ အကြောင်းအရာများကို ခေါင်းစဉ်တပ်၍ ၁၉.၇.၈၉ ရက်နေ့ (အာဇာနည်နေ့)တွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြခဲ့သည်။

ထိုစဉ်က တပ်မတော်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ကွန်မြူနစ်များ စိမ့်ဝင်ပြီး အတွေးအခေါ်ပိုင်း လွှမ်းမိုးခံနေရ



ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးသွားရောက်စဉ်က အင်န်အယ်လ်ဒီလူငယ် လုံခြုံရေးအဖွဲ့ဝင်များနှင့်အတူ တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗကပများ၏ မှိုင်းမိပြီး နဝတက လုပ်ပေးသည့် ရွေးကောက်ပွဲကို မယုံကြည်ကြောင်း ပြောဆိုနေပြီး လူထုအုံကြွမှု ဖြစ်အောင် ဗကပယူဂျီများ၏ ဖန်တီးမှု ပေါင်းစပ်လုပ်ကိုင်နေသည်ဟု တထစ်ချ ယုံကြည်ယူဆနေသည်။

ဗကပတို့၏အခေါ် Second Revolution ခေါ်သည့် ဇူလိုင်လ၊ ၁၉ ရက်နေ့တွင် သွေးချောင်းစီးလိမ့်မည်ဟု မျှော်လင့်ထားသည်။ ဇူလိုင်လ ၁၉ ရက်နေ့မတိုင်မီ ဗကပယူဂျီများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် သွေးချောင်းစီးမည့် အဖြစ်က လွတ်ခဲ့ရသည် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ဗကပတို့၏ မှိုင်းမိနေသည်ဆိုသော ဒေါ်အောင်ဆန်းစုကြည်သည် ၁၈-၇-၈၉ ရက်နေ့တွင် အာဇာနည်နေ့ အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ ချီတက်ပန်းခွေချမည့် အစီအစဉ်အတွက် ထိုနေ့ညတစ်ညလုံး အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နောက်ဆုံး ညှိနှိုင်းဆွေးနွေးမှု အဖြေမထွက်သဖြင့် အများသဘောတူညီချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်က ၁၉-၇-၈၉ ရက်နေ့ (အာဇာနည်နေ့) နံနက် ၄ နာရီခန့်တွင် အာဇာနည်နေ့ ချီတက်မည့် အစီအစဉ်ကို ဖျက်သိမ်းနိုင်းလိုက်သည်။ တပ်မတော်အစိုးရ၏ အာဇာနည်နေ့ အစီအစဉ်ကို သပိတ်မှောက်၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ရုံးအဆောက်အဦအတွင်းသာ အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

တပ်မတော်အစိုးရ ယုံကြည်ယူဆထားသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ဗကပအတွေးအခေါ်နှင့် ဗကပ မှိုင်းမိနေလျှင် ၄၂ နှစ်မြောက် အာဇာနည်နေ့တွင် ချီတက်ပန်းခွေချကြမည် ဖြစ်သည်။ ဗကပတို့ ကြိုးဆွဲရာကနေလျှင် ဗကပတို့ ခိုင်းသည့်အတိုင်း လုပ်ကြပေလိမ့်မည်။



သို့သော် တပ်မတော်အစိုးရက ထင်မြင်ယူဆသည့် ဗကပယူဂျီများကို ဖမ်းမိသဖြင့် သွေးချောင်းစီးမည့် အန္တရာယ်မှ လွတ်ခဲ့သည်ဟု ယုံကြည်ယူဆသော်လည်း အမှန်တကယ်မှာ ဒေါ်အောင်ဆန်းစုကြည်၏ အာဇာနည်နေ့သို့ ချီတက်မည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ခြင်းကြောင့် ဆိုလျှင် ပို၍ မှန်ကန်ပေလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်အစိုးရလက်ထက် ကနဦးကာလများတွင် တပ်မတော်နှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ပြောကြားခဲ့သည်များ ရှိခဲ့သည်။ ယင်းသို့ ဝေဖန်တိုက်ခိုက်ပြောကြားမှုများကို တပ်မတော်က ဒေါ်အောင်ဆန်းစုကြည်အပေါ် နာကျည်းခဲ့သော်လည်း ပြည်သူများက လက်ခံသည်။ ပရိသတ်များက လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ဩဘာပေးကြသည်။

အများပြည်သူတို့ မပြောရဲမဆိုရဲသည့် စကားများ၊ မိန့်ခွန်းများကို ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်မှာ ပြည်သူများအကြားတွင် သူရဲကောင်းသဖွယ် ဖြစ်နေသည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ၂၅-၆-၈၉ ရက်နေ့တွင် အင်းစိန်၌ ပြောကြားခဲ့သည့် မိန့်ခွင်းတွင် **တပ်မတော်ဟာ ပြည်သူလူထုဘက်က မရပ်တည်ဘဲ ဦးနေဝင်း ကြိုးဆွဲရာ ကနေတယ်**ဟု ပြင်းပြင်းထန်ထန် ထည့်သွင်းပြောကြားခဲ့သည်။ ထို့အတူ ၇-၇-၈၉ ရက်နေ့တွင် စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၌ ပြုလုပ်သည့် ဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က **ကျောင်းသားများ ပြောတဲ့ တပ်မတော်သားတွေဟာ သုံးယောက်ပေါင်းလို့မှ ခုနစ်တန်း မအောင်ဘူးဆိုတာနဲ့ တပ်မတော်သားများဟာ ဘယ်လို အခြေအနေ လာသလဲဆိုတာ စဉ်းစားရမှာ ဖြစ်ပါတယ်၊ တော်တော်များများဟာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေဆီက လာတာဖြစ်ပါတယ်။ ဒီလို မိသားစုတွေဆီက လာတာမို့လို့ သုံးယောက်ပေါင်းလို့ ခုနစ်တန်း မအောင်ဘူးဆိုတာ မှန်ပါတယ်၊ ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ ပြည်သူတွေကို သတ်ဖို့ မဟုတ်ဘူး အော်**

www.burmeseclassic.com

www.burmeseclassic.com



**ကြတဲ့အတိုင်း တပ်မတော်သားတွေဟာ မှန်ကန်တဲ့ စစ်ပညာကို ပိုင်ဆိုင်သင့်ပါတယ်၊ နှစ်ဆယ့်ခြောက်လုံးလုံး တပ်မတော်သားတွေကို မှန်ကန်တဲ့ စစ်ပညာ သင်မပေးမထားဘူး** ဟု ထည့်သွင်းပြောဆိုခဲ့သည်။

ယင်းသို့ တပ်မတော်အပေါ် အလွန် ပြင်းပြင်းထန်ထန် ပြောခဲ့သည်၊ မှားယွင်းသော စွပ်စွဲပြောဆိုမှုများဖြင့် စွပ်စွဲပြောဆိုခဲ့သည်ဟု ၉-၉-၈၉ ရက်နေ့တွင် တပ်မတော်အစိုးရ အတွင်းရေးမှူး ၁ ဗိုလ်မှူးချုပ်ခင်ညွန့် (ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်)က တုံ့ပြန်ပြောဆိုခဲ့ပြီး "တပ်မတော်၏ အစဉ်အလာ၊ တပ်မတော်၏ အရည်အသွေး၊ တပ်မတော်သားများ၏ ခံယူချက်၊ တပ်မတော်၏ လေ့ကျင့်သင်ကြားမှုများကို မည်မျှအတွင်းကျကျ သိပါသနည်းဟု မေးလိုပါတယ်။ မည်သည့် အထောက်အထားများ ရှိ၍ ယခုကဲ့သို့ စွပ်စွဲပါလာသနည်း" ဟု မေးခွန်းထုတ်ခဲ့သည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်များသည် တပ်မတော် ပြိုကွဲရန် ပြောတာ မဟုတ်ပါ။ တပ်မတော် မုန်းတီးရေး မဟုတ်ပါဟု မည်သို့ ကာကွယ်ပြီး ပြောပြော၊ အာဃာတနှင့် လူသိရှင်ကြား ပြောနေတာ ပေါ်လွင်ထင်ရှားနေပါတယ်ဟု သတင်းစာရှင်းလင်းပွဲမှ တစ်ဆင့် ပြည်သူလူထုသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် မုန်းတီးရေးဝါဒ ထိုက စခဲ့လေသလားဟု ပြည်သူအများက ထင်မြင်ယူဆစရာ ဖြစ်လာသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထုအကြားတွင် ရေပန်းစားနေဆဲ ဖြစ်သည်။ ထိုစဉ်က ဗကပ(ယူဂျီ)များသည် ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသားခေါင်းဆောင် (National Figure) အဖြစ် တင်ပေး၍ လူထုအုံကြွမှုဖြစ်စေရန် ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုသည်။ ဗကပအသုံးအနှုန်းအရ ပိုင်းရုံသောနည်းဖြင့် ပါတီများ စုပေါင်း၍ လူထုခေါင်းဆောင် တင်ရန်နှင့် တစ်ဖက်က ဒေါ်အောင်ဆန်းစုကြည်အား အစိုးရနှင့် ထိပ်တိုက် တွေ့စေရန် လုပ်ကိုင်ကြရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်ဟု ဆိုသည်။





**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကကြီးများ ဖြစ်သည့် ဦးဝင်းတင်၊ ဦးတင်ဦးတို့နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်အား အခမ်းအနားတစ်ခုတွင် တွေ့မြင်ရစဉ်**

ထို့အတူ ဆရာဦးဝင်းတင်နှင့် ဒေါ်မြင့်မြင့်ခင်တို့ နာယကအဖြစ်ပါဝင်သည့် ပါတီက ၁၉၈၉ ခုနှစ်၊ မေလအတွင်း မန္တလေးမြို့သို့ ရောက်ရှိစဉ် ဒေါ်အောင်ဆန်းစုကြည်အား လူထုခေါင်းဆောင်ဟု စတင်သုံးစွဲခဲ့ကြသည်။

ယင်းသို့ လူထုခေါင်းဆောင်ဟု သုံးနှုန်းခေါ်ဝေါ်သည့် တပ်မတော်အစိုးရက ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်အရ လုပ်သည်။ သွယ်ဝိုက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ထို့အတူ လူထုခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်အဖြစ် အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်သို့ အသိမဲ့ (Unwitting) ပါဝင်စေရန် လှုပ်ရှားခဲ့ခြင်း ဖြစ်သည်ဟု ပြောဆိုစွပ်စွဲခဲ့ကြသည်။

ကွန်မြူနစ်ပါတီ၏ လိုလားချက်၊ ဆုံးဖြတ်ချက်များကို ဒေါ်အောင်ဆန်းစုကြည် သိမည် မဟုတ်ပေ။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ပညာတတ်တစ်ဦးအား အသိမဲ့ ပါဝင်လာစေရန်ဟု သုံးနှုန်းခြင်းမှာ အံ့သြဖွယ်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ကောင်းတို့မည်သည် တစ်ပါးသူကို နိုင်းစေချက်များကို ဆောင်ရွက်တတ်သူများ မဟုတ်ပေ။ ကိုယ်ပိုင်အသိဉာဏ်၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့်သာ ဆောင်ရွက်တတ်ကြသည်။

အထူးသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ (ယူကျီ)ကော်မတီက မြန်မာပြည်သူများ၏ သူရဲကောင်း ကိုးကွယ်မှုဝါဒနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လတ်တလော ထင်ပေါ်ကျော်ကြားမှုကို အသုံးချသင့်သည်ဟု သုံးသပ်ခဲ့ကြသည်။ ထို့အတူ ဗကပယူကျီများသည် ဒေါ်အောင်ဆန်းစုကြည်ကို အရေးအခင်းကာလကတည်းက အမျိုးသားခေါင်းဆောင်အဖြစ် တင်မြှောက်ရန် ကြိုးစားခဲ့ကြသည်ဟု ဆိုသည်။

တကယ့်ဖြစ်ရပ်တွင် ဗကပယူကျီများအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား လက်ဝဲလူပေါင်းများနှင့် ဆက်သွယ်ချဉ်းကပ်ခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ပေ။

သို့သော် တပ်မတော်အစိုးရအနေဖြင့် ၄၂ နှစ်မြောက် အာဇာနည်နေ့သည် သွေးချောင်းစီးစေမည့် အဖြစ်ဆိုးကို ကျော်လွှားရန် ဗကပယူကျီများ ဇူလိုင်လ ၁၉ ရက်နေ့မတိုင်မီ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၄၂ နှစ်မြောက် အာဇာနည်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ ဆုံးဖြတ်ချက်တစ်ခုတည်းကြောင့် လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ပါတီများအား ခေါင်းဆောင်၍ ချီတက်ပန်းခွေ မချခဲ့သဖြင့် သွေးချောင်းမစီးခဲ့ပေ။ အာဇာနည်နေ့မှာ ငြိမ်းချမ်းစွာ ပြီးဆုံးသွားခဲ့သည်။ အသိနောက်ကျသည့် လူငယ်အချို့သာ အဖမ်းခံခဲ့ကြရသည်။

၄၂ နှစ်မြောက် အာဇာနည်နေ့ လွန်မြောက်ပြီး နောက်တစ်ရက် ၂၀-၇-၈၉ရက်နေ့တွင် တပ်မတော်အစိုးရက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ ဥပဒေနှင့်အညီ ဝင်ရောက်ရှာဖွေသည်ဆိုကာ ရှာဖွေရာ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ တရားမဝင်အဖွဲ့အစည်းများမှ ရေးသားပေးပို့သည့် စာရွက်စာတမ်းများ သိမ်းဆည်းရမိပြီး တရားမဝင် နေထိုင်သူ ၄၀ ဦး ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟုဆိုသည်။



၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် တပ်မတော်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ နေအိမ်တွင် တားဆီးမိန့် ထုတ်ပြန်တားဆီးခဲ့သည်။ နေအိမ်အကျယ်ချုပ်နှင့် ထားရှိကာ ပြစ်ဒဏ်ပေးခဲ့ခြင်း ဖြစ်သည်။ ထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

တပ်မတော်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ထားခြင်းမှာ နိုင်ငံတော်အား ထိပါးမည့် ဘေးအန္တရာယ်ကို ကာကွယ်ခြင်း ဖြစ်သကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကျရောက်နိုင်မည့် ဘေးပယောဂကို ကာကွယ်ခြင်း ဖြစ်သည်ဟု ဆိုသည်။

၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ရွေးကောက်ပွဲမကျင်းပမီကာလတွင် ဒေါ်အောင်ဆန်းစုကြည်အား ခင်ပွန်း၊ သားများနှင့် အတူနေလိုလျှင်၊ ပြန်တွေ့လိုလျှင် မြန်မာနိုင်ငံမှ ထွက်ခွာခွင့်ပေးမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြတ်သားစွာ တုံ့ပြန်သည့် အဖြေမှာ မြန်မာနိုင်ငံတွင် နေအိမ်အကျယ်ချုပ်နှင့် ဆက်နေသည်။ ထို့ပြင်မက ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်နှင့် တားဆီးထိန်းသိမ်းခံနေရသည့်တိုင် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကိုယ်တိုင် ပါဝင်ယှဉ်ပြိုင်ရန် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ယှဉ်ပြိုင်မည် ဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)မှ ပြိုင်ဘက်ဖြစ်သူ ဦးလဘန်ဂရောင်မှ ကန့်ကွက်လွှာ တင်သွင်းခဲ့သဖြင့် ရန်ကုန်တိုင်း ရွေးချယ်တင်မြှောက်ရေး ကော်မရှင်မှ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀(င)ဖြင့် ငြိစွန်းသည်ဟု ဆုံးဖြတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမည်စာရင်း တင်သွင်းလွှာကို ပယ်ဖျက်ခဲ့သဖြင့် ရွေးကောက်ပွဲ ဝင်ခွင့် မရခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com





ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်
အာဇာနည်ခေါင်းဆောင်ကြီးများအား အာဇာနည်နေ့ အခမ်းအနားတွင်
တက်ရောက်ဂါရဝပြုခဲ့သည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးသည် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိ ၆ နှစ်တိုင်တိုင် နေအိမ် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံခဲ့ရသည်။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်စီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)သည် လူတစ်ယောက်အား တရားရုံးသို့ ခေါ်ယူစစ်ဆေးရန် မလိုဘဲ စစ်အုပ်ချုပ်ရေးအမိန့် ဥပဒေအရ ၃ နှစ်ထိ ထိန်းသိမ်းနိုင်သည့် ဥပဒေ ဖြစ်သော်လည်း တပ်မတော်အစိုးရက နောက်တစ်ကြိမ် ၃ နှစ် သက်တမ်းတိုး၍ နေအိမ် အကျယ်ချုထားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ ပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးကို မထိခိုက်စေဘဲ နိုင်ငံ



တော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ရန်လည်းကောင်း ပြဋ္ဌာန်းထားသည့် ဥပဒေ ဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၁၀(ခ)အရ အရေးယူခံရသူကို တစ်နှစ်ထိ တားဆီးမှု ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

တားဆီးမှု ပြုလုပ်ရာတွင်

(က) မည်သည့်နေရာဒေသတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း။

(ခ) မည်သည့်နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း။

(ဂ) သွားလာမှုကို လိုအပ်သလို တားဆီးခြင်း။

(ဃ) သတ်မှတ်ထားသည့် အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) အသုံးပြုခြင်းကို တားဆီးပိတ်ပင်ခြင်းတို့ကို

ပြုလုပ်နိုင်သည်ဟု ဆိုသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်အား တပ်မတော်အစိုးရအနေဖြင့် လက်ရှိနေထိုင်သည့် နေအိမ်တွင် နေထိုင်စေ၍ အိမ်ခြံပြင်ပသို့ သွားလာခွင့်ကို တားဆီးပိတ်ပင်ထားသည်။ ဒေါ်အောင်ဆန်းစုကြည် အိမ်ထောင်စုစာရင်း ပါရှိသော တရားဝင်မိသားစုများသာ ပြင်ပသို့ အစောင့်အရှောက်ဖြင့် သွားလာခွင့်ပြုသည်။ သို့သော် ယင်းတို့အား နိုင်ငံခြားသံရုံးများ၊ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်သူများထံ သွားရောက်ခွင့် တားဆီးပိတ်ပင်ထားသည်။ ပြင်ပပုဂ္ဂိုလ်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း လာရောက်ခြင်း၊ ဆက်သွယ်ခြင်း မပြုရန် ကန့်သတ်တားမြစ်ထားသည်။ ဆေးဝါးကုသမှုနှင့် ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရန် နိုင်ငံတော်က တာဝန်ယူသည်ဟု စည်းကမ်းချမှတ် တားဆီးပိတ်ပင်ထားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား ယင်းဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် ဥပဒေချိုးဖောက်သဖြင့်လည်းကောင်း၊ နိုင်ငံတော်အား အန္တရာယ် ဖြစ်စေမည့် အခြေအနေများ ဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့်လည်းကောင်း၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်ကို သွေးခွဲ၍ တိုင်းရင်းသားပြည်သူများက တပ်မတော်ကို မုန်းတီးအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်းကောင်း ဖြစ်သည်ဟု တပ်မတော်အစိုးရက အတိအလင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်၏ အနီး ကွန်မြူနစ်များ ဝိုင်းရံနေသဖြင့် ကွန်မြူနစ်အတွေးအခေါ်နှင့် လုပ်ရပ်များ၊ အကြံအစည်များနှင့် ကွန်မြူနစ်ဝါဒ မှိုင်းမိနေသဖြင့် အရေးယူဆောင်ရွက်နိုင်ရန် နိဒါန်းပျိုး၍ အကြောင်းပြချက်အသစ်နှင့် အရေးယူခဲ့ခြင်း ဖြစ်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ယင်း၏ သဘောထားကို သူကိုယ်တိုင် ရေးသားပေးပို့ခဲ့သည့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့က ဗြိတိသျှ နေ့စဉ်ထုတ် သတင်းစာတစ်စောင်ဖြစ်သည့် The Independent သတင်းစာပါ ဆောင်းပါးတွင် **ကျွန်မအနားတွင် ကွန်မြူနစ်များ ဝိုင်းရံနေတာနဲ့ ပတ်သက်လို့ ဒီမိုကရေစီ ရရှိရေးအတွက် အတူတကွ လက်တွဲလုပ်မယ်လို့ နားလည်မှု ယူပြီးမှ သူတို့ရဲ့ အကူအညီ ရယူခြင်း ဖြစ်ပါတယ်** ဟု ထုတ်ဖော် ရေးသားခဲ့ခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူကိုယ်တိုင် ကွန်မြူနစ် မဟုတ်။ ဒီမိုကရေစီ ရရှိရေးအတွက် ကွန်မြူနစ်များကို အသုံးချခြင်းမှာ ထင်ရှားပေသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ကွန်မြူနစ်များကို သိသိနှင့် ဝိုင်းရံခံခဲ့ခြင်းသာ ဖြစ်ပေသည်။

❐ ❐ ❐

## မြေနီကုန်း အရေးအခင်း နှစ်ပတ်လည်နေ့မှာ သတိပေးစကား ပြောကြားခံရသူ

၁၉၈၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန် စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင် သေဆုံးခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ တက္ကသိုလ်အချို့တွင် ဆန္ဒပြပွဲများ မကြာခဏ ဖြစ်ပေါ်လာသည်။ ယင်းနောက် ရန်ကုန်မြို့လယ်အထိ တက္ကသိုလ်ကျောင်းသားများ ခေါင်းဆောင်၍ ဆန္ဒပြပွဲများ ပြုလုပ်ရာ ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာခဲ့သည်။ မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဆန္ဒပြပွဲများ ကျင်းပရာ လုံထိန်းတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံး ခွဲ၍ အင်အားသုံး ဖြိုခွင်းခဲ့သည်။ ဆန္ဒပြသူများကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဆန္ဒပြသူများက အင်အားသုံး ဖြိုခွင်းမှုကို မကျေနပ်သဖြင့် ရန်ကုန် ပြည်သူ့ကုန်တိုက် ၂ ကို မီးရှို့ဖျက်ဆီးခဲ့သည်။

ဖမ်းဆီးထားသူများကို ညဥ့်သန်းခေါင်ယံတွင် အချုပ်ကားပေါ်တင်၍ အင်းစိန်ထောင်သို့ ပို့သည်။ အချုပ်ကား တစ်စီးတွင် လူ ၇၁ ဦး တင်ဆောင်၍ အင်းစိန်ထောင်သို့ ပို့ရာတွင် မျက်ရည်ယိုဗုံးဓာတ်ငွေ့ရည် ရှူရှိုက်မိခြင်းနှင့် အသက်ရှူမွန်းကျပ်ခြင်းတို့ကြောင့် လူ ၄၁ ဦး သေဆုံးခဲ့ရသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဦးမင်းခေါင် ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





၁၉၈၉ ခုနှစ်၊ မြေနီကုန်းအရေးအခင်း ပထမအကြိမ် နှစ်ပတ်လည်နေ့တွင် မီးပွိုင့်၌ အမှတ်တရ ပန်းစည်းချနေသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အယ်လ်ဒီလူငယ်များအား လုံခြုံရေးတပ်ဖွဲ့မှ လာရောက်တားဆီးနေစဉ်

မတ်လ ဖုန်းမော်အရေးအခင်းတွင် ဖမ်းဆီးထိန်းသိမ်းထားသူ ၁၇၂၃ ဦးမှ ၁၂၃၃ ဦး ပြန်လွှတ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှေ့ ဂျပ်ဆင်မြက်ခင်းပြင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့ စသည်တို့တွင် တရားပွဲများ ရက်ဆက်ဆိုသလို ကျင်းပခဲ့သည်။ သို့အတွက် ၂၀-၆-၈၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်(ပင်မ)၊ ရန်ကုန်တက္ကသိုလ် (ကြည့်မြင်တိုင်)၊ ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့အား အစိုးရက ရက်အကန့်အသတ်မရှိ ပိတ်လိုက်သည်။

၁၉၈၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် (ပင်မ)နှင့် လိပ်ခုံးဆေးတက္ကသိုလ် ၁ မှ ကျောင်းသားကျောင်းသူများသည် တက္ကသိုလ်ကျောင်းဝင်းအတွင်းမှ ရန်ကုန်မြို့ထဲသို့ ချီတက်ဆန္ဒပြကြသည်။ မြေနီကုန်း မီးပွိုင့်အရောက်တွင် စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက တားဆီးရာမှစ၍ ဆန္ဒပြကျောင်းသားများနှင့် အပြန်အလှန်



အဓိကရုဏ်း ဖြစ်ပွားသည်။ ယင်းနေ့ မြေနီကုန်း အဓိကရုဏ်းတွင် ဆန္ဒပြကျောင်းသား ၃ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၆ ဦးတို့ သေဆုံးခဲ့ပြီး ၂၅ ဦး ပြင်းထန်စွာ ဒဏ်ရာ ရရှိခဲ့သည်။ ၇၇ ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထို့အတူ ရန်ကုန်မြို့ထဲရှိ လမ်းမတော် ဆေးတက္ကသိုလ် (၁) မှ ကျောင်းသားများနှင့် လုံထိန်းများ အဓိကရုဏ်း ဖြစ်ပွားခဲ့ပြန်သည်။

သို့အတွက် မဆလအစိုးရက ၂၁-၆-၈၈ ရက်ညတွင် မြန်မာတစ်နိုင်ငံလုံးမှ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ရက်အကန့်အသတ်မရှိ ပိတ်ခဲ့သည်။ ထို့အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စစ်အုပ်ချုပ်ရေးဒေသအဖြစ် အမိန့်ထုတ်ပြန်၍ ည ၆ နာရီမှ မနက် ၆ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်ကြေညာခဲ့ရသည်။

၂၁-၆-၈၈ ရက်နေ့သည် မြေနီကုန်း အရေးအခင်း ဖြစ်ပေါ်ခဲ့ပြီး တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် ပြည်သူများအတွက် အမှတ်တရ ဖြစ်စေခဲ့ရသည်။

မြန်မာနိုင်ငံတွင် ၈-၈-၈၈ ရက်နေ့မှ စတင် အစိုးရ ဆန့်ကျင်သည့် ဆန္ဒပြပွဲများ တစ်နိုင်ငံလုံး အတိုင်းအတာနီးပါးဖြင့် ကျင်းပခဲ့သည်။ ကျောင်းသားဆန္ဒပြပွဲများမှတစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံးက မဆလအစိုးရ ပြုတ်ကျရေးနှင့် ဒီမိုကရေစီ ရရှိရေးအထိ ဦးတည်၍ ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲများတွင် တန်ပြန်အဖျက်အမှောင့်များကြောင့် ပစ္စည်းလုယက်မှုများ အပါအဝင် အဆိပ်ခတ်သည်ဟု ဆိုသောသူများအား ခေါင်းဖြတ်သတ်သည်အထိ ဖြစ်လာသည်။ သို့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်က မလွှဲမရှောင်သာ၍ အာဏာရယူခြင်း ဖြစ်သည်ဆိုသော အကြောင်းပြချက်နှင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ညနေပိုင်းတွင် စစ်တပ်က အာဏာသိမ်းယူခဲ့သည်။

စစ်တပ်က အာဏာသိမ်းပြီးနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပြည်သူများ တောင်းဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



ပါတီစုံစနစ်သို့ ကူးပြောင်းနိုင်ရန် နိုင်ငံရေးပါတီများကို တရားဝင်ဖွဲ့စည်းခွင့်ပြုခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့သည်။

ထိုစဉ်က ဦးအောင်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဦးတင်ဦး ဒုတိယဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည် အထွေထွေအတွင်းရေးမှူး၊ ဦးကြည်ဟန်၊ ဦးချစ်နိုင်၊ ဦးဝင်းတင်တို့ ပါဝင်သော အတွင်းရေးမှူးအဖွဲ့၊ ဒေါ်မြင့်မြင့်ခင်(စည်းရုံးရေးဌာနမှူး)၊ ဦးလွင်(ဘဏ္ဍာရေးဌာနမှူး)၊ ဦးအောင်လွင်(ပြန်ကြားရေးဌာနမှူး)၊ ဦးအောင်ရွှေ(စည်းရုံးရေးမှူး)၊ ဦးကြည်မောင်(သုတေသနဌာနမှူး)၊ ဦးဘရွှေ(အုပ်ချုပ်ရေးဌာနမှူး)တို့ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်၍ ကနဦး ဖွဲ့စည်းခဲ့သည်။

ထို့နောက် ၉-၂-၈၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ အတွင်းရေးမှူး ဦးဝင်းတင်နှင့် ဦးချစ်နိုင်၊ ဦးကြည်မောင် (သုတေသနမှူး)၊ ဦးအောင်ရွှေ(စည်းရုံးရေးမှူး)၊ ဦးလွင်(ဘဏ္ဍာရေးမှူး)၊ ဦးအောင်လွင်(ပြန်ကြားရေးမှူး) နှင့် ဒေါ်မြင့်မြင့်ခင် (လူထုလူတန်းစားဌာနမှူး)တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ပြေပြေပြစ်ပြစ်နည်းဖြင့် မဖြေရှင်းဘဲ လက်နက်ဖြင့် ဖြေရှင်းခဲ့မှုအပေါ် အများပြည်သူ အမှတ်တရ ဖြစ်စေရန်နှင့် နောင်တွင်လည်း **နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ပြေပြေပြစ်ပြစ် တွေ့ဆုံဆွေးနွေးအဖြေရှာဖြေရှင်း**



**ရေးသို့ ဦးတည်စေရန် နှစ်ပတ်လည်အထိမ်းအမှတ်နေ့များ ပြုလုပ်ကျင်းပသွားမည်**ဟု ပြောကြားခဲ့သည်။ ထို့အတူ ဖွန်လ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးတွင် ဦးဝင်းတင်က ဖွန်လ ၆ ရက်နေ့အား အလုပ်သမား အရေးအခင်း နှစ်ပတ်လည်နေ့နှင့် ဇူလိုင်လ ၇ ရက်နေ့တွင် ကျောင်းသားနှစ်ပတ်လည်နေ့များအဖြစ် ကျင်းပရန် တင်ပြခဲ့ပြီး ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခုနှစ်၊ ဖွန်လ၊ ၂၁ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်၍ မြေနီကုန်းအရေးအခင်းနှစ်ပတ်လည်နေ့ ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပရိသတ် အင်အားလေးရာခန့် တက်ရောက်ခဲ့သည်။ ထိုနေ့တွင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် စမ်းချောင်းမြို့နယ်၊ကျွန်းတောလမ်း အမှတ် ၂၁ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ရုံးတွင် မြေနီကုန်း အရေးအခင်းနှစ်ပတ်လည်နေ့ အခမ်းအနား ပြုလုပ်၍ဟောပြောပွဲများ ကျင်းပခဲ့သည်။ ဟောပြောပွဲ အခမ်းအနား ပြီးသည့်အခါ ယင်းအခမ်းအနားမှ လူ ၁၀၀ ခန့်သည် မြေနီကုန်းမီးပွိုင့်သို့ လာရောက်ခဲ့ကြသည်။ ပန်းခွေချကြသည်။ ဆန္ဒပြကြွေးကြော်ခဲ့ကြသည်။ ဆန္ဒပြကြွေးကြော်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးဖြိုခွင်း၍ ဖမ်းဆီးခဲ့သည်။ ဆန္ဒပြသူ ၃ ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ထိုစဉ် ဒေါ်အောင်ဆန်းစုကြည်သည် ကားနံပါတ် ၈/၁၅၁၅ တိုယိုတာ ကိုရိုလာ နံ့သာရောင် ကားတစ်စီးဖြင့် မြေနီကုန်းမီးပွိုင့်သို့ ရောက်ရှိလာပြီး ကားပေါ်မှ ဆင်းကာ အထိမ်းအမှတ် ပန်းစည်းချခဲ့သည်။ လုံ ခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်အား စမ်းချောင်းမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ ဖမ်းဆီးခေါ်ဆောင်သွားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးခေါ်ဆောင်သွားစဉ်က ဒေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစုကြည်မှန်း မသိဟု ဆိုသည်။ မြို့နယ်ရုံး ရောက်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်ကို သိရှိကြသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများက ဆူပူမှုကို လှုံ့ဆော်ဖန်တီးခြင်း မပြုရန် သတိပေးပြောကြား၍ ပြန်လွှတ်ပေးခဲ့သည်။

ဒေါ်မြင့်မြင့်ခင်က ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ၂၁.၆.၈၉ ရက်နေ့ မြေနီကုန်းအရေးအခင်း နှစ်ပတ်လည်နေ့တွင် ပန်းစည်းချသည်မှာ ပါတီအလုပ်အမှုဆောင်များ မသိဟု ဆိုသည်။ ယင်းကိစ္စကို ပါတီအလုပ်အမှုဆောင်အဖွဲ့အား အသိပေးတိုင်ပင်သင့်သည်ကို ဒေါ်အောင်ဆန်းစုကြည်အား ပြောကြားခဲ့သည်။ ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က I am sorry ဟု ပြောခဲ့သည်။ I am sorry သည် မှားကြောင်း ဝန်ခံခြင်း မဟုတ်။ ဝမ်းနည်းခြင်းသာ ဖြစ်သည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ''ဒီမိုကရေစီနည်း မကျဘဲ အာဏာရှင်ဆန်ဆန် လုပ်နေသည်၊ စိတ်မြန်သည်။ စိတ်မြန်၍




ဒေါ်အောင်ဆန်းစုကြည်အား စည်းရုံးရေး ခရီးစဉ်တစ်ခုတွင်
ပြည်သူများက ပေးအပ်သည့် ဂုဏ်ပြုပန်းကုံး၊ ပန်းစည်းများနှင့်အတူ တွေ့ရစဉ်



အဆုံးအဖြတ်မှားတတ်သည်။ အနားရှိသူများက ယုံအောင်ပြောလျှင် ယုံလွယ်သည်။ ကောလဟာလသတင်းများကို လေ့လာစုံစမ်းခြင်း မရှိဘဲ ထုတ်ဖော်ပြောဆိုချေပတတ်သည်။ လူတစ်ယောက်ကို နောက်ကြောင်းရာဇဝင် မသိဘဲ သူကောင်းပြုတတ်သည်။ လူတစ်ဖက်သားကို အထင်သေးတတ်သည်''ဟု ဒေါ်မြင့်မြင့်ခင်က မှတ်ချက်ပြုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား ဒေါ်မြင့်မြင့်ခင် ပြောဆိုချက်များသည် ကိုယ်တိုင်ဖြစ်စဉ် ဝန်ခံရေးသားထွက်ဆိုမှုများအရ ဖြစ်သည်ဟု ဆိုသည်။ သို့သော် ယင်းပြောဆိုချက်များမှာ ဒေါ်မြင့်မြင့်ခင် အစည်းအဝေးတွင် ပြောဆိုခြင်း မဟုတ်ဘဲ ထောင်ဒဏ်ကျခံရစဉ်က ဝန်ခံရေးသားချက်များဖြစ်ကြောင်းလည်း သိရသည်။

မြေနီကုန်း အရေးအခင်း နှစ်ပတ်လည်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့အစည်းနှင့် မဟုတ်ဘဲ ပုဂ္ဂိုလ်ရေး ပန်းစည်းချခဲ့ခြင်းကိစ္စမှာ ဗဟိုအမှုဆောင်အဖွဲ့သို့ တင်ပြရန် မလိုဟု ထင်သည်။ တင်ပြရန် လိုအပ်သည်ဆိုလျှင် လူတစ်ယောက်၏ အခွင့်အရေးကို ထိပါးရာရောက်သည်။ တားဆီးပိတ်ပင်ရာ ကျပေလိမ့်မည်။ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို လျှပ်တပြက် ဆောင်ရွက်ခဲ့ခြင်းမျှသာ ဖြစ်ပေလိမ့်မည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



ကြာငုံကြာဖူးသဖွယ် လက်အုပ်ချီမိုးကန်တော့နေသော ထေရဝါဒဗုဒ္ဓဘာသာဝင်
ဒေါ်အောင်ဆန်းစုကြည်အား တွေ့ရစဉ်

## အဆင့်မြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်

သိမ္မကျင့်မှု ထိုနှစ်ခု ၊ ယခုအားထုတ်ပါ
အားထုတ်ပါက နိဗ္ဗာန ၊ မုချရမည်သာ။

ဆင်ရှင်ဆရာတော်

ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်မှာ အချိန်ကာလ အတော်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ဖခင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် မိခင်ကြီး ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံ မြန်မာသံအမတ်ကြီး ဖြစ်ချိန် ငယ်ရွယ်စဉ်ကတည်းကပင် ဖြစ်သည်။ အသက် ၄၂ နှစ် အရွယ်ရောက်မှ မြန်မာနိုင်ငံသို့ ပြန်လည် အခြေချနေထိုင်ခြင်း ဖြစ်သည်။

သို့အတွက် ပြည်သူအချို့က ဒေါ်အောင်ဆန်းစုကြည်အား ဗုဒ္ဓဘာသာဝင်မှ ဟုတ်သေးရဲ့လား။ အစ္စလာမ်ဘာသာဝင် ဖြစ်နေပြီလား။ ခရစ်ယာန်ဘာသာဝင် ဖြစ်နေပြီလား စသည်ဖြင့် အတွေးကိုယ်စီနှင့် သံသယစိတ် ဖြစ်မိကြသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံခြားသားနှင့် လက်ထပ်ခဲ့သဖြင့် ကုလားမ ဖြစ်နေပြီဟုလည်း ဆိုကြသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည် မုန်းတီးရေး ဝါဒဖြန့်သူများက အိန္ဒိယနိုင်ငံတွင် နေထိုင်ခဲ့ဖူးသဖြင့် ကုလားမယားဟု ရောင်ရက်ကြသည်။ နိုင်ငံရေးသတ်ကွင်းအတွင်းသို့ သွပ်သွင်းရန် လူမျိုးရေး၊ ဘာသာရေးတို့နှင့် မှိုင်းတိုက်ခဲ့ကြသည်။ အဆင့်မြင့်အရာရှိကြီး အချို့

www.burmeseclassic.com



ကပင် ဒေါ်အောင်ဆန်း စုကြည်ကို ကုလားမဟု ခေါ်ဆိုခဲ့ကြသည်။ ကုလားအုပ်မဟုပင် သုံးနှုန်းခဲ့ကြသည်။

တကယ်တမ်းဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားတွင် နှစ်ပေါင်း သုံးဆယ်နီးပါးမျှ နေထိုင်ခဲ့သော်လည်း ဗုဒ္ဓဘာသာမှအပ မည်သည့် ဘာသာကိုမျှ ယုံကြည်ကိုးကွယ်ခဲ့ခြင်း မရှိ။ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်သည်။ ဒီမိုကရေစီသဘောတရားနှင့်အညီ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အရ မည်သည့် ဘာသာဝင်နှင့်မဆို အတူယှဉ်တွဲ နေထိုင်ခဲ့ခြင်းသာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်သည် အိန္ဒိယနိုင်ငံသား မဟုတ်။ အင်္ဂလန်နိုင်ငံသား ဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘူတန်၌ ထိမ်းမြားလက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်မှာ ဘူတန်နိုင်ငံ၏ မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယန၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းကြောင်းလေ့လာသူ သုတေသီတစ်ဦး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဟု ဆိုနိုင်သည်။

မိခင်ကြီး ဒေါ်ခင်ကြည်မှာ ၁၉၆၀ ပြည့်နှစ် ဝန်ကြီးချုပ် ဦးနု လက်ထက်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ အသက်မှာ ၁၅ နှစ်သမီးအရွယ် ဖြစ်သည်။ မိခင်ကြီး ဒေါ်ခင်ကြည်သည် ဗုဒ္ဓဘာသာဝင်ပီပီ အိန္ဒိယနိုင်ငံ နယူးဒေလီသို့ ရောက်ရှိပြီးနောက် ပျက်စီးယိုယွင်းနေသည့် အသောကဝိဟာရအမည်ရှိ ဗုဒ္ဓဘာသာဌာနကြီးကို ပြန်လည်ပြုပြင်ခဲ့သူ ဖြစ်သည်။ နယူးဒေလီရှိ ဗုဒ္ဓဘာသာဝင်အချို့ကို ပြန်လည် အသက်သွင်း၍ ဘုရားဝတ်ပြုရာနေရာနှင့် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းရာနေရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓဘာသာရေးပွဲတော်များကို အသောကဝိဟာရဌာနကြီးတွင် ကျင်းပခဲ့သည်။ ထိုစဉ်ကတည်းကပင် ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ကြီး ဒေါ်ခင်ကြည်နှင့်အတူ ဘာသာရေးဆိုင်ရာများကို ကူညီဆောင်ရွက်ခဲ့သူ ဖြစ်သည်။



ထို့အတူ မိခင်ကြီး ဒေါ်ခင်ကြည်၏ အစီအစဉ်ဖြင့် ဗုဒ္ဓဘာသာဝင် ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဘုန်းတော်ကြီးများအား ဆွမ်းကပ်လှူခွင့် ရခဲ့သည်။ တရားနာယူခွင့် ရခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့် မြန်မာနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ပြီး အပျိုဖော်ဝင်စအရွယ်ရောက်မှ အိန္ဒိယနိုင်ငံသို့ မိခင်ကြီးနှင့် လိုက်ပါနေထိုင်ခဲ့ခြင်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဘာသာရေး သက်ဝင်လှုပ်ရှားမှုသည် သာမန်မိရိုးဖလာ ဗုဒ္ဓဘာသာဝင်မျိုး မဟုတ်။ အထက်တန်းစား ဗုဒ္ဓဘာသာဝင်မျိုး ဖြစ်သည်။ ကံ ကံ၏အကျိုးကို အကြွင်းမဲ့ ယုံကြည်သော အဆင့်မြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်မျိုး ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ခင်ပွန်း မိုက်ကယ်အဲရစ်တို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများပီပီ သားကြီး မောင်မြင့်ဆန်းအောင်နှင့် သားငယ် မောင်ထိန်လင်းတို့ကို ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးသော အမွေဖြစ်သည့် သာသနာ့အမွေအဖြစ် ပေးရန် သူမွေးဖွားရာဇာတိ အမိမြန်မာနိုင်ငံသို့ ပြန်လာ၍ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀



ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့လက်ဆောင်အဖြစ် ဆရာတော် အရှင်ဆန္ဒာဓိကမှ ဗုဒ္ဓဆင်းတုတော်တစ်ဆူ ပေးအပ်တော်မူစဉ်

www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့ (စနေနေ့)တွင် အလှူ့ဒါယကာ ဒေါက်တာမိုက်ကယ်အဲရစ်နှင့် အလှူဒါယိကာမ ဒေါ်အောင်ဆန်းစုကြည်တို့အဖြစ် ခံယူကာ ရှင်ပြုအလှူတော်မင်္ဂလာကို ကျင်းပခဲ့ကြသည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက်ပိုင်း ဘာသာရေးနှင့် ပတ်သက်၍ ယုံကြည်ကိုးကွယ်ဆည်းကပ်မှု၊ ကျင့်ကြံအားထုတ်မှုမှတ်တမ်းများ၊ ဓာတ်ပုံများ၊ ဗွီဒီယိုများအရ သာမန် ဗုဒ္ဓဘာသာဝင်တစ်ဦးထက် သာလွန်သည်ကို တွေ့ရသည်။

မိရိုးဖလာလွန် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ဦးဟု ဆိုနိုင်ပါသည်။

သို့သော် တပ်မတော်အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် "ဗုဒ္ဓလည်း သာမန်လူသားတစ်ယောက်ပါပဲ" ဟု ပြောဆိုခဲ့ကြောင်းကို အစိုးရသတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် တကယ်ပြောဆိုခဲ့ခြင်းရှိ၊မရှိ ပြည်သူလူထုမှာ မသိရှိခဲ့ပေ။ တကယ်တမ်းပြောဆိုခဲ့သည့် စကားအပြည့်အစုံကိုလည်း မသိရ။ မည်သည့်အဓိပ္ပါယ်နှင့်ပြောဆိုခဲ့သည်ကိုလည်း ရှင်းရှင်းလင်းလင်းမသိရှိရပေ။

ဗုဒ္ဓကို သာမန်လူသားနှင့် မဟာလူသား နှိုင်းယှဉ်လို၍လား မသိပေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓကို အနှိုင်းမဲ့ကျေးဇူးရှင်အဖြစ် နားလည်သိရှိယုံကြည်နေသည်မှာ သေချာသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ စိတ်နေစိတ်ထား၊ ပြုမူနေထိုင်ပုံ၊ ကျင့်ကြံအားထုတ်မှု၊ ပြောဆိုကြံစည်မှု၊ လူနေမှုစရိုက်၊ အသိဉာဏ်ပညာ စသည်တို့ကို လေ့လာသုံးသပ်၍ ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ အဆင့်အတန်းကို အကဲခတ်ရမည်သာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် ဘာသာရေးဆိုင်ရာ ဓာတ်ပုံမှတ်တမ်းများ၊ ဗွီဒီယိုများအရ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများမှ အစ သံဃာငယ် (ကိုရင်ငယ်)ကလေးများအထိ လေးစားရှိသေသမှု





ရွှေဝါရောင်တော်လှန်ရေးတွင် သံဃာတော်များ တက္ကသိုလ်ရိပ်သာလမ်းမှ မေတ္တာပို့ကြွချီတော်မူရာ ဒေါ်အောင်ဆန်းစုကြည်မှ နေအိမ်ရှေ့သို့ ထွက်၍ လက်အုပ်ချီဖူးမြော်စဉ်

ရှိသည်ကို တွေ့ရသည်။ သီလရှင်ဆရာကြီး၊ ဆရာလေးများအပေါ်လည်း ဂါရဝတရား ရှိသည်။

မိမိ၏ ရင်၌ဖြစ်သော သားသံဃာများကို ရှိခိုးကန်တော့ခဲ့သည်။ မိမိ၏ အခိုင်းအစေအဖြစ် ရဟန်းဘဝသို့ ကူးပြောင်းသူ ဒုလ္လဘရဟန်းကိုပင် ရှိခိုးကန်တော့သည်။ သံဃာကို သံဃာမှန်း သိသည်။ မိမိထက် အသက်အရွယ်ကြီးရင့်သူတို့ကို ရိုသေသမှု ရှိသည်။ ဂုဏ်အားဖြင့်၊ အသက်အရွယ်အားဖြင့် ငယ်ရွယ်သူတို့အား လေးစားမှု ရှိသည်။ ကြီးသူကို ရိုသေ၍ ငယ်သူကို လေးစားခြင်းပင် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ပြောဆိုသည့် မိန့်ခွန်းများ၊ ပြောဆိုဆက်ဆံမှုများသည်လည်း ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုနှင့် ယုံကြည်မှု သဒ္ဓါတရားတို့ကို အကဲဖြတ်နိုင်သည်။ ယုံကြည်မှုသဒ္ဓါတရားကို ခန့်မှန်းနိုင်သည်။ ဘာသာရေးအသိတို့ကို စကားထဲက ဓာတ်ပြပါတတ်ပါသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း အများအပြား ရှိသည့်အနက် ဘာသာရေးအသိနှင့် ပတ်သက်၍ အကဲဖြတ်နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



မိန့်ခွန်းတစ်ခု ရှိသည်။ ယင်းမိန့်ခွန်းမှာ ကိုယ်တိုင် ပြောသည့် မိန့်ခွန်းမျိုး မဟုတ်သကဲ့သို့ ကိုယ်တိုင် ပြောသည်ကို ဗီဒီယို ရိုက်ကူး၍ ပေးပို့သည့် မိန့်ခွန်းမျိုးလည်း မဟုတ်ပေ။

သို့သော် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ရေးသည့် ကိုယ့်မိန့်ခွန်းကို တစ်ပါးသူက ဖတ်ရသော မိန့်ခွန်းမျိုး ဖြစ်သည်။ ယင်းမိန့်ခွန်းမျိုးများသည် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်နှင့် နေရသော ကာလများတွင် ဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်၌ ကျင်းပသည့် ဂျိုက်စ်ပီအာစ် အထိမ်းအမှတ် ဟောပြောပွဲအတွက် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်း ရေးသား၍ ခင်ပွန်းဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ်က ကိုယ်စားပြု ဖတ်ပြသည့် မိန့်ခွန်း



ဒေါ်အောင်ဆန်းစုကြည်နှင့် သားကြီး ကိုမြင့်ဆန်းအောင်တို့ ရွှေတိဂုံဘုရားတွင် ရှိခိုးကန်တော့နေစဉ်



တွင် ဗုဒ္ဓဘာသာဆိုင်ရာ အတွေးအခေါ်များစွာကို တွေ့ရှိရမည် ဖြစ်သည်။

ယင်းမိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်က "ရုပ်ဝတ္ထုပစ္စည်းတွေကို ဆထက်ထမ်းပိုး အားထားလာတဲ့ လောကကြီးမှာ ပိုပြီး အားကြီးလာပုံရတဲ့ သဘောထားတွေနဲ့ တန်ဖိုးထားမှုအချို့နဲ့ ပတ်သက်တဲ့ ကျွန်မရဲ့ အတွေးအခေါ်၊ အယူအဆကို ဒီဟောပြောပွဲမှာ တင်ပြလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းမိန့်ခွန်းတွင် ဒေါ်အောင်ဆန်းစုကြည်က ဗုဒ္ဓဘာသာဆိုင်ရာ အတွေးအခေါ်၊ အယူအဆနှင့် ပတ်သက်၍ ပြောကြားရာတွင် "အစမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ ကျွန်မတို့ မြန်မာစကားဟာလည်း ယဉ်ကျေးမှုဘောင်ကို ကျော်လွန်ပြီး လူအများ လက်ခံထားတဲ့ သဘောထားတစ်ရပ် ဖြစ်ပါတယ်၊ ဒီအတွက် 'ပထမ အစာအပြစား၊ နောက်မှ ကိုယ့်တရား" ဆိုတဲ့ ဂျာမန်ဆိုရိုးစကားကို သွားပြီး အမှတ်ရမိပါတယ်။ ဒါပေမဲ့ အဲ့ဒါကို မှန်ပါတယ်လို့ ယူဆထားကြတဲ့ ဆိုရိုးစကားများဟာ လူ့အဖွဲ့အစည်းထဲမှာ အမှန်တကယ် ဖြစ်ပျက်နေတာတွေကို ပကတိအတိုင်း ရောင်ပြန်ဟပ်နေတယ်လို့ ပြောဖို့ မလွယ်ကူပါ"

"လူ့ဘဝ ရှင်သန်ရေးအတွက် မကောင်းမှုတွေကို ကျူးလွန်ပြီး ကိုယ်ကျင့်တရား ပျက်နေတဲ့ ကိစ္စတွေဟာ မငြင်းနိုင်သော အချက်ပင် ဖြစ်ပါတယ်၊ ရုပ်ဝတ္ထုပစ္စည်းတွေ အလျှံပယ် ကြွယ်ဝချမ်းသာနေတာတောင်မှ သူတစ်ပါးပစ္စည်းကို လိုချင်၊ လုယူချင်တဲ့ အဘိဇ္ဈာဗျာပါဒတွေကို မထိန်းသိမ်းနိုင်လို့ မကောင်းမှု ဒုစရိုက်နဲ့ ဒုက္ခအမျိုးမျိုး ပေါ်ထွက်လာတာဟာ အထင်အရှားပါပဲ"

"ချမ်းသာကြွယ်ဝပြီးတဲ့သူတွေက ဆထက်ထမ်းပိုး အဆက်မပြတ် လိုချင်တောင့်တ ရမ္မက်လောဘကြီးကြတဲ့အတွက် မတရားမှု၊ ကိုယ်ကျင့်တရားပျက်မှု၊ ဆင်းရဲဒုက္ခ ပိုကြီးလာတယ်လို့ ဆိုနိုင်ပါတယ်။ လူ့လောဘ အတောမသတ်နိုင်လို့ အခြေခံ လိုအပ်ချက်တွေ အလုံအလောက် ရရှိပြီးပါရက်နဲ့ မရှိသေး၊ မလုံလောက်သေးဘူးဆိုတဲ့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



စာတ်ဟာ နိုင်မာစွာ ကိန်းအောင်းနေနိုင်ပါတယ်''ဟု လောဘနှင့် ပတ်သက်သည့် ကိုယ်ပိုင်အယူအဆကို ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် လောဘကို ဒါနနှင့် ပြန်လည် တွန်းလှန်နိုင်ရန်အတွက် ''ဆင်းရဲခြင်း အကြောင်းရင်းတွေကို ရှာဖွေနေတဲ့ ဗုဒ္ဓတရားတော်မှာ အတောမသတ်နိုင်တဲ့ လိုချင်တပ်မက်မှု ဖြစ်စေတဲ့ လောဘ စိတ်တည်မှုကို အနှောင့်အယှက်ပေးတဲ့ ကိလေသာ ဆယ်ပါးရဲ့ ပထမနေရာမှာ ထားရှိပါတယ်။ ဒီလိုပဲ ပေးကမ်းစွန့်ကြဲခြင်း ဆိုတဲ့ ဒါနကိုလည်း ဗုဒ္ဓရဲ့ ပါရမီဆယ်ပါး၊ ပြုကျင့်ရမယ့် ပုညကရိယာ ကောင်းမှုဆယ်ပါး၊ မင်းကျင့်တရား ဆယ်ပါးတို့တွင် ထိပ်ဆုံးမှာ နေရာပေးထားပါတယ်''

''ဒါပေမဲ့ ဒါန ပေးကမ်းစွန့်ကြဲမှုကို အလေးပေးထားတာဟာ လောကီမှာ ဂုဏ်သိက္ခာတတ်စေဖို့နဲ့ လောကုတ္တရာ အကျိုးရဖို့ ပါးပါး နပ်နပ်နဲ့ တွက်ကိန်းချပြီး အလှူအတန်း ပြုတာကို လွယ်လွယ်နဲ့ ထောက်ခံအားပေးတယ်လို့ မမှတ်ယူပါနဲ့၊ သဘောထားကြီးခြင်း၊ စစ်မှန်တဲ့ စေတနာသဒ္ဓါတရားအရ ပေးကမ်းစွန့်ကြဲခြင်းတွေဟာ လောဘကို ထိထိ ရောက်ရောက် တန်ပြန်တွန်းလှန်ဖို့ ငြိမ်းချမ်းသာယာတဲ့ ပျော်ရွှင်မှုကို ပေါ်ပေါက်စေတဲ့ စိတ်ကောင်း၊ စေတနာကောင်းတွေ ဖြစ်ပေါ်စေတဲ့ ရေသောက်မြစ်ဖြစ်ဖို့အတွက် အရေးကြီးလို့ အသိ အမှတ်ပြုခြင်း ဖြစ်ပါတယ်''ဟု လောဘကို ဒါနနှင့် ယှဉ်ကာ ထည့် သွင်းကာ ပညာပေးထားသည်။

ယင်းမိန့်ခွန်းထဲ၌ပင် ဒေါ်အောင်ဆန်းစုကြည်သည် ဗြဟ္မာစိုရ် တရားလေးပါး ပတ်သက်၍ ထည့်သွင်းပြောကြားရာတွင် ''မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မာစိုရ်တရားလေးပါးဟာ ဒုက္ခ ဆင်းရဲခြင်းကို သက်သာစေပြီး သတ္တဝါအားလုံးကို ပျော်ရွှင်မှု ပေးနိုင် တဲ့ အသန့်စင်ဆုံး၊ အကောင်းဆုံး စိတ်ဓာတ်လို့ ဗုဒ္ဓဘာသာဝင်အားလုံးက မှတ်ယူကြပါတယ်''



''မတရားခံရခြင်း၊ အထင်အမြင်လွဲမှားခြင်း၊ ကြောက်ရွံ့ခြင်း၊ မနာလိုဝန်တိုခြင်းတို့ကြောင့် ပေါ်ပေါက်လာရတဲ့ အမျက်ဒေါသ ဒါမှ မဟုတ် မလိုမုန်းတီးစိတ်တွေကို အေးငြိမ်းအောင် ပြုလုပ်တဲ့အခါ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း စတာတွေကို ဖြစ် စေတဲ့ စိတ်သဘောထားကြီးမှု လုံလုံလောက်လောက် ရှိရပါမယ်။

''ကြမ်းတမ်းခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ အမြင်ကျဉ်းမြောင်း ခြင်းတွေဟာ လောဘနဲ့ သက်ဆိုင်နေသလို ကြင်နာသနားခြင်း၊ နားလည် မှုရှိခြင်း၊ အမြော်အမြင်ရှိခြင်းတွေဟာ စစ်မှန်တဲ့ သဘောထားကြီးမှုကို အရင်းခံတဲ့ ကောင်းမြတ်တဲ့ ဒါနတရားနဲ့ သက်ဆိုင်နေပါတယ်''ဟု လောဘနှင့် ဒါနကို နှိုင်းယှဉ်၍ ဒေါ်အောင်ဆန်းစုကြည်က သူ၏ ဗုဒ္ဓ ဘာသာဆိုင်ရာ အယူအဆကို ပြောကြားခဲ့ခြင်း ဖြစ်သည်။

လောဘဟူသည် လိုချင်တပ်မက်ခြင်းကို ဖြစ်ပေါ်စေပြီး ဒါနဟူ သည် ပေးကမ်းစွန့်ကြဲခြင်း ဖြစ်သဖြင့် မတူညီသော အရာနှစ်ခု (သို့ မဟုတ်) မျဉ်းပြိုင်နှစ်ကြောင်း ဆုံစည်းစေနိုင်မည့်၊ နီးစပ်စေနိုင်မည့် အယူအဆကို တွေးခေါ်မြော်မြင် ညှိနှိုင်းထိန်းချုပ်နိုင်ရန် အမိက လိုရင်း ဖြစ်ပေလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓဘာသာစာပေများကို အထူး လေ့လာလိုက်စား၍ နက်နက်နဲနဲ တွေးခေါ်မြော်မြင်တတ်သူတစ်ဦး ဖြစ်သကဲ့သို့ လောကီစာပေများကို လေ့လာလိုက်စားသူတစ်ဦး ဖြစ် သည်။ ယင်းအတွက် ဒေါ်အောင်ဆန်းစုကြည်သည် စကားပြောကောင်း သူတစ်ဦး ဖြစ်သကဲ့သို့ စာရေးကောင်းသူတစ်ဦးလည်း ဖြစ်သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ ဂျိုက်စ်ပီအာရ်စ် မိန့်ခွန်းတွင် ဗုဒ္ဓဘာသာ အတွေးအခေါ် အယူအဆများနှင့်အတူ အနောက်တိုင်း အတွေးအခေါ် အယူအဆဖြစ်သည့် ဂျူးဘာသာဗေဒပညာ ရှင်တစ်ဦး၏ ''ကိုယ်ကျိုးကိုသာ လူ့ဘဝရဲ့ အနှစ်သာရအဖြစ် ထားရှိတဲ့ ပုထုဇဉ်လူသားတွေရဲ့ ပြင်းပြတဲ့ ဆန္ဒတွေကို တွန်းလှန်ခြင်းနဲ့ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်နေသည့်
ဒေါ်အောင်ဆန်းစုကြည်



ဒေါ်အောင်ဆန်းစုကြည်နှင့် ရဟန်းသံဃာတော်များ၊ သီလရှင်ဆရာကြီး၊
ဆရာလေးများ အမှတ်တရ



အကျိုးကို ဆောင်ရွက်ပေးခြင်းကို အဓိကထားတဲ့ ကိုယ်ကျင့်တရားကို သာ လိုက်နာခြင်းဟာ စစ်မှန်တဲ့ သူတော်ကောင်းတရား ဖြစ်တယ်'' လို့ ပြောဆိုခဲ့သည့် အဆိုအမိန့်ကို ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းအဆိုအမိန့်မှာ ဗုဒ္ဓဘာသာဝင်တို့၏ အယူအဆဖြစ်သည့် အတ္တဟိတနှင့် ပရဟိတကို နှိုင်းယှဉ်သည့် သူတော်ကောင်းတရားပင် ဖြစ်ပေလိမ့်မည်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသည့် မြန်မာ့ဆိုရိုးစကားနှင့် နီးစပ်သည့် အဆိုအမိန့်တစ်ခု ဖြစ်သည်။

ထို့အတူ ယင်းမိန့်ခွန်းထဲ၌ပင် ဒေါ်အောင်ဆန်းစုကြည်က အေ သင်ပြဇာတ်ရေးဆရာ အီးကီလပ်စ် ရေးသားခဲ့သည့် ''သောကဆင်းရဲ ကို ရှောင်ရှားနိုင်စေရန် လုံလောက်တဲ့ ဓနဥစ္စာနဲ့ အဲဒီဓနဥစ္စာတွေကို လိမ္မာမှန်ကန်စွာ အသုံးချတတ်သော နှလုံးသားတို့သည်သာလျှင် အကောင်းဆုံး ချမ်းသာဖြစ်တယ်'' ဆိုသည့် အတွေးအခေါ်ကိုလည်း ကောင်း၊ ပါမောက္ခကင်းနက်ဂေါ်ဘရိသ်၏ အတွေးအခေါ် ဖြစ်သည့် ''ကံကောင်းသူနဲ့ အခွင့်ထူးခံစားကြရသူတွေဟာ လောလောဆယ် စည်းစိမ်ခံစားရမှုနဲ့ ကျေနပ်မှုကို ရရှိရန်အတွက်သာ အာရုံပြုနေကြတဲ့ အတွက် သူတို့ရဲ့ ရေရှည်သာယာဝပြောရေးကိစ္စကို ထည့်သွင်းစဉ်းစား ခြင်း မပြုကြတော့''ဟု အမေရိကန်နိုင်ငံတွင် အနာဂတ်တွင် ရင်ဆိုင်ရ မည့် ယဉ်ကျေးမှုဓလေ့အကြောင်း ဆွေးနွေးချက်ကိုပါ ထည့်သွင်းပြော ကြားခဲ့သည်မှာ ဒေါ်အောင်ဆန်းစုကြည်၏ စာပေလေ့လာလိုက်စားမှု အကျိုးရလဒ် ဝမ်းစာများသာ ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗုဒ္ဓစာပေများကို ဖတ်ရှုရုံမျှမက ဘုရားကို ဘုရားမှန်း သိသည်။ တရားကို တရားမှန်း သိသည်။ သံဃာ ကို သံဃာမှန်းသိသူ ဖြစ်ပါသည်။ ထို့မျှမက အသိတရားကို အကျင့် တရား ယှဉ်တွဲနေထိုင်သည်။

လက်တွေ့အပေါ်ယံအမြင်အားဖြင့်ပင် သည်းခံစိတ် ရှိသည်။ ခွင့်လွှတ်တတ်သည့် စိတ်သည် နိုင်ငံရေးသမားတစ်ယောက်၏ အကျင့်

www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်မှအပ ဒေါ်အောင်ဆန်းစုကြည်တွင် ယုတ်မာကောက်ကျစ်သည့် စိတ် မရှိ။ ပွင့်လင်းသည်။ ရိုးသားသည်။

နိုင်ငံရေးနှင့် ဘာသာရေး ရောထွေးယှက်တင်ပြု၍ ပြည်သူကို မလှည့်စားခဲ့။ နိုင်ငံရေးအလုပ်ကို သီးခြားလုပ်သည်။ ဘာသာရေးအလုပ်ကို သန့်ရှင်းစင်ကြယ်စွာ လုပ်သည်။

ကံ ကံ၏အကျိုးကို ယုံကြည်သည်။ နောက်ဘဝ ရှေးဘဝကို ယုံကြည်သည့် အဆင့်မြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ဦးဟု ဆိုနိုင်ပေသည်။

အကျင့်သီလ ကောင်း၍သာ ယနေ့တိုင် သက်ရှည်ကျန်းမာစွာဖြင့် နေထိုင်နိုင်ခြင်းသာ ဖြစ်ပေသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍သော်လည်းကောင်း၊ အင်န်အယ်လ်ဒီနှင့်ပတ်သက်၍သော်လည်းကောင်း ပြည်သူအချို့နှင့် ဘာသာတရား ကိုင်းရှိုင်းသူအချို့၏ အသိစိတ်တွင် "ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံရင် ကုလားနိုင်ငံ ဖြစ်သွားမယ်"



တရုတ်နိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည် သွားရောက်စဉ်က ဆရာတော်ကြီးများအား ဖူးမြော်နေစဉ်



"အန်အယ်လ်ဒီဟာ ကုလား အားပေးထောက်ခံတဲ့ ပါတီ"ဟု ထင်နေကြသည်။ ယူဆနေကြသည်။ အထောက်အထားမဲ့ တွေးခေါ်ထင်မြင်ယူဆချက်သည် မှန်ကန်ရန် ခက်ခဲပေသည်။

ဒေါ်အောင်ဆန်းစုကြည်အား လူထုခေါင်းဆောင်ဟု သတ်မှတ်ခဲ့လျှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံအတွင်း မှီကင်းနေထိုင်ကြသည့် ပြည်ထောင်စုတိုင်းရင်းသား အားလုံးနှင့် နိုင်ငံအတွင်း တရားဝင် နေထိုင်လျက်ရှိသည့် လူမျိုးအသီးသီးနှင့် ဘာသာ အသီးသီးတို့၏ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်သူများအပေါ် ကျောသားရင်သား မခွဲခြားဘဲ တန်းတူညီမျှ ဆက်ဆံရမည်။ ဆက်ဆံခွင့်ရှိသူလည်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ခွင့်ပြုထားသည်။

ဘာသာရေးနှင့် နိုင်ငံရေးကို ရောထွေးယှက်တင် ကြည့်မြင်၍ မရပါ။ အသုံးချရန်လည်း သင့်တော်မည် မဟုတ်ပေ။

ဒေါ်အောင်ဆန်းစုကြည်သည် အဆင့်မြင့် ထေရဝါဒ ဗုဒ္ဓဘာသာတစ်ဦး ဖြစ်သည်။ သို့သော် ဘာသာရေးခေါင်းဆောင်တစ်ဦး မဟုတ်သည်ကို သိရှိထားလည်းသင့်သည်။ ဘာသာရေးခေါင်းဆောင်သည်လည်း နိုင်ငံခေါင်းဆောင်ဟု သတ်မှတ်၍ မရသည်ကို သဘောပေါက်လက်ခံသင့်သည်။

ဘာသာရေးခေါင်းဆောင်သည် နိုင်ငံရေးခေါင်းဆောင် သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်အဖြစ် လက်ခံမည် ဆိုပါက မှားယွင်းပေလိမ့်မည်။ ဘာသာရေး ဦးစားပေးစနစ်ကြောင့် နိုင်ငံတည်ငြိမ်မှုကို ထိန်းသိမ်းရန် အလွန် ခက်ခဲပေလိမ့်မည်။ ဘာသာတစ်ခု၏ ခေါင်းဆောင်သည် နိုင်ငံ့ခေါင်းဆောင် ဖြစ်လာပါက အခြားဘာသာကိုးကွယ်သူများကို နှိပ်ကွပ်လာလိမ့်မည်။ အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးရေးဝါဒကို အနည်းနှင့် အများ ကျင့်သုံးလာပေလိမ့်မည်။

ဘာသာရေးခေါင်းဆောင်များ နိုင်ငံ့ခေါင်းဆောင် ဖြစ်လာသည့် နိုင်ငံအချို့က သက်သေသာဓကအဖြစ် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com





ဆရာတော်ကြီးများအား ဒေါ်အောင်ဆန်းစုကြည်မှ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းနေစဉ်



သီလရှင်ဆရာကြီးများအား ဒေါ်အောင်ဆန်းစုကြည်မှ လှူဖွယ်ပစ္စည်းများ လှူဒါန်းနေစဉ်





သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ဘာသာရေးခေါင်းဆောင် မဟုတ်။ လူထုခေါင်းဆောင် ဗုဒ္ဓဘာသာဝင်တစ်ဦးမျှသာ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံရုံမျှဖြင့် မြန်မာနိုင်ငံသည် ကုလားတိုင်းပြည် ဖြစ်ရန် အကြောင်းမရှိပေ။ ထို့အတူ ဗုဒ္ဓဘာသာနိုင်ငံအဖြစ် သတ်မှတ်၍လည်း ရမည် မဟုတ်ပေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လူတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိသည်ဆိုသည့် ဥပဒေကို ထည့်သွင်းထားသည်ကို အထူး သတိပြုသင့်ပေသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## ဟစ်တလာ၏ နာဇီလူငယ်အသင်းကို အားကျ၍ စွမ်းအားရှင် ဖွဲ့ခဲ့လေသလား

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ပါတီစည်းရုံးရေးလုပ်ငန်းများနှင့် အင်န်အယ်လ်ဒီ လူငယ်ဖွဲ့စည်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသည်။ လူငယ်စာဖတ်ဝိုင်းများကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပါဝင်၍ တက္ကသိုလ်ရိပ်သာလမ်းရှိ သူ၏ နေအိမ်တွင် ကျင်းပပေးခဲ့သည်။

အထူးသဖြင့် ၁၉၉၆ ခုနှစ်အတွင်းတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် အပတ်စဉ် စနေညနေခင်း ဟောပြောပွဲများမှာ အထူး အောင်မြင်သည်။ ယင်းအပတ်စဉ် ဟောပြောပွဲများတွင် အင်န်အယ်လ်ဒီ ဥက္ကဋ္ဌဦးကြည်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ သုံးဦးသည် ခြံအဝင်သံတံခါးနောက်တွင် ရပ်လျက် ဟောပြောကြသည်။ အဓိက ဟောပြောသူမှာ ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။ အပတ်စဉ် ဟောပြောပွဲသို့ လာရောက်နားထောင်သည့် လူထုပရိသတ်မှာ ဒေါ်အောင်ဆန်းစုကြည်၏ ခြံတံခါးရှေ့ တက္ကသိုလ်ရိပ်သာလမ်းမပေါ်တွင် ထိုင်၍ နားထောင်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်က





ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေ ညနေခင်းဟောပြောပွဲ ကျင်းပစဉ်

သူ၏ ဟောပြောချက်များကို ပရိသတ်များအား နားထောင်ရုံသက်သက်မဟုတ်ဘဲ ပြန်လည် မေးမြန်းခွင့်လည်း ပြုထားသည်။ သို့အတွက် လူထုပရိသတ်များ၏ ကျေနပ်နှစ်သက်မှုကို များစွာ ရရှိသည်။

တစ်ပတ်ထက်တစ်ပတ် ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေညနေခင်း ဟောပွဲတွင် လူထုပရိသတ် များသထက် များလာသည်။ စည်ကားသထက် စည်ကားလာသည်။ စိတ်ဝင်စားသထက် စိတ်ဝင်စားလာသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ ဝမ်းစာပြည့်သူ ဖြစ်သဖြင့် ပရိသတ်ကို ဖမ်းစားနိုင်သူ ဖြစ်သည်။ အဟောအပြော အလွန်ကောင်းသူတစ်ဦး ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောချက် စကားလုံးအချို့မှာ ငွေပေးစည်းရုံးသည်ထက် သေချာသည်။ စကားလုံးတိုင်းတွင် မာန်ရှိသည်။ ထန်ရှိသည်။ အချို့စကားလုံးများသည် အုပ်ချုပ်ရေးအာဏာပိုင်များအတွက် သေနတ်နှင့် ယှဉ်၍မရ။ သေနတ်ကို အံတု၍ ယှဉ်ပြိုင်ဝံ့သော အကြောက်တရား ကင်းသော ဒီမိုကရေစီအတွက် စံပြုထိုက်သော ပုဂ္ဂိုလ်များအကြောင်း၊ အဖြစ်ပျက်များ၊ အတွေ့

www.burmeseclassic.com

www.burmeseclassic.com



အကြံများကို ထည့်သွင်းဟောပြောလေ့ ရှိသည်။ တစ်ပတ်နှင့် တစ်ပတ် အကြောင်းအရာ မထပ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေ ညနေခင်း ဟောပြောပွဲမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

ယင်းအပတ်စဉ် စနေဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ ဆာလောင်နေသော ပြည်သူတို့၏ စိတ်အာဟာရကို ဖြည့်ဆည်းပေးသည်။ နှလုံးသား အာဟာရကို ဖြည့်ဆည်းပေးသည်။ သို့အတွက် လူထုပရိသတ်များမှာ ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေညနေခင်း ဟောပြောပွဲသို့ မလာရ မနေနိုင်အောင် အစွဲလန်းကြီး စွဲလန်းခဲ့ကြရသည်။

ဟောပြောပွဲ ကျင်းပချိန်မှာ မွန်းလွဲတစ်နာရီခန့်တွင် ဖြစ်သည်။ အချို့က စနေ ညနေခင်းဟောပြောပွဲဟု ခေါ်ကြသည်။ နေပူပူ၊ မိုးရွာရွာ လူထုပရိသတ်များ စည်ကားသည့် ဟောပြောပွဲများ ဖြစ်သည်။

အပတ်စဉ် စနေ ဟောပြောပွဲတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်က ချက်နိုင်ငံနှင့် မြန်မာနိုင်ငံကို နှိုင်းယှဉ်၍ ဟောပြောခဲ့သည်။ တစ်ချိန်က ချက်နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်အခါ ကွန်မြူနစ်လက်အောက်ခံနိုင်ငံ ဖြစ်သွားပြီး ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့ရသည်။ သို့သော် ပြည်သူလူထု၏ စိတ်ဓာတ်မှာ ဒီမိုကရေစီ အမွေအနှစ်များသည် ခမ်းခြောက်မသွားဘဲ ရှင်သန်နေဆဲ ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း စစ်ပြီးစ အချိန်က ဒီမိုကရေစီ ကျင့်သုံးသည့် နိုင်ငံ ဖြစ်ပြီး မကြာခင်ကာလ နှစ်အနည်းငယ်အတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ဒီမိုကရေစီရဲ့အမွေအနှစ်များမှာ ပျောက်ကွယ်မသွားဘဲ ပြည်သူလူထုရဲ့ စိတ်ဓာတ်ထဲမှာ ကျန်နေသေးသည်ဟု ဆိုသည်။

စာရေးဆရာမ ပညာရှင်တစ်ယောက်သည် ၁၉၈၄ ခုနှစ်က



ချက်နိုင်ငံသို့ ရောက်ရှိစဉ် လူ့အခွင့်အရေး လှုပ်ရှားမှုကို အစိုးရက နည်းအမျိုးမျိုးနှင့် ဖိနှိပ်ခဲ့သည်။ အစိုးရက ဖိနှိပ်ချေမှုန်းသည့်တိုင် လူ့ အခွင့်အရေး လှုပ်ရှားမှုသည် (၈) နှစ်တိုင် ရှင်သန်နိုင်ခဲ့သည်ဟု ကောက်ချက်ချခဲ့သည်။

လူ့အခွင့်အရေး လှုပ်ရှားမှုရဲ့ အဓိက တာဝန်တစ်ရက ဘာလဲဆိုတော့ သူ သုံးသပ်လိုက်တဲ့အခါကျတော့ "မမေ့ခြင်းတရားကို ပြည်သူလူထုရဲ့ စိတ်ထဲမှာ သွင်းပေးခြင်းပဲ"တဲ့။ သူက ဒီလို ဘာလို့ ပြောလဲဆိုတော့ ဒီအစိုးရဟာ အာဏာရှင်အစိုးရပေါ့လေ၊ ဒီအာဏာရှင်အစိုးရဟာ ဖြစ်ပျက်ခဲ့တဲ့ မတရားမှုတွေ မဖြစ်သင့်၊ မဖြစ်ပျက်ထိုက်ဘဲနဲ့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို မေ့ပျောက်သွားအောင်လို့ ပြည်သူလူထု မှိုင်းမိသွားအောင်လို့ ကြိုးစားတယ်၊ ဒါပေမဲ့ ဒီလို အစိုးရက ကြိုးစားနေတဲ့ကြားက ပြည်သူလူထုက မမေ့သင့်တဲ့ ကိစ္စတွေကို မမေ့အောင်လို့ ဒီလှုပ်ရှားမှုကြီးကနေပြီးတော့ ရုန်းကန်သွားတယ်။



ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးကြည်မောင်တို့၏ အပတ်စဉ် စနေ ညနေခင်း ဟောပြောပွဲတစ်ခုတွင် ဟောပြောနေစဉ်

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည် နေအိမ်ရှေ့ တက္ကသိုလ်ရိပ်သာလမ်းပေါ်တွင် အပတ်စဉ် စနေ ညနေခင်း ဟောပြောပွဲသို့ လာရောက်နားထောင်သည့် လူထုပရိသတ်များ

ဒီမမေ့သင့်တဲ့ ကိစ္စထဲမှာ ဘာပါလဲဆိုတော့ တစ်ချိန်တစ်ခါတုန်းက သူတို့ဟာ ဒီမိုကရေစီနိုင်ငံ ဖြစ်တယ်။ ဒီမိုကရေစီ ကျင့်သုံးခဲ့တယ်ဆိုတဲ့ ကိစ္စပါပဲ။ အဲဒီ သူတို့ရဲ့ ဒီမိုကရေစီခေါင်းဆောင်ကြီးတစ်ဦးဆိုရင် အဲဒီအစိုးရက ပြည်သူလူထု မေ့သွားစေချင်လို့ အဲဒီခေါင်းဆောင်ကြီးရဲ့ ရုပ်ပုံလွှာတွေ ဘာတွေ မပြရဘူးဆိုပြီးတော့ အဲဒီလို ဖိနှိပ်ခဲ့တာတွေ ရှိတယ် ဟု ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းဟောပြောခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံတွင် ပြည်သူလူထုက အာဇာနည်ခေါင်းဆောင်ကြီး တပ်မတော်၏ ဖခင်ကြီး၊ လွတ်လပ်ရေး၏ ဖခင်ကြီး၊ ဒီမိုကရေစီ၏ ဖခင်ကြီးဟု အသိအမှတ်ပြုထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကို နေအိမ်၊ ရုံးခန်းများတွင် ချိတ်ဆွဲမထားနိုင်စေရန် ဖျောက်ဖျက်လျက်ရှိသည့် အချိန် ဖြစ်သည်။ သို့အတွက် ချက်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဖြစ်စဉ်ကို နှိုင်းယှဉ်၍ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုကြံ့ခိုင်ရေး ဖွံ့ဖြိုးရေးအသင်း တန်ခိုးကြီးထွားနေချိန်တွင် ဟိုအသင်း



အတွက် ရုပ်ပုံငွေတို့ ဘာတို့ ကျွန်မတို့ ရှင်းရှင်း ပြောမယ်၊ မထည့်ပါနဲ့၊ ဒီလို မတရားသဖြင့် မတရားတဲ့ ကိစ္စလုပ်ဖို့ အသုံးချခံနေရတဲ့ အသင်းရုပ်ပုံငွေဆိုရင် တစ်ပြားမှ မထည့်ပါနဲ့လို့ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်၊ အားမပေးပါနဲ့၊ မှန်မှန်ကန်ကန် လူမှုရေး လုပ်တယ်ဆိုရင် ဘာမှ မပြောလိုဘူး၊ တခြား လူတွေ ရိုက်ဖို့၊ နှက်ဖို့ ပြဿနာရှာဖို့ ထူထောင်ထားတဲ့ အသင်းဆိုတာ ဘယ်သူမှ အားမပေးသင့်ဘူး၊ အားမပေးပါနဲ့၊ ကိုယ့်ဆွေမျိုးသားချင်းတွေ ဒီအသင်းမှာ ပါတယ်ဆိုရင်လည်း ထွက်ဖို့ တိုက်တွန်းပါ၊

ဒီလို ဆက်ပြီး လုပ်နေရင် ဟစ်တလာရဲ့ **Nazi Youth** နာဇီလူငယ်အသင်းနဲ့ တူလာလိမ့်မယ်၊ ဟစ်တလာလက်ထက်တုန်းက သူ့ရဲ့ နာဇီလူငယ်တွေကို ဟိုလူ့လိုက်ရိုက်ဖို့၊ ဒီလူ့လိုက်နှက်ဖို့ ဆိုပြီးတော့ သုံးတာပဲ၊ အဲဒီဟာ လုံးဝ မသင့်တော်ဘူး၊ ကျွန်မ သိတယ်၊ ဒီအထဲကို ဝင်တဲ့ လူတွေက ရိုးရိုးသားသားနဲ့ ဝင်တာပါ၊ ဒါပေမဲ့ ဒီလူငယ်တွေ ဖျက်ဆီးခံနေရတယ်၊ ဒါကြောင့်မို့ ဒီအသင်းကို လုံးလုံး မထောက်ခံပါနဲ့၊ ကျွန်မ ဘွိုင်းကောက် လုပ်ပါရစေ ဟု ကြံ့ခိုင်ရေးအသင်းနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ထောက်ပြဟောပြောခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ဟောပြောခဲ့သည့်အတိုင်းပင် ကြံ့ခိုင်ရေး ဝါးရင်းတုတ်တပ်ဖွဲ့ဟူ၍ တပ်ဖွဲ့ ပေါ်လာသည်။ စွမ်းအားရှင်ဆိုသည့် အဖွဲ့လည်း ပေါ်လာခဲ့သည်။

တပ်မတော်အစိုးရလက်ထက်က ဝါးရင်းတုတ်တပ်ဖွဲ့ ရှိကြောင်း သိသူ နည်းပါးလှသည်။ အချို့မှာ ကြားဖူးနားဝသာ ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဝါးရင်းတုတ်တပ်ဖွဲ့ ရှိသည်ကို သိသူ မရှိသလောက်ပင် ဖြစ်သည်။ သိသူများမှာ ယင်းတပ်ဖွဲ့ဝင်များနှင့် စေခိုင်းသူတို့ပင် ဖြစ်ပေလိမ့်မည်။ ကြားဖူးသူများမှာလည်း ဝါးရင်းတုတ်တပ်ဖွဲ့ကို မည်သည့် ရည်ရွယ်ချက်နှင့် ဖွဲ့သည်ကို အတွင်းကျကျ မသိနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်တစ်စောင်တွင် တပ်မတော်အစိုးရလက်ထက် ကြံ့ခိုင်ရေး ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တစ်ဦးမှ အင်န်အယ်လ်ဒီ နာယက သူရဦးတင် ဦးအား တောင်းပန်ခြင်း ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ဖတ်ရသည်။ တောင်းပန်သူ (သို့) စာရေးသူ ကိုယ်တိုင်က ဝါးရင်းတုတ်တပ်ဖွဲ့ဝင် တစ်ဦး ဖြစ်နေသည်။ ကြံ့ခိုင်ရေး အမာခံ အသင်းသားတစ်ဦး ဖြစ်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦး ဖြစ်သည်ကို တွေ့ရသည်။

ယင်းက အင်န်အယ်လ်ဒီ မုန်းတီးရေးနှင့် ဆန့်ကျင်ရေး ဝါဒဖြန့် လုပ်ငန်းစဉ်များကို ခေါင်းထဲရိုက်သွင်းခံခဲ့ရသည်ဟု ဆိုသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး အပါအဝင် အင်န်အယ်လ်ဒီ အမုန်းကြီး မုန်းနေခဲ့သည်ဟု ဖွင့်ဟဝန်ခံသည်။ ထိုစဉ်က ဝါးရင်းတုတ်တပ်ဖွဲ့ဝင် ဖြစ်ခဲ့သူတို့မှာ အသက် နှစ်ဆယ်အစိတ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရသည်။ ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်မှာ ကုလားမ ဖြစ်ပြီး ဦးတင်ဦးမှာ လူဆိုးဓားပြကြီးသဖွယ် ဖြစ်အောင်၊ မြင်အောင် စိတ်ဓာတ်သွင်းပေးထားသည်ဟု ဆိုသည်။

ထိုစဉ်က ကြံ့ခိုင်ရေးအသင်းသည် လူမှုရေးအသင်း ဖြစ်သဖြင့် ဝါးရင်းတုတ်တပ်ဖွဲ့ကြောင့် အသင်းနာမည် ထိခိုက်မည်ကို စိုးရိမ်မိကြသည်။ သို့အတွက် ကြံ့ခိုင်ရေးအမည်ကို ဖျောက်၍ ပြည်သူအသွင်ဖြင့် စွမ်းအားရှင်ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်ဟု ဆိုသည်။ မည်သို့ဆိုစေ စွမ်းအားရှင်ဆိုသူများအား ဝါးရင်းတုတ်တပ်ဖွဲ့ဟုသာ ခေါ်ဝေါ်ခဲ့ကြသည်။

ယခု အင်န်အယ်လ်ဒီ နာယက ဦးတင်ဦးအား တောင်းပန်ခဲ့သည့် စာရေးသူ၏ အဆိုအရ ဝါးရင်းတုတ်တပ်ဖွဲ့မှာ ကြံ့ခိုင်ရေး အသင်းမှ ဖြစ်သကဲ့သို့ စွမ်းအားရှင်များလည်း ကြံ့ခိုင်ရေးအသင်း မှ ဖြစ်သည်ကို ဝန်ခံထားသကဲ့သို့ ဖြစ်သည်။

ထို့အတူ ကြံ့ခိုင်ရေးမှ စွမ်းအားရှင်များသည် ပြည်သူလူထု အသွင် ယူ၍ လူထုဆူပူအုံကြွမှု မဖြစ်စေရန် ဟန့်တားတားဆီးရန်



အတွက်ဖြစ်သည်ဟု ဆိုသည်။ ရရှိသော သတင်းများကို မြို့နယ်၊ ခရိုင်၊ တိုင်း စသည်ဖြင့် သတင်းပို့ရသည်။ အထူးသဖြင့် နယ်မြေ တာဝန်ခံဝန်ကြီးဦးအောင်သောင်း (စက်မှု၁)ထံ နေ့စဉ် သတင်း ပေးပို့ရကြောင်း သိရသည်။

သို့သော် ယနေ့တိုင် စွမ်းအားရှင်ဆိုသည်မှာ ရှိနေဆဲဖြစ်သည်။ စွမ်းအားရှင်အဖွဲ့ကို မည်သူက ဖွဲ့ခိုင်းသည်ဆိုသည်မှာ လက်သည် မပေါ်။ နောက်ကွယ်က လက်မည်းကြီးအဆင့်မျှသာ ရှိသည်။

ထိုစဉ်က နယ်မြေတာဝန်ခံ ဝန်ကြီး ဦးအောင်သောင်း ဖွဲ့ခိုင်း သည်ဟု သတင်းထွက်ပေါ်လာခဲ့သည်။ ယခုလည်း ပြည်တွင်းသာမက နိုင်ငံတကာ အသိုင်းအဝိုင်းက စွမ်းအားရှင်တို့၏ ခေါင်းဆောင်ဟု မှတ်ယူနေဆဲ၊ သံသယဖြစ်နေကြဆဲ ဖြစ်သည်။ သို့အတွက် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့က ဧရာဝတီ သတင်းဌာနမှာ အင်တာဗျူး



အပတ်စဉ် စနေ ညနေခင်း ဟောပြောပွဲတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည် ဟောပြောနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတွင် စွမ်းအားရှင်အဖွဲ့နှင့်စပ်လျဉ်း၍ မေးခွန်းတစ်ခုကို မေးမြန်းခဲ့သည်။

"စွမ်းအားရှင်နဲ့ ပတ်သက်လို့ ကျွန်တော့်မှာ တစ်ယောက်မှ မရှိဘူး၊ ဘယ်တုန်းကမှလည်း မဖွဲ့ပေးခဲ့ဘူးဗျ၊ ဟိုးခေတ်စစ်အုပ်ချုပ်ရေးလက်ထက်လည်း ကျွန်တော် မဖွဲ့ဘူး၊ ကျွန်တော်တို့ ပြည်ခိုင်ဖြိုးကလည်း မဖွဲ့ခဲ့ဘူး၊ ဖွဲ့ပိုင်ခွင့်လည်း မရှိဘူး၊ ကျွန်တော်တို့ပါတီလုပ်နေတာ နိုင်ငံရေး လုပ်နေတာဗျာ၊ အထင်လွဲစေမယ့် လုပ်ငန်း၊ လူထုအထင်သေးစရာလုပ်ငန်း ဘယ်လုပ်မလဲဗျ၊ ဒါကို ကိုယ်ချင်းစာနာစိတ်နဲ့ စဉ်းစားရင် သိနိုင်ပါတယ်၊ ဘယ်သူတွေ လုပ်နေတာဆိုတာ အပြင်လောကမှာ သိနေကြတာပဲ၊ အဲဒီလူတွေ အခု မရှိတော့ပါဘူး" ဟု ဦးအောင်သောင်းမှ ဖြေကြားခဲ့သည်။

ဘာသာရေးကို အကြောင်းပြု၍ ရခိုင်၊ မိတ္ထီလာ၊ မန္တလေး၊ ဥက္ကံ၊ လားရှိုး စသည့် မြို့များတွင် ဖြစ်ပွားသည့် ဘာသာရေးပဋိပက္ခများတွင် စနစ်တကျလေ့ကျင့်ထားသူများ ပါဝင်နေသကဲ့သို့ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားနေသူ ရှိနေသည်ဟု အများက သံသယရှိနေကြသည်။ သို့သော် မည်သည့် အဖွဲ့အစည်းမှ ဖြစ်သည်ကို တိတိပပ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိပေ။

သို့သော် စွမ်းအားရှင်ဆိုသည့် စကားလုံး အသုံးအနှုန်းနှင့် ပတ်သက်၍ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက **မီးသတ်၊ ကြက်ခြေနီ၊ ရယက စသည်ဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ လစာရိက္ခာ တစ်ပြားတစ်ချပ်မျှ မယူဘဲနဲ့ သီးခြားစေတနာအလျောက် ကူညီပေးတဲ့ စွမ်းအားများဖြစ်တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်များကို စွမ်းအားရှင်လို့ နိုင်ငံတော်က စာလုံး ရွေးချယ်သတ်မှတ်ပြီးတော့ ဂုဏ်ပြုခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်** ဟု ၂-၁၁-၂၀၀၆ ရက်နေ့တွင် ကျင်းပသည့် ၇/၂၀၀၆ သတင်းစာရှင်းလင်းပွဲတွင် တရားဝင် ထုတ်ဖော်ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးအစီအမံများအရ ရပ်ကွက်ရုံးများရှိ နယ်ထိန်းရဲ၏






တက္ကသိုလ်ရိပ်သာလမ်းအား ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ မော်တော်ယာဉ်များနှင့် ပြည်သူလူထုအား တားဆီးထားသည့် ဂိတ်အား တွေ့ရစဉ်

အောက်တွင် ရဲတပ်ဝင်သုံးဦးနှင့် စွမ်းအားရှင် ၅၀ ဦး၊ မြို့နယ်ပြည်ခိုင်ဖြိုးရုံးတွင် ရဲတပ်ဖွဲ့ဝင်သုံးဦး စွမ်းအားရှင် ၅၀ ဦး စသည်ဖြင့် စုဖွဲ့ရန် စီမံချက်များ ရေးဆွဲခဲ့သည်။

၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဒီပဲယင်းအရေးအခင်း၊ ၂၀၀၇ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရွှေဝါရောင် သံဃာ့အရေးအခင်း၊ ၂၀၁၅ ခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကန့်ကွက်ဆန္ဒပြသည့် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများအား ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဖမ်းဆီးနှိမ်နင်းရာတွင် စွမ်းအားရှင်များ သိသိသာသာ ပါဝင်လာသည်ကို တွေ့ရသည်။ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ ပြည်တွင်းသာမက နိုင်ငံတကာက သံသယဖြစ်နေသည်မှာ ကြံ့ခိုင်ရေး ဖြစ်သည်။

တစ်ချိန်က အကြမ်းဖက် နှိမ်နင်းရန် ကြံ့ခိုင်ရေး ဝါးရင်းတုတ်တပ်ဖွဲ့ သို့မဟုတ် စွမ်းအားရှင်အဖွဲ့များ ရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ အချို့က စွမ်းအားရှင်အစ ကြံ့ခိုင်ရေး ဝါးရင်းတုတ်တပ်ဖွဲ့က ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးရင်းတုတ်တပ်ဖွဲ့သည် ထိုစဉ်က ဆန့်ကျင်ဘက်အဖွဲ့အစည်းများအား အကြမ်းဖက် နှိမ်နင်းသည့် အရပ်သား အဖွဲ့အစည်းတစ်ခု ဖြစ်နေသည်။ ဝါးရင်းတုတ်တပ်ဖွဲ့သည် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင် သင်တန်းပေးခဲ့သည်။ သင်တန်းသားများမှာ ကြံ့ခိုင်ရေးမှ လက်ရွေးစင် ခေါ်ယူထားသူများ ဖြစ်သည်။ သင်တန်းပေးသည့် နေရာမှာ သမဝါယမ ကုန်စည်ပြပွဲ အဆောက်အဦ၏ ဘေးဘက်ရှိ အဆောက်အဦကြီးအတွင်း ဖြစ်သည်ဟု ဆိုသည်။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဝါးရင်းတုတ်တပ်ဖွဲ့များသည် အကြမ်းဖက်နှိမ်နင်းရေးကို စတင်ခဲ့သည်။ ထိုနေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ စနေ ညနေခင်း အပတ်စဉ် ဟောပြောပွဲသို့ လာရောက်နားထောင်သူများကို လမ်းဆုံလမ်းခွများတွင် ပိတ်ထားသည်။ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့သို့ မလာနိုင်စေရန် တာမွေ၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာမှ လာရောက်သူများကို ကုက္ကိုင်းမီးပွိုင့်တွင် ပိတ်ထားသည်။ မရမ်းကုန်း၊ မြောက်ဥက္ကလာ၊ ရန်ကင်း စသည်တို့မှ လာရောက်သူများကို ဆီဒိုနားဟိုတယ်ရှေ့ မီးပွိုင့်မှ ပိတ်ထား သည်။ ဗဟန်း အပါအဝင် မြို့ထဲမှ လာသူများကို ဟာမစ်တစ်မှတ်တိုင်အနီး မီးပွိုင့်မှ ပိတ်ထားသည်။

သို့အတွက် မီးပွိုင့်အသီးသီးတွင် လုံထိန်းများက လမ်းများကို ပိတ်ဆို့ထားသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပွဲသို့ လာရောက်နားထောင်ကြသည့် ပရိသတ်များမှာ ရှေ့သို့ဆက်၍ သွားမရသဖြင့် ယင်းနေရာများမှ ပြန်လှည့်မသွားဘဲ စုဝေးနေကြသည်။ ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များ ပရိသတ်များအကြား ရောနှောနေရာယူထားကြသည်။

အထူးသဖြင့် ပရိသတ်များ စုဝေးရောက်ရှိနေသော မီးပွိုင့်များတွင် လုံထိန်းများက လူစုခွဲသည်။ ပြန်ခိုင်းသည်။ ဆီဒိုးနားဟိုတယ် အနီးရှိ လူထုပရိသတ်များက စက်မှု (၁) လမ်းမှလည်းကောင်း၊



ကုက္ကိုင်းမီးပွိုင့်တွင် စုမိနေသည့်သူများက တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းမှလည်းကောင်း ပြန်လှည့်လာကြစဉ် လူထုပရိသတ်အကြား ရောနှောပါလာသော ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များက ပြေးပြေးဟု အော်ဟစ်ခြောက်လှန့်ကာ ဝရုန်းသုန်းကားဖြင့် ဘုမသိဘမသိ ပြေးလွှားနေသည့် လူထုပရိသတ်များအား လုံထိန်းများနှင့် ပူးပေါင်းကာ ညှပ်ပူးညှပ်ပိတ် ရိုက်နှက်ခဲ့ကြသည်။ အချို့မှာ လုံထိန်းများ၏ ဖမ်းဆီးခြင်း ခံရသည်။ အချို့မှာ ထိပ်ပေါက်ခေါင်းကွဲ၊ လက်ကျိုးနှင့် ထိခိုက်ဒဏ်ရာ ရခဲ့သည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်ကို အားပေးသော လူထုပရိသတ်မှာ ယင်းသို့ အကြမ်းဖက်နှိမ်နင်းရုံမျှဖြင့် ကြောက်ရွံ့ခြင်းမရှိပေ။ အစိုးရက နည်းမျိုးစုံ သုံး၍ ဒေါ်အောင်ဆန်းစုကြည်၏ အပတ်စဉ် စနေ ညနေခင်းဟောပြောပွဲကို ပိတ်ပင်ထားသော်လည်း ပရိသတ်က လာမြဲလာနေကြသည်။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်သည် စနေနေ့ ဖြစ်သည်။




ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်
ဒေါ်အောင်ဆန်းစုကြည် ဟောပြောနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အစိုးရက တက္ကသိုလ်ရိပ်သာလမ်းတလျှောက်လုံးကို ပိတ်ထားသည်။ တက္ကသိုလ်ရိပ်သာလမ်းသို့ ဝင်နိုင်သည့် အင်းလျားလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းမီးပွိုင့်မှလည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်း ဟာမစ်တာ့စ်မီးပွိုင့်မှလည်းကောင်း သံဆူးကြိုးများနှင့် တားဆီး၍ လမ်းများ ပိတ်ထားသည်။ ယင်းသို့ တားဆီးပိတ်ပင်သည့်နေရာတွင် လုံထိန်းများကို တာဝန်ချထားသည်။ သို့သော် ယင်းလမ်းများ အနီးနှင့် လမ်းပေါ်တွင် ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အသွင်ဖြင့် နေရာယူထားကြသည်။ အုပ်စုဖွဲ့ထားသည့် ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များမှာ ချင်းချောင်း တရုတ်ဘုရားကျောင်းဝင်းအတွင်းတွင် စခန်းချ နေရာယူထားကြသည်။

ညနေပိုင်းတွင် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှ အင်န်အယ်လ်ဒီ လူငယ် လုံခြုံရေးအဖွဲ့၏ ကား၊ ဒေါ်အောင်ဆန်းစုကြည်၏ ကား၊ ဦးတင်ဦးတို့ကားနှင့် နောက်ဆုံးမှ ထောက်လှမ်းရေးမှ ကားတို့ လိုက်ပါလာကာ နေအိမ်မှ ထွက်လာခဲ့ကြသည်။ ရှေးဦးစွာ ဥက္ကဋ္ဌဦးကြည်မောင် နေအိမ်သို့ သွားသည်။ ဦးကြည်မောင်အား သွားခေါ်ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် ကျင်းပသည့် အပတ်စဉ် စနေ ညနေခင်း ဟောပြောပွဲတွင် အင်န်အယ်လ်ဒီ ဥက္ကဋ္ဌဦးကြည်မောင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးတို့သည် အမြဲတမ်းသုံးယောက်သား တန်းစီ၍ ဟောပြောပွဲ ကျင်းပလာခဲ့ခြင်း ဖြစ်သည်။ သို့အတွက် ဦးကြည်မောင်အား သွားရောက်ခေါ်ဆောင်ခြင်း ဖြစ်သည်။ ဦးကြည်မောင်နေအိမ်လမ်းက ကျဉ်းသည်။ ကားတန်းတစ်ခုလုံး ပြန်၍ကွေ့ရန် မလွယ်ကူချေ။ နောက်ဆုံးမှ လိုက်သည့် ကားကရှေ့၊ ရှေ့ဆုံးမှသွားသည့် ကားက နောက်ဆုံးသို့ ရောက်ရှိသွားသည်။

ဝါးရင်းတုတ်တပ်ဖွဲ့များသည် ဗဟန်း အထက (၂) အနီးနှင့် ကမ္ဘာအေးလမ်း ပလက်ဖောင်းများ၊ နေအိမ်ခြံတံခါးဝ ခြံစည်းရိုးများတွင် အသင့်နေရာယူထားကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့ကား





ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့် ကျောင်းသား၊ ကျောင်းသူများအား အကြမ်းဖက် ဖြိုခွင်းရန် အသင့်ပြင်ဆင်နေသည့် စွမ်းအားရှင်များ



ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြသည့် ကျောင်းသား၊ ကျောင်းသူများအား စွမ်းအားရှင်များမှ အကြမ်းဖက် ဖမ်းဆီးစဉ်

www.burmeseclassic.com

www.burmeseclassic.com



တန်းက ကမ္ဘာ့အေးလမ်းပေါ်သို့ တက်လာသည့်အခါ ဗဟန်းအထက ၂ ကျောင်းရှေ့အနီးတွင် ကားတန်း၏ ထိပ်ဆုံးကားမှနေ၍ ညာသံပေး၍ ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များက စတင် ရိုက်နှက်ကြသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ယခု အင်န်အယ်လ်ဒီ နာယက ဦးတင်ဦးအား တောင်းပန်ခဲ့သည့် ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တစ်ဦးက "ပထမဆုံး ရှေ့မှ ထွက်လာသည့် မာဇဒါဆီဒင် အပြာနုရောင်ကားကို ရှေ့မှ တားဆီး၍ လက်ထဲတွင် ကိုင်ထားသည့် ဝါးရင်းတုတ်ကိုယ်စီဖြင့် ဝိုင်း၍သမကြလေတော့သည်။ တစ်ခဏအတွင်းမှာပင် စိစိညက်ညက် ကြေမွသွားလေသည်။ အနီးရှိ ထောက်လှမ်းရေးတာဝန်ရှိသူများက "ဟာ၊ သွားပါပြီဗျာ၊ မှားကုန်ပြီဗျ၊ အဲဒီကားက ငါတို့ဆီက လုံခြုံရေးသတင်းကား၊ ပစ်မှတ်က နောက်ကား"ဟု မကြားတကြား ပြောလိုက်သည့် အသံကြောင့် စွမ်းအားရှင်လူစွမ်းကောင်းများက စမ်းတဝါးဝါးနှင့် ထပ်မံရိုက်နှက်ကြရာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး ပါလာသည် ထင်သည့် အဖြူရောင်ကားလေး အမြန်မောင်းထွက်ရာနောက်သို့ ပြေးလိုက်၊ ရိုက်လိုက်၊ ဝါးရင်းတုတ်နှင့် ပစ်ပေါက်သူကပေါက်၊ မျက်စိထဲ ခုထိမြင်ယောင်နေမိသည်"ဟု ရေးသားခဲ့သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ ကားမှန်များ အားလုံးကွဲကုန်သည်။ စတစ်ကာ ကပ်ထားသဖြင့် မှန်စများ တစစီ ကြေမွသွားသော်လည်း ကြွေကျခြင်း မရှိပေ။ ဦးတင်ဦး၏ ကားမှန်များ ကွဲ၍ မှန်စသည် ဦးတင်ဦး၏ ပါးကို ထိမှန်ဒဏ်ရာရခဲ့သည်။ ဦးကြည်မောင်ကားလည်း ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် ကားမှန်များ အကုန် ကွဲကုန်သည်။ မှန်စမှာ ဦးကြည်မောင်၏ဦးခေါင်းသို့ ထိမှန်သဖြင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

ယင်းဖြစ်စဉ်ကို ဦးတင်ဦးက ထိုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့်



ဝါးရင်းတုတ်တပ်ဖွဲ့ဝင်တစ်ဦးအား ပြန်လည်ပြောပြရာတွင် "ဟိုတုန်းက အဘတို့စာဖတ်ဝိုင်းတွေ မြို့နယ်တွေမှာ ဖွင့်ဖို့ လမ်းကြောင်းတွေ ဆင်းတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဘတို့ စီးတဲ့ကားတွေကို ဝါးရင်းတုတ်အဖွဲ့ ကြံ့ခိုင်ရေးတွေက ပိတ်ဆို့နှောင့်ယှက်ဖျက်ဆီးခဲ့ကြတယ်။ အဲဒီအခါ ငါတို့ကားနဲ့ ထောက်လှမ်းရေး လုံခြုံရေးကားမှားပြီး ဝိုင်းရိုက်လိုက်ကြတာ စိစိညက်ညက်ကို ကြေသွားတာပဲ။ ဘယ်လိုမှားပြီးရိုက်မိကြလဲ မသိဘူး။ အဘတို့ကားက နောက်ရောက်သွားတဲ့အခါ ကားမှားပြီး ရိုက်လိုက်ကြတာ။ နောက်တော့ သူတို့ကားမှားပြီး ရိုက်ခဲ့မိကြတာ သိရော အဘနဲ့ ဒေါ်အောင်ဆန်းစုကြည်စီးလာတဲ့ကားကိုပါ ထပ်ရိုက်ကြတာ၊ ကံကောင်းလို့ပေါ့"ဟု ရှင်းပြခဲ့သည်။

နောင်တွင် ဝါးရင်းတုတ်တပ်ဖွဲ့ဝင်များသည် စွမ်းအားရှင်ပြည်သူလူထုအသွင်ဖြင့် အင်န်အယ်လ်ဒီ ရုံးချုပ်အနီးနှင့် ရွှေဂုံတိုင်လမ်းရှိငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားစောင်းတန်းများ၊ ဖောင်တော်ဦး ဘုရားတန်ဆောင်းများနှင့် ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်ကြီးတို့တွင် စတည်းချကာ အင်န်အယ်လ်ဒီသတင်းများကို ရယူခဲ့ကြသည်။ နေ့စဉ်သတင်းများကို ကြံ့ခိုင်ရေး မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်နှင့် မြို့နယ် တာဝန်ခံဝန်ကြီးထံ သတင်းပေးပို့ခဲ့ကြသည်ဟု ဆိုသည်။

❒❒❒

www.burmeseclassic.com

## အမေရိကန်အစိုးရအကြောင်း စာဖတ်ပိုင်းနှင့် အကြမ်းဖက် ရိုက်နှက်ခံခဲ့ရစဉ်က

တစ်ချိန်က အမေရိကန်အစိုးရသည် စစ်အစိုးရ အုပ်ချုပ်စဉ်ကာလအတွင်း မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့၍ အရေးယူခဲ့သည်။ မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့အရေးယူခံရခြင်းသည် ဒေါ်အောင်ဆန်းစုကြည်ကြောင့်ဟု စစ်အစိုးရက တထစ်ချမှတ်ယူထားသည်။ ဒေါ်အောင်ဆန်းစုကြည်အား ပြည်ပအားကိုး ပုဆိန်ရိုးအဖြစ် ဒေါ်အောင်ဆန်းစုကြည် မုန်းတီးရေးဝါဒ ဖြန့်ထားသည်။ ထိုစဉ်ကတည်းက အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအား ဒီမိုကရေစီ ရရှိရေးအတွက် တွန်းအားပေးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား လူထုခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း၊ အတိုက်အခံပါတီ ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်တစ်ဦးအနေဖြင့်လည်းကောင်း အမေရိကန်အစိုးရက ပုဂ္ဂိုလ်ရေးအရ လေးစားသမှုပြုသကဲ့သို့ မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးအတွက် တိုက်ပွဲဝင်သူရဲကောင်း တစ်ဦးသဖွယ် အသိအမှတ်ပြုခဲ့သည်။ ထောက်ခံအားပေးမှုပြုခဲ့သည်။

သို့သော် ထိုအချိန်က ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော် ပြိုကွဲစေရန် လုပ်နေသည်။ တပ်မတော် မုန်းတီးရေး လုပ်နေ



သည်ဟု စစ်အစိုးရက အနိုင်အမာ ယုံကြည်ထားသည်။ စစ်အစိုးရ ပြုတ်ကျစေရန်အတွက် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် စီးပွားရေး ချွတ်ခြုံကျ၍ နိုင်ငံရေး ကမောက်ကမ ဖြစ်စေရန် ဖန်တီးသူအဖြစ် မြင်သည်။

၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံပြီးနောက်ပိုင်း ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်အား ဒီမိုကရေစီခေါင်းဆောင်ကြီးအဖြစ် အသိအမှတ်ပြုကြသည်။ မြန်မာနိုင်ငံသာမက ကမ္ဘာကပါ အသိအမှတ် ပြုထားသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဖြစ်သော်လည်း စစ်အစိုးရက တပ်မတော် ပြိုကွဲစေရန်နှင့် တပ်မတော်အား ပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံများကပင် မုန်းတီးစေရန် ဝါဒဖြန့်သူအဖြစ် ရှုမြင်သုံးသပ်ခဲ့သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်အား ၁၉၈၉ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိ နေအိမ်အကျယ်ချုပ်နှင့် ပြစ်ဒဏ် ၆ နှစ် ချမှတ်ခံခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သည်နှင့် ပါတီစည်းရုံးရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။


ထို့အတူ ပြည်သူလူထုနှင့် အဆက်မပြတ် ထိတွေ့နေစေရန် အပတ်စဉ် လူထုဟောပြောပွဲ ကျင်းပသည်။ အပတ်စဉ် စာဖတ်ပိုင်းများများကို လူငယ်များနှင့် ကျင်းပသည်။ အပတ်စဉ် စာဖတ်ပိုင်းများ ကျင်းပခြင်းသည် ဦးဝင်းတင်၏ အကြံဉာဏ်များပါသည်ဟု ပညာရှင်အချို့က ခန့်မှန်းကြသည်။ အကြောင်းမှာ မြန်မာနိုင်ငံတွင်စနေစာဖတ်ပိုင်းအဖြစ် မန္တလေးမြို့တွင် ပထမဦးဆုံး စတင်ခဲ့သူဖြစ်ခြင်းကြောင့်ဟု ဆိုကြသည်။

မည်သို့ဆိုစေ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တွင်ကျင်းပသည့် အပတ်စဉ် စာဖတ်ပိုင်းမှာလည်း တစ်ပတ်ထက်တစ်ပတ် ပို

www.burmeseclassic.com

www.burmeseclassic.com






ဒေါ်အောင်ဆန်းစုကြည်အား သတင်းစာရှင်းလင်းပွဲတစ်ခုအပြီးတွင် တွေ့မြင်ရစဉ်



မိုအောင်မြင်လာသည်။ လူငယ်များ စိတ်ဝင်စားသဖြင့် လူဦးရေလည်း တိုးတက်များပြားလာခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့တွင် စာဖတ်ဝိုင်း ရှိသည်။ ကျင်းပမည့် နေရာမှာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ် အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖြစ်သည်။

ယင်းနေ့တွင် ဆွေးနွေးမည့် စာအုပ်မှာ ရွှေကူမေနှင်း ဘာသာပြန်သည့် အမေရိကန်အစိုးရအမည်ရှိစာအုပ် ဖြစ်သည်။

ထိုနေ့က တက္ကသိုလ်ရိပ်သာလမ်း ပိတ်ထားသည်။

တက္ကသိုလ်ရိပ်သာလမ်းသည် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် နေစဉ် လမ်းပိတ်ထားလေ့ရှိသည်။ တက္ကသိုလ်ရိပ်သာလမ်းရှိ ကိုယ်ပိုင် မော်တော်ယာဉ်များကိုသာ ဝင်ခွင့်ပြုသည်။ နေထိုင်သူများကို ဖြတ်သန်းသွားလာခွင့်ပြုထားသည်။ အများပြည်သူ စီးနင်းသည့် လိုင်းကားများကိုပင် ပိတ်ထားသည်။

သို့သော် ဒေါ်အောင်ဆန်းစုကြည်နေအိမ် အကျယ်ချုပ် ချမထားသည့်တိုင် တက္ကသိုလ်ရိပ်သာလမ်းကို ပိတ်ထားသည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင် စာဖတ်ဝိုင်းလည်း ရှိသည်။

သာမန် ပြည်သူများအဖို့ လမ်းပိတ်ထားသည်ဆိုလျှင် မသွားရုံသာ ရှိသည်။ အထွန့်မတက်ရဲ။ သို့သော် အင်န်အယ်လ်ဒီလူငယ်များမှာ စာဖတ်ဝိုင်း သွားသည်ကိုပင် သွားခွင့်မရ။ ပိတ်ပင်ထားသည်။ လမ်းပိတ်ထားသူများမှာ ထောက်လှမ်းရေးမှ တာဝန်ရှိသူများဖြစ်သည်။ ယခင်က လမ်းပိတ်ထားလျှင် စာဖတ်ဝိုင်း သွားမည်ဆိုက ခွင့်ပြုပေးသည်။ ယခုအချိန်တွင် ခွင့်မပြု။ ယခင်က ခွင့်ပြုသည်ဆိုသည်မှာလည်း စာဖတ်ဝိုင်းသို့ လာသည့် လူအမည်စာရင်းကို ထောက်လှမ်းရေးကို ကြိုတင် ပေးထားရသည်။ ယင်းစာရင်းတွင် ပါဝင်သူများကိုသာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် ကျင်းပသည့် စာဖတ်ဝိုင်းသို့ သွားခွင့်ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်ရှိ ရုံးခန်းတွင် မြင်တွေ့ရစဉ်

ယခုမူ စာဖတ်ဝိုင်းသို့ လာရောက်မည့်သူများ အမည်စာရင်း ပေးထားသည့်တိုင် လမ်းအတွင်း ဝင်ခွင့်မပြု။ စာဖတ်ဝိုင်း ကျင်းပမည့် အချိန်တွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် ကမ္ဘာအေးလမ်းထောင့်အနီး မီးပွိုင့်အလွန်ရှိ ပြည့်ဝစားသောက်ဆိုင်တွင် ရှိနေသည့် ထောက်လှမ်းရေးနှင့် အုပ်ချုပ်ရေး တာဝန်ရှိသူအချို့က လမ်းကို ပိတ်ထားသည်။

စာဖတ်ဝိုင်း ပျက်သည်။ စာဖတ်ဝိုင်းသို့ လာရောက်မည့်အမည်စာရင်း မရရှိသဖြင့်ဟုဆိုကာ အကြောင်းပြ၍ လမ်းအတွင်းသို့ ဝင်ခွင့်မပြုဘဲ ပိတ်ပင်တားဆီးထားသည်။ သို့တိုင် အင်န်အယ်လ်ဒီ လူငယ်များက အားမလျှော့။ ဦးတင်ဦးမှတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်ထံ သတင်းပို့လိုက်သည်။ ထိုအခါ ဒေါ်အောင်ဆန်းစုကြည်သည် ဦးတင်ဦးတို့ကားနှင့် ထွက်လိုက်လာပြီး စာဖတ်ဝိုင်းရှိကြောင်းလာပြောပါသည်။

အင်န်အယ်လ်ဒီ လူငယ်များလည်း သူတို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောသည့်အတိုင်း လမ်းထဲ ဝင်သွားကြသည်။



အင်န်အယ်လ်ဒီ လူငယ်များရှေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ စီးလာသည့် ကားနောက်မှ ကပ်ပါလာသည်။

ထိုစဉ် ထောက်လှမ်းရေးမှ ဗိုလ်မှူးစည်သူ ရောက်လာပြီး လမ်းကို ဆက်လက် ပိတ်ထားရန် အမိန့်ပေးသည်။

"ဟေ့၊ တစ်ယောက်မှ အဝင်မခံနဲ့၊ လမ်းကို ပိတ်ထား"

"ကျွန်တော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဝင်နိုင်းလို့ ဝင်တာပါ၊ စာဖတ်ဝိုင်း သွားမလို့ပါ"

"ခေါင်းဆောင်တွေ ဘာတွေ မသိဘူး၊ ဘယ်သူ့မှ အဝင်မခံနဲ့၊ အကုန်ပိတ်ထား"

ထောက်လှမ်းရေးမှ ဗိုလ်မှူးစည်သူဆိုသူက တက္ကသိုလ်ရိပ်သာလမ်းကို ပိတ်ထားရန် အမိန့်ပေးလိုက်သည်။ ထိုအခါ စာဖတ်ဝိုင်းသို့ လာသည့် အင်န်အယ်လ်ဒီလူငယ်များသည် ဒေါ်အောင်ဆန်းစုကြည် ကားဖြင့် ရှေ့နောက်ဝဲယာမှ ဝိုင်းရံ၍ လိုက်လာကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကားနောက်တွင်မူ လူ ၁၀၀ ခန့် ရှိမည်။ ရှေ့သို့ ဆက်သွားရင်း ဆက်သွားရင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အိမ်အနီးသို့ ရောက်ရှိလာသည်။

ထိုစဉ် တပ်မတော်ထောက်လှမ်းရေးမှ ဗိုလ်မှူးစည်သူဆိုသူ ရောက်ရှိလာပြီး လမ်းအတွင်း ဝင်ရောက်လာသူအားလုံးကို ရိုက်ရန် အမိန့်ပေးလိုက်သည်။ တက္ကသိုလ်ရိပ်သာလမ်းအတွင်း ထောက်လှမ်းရေးများ အပါအဝင် တပ်မတော်သားများနှင့် လုံထိန်းအင်အား ၇၀ ခန့်က ရှေ့တွင်ရောက်နေသော အင်န်အယ်လ်ဒီလူငယ်များကို စတင်ရိုက်တော့သည်။

အချို့က နံပါတ်တုတ်များနှင့် ရိုက်သည်။ အချို့က တွေ့ရာ သစ်သားတုတ်များ၊ သစ်ကိုင်းခြောက်များနှင့် ရိုက်သည်။ အချို့ကမူ ယင်းတို့ဆောင်လာသည့် သံခမောက်များနှင့် ရိုက်ကြသည်။ ထိုစဉ် ဒေါ်အောင်ဆန်းစုကြည်သည် ကားပေါ်မှ ဆင်းလာပြီး ရိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ အပြေးရောက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်၏နောက်တွင် ဦးတင်ဦး ကပ်၍ပါသည်။ ရိုက်နေသည့် နေရာအနီးသို့ ရောက်ရှိလာသည့်အခါ "ကလေးတွေကို မရိုက်ပါနဲ့၊ ရိုက်ချင်ရင် ကျွန်မကိုသာ ရိုက်ပါ"ဟု အော်၍ ပြောသည်။

"ရိုက်ကွာ၊ရိုက်ကွာ၊ တစ်ယောက်မှမချန်နဲ့၊ ရိုက်"ဟု ဗိုလ်မှူးစည်သူက ဆက်၍ အမိန့်ပေးသည်။ ထိုစဉ် ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေးတာဝန်ယူရသူ ဗိုလ်ကြီးတစ်ဦးက "ဟော့ရမ်းမရိုက်နဲ့၊ အစ်မပါတယ်"ဟု အော်ပြောသည်။ ဗိုလ်မှူးစည်သူက ဗိုလ်ကြီးစကားကို ဂရုမစိုက်ဘဲ "ရိုက်သာ ရိုက်ကွာ၊ အစ်မသောဘာသော နားမလည်ဘူး၊ ရိုက်သာရိုက်"ဟု ဆက်အမိန့်ပေးနေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်မှူးစည်သူ၏ အမိန့်စကားကို ကြားရသဖြင့် "ကလေးတွေ၊ ဘာမှပြန်မလုပ်နဲ့၊ အရိုက်ခံကြ၊ အရိုက်ခံကြ"ဟု ပြောရင်း ရှေ့သို့တိုးလာသည်။ ဗိုလ်မှူးစည်သူ အမိန့်ပေးထားသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကိုပါ ရိုက်တော့သည်။ ထိုအခါ ဦးတင်ဦးက သူ့တွင်ပါလာသော ထီးကောက်ကြီးဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို အကာအကွယ်ပေးသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ရိုက်သူကရိုက်၊ ဦးတင်ဦးကို ရိုက်သည့်သူကရိုက်နှင့် ဝုန်းဒိုင်းကြဲနေသည်။

ဦးတင်ဦးမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကာကွယ်နေရသဖြင့် သူ့ကိုယ်သူ မကာကွယ်နိုင်။ ဒဏ်ရာများ ရရှိသည်။ ဒေါ်အောင်ဆန်းစုကြည်မှာမူ စစ်သားများ၊ လုံထိန်းများ၏ ရိုက်နှက်မှုကို မခံရသော်လည်း အဖွဲ့ချုပ်လူငယ်တစ်ဦးအား ရိုက်လိုက်သည့် တုတ်ကျိုး၍ တုတ်ကျိုးအပိုင်းအစ ထိမှန်သဖြင့် ပခုံးတွင် ဒဏ်ရာရသွားသည်။ ထိုစဉ် ဦးတင်ဦးက ကောင်မလေးတွေဒေါ်စုကိုကာကွယ်ကြ၊ ဖက်ထား ဖက်ထားဟု လှမ်း၍အော်သည်။ မိန်းကလေးများက ဒေါ်အောင်ဆန်းစုကြည်အား ဝိုင်း၍ဖက်ထားကြသည်။ ရုတ်တရက် မိန်းကလေးများနှင့်အတူ ဒေါ်အောင်ဆန်းစုကြည်ပါ ရော၍လဲသွားသည်။



ဒေါ်အောင်ဆန်းစုကြည်နှင့် မိန်းကလေးများကို ယောကျ်ားလေးများက ဝိုင်းပတ်၍ ကာရံထားကြသည်။ သူတို့ ဒေါ်အောင်ဆန်းစုကြည်နှင့် မိန်းကလေးများအား ရိုက်ခွင့်မရတော့ပေ။ ထိုအခါ ဝိုင်းရံထားသည့် ယောကျ်ားလေးများ၏ နောက်ကျောကို ရိုက်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းအတွင်းသို့ တိုးဝင်သူများအားလုံးကို ရိုက်သည်။ နောက်မှပါလာသူများကို လုံထိန်းများက လိုက်ရိုက်ပြီး မီးပွိုင့်ဘက်ဆီကို မောင်းထုတ်လိုက်သည်။

ထို့နောက် ဗိုလ်မှူးစည်သူက ရိုက်မိန့်ကို ရုပ်သိမ်းလိုက်သည်။ ရပ်နိုင်းလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ယောကျ်ားလေး၊ မိန်းမကလေးများ အားလုံးကို လုံထိန်းများက ဝိုင်းထားသည်။ လုံထိန်းများနောက်မှ စစ်သားများက နောက်ထပ် ထပ်ဝိုင်းထားသည်။ ထို့အပြင် တက္ကသိုလ်ရိပ်သာလမ်းကို ဒေါ်အောင်စုကြည်နေအိမ်ညာဘက်ရှိ အမကကျောင်းရှေ့တွင် သွပ်ဆူးကြိုးများ တားလိုက်သည်။ ထို့အတူ ခြံ၏ ဝဲဘက် လမ်းပေါ်တွင် သွပ်ဆူးကြိုးများ ကာရံထားလိုက်သည်။

တက္ကသိုလ်ရိပ်သာလမ်းထဲသို့ မီးပွိုင့်ဘက်မှ ဘတ်စ်ကားများရောက်လာကာ လမ်းပေါ်တွင် တစ်စီးနှင့်တစ်စီး ယှဉ်ကာ ပိတ်ရပ်ထားလိုက်ကြသည်။ ကုက္ကိုင်းဘက်မှ လှမ်းကြည့်လျှင် မမြင်နိုင်စေရန်ဖြစ်သည်။ မွန်းလွဲ ၂ နာရီကျော်ခန့် ရှိပြီဖြစ်သည်။ လုံထိန်းများနှင့် စစ်သားများ ရိုက်နှက်မှုကြောင့် ယောကျ်ားလေးအားလုံးလိုလို ဒဏ်ရာ ရရှိပြီး မိန်းကလေးများမှာ ဒဏ်ရာရရှိမှု နည်းသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပခုံးတွင် တုတ်ကျိုးစ မှန်သဖြင့် ပခုံးတွင် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာမှာ သိပ်မပြင်းထန်သော်လည်း သွေးစို့နေသည်။ ဦးတင်ဦးမှာ ဒဏ်ရာများရရှိသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်အား အကာအကွယ်ပေးခဲ့သည့် ထီးကောက်ကြီးမှာ စုတ်ပြတ် ကျိုးကြေသွားသည်။ ဦးတင်ဦး၏ အကာအကွယ်ပေးမှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒေါ်အောင်ဆန်းစုကြည်မှာ သက်သာရာရခဲ့ခြင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား စနစ်တကျ ကာရံပိုင်းဝန်းပိတ်ဆို့ပြီးသည့်အခါ ထောက်လှမ်းရေးမှ ဗိုလ်မှူးသူရဆိုသူ ရောက်လာသည်။

"အစ်မ ပြန်ချင်ရင်ပြန်ပါ၊ ကလေးတွေကိုတော့ ခြံထဲမဝင်ပါစေနဲ့၊ သူတို့ကို အိမ်ပြန်ခိုင်းလိုက်ပါ" ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်မှူးသူရကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် ဗိုလ်မှူးသူရ၏ စကားကို ပြတ်သားစွာ ငြင်းဆန်လိုက်သည်။

"ကိုသူရ၊ ကလေးတွေပါဝင်ခွင့်မပြုရင် ကျွန်မလည်း မဝင်ဘူး၊ ရှင် ကျွန်မအကြောင်း ကောင်းကောင်းသိပါတယ်"

ဒေါ်အောင်ဆန်းစုကြည်၏ တုံ့ပြန်စကားကြောင့် ဗိုလ်မှူးသူရလည်း ဘာမှဆက်မပြောတော့ဘဲ ပြန်လှည့်ထွက်သွားသည်။ ထိုအ ချိန်တွင် မိုးရွာနေသည်။ သည်းကြီးမည်းကြီးပင် ရွာနေသည်။ လမ်းပေါ်တွင် ရေများ စီးနေသည်။ မိုးရေထဲမှာပင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အင်န်အယ်လ်ဒီလူငယ် အစိတ်သုံးဆယ်တို့



ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကို တာဝန်ယူ ဆောင်ရွက်နေသည့် အင်န်အယ်လ်ဒီ လူငယ်များနှင့်အတူ နေအိမ်တွင် တွေ့မြင်ရစဉ်





တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် စနေ ညနေခင်း ဟောပြောပွဲ ကျင်းပစဉ်

မှာ လမ်းပေါ်တွင် ငုတ်တုတ်ထိုင်နေကြရသည်။ အားလုံး မိုးရေစိုများနှင့်ပင် ဖြစ်သည်။

ညမိုးချုပ်သည်ထိ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့်လူငယ်အဖွဲ့ ထမင်းကျွေးရန် ဝေးစွ။ ရေတစ်ပေါက်မျှပင် မတိုက်ပါ။ ဒေါ်အောင်ဆန်းစုကြည်၏ အိမ် ခြံရှေ့တွင်ပင် အမေရိကန်အစိုးရခေါင်းစဉ်ဖြင့် ရွှေကူမေနှင်း ဘာသာပြန်ထားသည့် စာအုပ်နှင့်ပတ်သက်၍ စာဖတ်ဝိုင်း ကျင်းပခဲ့ကြသည်။

ဦးဆောင်ဆွေးနွေးသူမှာ ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။

အမေရိကန်အစိုးရစာအုပ်တွင် သမ္မတ၊ တရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ပိုင်ခွင့်များ၊ ပြည်သူတို့ခံစားခွင့်နှင့်အခွင့်အရေးများအကြောင်းကို ဒေါ်အောင်ဆန်းစုကြည်က ရှင်းပြသည်။ လက်ရှိ ရေးဆွဲနေသည့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ များစွာ ကွာသည်။ ခြားနားသည်ကို ရှင်းပြခဲ့သည်။ ဦးတင်ဦးက

www.burmeseclassic.com

www.burmeseclassic.com



ဖိုလ်မှူးချုပ်ကျော်ဇောအကြောင်း ပါသည့် "တို့တိုင်းဌာနီ" စာအုပ်အကြောင်းကို ပြောပြသည်။ ဆွေးနွေးသည်။ သူစစ်မှုထမ်းစဉ်က စစ်ရေးအတွေ့အကြုံများကို ပြောပြသည်။ လူငယ်များကိုလည်း ပြန်လည် ဆွေးနွေးခွင့်ပြုသည်။

ညနေပိုင်းကတည်းက မိုးရေစိုအဝတ်အစားများနှင့် ငုတ်တုတ်ထိုင်၍ စာဖတ်ဝိုင်းကို ကျင်းပခဲ့ခြင်းဖြစ်သည်။ စာဖတ်ဝိုင်းပြီးသည့်အခါ ကမ္ဘာမကြေသီချင်းမှအစ နိုင်ငံရေးသီချင်းများကို သံပြိုင်သီဆိုကြသည်။ ညဥ့်နက်လာသည့်အခါ တစ်ဦးကိုတစ်ဦး မှီ၍ အိပ်ငိုက်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်က မိန်းကလေးများကို မှီ၍အိပ်သည်။ ဦးတင်ဦးက ယောကျ်ားကလေးများကို မှီ၍အိပ်ကြသည်။ သို့နှင့်ပင် မိုးစင်စင်လင်းခဲ့ရသည်။ တစ်ညနေနှင့် တစ်ညလုံးလုံး ထမင်းလည်း မစားရ။ ရေလည်း မသောက်ရသဖြင့် ဆာလောင်မွတ်သိပ်မှုဒဏ်ကို အားလုံး ခံကြရသည်။

နံနက် ၁၁ နာရီခန့်တွင် ထောက်လှမ်းရေးမှ ဗိုလ်မှူးသူရ ရောက်လာပြီး အားလုံး ဝင်လို့ရပြီဆိုတဲ့အကြောင်း လာပြောသည်။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အင်န်အယ်လ်ဒီလူငယ်များ အားလုံး ခြံထဲသို့ ဝင်ကြသည်။ အားလုံး ကိုယ်လက်သန့်စင်ကြသည်။ ခဏအကြာ ဒေါ်အောင်ဆန်းစုကြည်အား အမြဲတမ်း ဆေးကုပေးနေသည့် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်း ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ဆေးကုသပေးသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်က နံနက်စာအတွက် ချက်ပြုတ်ရန် စီစဉ်သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ထမင်းလက်ဆုံစားကြသည်။

အားလုံး ပြုံးပြုံးရွှင်ရွှင်ပင်။

အမေရိကန်အစိုးရ စာအုပ်အကြောင်း၊ စာဖတ်ဝိုင်း မလုပ်စေချင်သည့် အစိုးရ၏ သဘောထားမှာ ဒီမိုကရေစီ၏ အရသာနှင့်



အနှစ်သာရကို အင်န်အယ်လ်ဒီလူငယ်များ မသိစေချင်၍ ဖြစ်သည်ကို ဒေါ်အောင်ဆန်းစုကြည်က ကောက်ချက်ဆွဲ၍ ခန့်မှန်းသည်မှာ အလွန် တန်ဖိုးကြီးမားလှပေသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## သေနတ်များကြားက မိန်းမသား

*တစ်ဖက်စောင်းနင်းသဘောထား၊ အကြောင်းမဲ့ ယုံမှားသံသယဖြစ်မှုနှင့် အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသော ယင်းအယူအဆများသည် အဓိကအားဖြင့် တရားခံရှာခြင်းသာ ဖြစ်ပြီး တာဝန်ဝတ္တရားများကို ငြင်းဆန်ခြင်း၊ လူမှုစီးပွားရေး ပြဿနာများ၏ သဘောသဘာဝကို ဖြောင့်မတ်စွာ ပညာဉာဏ်ဖြင့် မသုံးသပ်နိုင်ခြင်း၊ ယင်းပြဿနာများကို ခွဲရှိရှိဖြင့် ခိုင်မာစွာ မကိုင်တွယ်နိုင်ခြင်း စသည်တို့ကို ပြသရာရောက်ပါသည်။*

**ဒေါ်အောင်ဆန်းစုကြည်**

**ဂျိုက်ဖ်ပီအာစ်အထိမ်းအမှတ်ဟောပြောပွဲ**

**အောက်စဖို့ဒ်တက္ကသိုလ်**

**၁၉.၅.၉၃**

ရော့ဝတီတိုင်းဒေသကြီးသည် မြန်မာ့စပါးကျီဟု တင်စားရလောက်အောင် မြန်မာနိုင်ငံတွင် စပါးအများဆုံး ထွက်ရှိရာ တိုင်းဒေသကြီး ဖြစ်သည်။ ခရိုင် ၅ ခရိုင် ရှိပြီး မြို့နယ်ပေါင်း ၂၆ မြို့နယ် ရှိသည်။ ရော့ဝတီတိုင်းသူတိုင်းသားများသည် အများအားဖြင့် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်း အဓိကထား လုပ်ကိုင်စားသောက်ကြသည်။ ရိုးသား၍ ကြိုးစားကြသည်။ ယင်းအတွက် ရိုးသားကြိုးစား



ရော့ဝတီသားဟုပင် ဆိုရသည်။ သို့သော် တစ်ခါက လေပြေမလာမီ မုန်တိုင်းထန်ခဲ့ဖူးပါသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ညနေပိုင်းက မဆလဥက္ကဋ္ဌ၊ သမ္မတဒေါက်တာမောင်မောင်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးစောမောင် ခေါင်းဆောင်သော စစ်အာဏာသိမ်းအဖွဲ့က တိုင်းပြည်၏ အာဏာကို ရယူခဲ့သည်။ ထို့နောက် တပ်မတော်အစိုးရက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့သည်။

ထိုစဉ်က ရော့ဝတီတိုင်းဒေသကြီး စစ်တိုင်းမှူးမှာ ဗိုလ်မှူးချုပ်မြင့်အောင် ဖြစ်ပြီး ယင်းနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တွင် အဖွဲ့ဝင် ဖြစ်ပြီး ရော့ဝတီတိုင်းဒေသကြီး၏ ဥက္ကဋ္ဌ ဖြစ်သည်။ နောင်တွင် ဗိုလ်ချုပ်မြင့်အောင်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ဖြစ်လာပြီးနောက် တာဝန်မှ ရပ်စဲခြင်း ခံခဲ့ရသည်။ များမကြာမီကာလတွင် ကွယ်လွန်ခဲ့သည်။

ဗိုလ်မှူးချုပ်မြင့်အောင်သည် ရော့ဝတီတိုင်းဒေသကြီး၏ ဥက္ကဋ္ဌ ဖြစ်ခဲ့စဉ်က နဝတအမိန့် ၂/၈၈ ကို တိတိကျကျ ကိုင်တွယ်ခဲ့သည်ဟု နာမည်ကြီးသည်။ နဝတအမိန့် ၂/၈၈မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးစောမောင်က ထုတ်ပြန်သော အမိန့်ပင် ဖြစ်သည်။ ယင်းမှာ-

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်သည် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရစေရေး၊ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်စေရန်အတွက် ယခုအချိန်အခါမှ စ၍ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး လိုက်နာရန် အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



(က) ည ၂၀:၀၀ နာရီ အချိန်မှ နံနက် ၄:၀၀ နာရီ အချိန်ထိ မည်သူမဆို အမိန့်တစ်စုံတရာ မရှိဘဲ လမ်းများပေါ်သို့ ထွက်ရောက်သွားလာခြင်း မရှိစေရ။

(ခ) ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူငါးယောက်အထက် ပို၍ လမ်းများပေါ် စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်ပြုခြင်း မည်သူမျှ မပြုလုပ်စေရ။

(ဂ) မည်သည့်နေရာတွင်မျှ သပိတ်စခန်းဖွင့်ခြင်း၊ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်လိုသော ရည်ရွယ်ချက်နှင့်ဖြစ်စေ လူစုလူဝေး ပြုလုပ်ခြင်း၊ စုရုံးခြင်း မပြုလုပ်စေရ။

(ဃ) လမ်းများပေါ်တွင် အတားအဆီး၊ အပိတ်အဆို့များ ပြုလုပ်ခြင်း၊ လမ်းများပေါ်တွင် လူစုလူဝေးနှင့် ဆန္ဒပြခြင်း၊ မည်သူမျှ မပြုလုပ်ရ။

(င) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုလုပ်ရ။

၂။ ဤအမိန့်သည် နောက်ထပ် အမိန့် တစ်စုံတစ်ရာ မထုတ်ပြန်မချင်း အတည်ဖြစ်စေရမည်ဟု ဖော်ပြထားသည်။

ယင်းအမိန့်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ ကြေညာသည်။ သတင်းစာများတွင် ထည့်သည်။ မြို့၊ ရွာလမ်းများတွင် အသံချဲ့စက်နှင့် လှည့်လည်၍ ကြေညာခဲ့သည်။ သို့တိုင် တပ်မတော်မှ အာဏာသိမ်းပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အာဏာအရပ်ရပ်ကို ရယူပြီး နောက်ပိုင်းကာလတွင် ၂/၈၈ကို ချိုးဖောက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် ဆန္ဒပြသူများ





စည်းရုံးရေး ခရီးစဉ်တစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်္ကျီအဝါလိဒီလူငယ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များရှေ့တွင် မြင်တွေ့ရစဉ်

နှင့် လုယက်သူများ အပါအဝင် ၅၃၁ ဦး သေဆုံးပြီး လူပေါင်း ၂၇၂ ဦး ဒဏ်ရာရရှိခဲ့သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သည်။ ယင်းနောက် ၃.၁၀.၈၈ ရက်နေ့တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကော်မရှင်၏ ထုတ်ပြန်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စတင်သန္ဓေတည်ခဲ့သည်ဟု ဆိုနိုင်သည်။ စတင် ဖွဲ့စည်းစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌမှာ ဦးအောင်ကြီး ဖြစ်ပြီး ၉.၂.၈၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ပါဝင်သော ဗဟိုအမှုဆောင် ၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ တပ်မတော်အစိုးရက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြဋ္ဌာန်းရခြင်းမှာ နိုင်ငံရေးပါတီများ ဖွဲ့စည်းလှုပ်ရှားရာ၌ စနစ်တကျ စည်းရုံးလှုပ်ရှားနိုင်ရေးအတွက် ဖြစ်သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန် စည်ပင်သာယာရေး နယ်နိမိတ်ရှိ မြို့နယ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပါတီ၏ အထွေထွေ အတွင်းရေးမှူး တာဝန်ဖြင့် စည်းရုံးရေးဆင်းသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ ခရီးစဉ်များအနက် မွန်ပြည်နယ်သို့ ၁၄-၁၂-၈၈ ရက်နေ့မှ ၁၈-၁၂-၈၈ ရက်နေ့အထိ ပထမဆုံး စည်းရုံးရေး ခရီးစဉ်ကို စတင်ခဲ့သည်။ ပါတီစည်းရုံးရေး ဆင်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို ပြည်သူများက သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြရသည်။ ထောက်ခံခဲ့ကြသည်။ မွန်ပြည်နယ် ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်အား ပြည်နယ်အာဏာပိုင် အဖွဲ့အစည်းများက တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက် မပြုလုပ်ခဲ့ကြပေ။ သို့သော် မွန်ပြည်နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအား အမိန့်အမှတ် ၂/၈၈ ကို ချိုးဖောက်သည်ဟု ဆိုကာ ဖမ်းဆီးထိန်းသိမ်းခံကြရသည်။ အရေးယူခံကြရသည်။ ထိုစဉ်က ပြည်နယ် ပဝတဥက္ကဋ္ဌမှာ ဗိုလ်မှူးချုပ် ဉာဏ်လင်း ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ် ခရီးစဉ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ခရီးစဉ်ကို ၄-၄-၈၉ ရက်နေ့မှ ၆-၄-၈၉ ရက်နေ့အထိ စတင် ထွက်ခွာခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်အောင်သည် ဒေါ်အောင်ဆန်းစုကြည်၏ ဧရာဝတီတိုင်းဒေသကြီးအတွင်း စည်းရုံးရေး လာရောက်မည့် သတင်းကို ကြိုတင် ရရှိထားသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ လာရောက်လျှင်မကြိုရ၊ လက်ခွဲနှုတ်ဆက်ခြင်း မပြုရ။ လက်မပြရ။ ကျန်းမာပါစေဟု ဆုတောင်းမေတ္တာ မပို့ရ။ အိမ်တွင်းမှ အိမ်ပြင် မထွက်ရ။ ပြုံးမပြရ စသည်ဖြင့် တိုင်းဒေသကြီး အာဏာပိုင်အဖွဲ့အစည်းများနှင့် မြို့နယ်အဖွဲ့အစည်းများသို့ ကြိုတင် အမိန့်ထုတ်ထားသည်။



ပြည်သူများအား အသိပေးကြေညာထားသည်။ ယင်းတားမြစ်ချက်များမှာ ၂/၈၈ နှင့်လည်း မငြိတွယ်။ ကန့်သတ်ချုပ်ချယ်ထားခြင်း မရှိသည်ကို တွေ့ရသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ပုဂ္ဂိုလ်ရေးမုန်းတီးမှုဖြင့် အမိန့်ထုတ်ခဲ့ဟန်တူသည်။

ယင်းတားမြစ်ချက်များနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် အထွေထွေရောဂါ ဆရာဝန် ဒေါက်တာစစ်တင်က တိုင်းမှူးတာဝန်ထမ်းဆောင်နေသည့် ဗိုလ်မှူးချုပ်မြင့်အောင်က အမိန့်အမျိုးမျိုး ထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူလူထု မတွေ့နိုင်အောင် အမျိုးမျိုးလုပ်သည်။ ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ပေါ်က ကားများ ငှားမရအောင် နည်းအမျိုးမျိုးနှင့် ပိတ်ပင်သည်။ ယာဉ်ပိုင်ရှင်တွေကို ခြိမ်းခြောက်သည်။ လူငါးဦးထက် ပိုမစုရဟု အမိန့်ထုတ်သည်။ ယင်းသို့ဆောင်ရွက်သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် သူတည်းခိုရာနေအိမ်မှ ပုသိမ်မြို့ထဲသို့ မဝင်ရ။ ပုသိမ်မြို့ခံများနှင့် တွေ့ဆုံခွင့် ရလိမ့်မည် မဟုတ်။ တိုင်းမှူးဗိုလ်မှူးချုပ်မြင့်အောင် တွက်ဆထားပုံရသည်ဟု ဆိုသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ပုသိမ်မြို့ထဲသို့ သွားရန် ကားငှားမရသဖြင့် စက်ဘီးတစ်စီးကို ငှားနိုင်း၍ စက်ဘီးနှင့် မြို့ထဲသို့ ဝင်ခဲ့သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့တွင်းတွင် စက်ဘီး လွတ်လပ်စွာ စီးနိုင်စေရန် မြို့သူမြို့သားများက စောင့်ရှောက်ခဲ့ကြသည်ဟု ရေးသားထားသည်။

၁၉၈၉ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူခရီးစဉ် ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့အနီး ကျေးရွာများသို့ စည်းရုံးသွားရောက်ခဲ့သည်။ ထိုနေ့ နံနက် ၉ နာရီခွဲခန့်တွင် ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် မြို့နယ်ကျေးရွာများမှ စည်းရုံးရေးမှူးများနှင့် ဆွေးနွေးပွဲ ကျင်းပသည်။ ဒေါ်အောင်ဆန်းစုကြည်သည် လမ်းလျှောက်ရင်း ဓနုဖြူမြို့သူမြို့သားများအား ဒီမိုကရေစီကိုချစ်မြတ်နိုးရင် အိမ်ပေါ်က ဆင်းပြီး နှုတ်ဆက်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်မနှင့်အတူ ချီတက်ကြပါ။ ဒီမို ကရေစီ လိုချင်ရင် သတ္တိရှိရမယ်။ အစိုးရဟာ လက်နက်အားကိုးနဲ့ တိုင်းပြည် ထူထောင်နေပါတယ်ဟု** ထည့်သွင်းပြောကြားခဲ့သည်။ ဆွေးနွေးပွဲ ပြီးသည့်အခါ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် အဖျောက်မြို့သွားရန် ရန်မျိုးအောင်ဆိပ်ကမ်းသို့ ကားမစီးဘဲ လမ်းလျှောက်၍သွားသည်။ ဆိပ်ကမ်းမှ မြို့နယ်ပါတီရုံးနှင့် နီးသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မြို့တွင်းရှိ လမ်းဆုံးနေရာ ရောက်ရှိလာသည့်အခါ ယင်းမြို့နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ် လိုက်လာကြသည်။ ယင်းလမ်းဆုံမှာ ခေတ်လိုက်တည်းခိုခန်းအနီးတွင် ရှိသည်။ ဓနုဖြူမြို့နယ် အာဏာပိုင်အဖွဲ့အစည်းနှင့်အတူ တပ်မတော်မှ စစ်သားအချို့လည်း လိုက်ပါသည်။ ယင်းတို့အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များက အသံချဲ့စက် တပ်ဆင်ထားသော ကားပေါ်မှ မိုက်ဖြင့် အော်၍သတိပေးသည်။



ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူ ဧည့်ရုံးရှေ့ ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် နေရာတွင် The Lady ရုပ်ရှင်ဇာတ်ကား၌ တပ်မတော်သားများရှေ့မှ မိရှယ်ယို (Michelle Yeoh) သရုပ်ဆောင်ထားသည့် ဇာတ်ဝင်ခန်း



**လမ်းပေါ်မှာ လမ်းလျှောက်ဆန္ဒပြခြင်း မပြုရပါဘူးခင်ဗျာ၊ အမိန့်အမှတ် ၂/၈၈ နဲ့ ညီစွန်းနေပါတယ်၊ ဆူပူရန် ရည်ရွယ်ချက်ဖြင့် စီတန်းလမ်းလျှောက် ဆန္ဒပြခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါတယ်၊ အကယ်၍ လိုက်နာခြင်း မရှိပါက ထိရောက်စွာ ပစ်ခတ်နှိမ်နင်းရပါလိမ့်မယ်။**

အသံချဲ့စက်မှမိုက်ဖြင့်အော်သံကြောင့် ဓနုဖြူမြို့တွင်းရှိ လူထုပရိသတ်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် စိုးရိမ်မှုများ ဖြစ်ပေါ်နေကြသည်။ အာဏာပိုင်အဖွဲ့အစည်းမှ မိုက်နှင့်အော်၍ သတိပေးခြင်းကို ဒေါ်အောင်ဆန်းစုကြည်နှင့်အတူအဖွဲ့ဝင်အားလုံး ရှင်းရှင်းလင်းလင်း ကြားသည်။ သို့သော် အာဏာပိုင်အဖွဲ့အစည်းမှ ပြောကြားသည်ကို အဖွဲ့ဝင်များမှအစ ဒေါ်အောင်ဆန်းစုကြည်အဆုံး တစ်ဦးမှ ဂရုမစိုက်။ နောက်သို့ လှည့်မကြည့်ဘဲ သွားမြဲသွားနေသည်။

တပ်မတော်မှ တာဝန်ရှိသူတစ်ဦးက အာဏာပိုင်အဖွဲ့အစည်းမှအသံချဲ့စက် မိုက်မှတစ်ဆင့် သတိပေးအမိန့် ပြောကြား၍ မပြီးသေးချိန်မှာပင် ရဲဘော်များအား အမိန့်ပေးနေသည်။ အမိန့်ပေးသံမှာ မိုက်ကတစ်ဆင့် အားလုံး ကြားနေရသည်။

"ကျည်ထိုး"

ရဲဘော်များမှာ ဒူးထောက်အနေအထားနှင့် မောင်းတင်ကျည်ထိုးပြီး ပစ်ခတ်ရန် အရံသင့် ဖြစ်နေသည်။ ဓနုဖြူပြည်သူတို့မှာလည်း သဲတထိတ်ထိတ် ရင်တမမ ဖြစ်နေကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကား သွားမြဲသွားနေဆဲ ဖြစ်သည်။ ထိုအခါ အာဏာပိုင်များက အသံချဲ့စက်မှ တစ်ဆင့် ထပ်မံ၍ သတိပေးသည်။

"ပထမအကြိမ် သတိပေးပါတယ်၊
ဒုတိယအကြိမ် သတိပေးပါတယ်၊
တတိယအကြိမ် သတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com





ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူ စည်းရုံးရေး ခရီးစဉ်တွင် တပ်မတော်သားနှစ်ဦးကြားမှ ဒေါ်အောင်ဆန်းစုကြည် ဖြတ်ထွက်လာသည်ကို ပြန်လည် သရုပ်ဆောင်ထားသည့် The Lady ရုပ်ရှင်မှ မိရှယ်ယို (Michelle Yeoh) သရုပ်ဆောင်ထားသည့် ဇာတ်ဝင်ခန်းတစ်ခန်း

ထို့နောက် ရဲဘော်များအား ပစ်မှတ်အား ချိန်ရွယ်ရန် အမိန့်ပေးပြန်သည်။ သို့သော် ပစ်မိန့်ပေးခြင်း မရှိသည်ကို တွေ့ရသည်။ အကြောင်းမှာ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ သင်္ဘောဆိပ်သို့ သွားခြင်းသာ ဖြစ်ပြီး ဆူပူရန် ရည်ရွယ်ချက်ဖြင့် လမ်းလျှောက်ဆန္ဒပြခြင်း မဟုတ်သောကြောင့် ဖြစ်ပေသည်။ သို့အတွက် ဓနုဖြူမြို့မှပြည်သူလူထုကြီးသည် သက်ပြင်းချနိုင်တော့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည်လည်း ဓနုဖြူမြို့ ရန်မျိုးအောင်ဆိပ်ကမ်းမှတစ်ဆင့် မော်တော်များဖြင့် အဖျောက်မြို့သို့ ထွက်ခွာလာခဲ့သည်။ အဖျောက်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးတာဝန်ခံပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ ဆကာကြီးကျေးရွာသို့ ဆက်လက်ထွက်ခွာကာ ကျေးရွာစည်းရုံးရေးမှူး၊ အင်န်အယ်လ်ဒီပါတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ညနေပိုင်းတွင် ခရီးစဉ်၏ နောက်ဆုံးကျေးရွာဖြစ်သည့် လက်ပံပင်ကျေးရွာသို့ သွားသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ လက်ပံပင်ကျေးရွာမှ ပြန်ထွက်လာသည်မှာ ညနေပိုင်းသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။



ရာသီဥတုက သာယာနေသည်။ တန်ခူးလ ဖြစ်၍ မိုးလေဝသမှာ အထူး ကောင်းမွန်နေသည်။ မြစ်ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများသာ ရှိသည်။ ထိုနေ့ညနေက ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့သားများသည် ကျေးရွာကလေးတစ်ရွာအပေါ်မှ နေမင်းကြီး ပျောက်ကွယ်သွားသည့် ညနေခင်းဆည်းဆာအလှကို ခံစားကြည့်ရှုလိုက်ရသည်။ သဘာဝအလှကို ကြည့်ရှုရင်း စိတ်ကြည်နူးမှုကို ကောင်းစွာခံစားခဲ့ကြရသည့်အလား ဖြစ်ပျက်ခဲ့သည့် စိတ်ခံစားမှုကို သတိမရခဲ့ကြသကဲ့သို့ အပြန်ခရီးတွင် ဖြစ်ပေါ်လာမည့် အကြောင်းကိုလည်း စိုးစဉ်းမျှ မတွေးမိခဲ့ကြပေ။

ဒေါ်အောင်ဆန်းစုကြည် တို့အဖွဲ့ ဓနုဖြူမြို့သို့ ပြန်လည်ရောက်ရှိသည်နှင့် ညီအစ်ကို မသိတသိအချိန်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ အချိန်အားဖြင့် ညနေခြောက်နာရီခန့် ဖြစ်သည်။ အလင်းရောင်မှာ ကောင်းစွာ ရှိနေသေးသည်။ ရန်မျိုးအောင်ဆိပ်ကမ်းမှ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မြို့နယ်ပါတီရုံးရှိရာသို့ လမ်းလျှောက်၍ ပြန်ခဲ့ကြသည်။ ဈေးရှိရာ ဗန္ဓုလလမ်းအတိုင်း ပြန်လာခြင်းဖြစ်သည်။ ဈေးပိတ်ချိန်ဖြစ်သဖြင့် ဗန္ဓုလလမ်းပေါ်တွင်လူရှင်းနေသည်။ လမ်းသွားလမ်းလာများ မရှိသလောက်ပင်။

ဗန္ဓုလလမ်းတလျှောက်လုံးမှာ လူသူကင်းရှင်း၍ ငြိမ်သက်လျက်ရှိသည်။ ယင်းအခြေအနေမှာ အန္တရာယ်ရှိသည်ဆိုသည့် အချက်ပေးခေါင်းလောင်းသံကဲ့သို့ သတိပြုစရာ အနေအထား ဖြစ်သည်။ ခဏအကြာတွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ဗန္ဓုလလမ်းနှင့် စာတိုက်လမ်းဆုံ မရောက်မီ ခပ်လှမ်းလှမ်းတွင် ဂျစ်ကားတစ်စီး ဗန္ဓုလလမ်းထိပ်သို့ ထိုးဆိုက်လာသည်။ ဂျစ်ကားနောက်မှ ပါသည့်

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်ခြောက်ဦး အပြေးဆင်းလာကာ လမ်းမပေါ်တွင် နေရာယူလိုက်သည်။ နှစ်ဦးက မတ်တပ်ရပ်လျက်။ ကျန်လေးဦးမှာ မှုဆိုးထိုင်ဒူးထောက်လျက် အနေအထားနှင့် ဖြစ်သည်။ ရှေ့တည့်တည့်မှ လာနေသည့် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ပစ်ခတ်နိုမ်နင်းရန် အသင့်အနေအထား ရှိသည်။ အုပ်ချုပ်သူ ဗိုလ်ကြီးမှာ ယင်းတို့နောက်မှ ခါးထောက်ရပ်လျက် ရှိနေသည်။

**"ဆန္ဒပြတဲ့ အနေအထားနဲ့ တန်းစီပြီး မသွားပါနဲ့**
**လမ်းကို ပိတ်ဆို့ခြင်း မလုပ်နဲ့"**

အုပ်ချုပ်သူ ဗိုလ်ကြီး၏ တားဆီးအမိန့်ပေးသံကို ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ကောင်းစွာ ရှင်းရှင်းလင်းလင်းပီပီသသ ကြားရသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ကြီးအမိန့်ကို နာခံ၍ အဖွဲ့ဝင်များအား လမ်းပိတ်ဆို့မှု မဖြစ်စေရန် လမ်းဘေးမှ ကပ်၍လျှောက်သည်။ သူကိုယ်တိုင်လည်း လမ်းဘေးမှ ကပ်၍လျှောက်သည်။ ထိုစဉ် ဗိုလ်ကြီးက အများ အမှတ်မထင်သော စကားတစ်ခွန်းကို ဆိုလာပြန်သည်။



ရောဝတီတိုင်းဒေသကြီး စည်းရုံးရေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အယ်လ်ဒီ လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ လိုက်ပါစောင့်ကြည့်နေစဉ်





ရောဝတီတိုင်းဒေသကြီး၊ ဝုသိမ်စည်းရုံးရေးခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်နေသည့် ပြည်သူများနှင့် အတူ တွေ့ရစဉ်

ဗိုလ်ကြီး၏ စကားကို ဒေါ်အောင်ဆန်းစုကြည် ကြားရသည့်အခါ ဆုံးဖြတ်ချက်ကို လျှင်မြန်စွာ ချလိုက်သည်။ စိတ်မြန်၊ ကိုယ်မြန်၊ ဆုံးဖြတ်ချက် မြန်သော ဒေါ်အောင်ဆန်းစုကြည်သည် တစ်ယောက်တည်း လမ်းမပေါ်သို့ တက်၍ လမ်းလျှောက်သည်။ တည်ကြည်သော မျက်နှာ၊ နောက်မတွန့်သော ခြေလှမ်း၊ ရူးစိုက်သော အကြည့်တို့နှင့်အတူ ဒူးထောက်၍ ပစ်ခတ်ရန် အသင့်အနေအထားရှိနေသော စစ်သားလေးဦးအကြားမှ ဖြတ်လျှောက်သွားခဲ့သည်။ အကြောက်တရား ကင်းမဲ့စွာဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ခြေလှမ်းများသည် ကမ္ဘာကျော်သွားသည်။ ပြည်သူလူထုအား အကြောက်တရားနှင့် ကင်းဝေးကြပါစေဆိုသည့် သူ၏ ဆိုရိုးစကား သူကိုယ်တိုင် သက်သေပြခဲ့ခြင်း ဖြစ်သည်။

ထိုစဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှလူငယ်များနှင့် ဗိုလ်မှူးနှစ်ဦး ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ကြီးရှိရာသို့ အပြေးရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာကြသည်။ အဖွဲ့ချုပ်လူငယ်များသည် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် ရောက်ရှိလာခြင်း ဖြစ်ပြီး ဗိုလ်မှူးနှစ်ဦးမှာ ဗိုလ်ကြီးအား တားမြစ်အမိန့်ပေးရန်အတွက် ဖြစ်သည်။

"ဗိုလ်မြင့်ဦး မလုပ်နဲ့၊ မလုပ်နဲ့"

ဗိုလ်မှူးနှစ်ဦးက သံပြိုင် အမိန့်ပေးရင်း ဗိုလ်ကြီးမြင့်ဦးဆိုသူအနီးသို့ ရောက်ရှိသွားသည်။ ထို့နောက် ရဲဘော်အား ကျည်ရှင်းရန် အမိန့်ပေးသည်။ ရဲဘော်များလည်း အမိန့်အတိုင်း ကျည်ရှင်းသည်။ ဗိုလ်ကြီးမြင့်ဦးဆိုသူမှာ အတော် ဒေါသဖြစ်သွားပုံရသည်။

"ဒီလိုဆိုရင် ဒါတွေက ဘာလုပ်ရမှာလဲ"

ဗိုလ်ကြီးမြင့်ဦးက ပြောပြောဆိုဆိုနှင့် သူ့ပခုံးပေါ်မှ ကြယ်ပွင့်ကလေးများ တပ်ဆင်ထားသည့် ဒေါက်များကို ဆွဲဖြုတ်ပစ်လိုက်သည်။ ဗိုလ်ကြီးမြင့်ဦးဆိုသူ၏ ဒေါသမှာ သူ့ရဲဘော်များအား ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ပစ်မိန့် မပေးလိုက်ရ၍ ဖြစ်သော ဒေါသလော။ သူ၏ လုပ်ပိုင်ခွင့်ကို တားဆီးခြင်းကြောင့် ဒေါသဖြစ်ခြင်းလော။ ဒေါ်အောင်ဆန်းစုကြည်အား မပစ်လိုက်ရ၍ ဒေါသ ဖြစ်ခြင်းလော။ မည်သူမျှ ခန့်မှန်း၍ မရနိုင်ပေ။ ကာယကံရှင် ဗိုလ်ကြီးမြင့်ဦးဆိုသူသာ သိပေလိမ့်မည်။

ယင်းဖြစ်စဉ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်မှာ ပို၍ ကမ္ဘာကျော်သွားတော့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အကြောင်းကို The Lady အမည်ဖြင့် ရုပ်ရှင်အဖြစ် ဒါရိုက်တာမှာ Lue Besson က ရိုက်ကူးပြီး ဒေါ်အောင်ဆန်းစုကြည် နေရာတွင် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး Michelle Yeohက သရုပ်ဆောင်ပြီး မောင်မြင့်ဆန်းအောင်(Michael Aris)နေရာတွင် David Thewlis ကလည်းကောင်း၊ မောင်ထိန်လင်းနေရာတွင် Jonath Woodhouse တို့က ပါဝင်သရုပ်ဆောင်ခဲ့သည်။ စာရေး ဆရာမှာ Rebecca Frayn ဆိုသူ ဖြစ်သည်။ ယင်းဇာတ်ကားကို





ကျွန်တော်နှင့် ဒေါ်အောင်ဆန်းစုကြည် - ၁

ဒေါက်တာစစ်တင် (G-P)

ဒေါ်အောင်ဆန်းစုကြည်၏ ပုသိမ်မြို့စည်းရုံးရေးခရီးစဉ်တွင် တွေ့ကြုံရသည်များကို ဒေါက်တာစစ်တင် (G.P) ရေးသားထားသည့် ဂျာနယ်ပါ ဆောင်းပါး




ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရိုက်ကူးထားသည့် ကမ္ဘာကျော် The Lady ရုပ်ရှင်ကား ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ ခုနှစ်က ဖြန့်ချိခဲ့သည်။ ယင်းရုပ်ရှင်ဇာတ်ကားတွင် ဓနုဖြူမြို့တွင် ဒေါ်အောင်ဆန်းစုကြည် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ဇာတ်ဝင်ခန်း တစ်ခန်းအနေဖြင့် ထည့်သွင်း ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

□ □ □

## အစာပြတ် ရေငတ်နှင့် လမ်းဘေးအကျယ်ချုပ်မှာ ကံကောင်းလို့မသေ ကိုထိန်လင်းတို့အမေ

၁၉၉၈ ခုနှစ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးချယ်တင်မြှောက်ပွဲတွင် အနိုင်ရရှိထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကံဆိုးမိုးမှောင်ကျသော နှစ်ဟု ဆိုနိုင်သည်။ ထိုအချိန်က အင်န်အယ်လ်ဒီပါတီရုံးများ ပိတ်သိမ်းထားသော ကာလလည်း ဖြစ်သည်။ ထိုအချိန်က တပ်မတော်အစိုးရသည် အင်န်အယ်လ်ဒီပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အတော်များများကို ခြေချုပ်နှင့် ခံစဉ် အက်ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)၊ ပုဒ်မ ၅၄ တို့နှင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရသည်။ အချို့မှာ ရာဇဝတ်မှုဆိုင်ရာ ပုဒ်မများနှင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံကြရသည်။ အချို့မှာ တပ်မတော်အစိုးရ ညှိနှိုင်းသဘောတူညီချက်ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း မခံခဲ့ရပေ။ အချို့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာမူ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်၊ ပါတီဝင်အဖြစ်မှ နုတ်ခွင့်များ တောင်းခံ၍ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် အခြားသောပြစ်မှုဆိုင်ရာ ဥပဒေများနှင့် ပြစ်ဒဏ်ချမှတ်ခြင်း မခံရစေရန် ရှောင်ကွင်းခဲ့ကြရသည်။ ထိုအချိန်က ထောက်လှမ်းရေးများ အလွန် တန်ခိုးကြီးထွားသော ကာလ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့မှာ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ လွတ်ပြီးနောက် စည်းရုံးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော အချိန် ဖြစ်သည်။ အင်န်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များ ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့က သံတမန်များနှင့် နိုင်ငံခြားသတင်းဌာနများတွင် မှန်ကန်ကြောင်း ပြောဆိုသည်။ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် က ကုလသမဂ္ဂ အစည်းအဝေးများနှင့် အာဆီယံနိုင်ငံများကို အင်န် အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖမ်းဆီးထိန်းသိမ်း ထားခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။ နောင်တွင် နိုင်ငံခြားရေး ဝန်ကြီး ဦးဝင်းအောင် ကိုယ်တိုင်ပင် အင်းစိန် ဗဟိုအကျဉ်းထောင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ထောင်ထဲ၌ပင် ဘဝဇာတ်သိမ်းခဲ့ရ သည်။



စည်းရုံးရေးခရီးစဉ် မထွက်ခွာမီ ဒေါ်အောင်ဆန်းစုကြည်အား သူ၏ ကားပေါ်တွင် မြင်တွေ့ရစဉ်



ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ရွှေတို့သည် တပ်မတော် အစိုးရက အင်န်အယ်လ်ဒီလွှတ်တော် ကိုယ်စားလှယ်များ ဖမ်းဆီး ထားကြောင်း သက်သေပြနိုင်ရန်အတွက် ပဲခူးတိုင်း၊ မင်းလှမြို့နယ်သို့ ခရီးထွက်ခဲ့သည်။ မင်းလှမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်မှာ ဒေါ်လှလှမိုး ဖြစ်သည်။ ထိုစဉ်က ဒေါ်လှလှမိုးမှာ ကျန်းမာရေးမ ကောင်းသည့်အတွက် ပထမဆုံး ခရီးစဉ်အဖြစ် ၂၁.၇.၉၈ ရက်နေ့ တွင် စတင် ခရီးထွက်ခွာခဲ့ခြင်း ဖြစ်သည်။

မော်ဘီမြို့နယ်ရှိ လုံထိန်းတပ်ရင်း ၅ ရှေ့တွင် ဒေါ်အောင်ဆန်းစု ကြည်သည် မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဒေါ်လှလှမိုး ဖမ်းဆီးထိန်းသိမ်းခံရခြင်း ရှိ၊မရှိနှင့် ဒေါ်လှလှမိုး ကျန်းမာရေးမ ကောင်းသဖြင့် သွားရောက်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ သို့တိုင် ဒေါ်အောင်ဆန်းစုကြည်အား ခရီး ဆက်လက် ထွက်ခွာခွင့် မပြုချေ။ နောက်တစ်နေ့တွင် တာဝန်ရှိသူများက မင်းလှမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဒေါ်လှလှမိုးကို ဒေါ်အောင်ဆန်းစုကြည်ထံ ခေါ်လာသည်။ ဒေါ်လှလှမိုးနှင့် တွေ့ဆုံပေးလိုက်သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့သို့ ခရီးမဆက်တော့ဘဲ ရန်ကုန်သို့ ပြန်လာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ ခရီးစဉ်များကို တားဆီး ပိတ်ပင်ရုံမျှဖြင့် လွယ်လွယ်နှင့် လက်မလျှော့ပေ။ အမျိုးသားဒီမိုကရေ စီအဖွဲ့ချုပ်၏ ရည်ရွယ်ချက်အတိုင်း အင်န်အယ်လ်ဒီ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ်များ ဖမ်းဆီးထိန်းသိမ်းခံရခြင်းသည် လူ့အခွင့် အရေးနှင့် လူ့ဂုဏ်သိက္ခာကို ထိပါးစေခြင်း၊ အဖွဲ့ချုပ်၏ ဂုဏ်သိက္ခာ ကို ထိပါးစေခြင်းတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံမိ မိသားစုများနှင့် တွေ့ဆုံအားပေးနိုင်ရန် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ခရီးသွား လာခြင်းသည် အင်န်အယ်လ်ဒီပါတီ၏ အထွေထွေအတွင်းရေးမှူး တာဝန်ဖြင့် အဖွဲ့ချုပ်ကိုယ်စား သွားလာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ၂၄-၇-၁၉၉၈ ရက်နေ့တွင် ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့သို့ နံနက် ၉ နာရီခန့်၌ စတင် ခရီးထွက်ခွာခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အတူ ဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးလှဖေ လိုက်ပါလာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့သည် ရန်ကုန်မြို့မှ လှိုင်သာယာမြို့အထိ လုံခြုံအေးချမ်းစွာဖြင့် ခရီးထွက်ခွာနိုင်ခဲ့ပါသည်။

လှိုင်သာယာမြို့ အလွန် လုံထိန်းတပ်ရင်း ၉ ရှေ့သို့ ရောက်ရှိသည့်အခါ ဒေါ်အောင်ဆန်းစုကြည်တို့ကားမှာ စတင် တားဆီးခြင်းခံရသည်။ ခဏအကြာ လမ်းပြန်ဖွင့်ပေးလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့လည်း ဘေးကင်းစွာဖြင့် ဆက်လက် ခရီးထွက်ခွာခွင့်ရခဲ့သည်။ ထန်းတပင် တာဆုံလမ်းခွဲသို့ ခေတ္တ တားဆီးခဲ့သော်လည်း လမ်းပြန်ဖွင့်ပေးခဲ့သည်။

ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီးသို့ ရောက်ရှိလာသည့်အခါ သဲအိတ်များ၊ သွပ်ဆူးကြိုးများ၊ လုံခြုံရေးအင်အား များစွာနှင့် တားဆီးပိတ်ဆို့ကြသည်။ အညာစုကျေးရွာအနီး ဒေါ်အောင်ဆန်းစုကြည်တို့ ပိတ်ဆို့ခံရသည့် နေရာမှာ ညောင်တုန်းမြို့နှင့် ၁၅ မိုင်ခန့် အကွာတွင် ရှိသည်။ အညာစုရွာအနီး တားဆီးပိတ်ဆို့မှုမှာ ကြောက်စရာကောင်းသည်။

ရန်ကုန်-ညောင်တုန်း လမ်းပေါ်တွင် လမ်းဘေးဝဲယာမှ သဲအိတ်တစ်ထပ်၊ သံဆူးကြိုးတစ်ထပ် ကာရံထားပြီး ကားလမ်းကို အဝင်တစ်စီး၊ အထွက်တစ်စီး၊ ကားနှစ်စီး မောင်းသာရုံသာ ချန်ထားသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မလာမီ အချိန်ပိုင်းအတွင်းက လေးမှာပင် စနစ်တကျ စီစဉ်ထားပုံရသည်။

ဒေါ်အောင်ဆန်းစုကြည်တို့ကား ရောက်ရှိလာသည့်အခါ အသင့် စီစဉ်ထားသည့် ခရီးသည်တင် အဲယားကွန်းဘတ်စ်လိုင်းကားနှစ်စီးက လမ်းကို ကန့်လန့်ဖြတ်၍ တရှိန်ထိုး မောင်းနှင်ချိုးကွေ့ကာ ပိတ်လိုက်ကြသည်။ ထိုစဉ် ဒေါ်အောင်ဆန်းစုကြည်၏ကားမှာ ယင်းသို့ လုပ်မည်မထင်။ အရှိန်နှင့် မောင်းနှင်လာသဖြင့် အရှိန်မထိန်းနိုင်လျှင် တိုက်မိမည် ဖြစ်သည်။ သို့သော် ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ကား မောင်းနှင်သည့် ကိုထွန်းမြင့်မှာ ကားမောင်းကျွမ်းကျင်သဖြင့် ကားကို ဂငယ်ကွေ့၍ ရှောင်လိုက်သည်။ အကယ်၍ ဂငယ်ကွေ့ မကွေ့ဘဲ ဘရိတ်အုပ်လျှင်ပင် အရှိန်နှင့် တိုက်မိနိုင်သည့် အနေအထား ဖြစ်သည်။ သို့သော် မတိုက်မိခဲ့ပေ။

ယင်းအဖြစ်အပျက်ကြောင့် ကိုထွန်းမြင့်က ကားကို ရပ်လိုက်သည်။ ချက်ချင်းဆိုသလို လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်လာသည်။ လုံခြုံရေးတပ်ဖွဲ့အရာရှိက ဒေါ်အောင်ဆန်းစုကြည်နှင့် စကားလာပြောသည်။ အခြားမဟုတ်။ ဆက်မသွားရန် တားမြစ်ခြင်းပင် ဖြစ်သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် လုံခြုံရေးတပ်ဖွဲ့မှ အရာရှိတို့ အပြန်အလှန် အခြေအတင် စကားပြောကြသည်။

**"ရှေ့ဆက်မသွားပါနဲ့၊ ရန်ကုန်ဘက်ကို ပြန်သွားပါ"**

**"ကျွန်မ ရန်ကုန်ဘက် လှည့်ပြန်ဖို့ လာတာ မဟုတ်ပါဘူး၊ ကျွန်မပါတီက လွှတ်တော်ကိုယ်စားလှယ်တွေ ကျန်းမာရေးမကောင်းလို့ သွားရောက်တွေ့ဆုံမေးမြန်းဖို့ လူမှုရေးအရ လာတာပါ၊ ဘာကြောင့် ဒီလမ်းကို ပိတ်တာလဲ၊ ကျွန်မ လာလို့လား"**

**"အဲဒါ ကျွန်တော်တို့ ပြောခွင့် မရှိပါဘူး၊ ရန်ကုန်ကို ပြန်ပါ"**

**"ပြန်ဖို့လာတာ မဟုတ်ဘူး၊ လုံးဝ မပြန်ဘူး၊ နောက်ထပ် ဆက်မပြောပါနဲ့"**

ဒေါ်အောင်ဆန်းစုကြည်အား လုံခြုံရေးအရာရှိက ရန်ကုန်ပြန်ရန် ပြောသော်လည်း မပြန်ဘဲ ငြင်းဆန်ခဲ့သည်။ ရန်ကုန်ကို ပြန်ပါဆိုသည့် စကားကိုပင် ထပ်မပြောရန် ဒေါ်အောင်ဆန်းစုကြည်က ရဲဝင့်ပြတ်သားစွာ တုံ့ပြန်ပြောဆိုသည်။ ရန်ကုန်သို့ ပြန်ရန် ငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သို့အတွက် လုံခြုံရေးတပ်ဖွဲ့များက ဒေါ်အောင်ဆန်းစုကြည်တို့ စီးလာသည့်ကားကို တွန်းရွှေ့သည်။ တွန်း၍ မရသည့်အခါ ကားပေါ်ရှိ လူများနှင့်အတူ မ၍ အနီးရှိ တံတားပေါ်သို့ တင်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်မောင်းကိုထွန်းမြင့်က တံတားပေါ်မှ ကားကို မောင်းဆင်းသည်။ အုတ်သဲကျောက်တင်သည့် ကားတစ်စီးက ဒေါ်အောင်ဆန်းစုကြည်တို့ကားရှေ့ မောင်းနှင်လာကာ ပိတ်ရပ်သည်။

**"ရန်ကုန် ပြန်မယ်ဆိုရင်တော့ ပြန်လို့ရတယ်၊ ဒီဘက်တော့ သွားလို့ မရပါဘူး"**

လုံခြုံရေးအရာရှိက ဒေါ်အောင်ဆန်းစုကြည်အား နောက်တစ်ကြိမ် ထပ်မံသတိပေးသည်။ ပြော၍မရသည့်အခါ ကားကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝိုင်းမ၍ တံတားပေါ် ပြန်တင်သည်။ ယင်းကားပေါ်တွင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဦးလှဖေ၊ ယာဉ်မောင်းကိုထွန်းမြင့်နှင့် စက်ပြင်ဆရာတစ်ဦး ပါရှိသည်။ ချောင်းကူးသစ်သားတံတားလေးပေါ်သို့ ကားရောက်သည့်အခါ ကားဘီးများ မလှိမ့်နိုင်စေရန် အပြင်မှ တစ်ဆင့်ခံဘရိတ်များ တပ်ဆင်လိုက်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့ကားမှာ ကားစက်နှိုး၍ မောင်းသည့်တိုင် မောင်း၍ မရတော့။

ညနေလေးနာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ကား ရှိရာသို့ ရဲမှူးချုပ်အောင်နွယ်နှင့် ဒုတိယရဲမှူးတစ်ဦး ရောက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် စကားပြောလို၍ ဖြစ်သည်။ ဒုတိယရဲမှူးက ကားမှန်တံခါးကို ခေါက်သည်။ တံခါးကို ဆွဲဖွင့်သည်။ ကားအတွင်းမှ လော့ချထားသဖြင့် ဖွင့်၍မရပေ။ နောက်ပိုင်းတွင် အင်န်အယ်လ်ဒီ ဗဟိုအမှုဆောင်အဖွဲ့၏ အဆိုအရ ဆက်ဆံရေး ရိုင်းပျခြင်းနှင့် အဆုံးအဖြတ်ပေးနိုင်မည့်သူ မဟုတ်၍ ဒေါ်အောင်ဆန်းစုကြည်က ကားတံခါး ဖွင့်မပေးခြင်းဖြစ်ကြောင်း သိရသည်။ ညနေခုနစ်နာရီ



ခန့်တွင် တံတားနောက်တွင် လုံခြုံမှု ရှိစေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက သံဆူးကြိုးများ ဝိုင်းပတ်ကာရံထားသည်။ ကားရှေ့ တံတားထိပ်တွင်မူ လုံခြုံရေးတပ်ဖွဲ့များနှင့် ပိတ်ဆို့ထားခဲ့သည်။

၂၆.၇.၉၈ ရက်နေ့တွင် အစိုးရအနေဖြင့် သံအမတ်ကြီးများ၊ သံရုံးအရာရှိများနှင့် ပြည်တွင်းပြည်ပမှ သတင်းထောက်အချို့ကို ဒေါ်အောင်ဆန်းစုကြည်တို့ တားဆီးပိတ်ဆို့ထားသည့် နေရာအားပြသရန် စီစဉ်ထားသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်တို့၏ ကားတွင် တစ်ဆင့်ဘရိတ်များကို ကြိုး၍ ဖြုတ်ထားကြသည်။ သံဆူးကြိုး အကာအရံများကို ဖယ်ရှားထားကြသည်။ ထိုအခါ ယာဉ်မောင်း ကိုထွန်းမြင့်သည် ဒေါ်အောင်ဆန်းစုကြည်၏ အမိန့်အရ ကားစက်နှိုး၍ မောင်းထွက်သည်။

ပုသိမ်ကားလမ်းဘက်သို့ ဦးတည်၍ မောင်းထွက်စဉ် လုံခြုံရေး တပ်ဖွဲ့ဝင်များရှေ့မှ ပိတ်၍ တားဆီးကြသည်။ ထုံးစံအတိုင်း မောင်းထွက်လာသည့် ကားကို ရပ်တန့်စေ၍ တံတားပေါ်သို့ တွန်း၍ မ၍ တင်ကြသည်။ ထိုစဉ် ကြင်နာသနားတတ်သော လုံခြုံရေးတပ်ဖွဲ့ဝင်လေးတစ်ဦးက ဒေါ်အောင်ဆန်းစုကြည်တို့အား ရေသန့်ဘူးတစ်ဘူး ဝယ်ပေးသည်။ ယင်းသို့ ရေသန့်ဘူး ဝယ်ပေးသည့် ကိစ္စကို အရာရှိ သိသွားသည့်အခါ နောက်တစ်နေ့မှ စတင်၍ ဒေါ်အောင်ဆန်းစုကြည်တို့ ကားအနီးတွင် တာဝန်မချထားတော့ပေ။

ဒေါ်အောင်ဆန်းစုကြည်တို့ကားသည် အခွင့်အရေးရလျှင် ပုသိမ်ကားလမ်းဘက်သို့ မောင်းတက်ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီး၍ တံတားလေးပေါ်သို့ တွန်း၍မ၍ တင်ကြသည်မှာ သုံးလေးကြိမ်ခန့် ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့တွင် သောက်ရေ ပြတ်လပ်နေပြီ ဖြစ်သဖြင့် ရေသန့်ဘူး ဝယ်ခွင့်ပြုရန် ပြောသည်။ အထက်အမိန့် မရဟု ဆိုကာ ဝယ်ခွင့်မပြု။

လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်တို့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အား ရေသန့်ဘူးလည်း ဝယ်ခွင့်မပြု။ သူတို့ကိုယ်တိုင်လည်း သောက်သုံးရေမပေးဘဲ ထားရှိသည်။ ၂၆-၇-၉၈ ရက်နေ့တွင် တပ်မတော် ထောက်လှမ်းရေးမှ ဗိုလ်မှူးရန်နိုင်ဆိုသူ ရောက်လာသည်။ ဗိုလ်မှူးရန်နိုင်က ဒေါ်အောင်ဆန်းစုကြည်အား မေးခွန်းအချို့ မေးမြန်းခဲ့သည်။

**"အန်တီ၊ အခု ဘယ်သွားမလို့လဲ"**

**"ဖမ်းဆီးထိန်းသိမ်းထားခံရတဲ့ ရောဝတီတိုင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အိမ်တွေကို သွားမလို့၊ အခု သူတို့က ခြေချုပ်နဲ့ ခံဝန်အက်ဥပဒေနဲ့ ခံဝန်လက်မှတ်ထိုးပေးရတယ်လေ၊ သိတမန်တွေ လာတုန်းက လုံခြုံရေး မပါလို့ သွားခွင့်မပြုတာဆိုတာက လိမ်တာပဲ"**

ဒေါ်အောင်ဆန်းစုကြည်၏ ပြောစကားကြောင့် ဗိုလ်မှူးရန်နိုင်ဆိုသူမှာ ကားအနီးမှ ပြန်၍သွားသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့မှာ မွန်းတည့်ပြီဖြစ်သော်လည်း မည်သည့်အစားအစာမျှ မစားရသေးပေ။ သောက်ရေ ရရှိရန်လည်း အခက်အခဲ ဖြစ်နေသည်။ ထူးခြားသည်မှာ လုံခြုံရေးတပ်ဖွဲ့ဝင် အတော်များများသည် ယူနီဖောင်း ဝတ်ဆင်ထားရာမှ အရပ်ဝတ်ကို ပြောင်းလဲဝတ်ဆင်ထားကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား တားဆီးပိတ်ဆို့ထားသည့် သံဆူးကြိုးများကို ဖယ်ရှားထားသည်။ သို့သော် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးကမူ တံတားထိပ် မလှမ်းမကမ်းမှ ရပ်စောင့်နေကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့မှာ အစာရေစာ ပြတ်လပ်နေပြီဖြစ်သည်။

ယင်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရေဝယ်ခွင့်ပြုရန် ထပ်မံတောင်းဆိုကြသည်။ သို့တိုင် ဝယ်ယူခွင့်မပြုခဲ့ပေ။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ရေနှင့် အစားအစာများကို ဖြတ်တောက်ခြင်း ခံကြရသည်။ ရေဆာသဖြင့် မိုးရွာသည့်အခါ ထီးဖြင့် ရေခံ၍





ရောဝတီတိုင်းဒေသကြီး၊ ဒုသိမ်ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ စီးလာသည့် ကားအား ရှေ့သို့ ခရီးမဆက်နိုင်ရန် တံတားပေါ်သို့ ပို့ဆောင်၍ တားဆီးပိတ်ဆို့ထားစဉ်

သောက်ရသည့် အဆင့်မျိုးအထိ ရောက်ရှိနေပြီ ဖြစ်သည်။ အင်န်အယ်လ်ဒီအဖွဲ့ဝင်များက အစားအသောက်နှင့် ရေများ လာပို့ကြသည်။ ဒေသအာဏာပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်မခံဘဲ ငြင်းဆန်သည်။ ယင်းတို့ ကိုယ်တိုင်ကလည်း အစားအသောက်နှင့် ရေများ မပေးသဖြင့် အစာငတ်ခံ ဆန္ဒမပြဘဲ အစာငတ်ခံနေကြရသည်။

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ထောက်လှမ်းရေးမှ ဗိုလ်မှူးရန်နိုင်ဆိုသူ ထပ်မံ ရောက်ရှိလာပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ဘာမျှ မပြောသော်လည်း ထိုင်နေသည့် အင်န်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေအား နှစ်သိမ့်အားပေးသည့်အသွင်ဖြင့် နောက်ကြောင်းပြန်လှည့်ရန် စည်းရုံးနေသည်။

**"အန်ကယ် ရှေ့ဆက်သွားလို့ ဘာမှ အကြောင်းမထူးပါဘူး၊**

www.burmeseclassic.com

www.burmeseclassic.com



**နောက်ကြောင်း ပြန်လှည့်ပါ၊ အသက်တွေလည်း ကြီးပါပြီဗျာ၊ နိုင်ငံရေးအတွေ့အကြုံလည်း အန်ကယ့်မှာ အများကြီး ရှိပါတယ်၊ ရှေ့ဆက်လုပ်ရမယ့် နိုင်ငံရေးအလုပ်တွေက အများကြီး ရှိပါသေးတယ်၊ အန်ကယ်တို့ကို ကျွန်တော် အကျိုးရှိရှိ လုပ်စေချင်လို့ပါ''**

အမှန်မှာ ဗိုလ်မှူးရန်နိုင်က ဦးလှဖေအား သိမ်းသွင်းစည်းရုံးပြောသယောင်နှင့် ဒေါ်အောင်ဆန်းစုကြည်အား ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်ဟန်တူသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အရိပ်အကဲကို နားလည်တတ်ကျွမ်းသူပီပီ ဗိုလ်မှူးရန်နိုင်ကို ပြန်ပြောလိုက်သည်။

**''ဒီမယ်၊ သွေးခွဲစကား လာမပြောပါနဲ့''**

ဒေါ်အောင်ဆန်းစုကြည်က ဦးလှဖေကိုယ်စားကဲ့သို့ ဗိုလ်မှူးရန်နိုင်အား ပြန်ပြောခဲ့သည်။ ဗိုလ်မှူးရန်နိုင်လည်း ရန်ကုန်သို့ ပြန်ရန် စည်းရုံးမရသဖြင့် လှည့်ပြန်သွားသည်။ ဗိုလ်မှူးရန်နိုင်ဆိုသူက လက်မလျှော့ပေ။ မွန်းလွဲနှစ်နာရီကျော်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ ရှိရာသို့ ရောက်ရှိလာပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်မှူးရန်နိုင်တို့ အပြန်အလှန် အချေအတင် ပြောဆိုကြသည်။

**''အစ်မနဲ့ အန်ကယ်တို့ ရန်ကုန်ကို ပြန်တာ အကောင်းဆုံးဖြစ်မယ် ထင်တယ်''**

**''ဘာဖြစ်လို့လဲ၊ ဒီလမ်းက အများပြည်သူ သွားလာလို့ ရတဲ့လမ်းပါ၊ ကျွန်မကျမှ မသွားရဘူးလို့ တားဆီးပိတ်ပင်တာ လုံးဝအဓိပ္ပါယ် မရှိဘူး''**

**''ဒီမှာ ဧရာဝတီတိုင်းက လူကြီး ပါတယ်၊ ဖမ်းလား၊ မဖမ်းလား၊ မေးကြည့်''**

ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်မှူးရန်နိုင် ပြောသမျှကိုပြန်ပြောသည်။ မေးခွန်းထုတ်သည်။ ဗိုလ်မှူးရန်နိုင်မှာ ဒေါ်အောင်ဆန်းစုကြည် မေးသမျှကို အဆင်ပြေအောင်သာ ပြန်ဖြေနေရသည်။ ဒေါ်အောင်ဆန်းစုကြည်က အင်န်အယ်လ်ဒီ ဧရာဝတီတိုင်းဒေသကြီးစည်း



ရုံးရေးဥက္ကဋ္ဌအား လက်ညှိုးထိုး၍ ဗိုလ်မှူးရန်နိုင်အား ပြောလိုက်သည်။ ဗိုလ်မှူးရန်နိုင်က မမေးမီပင် ဦးလှဖေက ဧရာဝတီတိုင်းဒေသကြီးအတွင်း ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ ဖမ်းဆီးထိန်းသိမ်းခံရသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်များကို တန်းစီ၍ ရွတ်ပြသည်။ ထိုအခါ ဗိုလ်မှူးရန်နိုင်မှာ မငြင်းနိုင်တော့ဘဲ စကားလမ်းကြောင်းလွှဲ၍ ပြောသည်။

**''ဒီကိစ္စက ကျွန်တော်နဲ့ မဆိုင်ဘူး၊ ဒေသဆိုင်ရာ အာဏာပိုင်တွေက လုံခြုံရေးအရ လုပ်တဲ့ ကိစ္စပါ''**

**''အခုလို မတရားလုပ်တာကို နိုင်ငံတော်အစိုးရက သိရမှာပေါ့၊ ဥပဒေ စိုးမိုးရမှာပေါ့၊ တရားဥပဒေဆိုတာ တန်းတူညီမျှပဲ၊ တစ်ခုတည်းပဲ ရှိတယ်၊ ဒေသဆိုင်ရာ အာဏာပိုင်တွေ လုပ်တာကို ဗဟိုက အရေးပေး ဆောင်ရွက်မပေးနိုင်ဘူးလား၊ ဗဟိုအစိုးရက ဒေသဆိုင်ရာ အာဏာပိုင်တွေ လွှမ်းမိုးရမှာပေါ့''**

ဒေါ်အောင်ဆန်းစုကြည်၏ စကားကို ဗိုလ်မှူးရန်နိုင်ခမျာ ပြန်၍ အဖြေမပေးဘဲ ကားအနီးမှာ ချာခနဲ လှည့်ထွက်၍ ပြန်သွားသည်။ ဗိုလ်မှူးရန်နိုင် လာသည့်အချိန်မှာ မွန်းလွဲနှစ်နာရီကျော်ခန့် ဖြစ်၍ နေပူရှိန်က ပြင်းထန်လှသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အား တားဆီးပိတ်ဆို့၍ ခေတ္တ ထိန်းသိမ်းထားသည့် နေရာမှာ ချောင်းကူးတံတားလေးပေါ်တွင် ဖြစ်သည်။ သစ်ပင်၊ ဝါးပင် မရှိ။ လွင်တီးခေါင်ကြီးတွင် ဖြစ်သည်။ ဇူလိုင်လမှာ မိုးရာသီဆိုသော်လည်း မိုးကအဆက်မပြတ် ရွာသွန်းနေသည် မဟုတ်ပေ။ မိုးရွာလိုက်၊ အုံ့လိုက်၊ နေပူလိုက်နှင့်ပင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်တို့အား ဖမ်းဆီးထိန်းသိမ်းထားသည့် ချောင်းကူးတံတားလေးထိပ်တွင် အမိုးနှင့်တဲကလေးသာ ရှိသည်။ ကျန်ပတ်ဝန်းကျင်မှာ လမ်းနှင့် လယ်မြေများသာ ရှိသည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်တို့ လေးဦးမှာ နေဒဏ်၊

www.burmeseclassic.com

www.burmeseclassic.com



မိုးဒဏ်၊ ရေငတ်၊ အစာပြတ်နှင့် ပင်ပန်းဆင်းရဲကြီးစွာ ဒုက္ခခံစားကြရသည်။ သို့တိုင် ဒေါ်အောင်ဆန်းစုကြည်မှာ စိတ်ပျက်အားငယ်သွားခြင်း မရှိပေ။ ရှေ့သို့ ခရီးဆက်ရန်သာ ရည်သန်နေသည်။ နောက်ကြောင်းဖြစ်သည့် ရန်ကုန်ပြန်လှည့်ရန် စိတ်ကူးထဲတွင် မရှိ။ ကြံ့ကြံ့ခံ၍ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် နေသည်။ သတ္တိရှိရှိနှင့် တာဝန်ရှိသူများအား တုံ့ပြန်ခဲ့သည်။ စိတ်ဓာတ်ကြံ့ခိုင်မှု အပြည့်ရှိနေသည်။ ရှေ့သို့ ခရီးဆက်ရန်သာ အားသန်နေသည်။

နောက်တစ်နေ့ နံနက် ၁၁ နာရီခန့် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ရှိရာသို့ ဒေါက်တာတင်မျိုးဝင်း ရောက်ရှိလာသည်။ ဒေါက်တာတင်မျိုးဝင်းမှာ ဒေါ်အောင်ဆန်းစုကြည်အား အမြဲတမ်း ဆေးကုပေးနေသည့် မိသားစုဆရာဝန်ဖြစ်သည်။ သောက်သုံးရေမရှိသဖြင့် ဒေါက်တာတင်မျိုးဝင်း၏ တောင်းဆိုမှုကြောင့် ရေသန့်သုံးဘူး ဝယ်ခွင့်ရသည်။ လေးဦး ရှိသော်လည်း လေးဘူးပင် ဝယ်ခွင့် မရပေ။ ဒေါ်အောင်ဆန်းစုကြည်အား ဆေးကုသမှုပြုရန် ဒေါက်တာတင်မျိုးနားကျပ်၊ သွေးပေါင်ချိန်ကိရိယာ စသည်တို့ကိုပြင်ဆင်သည်။ ထိုစဉ် ဗိုလ်မှူးရန်နိုင်သည် ကင်မရာသမားများနှင့် ရောက်ရှိလာသည်။ ဗိုလ်မှူးရန်နိုင်၏ အပြုအမူကို ဒေါ်အောင်ဆန်းစုကြည် နှစ်မြို့ပုံမရ။ သို့အတွက် ကင်မရာသမားတွေ ရှိရင် ဆေးမကုဟု ငြင်းဆန်လိုက်သည်။

ထိုအခါမှ ဓာတ်ပုံကင်မရာသမားနှင့် ဗီဒီယိုကင်မရာသမားများ နောက်ပြန်လှည့်သွားကြသည်။ တံတားထိပ်ရှိ တဲကလေးမှသာ ရိုက်ကူးကြရသည်။ ဒေါ်အောင်ဆန်းစုကြည် ဆေးကုသရန်အတွက် အချိန် ကန့်သတ်ထားသည်။ သို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးမှ အချိန်စေ့ပြီဟု လှမ်း၍အော်ပါသည်။ ထိုအချိန်မှာ မွန်းလွဲ ၁ နာရီဖြစ်သည်။ ဆေးကုသချိန် နှစ်နာရီသာ ပေးခြင်းဖြစ်သည်။ ဒေါက်တာတင်မျိုးဝင်းက ပြန်ခါနီးတွင် လုံခြုံရေးအဖွဲ့ထံသို့ ရေသန့်ဘူး





ဒေါ်အောင်ဆန်းစုကြည်နှင့် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်း

ဝယ်ရန် ငွေငါးရာပေးခဲ့သည်။ ညနေ လေးနာရီကျော်ခန့်တွင် ရေသန့်ဘူး ၅ ဘူးကို လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက လာပေးသည်။

ဒေါ်အောင်ဆန်းစုကြည်တို့၏ ဖြစ်ရပ်မှာ နိုင်ငံတကာတွင် အရှားပါးဆုံး လမ်းပေါ်က အကျယ်ချုပ်စခန်းတစ်ခုလို ဖြစ်နေသည်။ နိုင်ငံတကာ ပြယုဂ်တွင် အလွန် ရှက်ဖွယ်ကောင်းလှသည်။

၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ထံ ဒေါက်တာတင်မျိုးဝင်း ထပ်မံ ရောက်ရှိလာသည်။ နေမွန်းတည့်နေပြီ ဖြစ်သည်။ ဒေါက်တာတင်မျိုးဝင်းလာရောက်စဉ်က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အတွက် လိုအပ်သည့် အဝတ်အထည်များ၊ ဆေးဝါးများနှင့်အတူ စားသောက်ဖွယ်ရာများကိုပါ ယူဆောင်လာခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့ထံ မရောက်။ အမှတ် ၉ လုံထိန်းရဲတပ်ရင်း စစ်ဆေးရေးဂိတ်တွင် အဝတ်အစားများကို သိမ်းဆည်းခံရသည်။ စားသောက်ဖွယ်ရာများကို ယူဆောင်ခွင့် မပြု။ ဆေးကုသရန် လိုအပ်သည့် ဆေးဝါးများကိုသာ ယူဆောင်ခွင့်ပြုခဲ့သဖြင့် ဆေးသေတ္တာမှမအပ လက်ဗလာဖြင့်သာ လာခွင့်ပြုခဲ့သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်အား ဆေးကုသရန် ဒေါက်တာတင်မျိုးဝင်းနှင့် အတူပါလာသည့် အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးဆရာဝန် ဒေါက်တာပြုံးအိမိုးကို ခန္ဓာကိုယ်အနှံ့ ရှာဖွေစစ်ဆေးခဲ့သည်။ စစ်ဆေးပြီးမှ ဒေါက်တာတင်မျိုးဝင်းနှင့်အတူ လိုက်ပါဆေးကုသခွင့်မပြုဘဲ ဂိတ်တွင်သာ နေရစ်စေသည်။ အစကတည်းက ဒေါက်တာပြုံးအိမိုးအား လိုက်ပါခွင့် မပြုလျှင် ရှာဖွေစစ်ဆေးရန် လိုအပ်မည် မဟုတ်ပေ။ စစ်ဆေးရှာဖွေပြီး လိုက်ပါခွင့် မပြုခဲ့ခြင်းမှာ ထူးဆန်းအံ့ဖွယ်ကောင်းလှသည်။

ပို၍ ထူးဆန်းသည်မှာ လူသားမဆန်သော လုပ်ရပ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ဆေးကုသခွင့် ပြုခဲ့သော်လည်း ခွန်အားရှိစေမည့် ဆေးဝါးများကို ကန့်သတ်ပိတ်ပင်ထားခြင်းပင် ဖြစ်သည်။ တာဝန်ရှိသူများက အစားအသောက်လည်း မကျွေး၊ ရေလည်းမတိုက်၊ ဆေးကုသခွင့်ပြုသည့် အာဟာရဖြစ်စေမည့် အားဆေး အပါအဝင် ဗီတာမင်ဆေးဝါးနှင့် ဆေးပစ္စည်း စသည်များကို သိမ်းဆည်းလိုက်ခြင်းမှာ မလုပ်သင့်၊ မလုပ်ထိုက်သော ကိစ္စတစ်ခု ဖြစ်သည်ဟု အများက ယူဆကြသည်။ သို့သော် ဒေါက်တာတင်မျိုးဝင်းက ခွင့်ပြုသည့် ဆေးဝါးများနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ကုသပေးခဲ့ရသည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အကြံပြုချက်တစ်ခုကို ထောက်လှမ်းရေးမှ ဗိုလ်မှူးသူရက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံ သတင်းပေးလာသည်။ ယင်းအကြံပြုချက်မှာ ဗဟိုအလုပ်အမှုဆောင်အားလုံး ညှိနှိုင်းတိုင်ပင်ပြီးမှ ဆုံးဖြတ်ရမည့် ကိစ္စ ဖြစ်သည်။ သို့အတွက် အင်န်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်များအားလုံး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးလှဖေတို့ထံ သွားရန် သဘောတူခဲ့သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ အထွေထွေအတွင်းရေးမှူး ဖြစ်ပြီး ဦးလှဖေမှာ ဗဟိုအလုပ်အမှုဆောင် ဖြစ်သည်။ စဉ်းစားဆုံးဖြတ်ရန်ရှိသည့် အကြံပြုချက်မှာလည်း ဒေါ်အောင်ဆန်းစုကြည်တို့၏ သဘောတူညီချက်ရရန်



လိုသည်။ ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီးတွင် တားဆီးပိတ်ပင်ခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ဗဟိုအမှုဆောင်အားလုံး သွားမည့်ကိစ္စကို သတင်းလာပေးသည့် ဗိုလ်မှူးသူရနှင့် ပြန်လည်ညှိနှိုင်းရသည်။ ဗိုလ်မှူးသူရက အလုပ်အမှုဆောင်တစ်ဖွဲ့လုံးကို သွားခွင့်မပြုဘဲ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်တစ်ဦး စုစုပေါင်း သုံးဦးသာ သွားခွင့်ပြုသည်။

သို့အတွက် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးတို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးလှဖေတို့ တားဆီးပိတ်ပင်ခံရသည့် နေရာသို့ ထွက်ခွာခဲ့ကြသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်တို့အတွက် အစားအသောက်နှင့် ရေသန့်ဘူးများပါ ယူဆောင်သွားခဲ့ကြသည်။ ထုံးစံအတိုင်း စစ်ဆေးရေးဂိတ်မှ သိမ်းယူလိုက်ပြန်သည်။ အပြန်မှ ယင်းပစ္စည်းများကို ပြန်ပေးသည်။

အင်န်အယ်လ်ဒီနှင့် ပတ်သက်သည့် တပ်မတော်အစိုးရ၏ အကြံပြုချက်ကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးလှဖေအပါအဝင် ဗဟိုအမှုဆောင် ၅ ဦး ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြသည်။ တပ်မတော်အစိုးရ၏ အကြံပြုချက်ကို နှစ်ဦးနှစ်ဘက် ညှိနှိုင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ရရှိခဲ့သည်။ ယင်းဆုံးဖြတ်ချက်ကို ဥက္ကဋ္ဌက ဆက်လက် တာဝန်ယူဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပြန်လာသည့်အခါ ညရှစ်နာရီခန့်တွင် ရန်ကုန်မြို့ရှိ ဦးလွင်တို့အိမ်သို့ ပြန်လည်ရောက်ရှိသည်။

၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၉ရက်နေ့ ညနေလေးနာရီခန့်တွင် ဗိုလ်မှူးသူရနှင့် လုံခြုံရေးအင်အား ၅၀ ခန့်တို့သည်လည်း ဒေါ်အောင်ဆန်းစုကြည်တို့ထံ ရောက်ရှိနေပြီ ဖြစ်သည်။ ကြိုတင်ကြံစည်ထားသည့်အတိုင်း ဗိုလ်မှူးသူရနှင့် ပါလာသည့် ကားများမှာ ရန်ကုန်ဘက်သို့ ကားခေါင်းများ ပြန်လှည့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးသူရနှင့် အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်တို့ထံ ရောက်ရောက်ချင်းပင် ဗဟိုအလုပ်အမှုဆောင် ဦးလှဖေ၊ ယာဉ်မောင်းကိုထွန်းမြင့်နှင့် စက်ပြင်ဆရာ ကိုညွန့်ရွှေတို့ကို ဖမ်းဆီးချုပ်နှောင်ကာ အခြားကားများပေါ်သို့ ခေါ်ဆောင်သွားကြသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ အစာရေစာ ပြတ်လပ်၍ ကားပေါ်တွင် လဲလျောင်းနေသည့် အနေအထားတွင် ဗိုလ်မှူးသူရနှင့် အဖွဲ့က မော်တော်ယာဉ်အတွင်း ဝင်ရောက်ကာ ဒေါ်အောင်ဆန်းစုကြည်အား ပွေ့ထူပြီး စစ်သူနာပြု နှစ်ဦးမှ တစ်ဖက်တစ်ချက်စီမှ ညှပ်ထိုင်လိုက်သည်။ ထို့နောက် ဗိုလ်မှူးသူရမှ ယာဉ်မောင်းရဲဘော်တစ်ဦးကို ဒေါ်အောင်ဆန်းစုကြည်ကားအား မောင်းနိုင်းကာ နေအိမ်သို့ အတင်းအကျပ် ပြန်လည် ပို့ဆောင်ခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အစာရေစာ ပြတ်လပ်၍ လဲလျောင်းနေရသော်လည်း စိတ်ဓာတ်က မပျော့ညံ့ပေ။ စိတ်ဓာတ်ခိုင်မာဆဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က ယခုဖြစ်ရပ်သည် မိမိ၏ သဘောဆန္ဒ မပါဘဲ အတင်းအကျပ် ချုပ်နှောင်ကာ ပြန်လည်ပို့ဆောင်ခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အင်န်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်အား ရာဇဝတ်မှု မကင်းသော အနိုင်အထက်ပြုကျင့်မှု အမျိုးမျိုး၊ လက်ရောက်မှု အမျိုးမျိုး၊ ခိုးမှုနှင့် အခြားပြစ်မှုတို့ ကျူးလွန်ခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၃ နှင့် အပိုဒ် ၂၅(၁) စသည့် လူတစ်ဦးတစ်ယောက်တွင် ရသင့်ရထိုက်သည့် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု ကြေညာချက်တွင် ထည့်သွင်းရေးသားဖော်ပြခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေပညာရှင်တစ်ဦးက သုံးသပ်သည်မှာ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခံ



သူများနှင့် ဥပဒေအရအကျဉ်းကျနေသည့် အကျဉ်းသားများကို လိုလောက်သည့် အစာရေစာများကို ပေးသည်။ ဆေးကုသခွင့် ပေးသည်။ ယခု ဒေါ်အောင်ဆန်းစုကြည် ပုသိမ်သို့ သွားသည့် စည်းရုံးရေးနှင့် လူမှုရေးခရီးစဉ်သာ ဖြစ်ပြီး ပါတီအထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းတာဝန်တစ်ခုကို ဆောင်ရွက်ရန် လုပ်ရိုးလုပ်စဉ်မျှသာ ဖြစ်သည်။ ယခုအခြေအနေမှာ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ပုသိမ်သို့ ခရီးမဆက်ရန် တားမြစ်၍ ရန်ကုန်သို့ လှည့်မပြန်ရုံမျှနှင့် လမ်းဘေးတွင် အကျယ်ချုပ်သဘောမျိုး ထားကာ အစားအသောက်နှင့် ရေ ရိက္ခာဖြတ်တောက်ခြင်းမှာ ဥပဒေနှင့် မညီဟု ဝေဖန်သုံးသပ်ခဲ့သည်။ ထို့အတူ အပြစ်ရှိသူတစ်ဦးအား ခြေချုပ်နှင့် ထားရာလည်း ရောက်သည်။ လွတ်လပ်စွာ ခရီးသွားလာခွင့်ကို တရားမဝင် ပိတ်ပင်ရာ ရောက်သည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦးဖြစ်ပြီး သူဖြစ်ချင်သော၊ လုပ်လိုသော အရာကိစ္စများကို ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးစွာဖြင့် ဆောင်ရွက်တတ်သည့်သဘော ရှိသည်။ မိမိကိုယ်ကိုယ် မိမိ အသက်နှင့်ရင်း၍ အများပြည်သူတို့၏ အကျိုးကို ရှေးရှုဆောင်ရွက်နိုင်သူတစ်ဦးလည်း ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ စိတ်ဓာတ်မှာ ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်တူသည်။ ရဲဝံ့သည်။ ခိုင်မာသည်။ ပြတ်သားသည်။ ရိုးသား၍ တည်ကြည်သည်။ အကြောက်တရား ကင်းသည်။ အရာရာကို ရဲဝံ့စွာ၊ သတ္တိရှိစွာဖြင့် ရင်ဆိုင်ဖြေရှင်းတတ်သည်။ ဆန္ဒကို လက်တွေ့ဘဝနှင့် ပေါင်းစပ်နိုင်စွမ်းရှိသူလည်း ဆိုရမည် ဖြစ်သည်။

ယခင်က သွားခဲ့သော ပုသိမ်ခရီးစဉ်မှာ ဖြစ်မြောက်အောင်မြင်ခြင်း မရှိဘဲ အဖွဲ့ချုပ်၏ စည်းရုံးရေးတာဝန်နှင့် လူမှုရေးတာဝန်များကို ပြီးပြတ်အောင် ဆောင်ရွက်လိုသည့် ဆန္ဒမှာ သူ၏ ရင်ထဲ၊ ဦးနှောက်ထဲတွင် စွဲမြဲနေဟန်တူသည်။ သို့အတွက် ဒေါ်အောင်ဆန်းစု

www.burmeseclassic.com

www.burmeseclassic.com



ကြည်သည် ပုသိမ်ခရီးစဉ်ကို ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်-ပုသိမ်-မုံရွာ ကားလမ်းအတိုင်း ထွက်လာခဲ့ကြသည်။

ရန်ကုန်မှ လှိုင်သာယာအထိ အနှောင့်အယှက် မရှိ။ ဘေးကင်းစွာဖြင့် ခရီးဆက်နိုင်ခဲ့ကြသည်။ ထုံးစံအတိုင်း ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တားဆီးပိတ်ပင်ခြင်း ခံရပြန်သည်။ ယခုတစ်ကြိမ် တားဆီးပိတ်ပင်ခံရသည်ကို ဒေါ်အောင်ဆန်းစုကြည်သည် မမျှော်လင့်ဘဲ ပိတ်ပင်တားဆီးခံရသည် မဟုတ်ပေ။ ကြိုတင်တွက်ဆ မျှော်လင့်ထားသည့်အတိုင်း တားဆီးပိတ်ပင်ခံရခြင်း ဖြစ်သည်။ ယင်းအတွက် အံ့သြထိတ်လန့်ဖွယ်ရာ မဖြစ်သကဲ့သို့ စိတ်လှုပ်ရှားဖွယ်ရာလည်း အလျဉ်းမရှိ။ တည်ငြိမ်အေးငြိမ်းစွာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသအာဏာပိုင်တို့၏ တားဆီးပိတ်ပင်မှုကို မငြင်းဆန်၊ ကျေနပ်စွာ ခံယူသည်။ ဖြစ်နိုင်သည့် အကြောင်းအရာကို ကြိုတင်တွက်ဆထားသဖြင့် ယခင်အခေါက်ထက် စားရေရိက္ခာများကို ပိုမို ယူဆောင်ခဲ့ကြသည်။ သို့သော် ရက်ကြာလာသည့်အခါ ရှေးဦးစွာ ရေ ပြတ်တောက်သွားသည်။ ယင်းနောက် အစားအစာများ ပြတ်တောက်သွားသည်။

ဒေါ်အောင်ဆန်းစုကြည်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသ အာဏာပိုင်များထံမှ ရေနှင့် အစားအစာများ မတောင်းခံသကဲ့သို့ ယင်းတို့ကလည်း မပေး။ စိတ်ဓာတ်ကြံ့ခိုင်သူတစ်ဦးပီပီ ဆာလောင်မွတ်သိပ်မှု အရာမှန်သမျှကို တောင့်ခံသည်။ သို့သော် လူ့သဘာဝရုပ်၊နာမ်ခန္ဓာဇေဒသဘောအရ စိတ်အလိုကို ရုပ်ကမလိုက်ခြင်း ကြုံတွေ့ရတော့သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာသည်။ ၂၁-၈-၈၉ ရက်နေ့တွင် အာဏာပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခွင့်ပြုသဖြင့် ဒေါ်





ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်တွင် လုံခြုံရေးများ၏ တားဆီးပိတ်ဆို့ခံရပြီး ကျန်းမာရေး အထူးစိုးရိမ်အခြေအနေကြောင့် နေအိမ်သို့ ပြန်လည်၍ ဆေးဝါးကုသမှု ခံယူစဉ်

အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်း လာရောက်၍ ဆေးကုသပေးသည်။ ဒေါက်တာတင်မျိုးဝင်း၏ ပြောဆိုချက်အရ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားမျိုး ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား အသေးစိတ် စစ်ဆေးကြည့်ရှုပြီး လိုအပ်သည့် ဆေးကုသမှု ပြုလုပ်၍ ဒေါက်တာတင်မျိုးဝင်း ပြန်လာခဲ့သည်။

၂၄-၈-၉၈ ရက်နေ့တွင် ဒေါက်တာတင်မျိုးဝင်းသည် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်အား နောက်တစ်ကြိမ် ဆေးကုသခွင့် ရပြန်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးမှာ ပထမအခေါက်က စိုးရိမ်ဖွယ်အနေအထားဖြစ်သော်လည်း ယခုအခေါက်တွင် အထူးစိုးရိမ်ဖွယ် အနေအထားသို့ ရောက်ရှိနေသည်။ သို့အတွက် အင်န်အယ်လ်ဒီ ဗဟို

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အမှုဆောင် အဖွဲ့ဝင်အားလုံးမှာလည်း ဒေါ်အောင်ဆန်းစုကြည် အတွက် များစွာ စိုးရိမ်သောကရောက်ရသည်။ အခြေအနေကို သိရှိထားသည့် ပြည်သူများကလည်း ဝမ်းနည်းပူဆွေးကြရသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး အခြေအနေအရ ပုသိမ်သို့ ခရီးထွက်ခွာခွင့်ကို မစဉ်းစားတော့ဘဲ အသက်ရှင်ရပ်တည်ရေးအ တွက် ဆုံးဖြတ်ကာ ယင်းနေ့တွင်ပင် နောက်ကြောင်းပြန်လှည့်၍ ရန်ကုန်သို့ ပြန်ခဲ့ရသည်။ ယင်းခရီးစဉ်မှာ ၁၃ ရက်တိုင် ကြာခဲ့သည်။

ယခု တားဆီးပိတ်ပင်မှုကြောင့် ကျန်းမာရေးအခြေအနေ အထူး စိုးရိမ်ဖွယ်ရာအထိ ဖြစ်ခဲ့ရသော ဖြစ်စဉ်တွင် ဒေါ်အောင်ဆန်း စုကြည် မရှုံးပေ။ တပ်မတော်အစိုးရအား ရှုံးလျက်နှင့်ပင် နိုင်ငံရေး အရ နိုင်ခဲ့သည်။ အရှုံးထဲက အမြတ်ဟု ဆိုနိုင်ပေသည်။

❒ ❒ ❒

## မန္တလေးကို ခရီးသွားမယ်လုပ်လို့ နေအိမ်အကျယ်ချုပ် ပြစ်ဒဏ်ချသတဲ့

ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး တာဝန်ဖြင့် မကြာခဏဆိုသလို မြန်မာ နိုင်ငံ အနှံ့အပြားသို့ စည်းရုံးရေးခရီး သွားရောက်သည်။ သွားရောက် ရာ နေရာတိုင်း၊ ဒေသတိုင်းတွင် ပြဿနာ အနည်းနှင့်အများ ရှိ သည်။ အဖုအထစ်များ ရှိတတ်သည်။ အများအားဖြင့် ဖြစ်တတ်သော ပြဿနာများကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင် များနှင့် ယင်းတို့ တရားဝင် ခွင့်ပြုထားသည့် စွမ်းအားရှင်များက ဖန်တီးခြင်း ဖြစ်သည်။

ယင်းသို့ ပြဿနာများ ဖန်တီးလေ ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေး ခရီးစဉ်များမှာ အောင်မြင်လေလေ ဖြစ်သည်။ ခရီးစဉ် တစ်ခုထက်တစ်ခု ပြည်သူလူထု၏ ထောက်ခံမှုက ပိုမိုရရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ်များတွင် ပုံသဏ္ဌာန် မျိုးစုံ၊ နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်သည့်ကြားမှပင် ပါတီဝင် များနှင့် ပါတီဝင် မဟုတ်သူများပါ ပို၍ပို၍ ထောက်ခံလာကြသည်။ သောင်းသောင်းဖြဖြ ကြိုဆိုလာကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ် အောင်မြင်မှုကို အထက်မြန်မာပြည် ခရီးစဉ်များ က သက်သေခံလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသည် နူးညံ့သိမ်မွေ့သော သဘောရှိသည်။ နိုင်ငံရေးကို အကြမ်းဖက် ဖြိုခွင်းနည်းဖြင့် နှိမ်နင်း၍မရ။ နိုင်ငံရေးသမားစစ်စစ်များသည် အကြမ်းဖက်ခြင်းကို ပြုလုပ်လေ့ မရှိပေ။ အကြမ်းဖက်ခြင်းသည် ဒီမိုကရေစီသဘောအရ ကျဆုံးခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်လုံးတွင် အကြမ်းဖက် နှိမ်နင်း၍ အောင်မြင်မှုရသည့် ရေရှည်သမိုင်းဖြစ်စဉ်တွင် မရှိခဲ့ပေ။ လူကို အကြမ်းဖက်၍ နှိမ်နင်းခြင်းဖြင့် အောင်မြင်မှု ရရှိနိုင်သော်လည်း စိတ်ဓာတ်ကို အကြမ်းဖက် အနိုင်ယူ၍ မရသည်ကို တွေ့ရသည်။ အကြမ်းဖက် နှိမ်နင်းမှုမှန်သမျှသည် သမိုင်းစာမျက်နှာတွင် အမည်းစက် တင်နေခြင်းသာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီစည်းရုံးရေး ခရီးစဉ်များတွင် တပ်မတော်အစိုးရ၏ ဟန့်တားနှောင့်ယှက်တားဆီးမှုများသည် ခေတ်စနစ်တစ်ခု၏ သားကောင်အဖြစ် ဆင်းရဲဒုက္ခရောက်ခဲ့ကြရသော၊ ရောက်နေကြသော၊ အကြမ်းဖက်နှိမ်နင်းမှုကို အကြိမ်ကြိမ်အခါခါ ခံကြရဖူးသောသူများ ဖြစ်၍ ပြည်သူလူထုများမှာ အကြောက်တရား ကင်းမဲ့စွာဖြင့် ပိုမို ထောက်ခံခဲ့ကြသည်။ မဆလခေတ်က ဗိုလ်ချုပ်ကြီးနေဝင်း၏ **စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်၊ မိုးပေါ်ထောင်ပြီး ခြောက်တာ မပါဘူး** ဆိုသည့်စကားဖြင့် မဆလအစိုးရ၏ ကျဆုံးခန်းကို ရောက်ခဲ့ရသည်။

ကြောက်တတ်သူအား ခြောက်၍ရသည်။

အကြောက်တရား ကင်းမဲ့သူအား ခြောက်က တစ်ခန်းရပ်ပြဇာတ်တစ်ခုကို ကြည့်နေသကဲ့သို့ ခံစားနေမည်သာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးအကြမ်းဖက်မှု၊ နိုင်ငံတော်အကြမ်းဖက်မှု (State Terrorison)ပုံစံမျိုးနှင့် လုပ်၍မရနိုင်ပေ။ ဒေါ်အောင်ဆန်းစုကြည်အား တားဆီးနှောင့်ယှက်ဟန့်တားရုံမျှဖြင့် အကြမ်းဖက်မှု ပြုရုံမျှဖြင့် ပြည်သူလူထုအား အကြောက်တရားဖြင့် လွှမ်းမိုးမရ။ ခြိမ်းခြောက်မရနိုင်။



စစ်ပွဲတစ်ပွဲအား နှိမ်နင်းသည့် နည်းဗျူဟာ၊ မဟာဗျူဟာတို့သည် နိုင်ငံရေးအရ ဝါဒတစ်ခု၊ စနစ်တစ်ခု ပြောင်းလဲရေးအတွက် ပြည်သူလူထုအား အကြမ်းဖက် နှိမ်နင်းသည့် နည်းဗျူဟာ၊ မဟာဗျူဟာတို့သည် မည်သည့်အချိန်အခါမျှ ထပ်တူကျလိမ့်မည် မဟုတ်ပေ။

ယင်းအတွက် ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေး ခရီးစဉ်များတွင် မိန့်ခွန်းပြောရာ အခမ်းအနားများတွင် လူပင်လယ်တမျှ ထောက်ခံအားပေးမှု ရနေခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အားသာချက်မှာ တပ်မတော်အစိုးရက သူ့အပေါ် နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက် ဖိနှိပ်ချုပ်ချယ်ခံရလေ အောင်မြင်မှုရရှိလေလေ ဖြစ်လာခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာကပင် ထောက်ခံလာသည်ကို တပ်မတော်အစိုးရအနေဖြင့် ပြန်လည် သုံးသပ်ခဲ့ဟန် မရှိပေ။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးခရီးသွားလေရာ နေရာတိုင်းတွင် တားဆီးပိတ်ဆို့ဟန့်တားနေခြင်း ဖြစ်ပေလိမ့်မည်။ မည်သို့မည်၍ ဟန့်တားနှောင့်ယှက်တားဆီး ပိတ်ပင်နေစေကာမူ နူးညံ့သိမ်မွေ့ နက်နဲသော နိုင်ငံရေးနည်းပညာအရ ဒေါ်အောင်ဆန်းစုကြည်မှာ ဆက်လက် ခရီးသွားနေရဦးမည်မှာ သေချာသည်။

၁၉၈၉ ခုနှစ်၊ ဇွန်လအတွင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ ဧရာဝတီတိုင်းဒေသကြီး ပါတီစည်းရုံးရေးခရီးစဉ်တွင် ပုသိမ်မြို့နှင့် ဓနုဖြူမြို့ ခရီးစဉ်များ တားဆီးဟန့်တားပိတ်ဆို့ အကြမ်းဖက်မှုများသည် သမိုင်းစာမျက်နှာထက်တွင် ရုပ်ဆိုးအကျည်းတန်စေခဲ့သည်။ အထူးသဖြင့် ဓနုဖြူမြို့ စည်းရုံးရေးခရီးမှာ ဒေသအာဏာပိုင်များ၏ အကြမ်းဖက်မှုကြောင့် ကမ္ဘာကျော်စေခဲ့သည်။ သမိုင်းဝင်မှတ်တမ်းတစ်ခုတွင် ကျန်ရစ်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်နှင့် ဓနုဖြူမြို့ ခရီးစဉ်များမှ ပြန်လာသည့်အခါ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ရန်ကုန်မြို့ပေါ်ရှိ အင်န်အယ်လ်ဒီပါတီရုံးများသို့ စည်းရုံးရေးလုပ်ငန်းများနှင့် ဟောပြောပွဲများကို ပုံမှန်သွားလာလှုပ်ရှားနေခဲ့သည်။

တစ်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က တပ်မတော်အစိုးရအား မထင်မှတ်သော မျက်လှည့်ခရီးစဉ်တစ်ခု ဖန်တီးပြသခဲ့သည်။ ထိုနေ့မှာ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ ဖြစ်သည်။

ထိုနေ့တွင် ဒေါ်အောင်ဆန်းစုကြည်က မနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် ပါတီရုံး၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လသာမြို့နယ် ပါတီရုံး၌လည်းကောင်း သွားရောက်ဟောပြောရန် စီစဉ်ထားရှိသည်။ ယင်းမြို့နယ်များတွင်လည်း ပါတီအလံများ စိုက်ထူကာ ပါတီဝင်များနှင့် ပြည်သူအချို့က စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နှင့် ကြိုဆိုလျက်ရှိသည်။

အမှန်မှာ ထိုနေ့မနက် ၅ နာရီခွဲခန့်ကပင် ဒေါ်အောင်ဆန်းစုကြည်သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးဘက်သို့ ခရီးထွက်ခွာသွားပြီဖြစ်သည်။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ပါတီရုံးတွင် ပါတီဝင်များ၊ လူထုပရိသတ်များနှင့်အတူ ဒေသအာဏာပိုင်များ၊ ထောက်လှမ်းရေးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလုပ်ရှုပ်နေချိန်တွင် ဖဒိုပါတီရုံးသို့ ရောက်ရှိနေလောက်ပြီ ဖြစ်သည်။

၂၃-၆-၈၉ ရက်နေ့ ထွက်ခွာခဲ့သော ပဲခူးတိုင်းဒေသကြီးခရီးစဉ်မှာ ဖဒို၊ ကျောက်ကြီး၊ ညောင်လေးပင်၊ ရွှေကျင်မြို့ ခရီးစဉ်များမှာ ဒေါ်အောင်ဆန်းစုကြည်၏ အောင်မြင်သော မျက်လှည့်ခရီးစဉ်ဖြစ်ခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ဟိုနေရာအယောင်ပြ၍ သည်နေရာ သွားသည်။ ပဲခူးတိုင်းဒေသကြီး၊ ဖဒို၊ ကျောက်ကြီး၊ ညောင်လေးပင်၊ ရွှေကျင်ကဲ့သို့ မျက်လှည့်ဆန်သော





မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင်
ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနေသည့် ပြည်သူ ရာပေါင်းများစွာ
မန္တလေးမြို့ နာရီစင်ကြီးအနီး မြင်တွေ့ရစဉ်



မန္တလေးမြို့တွင်း၌ ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်လျှသော
ပြည်သူ ရာပေါင်းများစွာတို့အား တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်မျိုး နောင်တွင် မတွေ့ရတော့ပေ။ မိမိခရီးစဉ် အောင်မြင်ရေး အတွက် မသက်ဆိုင်သည့် နေရာမှ ပြည်သူများအား ပင်ပန်းဆင်းရဲမှုကို မနှစ်မြို့သောကြောင့် ဖြစ်ပေလိမ့်မည်။

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးသွားခြင်းကို နှစ်နှစ်ခြိုက်ခြိုက် ဝါသနာပါပုံရသည်။ နေအိမ် အကျယ်ချုပ် ကျခံနေရသည့် အချိန်ကာလများမှအပ ပါတီ အထွေထွေအတွင်းရေးမှူး တာဝန်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များသို့ ခရီးထွက်နေသည်က များသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တိုင်းတွင်လည်း အတားအဆီး၊ အနှောင့်အယှက် ပြဿနာများ ရှိခဲ့သည်က များသည်။ သို့သော် တပ်မတော်အစိုးရသည် ၂၀၀၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ် အကျယ်ချုပ်နှင့် ၁၈ လကြာ ထိန်းသိမ်းခံရပြီးနောက် ပြန်လည် လွတ်မြောက်လာသည့်အခါ စည်းရုံးရေး ခရီးသွားလာခွင့်ကို လွတ်လပ်စွာ သွားလာခွင့်ရခဲ့သည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည် ၁၇.၅.၂၀၀၂ ရက်နေ့မှ ၃၀.၅.၂၀၀၃ ရက်နေ့အထိ တစ်နှစ်တာ ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ မြို့နယ်ပေါင်း ၁၂၅ မြို့နယ်သို့ စည်းရုံးရေးဆင်းနိုင်ခဲ့သည်။ တပ်မတော်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား လွတ်လပ်စွာ ခရီးသွားလာခွင့် သဘောတူညီဆိုသော်လည်း ခရီးစဉ်အချို့တွင် အတားအဆီး အနှောင့်အယှက်များက ရှိနေဆဲဖြစ်သည်။

၁၉၉၈ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်၏ ရာဝတီတိုင်းဒေသကြီး ပုသိမ်ခရီးစဉ်များတွင် ပထမအကြိမ် သွားရောက်စဉ်က ၆ ရက်ကြာ တားဆီးပိတ်ဆို့ခံရပြီး ဒုတိယအကြိမ် သွားရောက်စဉ်က ၁၃ ရက်တိုင်တိုင် တားဆီးပိတ်ဆို့ခြင်း ခံခဲ့ရသည်။ အစာတော် ရေပြတ်နှင့် လမ်းဘေးအကျယ်ချုပ်ပမာ တားဆီးပိတ်ဆို့ခံရခြင်း



ဖြစ်သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးမှာ အထူးစိုးရိမ်ရသည့် အခြေအနေမျိုးထိ ရောက်ခဲ့သည်။

သို့တိုင် ဒေါ်အောင်ဆန်းစုကြည်သည် အင်န်အယ်လ်ဒီပါတီ၏ အထွေထွေအတွင်းရေးမှူး စည်းရုံးရေးတာဝန်ဖြင့် သူ၏ ခရီးစဉ်များကို ရပ်တန့်ခဲ့ခြင်း မပြုခဲ့ပေ။ သွားမြဲသွားနေဆဲပင် ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ စည်းရုံးရေးခရီး ထွက်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အဖွဲ့တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်၊ စည်းရုံးရေးအဖွဲ့ဝင် ဒေါက်တာမျိုးအောင်၊ အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ၁၆ ဦးနှင့် ယာဉ် ၂ ဦး အပါအဝင် စုစုပေါင်းအင်အား ၂၂ ဦးဖြင့် ထွက်ခဲ့ခြင်းဖြစ်သည်။ ခရီးထွက်ခွာချိန်မှာ နံနက် ၉ နာရီခန့် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ် ခရီးစဉ်မှာ ရန်ကုန်မြို့၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလသို့ ကူးတို့ ကူးရသည်။ ဒလမြို့မှတဆင့် ကားနှင့် ထပ်မံသွားရသည်။ ယင်းခရီးစဉ်တွင် စကတည်းက ယဉ်သကိုဆိုသလို ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ရောက်သည် ဆိုသည်နှင့်ပင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဒေသဆိုင်ရာ အာဏာပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တားဆီးခြင်းကို ခံရသည်။ အချိန် တစ်နာရီခွဲကျော်ကျော်ကြာမှ ဒလဘက်ကမ်းသို့ ကူးတို့နှင့် ကူးနိုင်ခဲ့သည်။

ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ ဒလဘက်သို့ ကူတို့သင်္ဘောဖြင့် ကူးစဉ် ရေလယ်သို့ ရောက်သည့်အခါ ဒေါ်အောင်ဆန်းစုကြည်က ဦးတင်ဦးအား “သူတို့ကတော့ သွားခွင့်ပြုမှာ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ ချောင်ပိတ်ပြီး ပိတ်ဆို့ထားမယ်။ စိတ်ဓာတ်ကျတဲ့ အထိ ထားပြီးတော့ ကျွန်မ ပြန်ဆိုလည်းပြန်၊ မပြန်လည်း သူတို့ ပြန်ပို့တာ လုပ်လိမ့်မယ်''ဟု သူ့အတွေ့အကြုံအရ ကိုတင်ဟောကိန်း ထုတ်ခဲ့သည်။

ဒလမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြိုတင်စီစဉ် ထားသည့် ကားနှစ်စီးက အသင့် စောင့်ကြိုနေသည်။ ဒေါ်အောင် ဆန်းစုကြည်တို့အဖွဲ့ ဒလမြို့သို့ရောက်ရှိလာသည့်အခါ တားဆီး နှောင့်ယှက်ခြင်း ကင်းသဖြင့် အသင့် စီစဉ်ထားသည့် ကားနှစ်စီး ဖြင့် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များဆီသို့ ခရီးဆက်ခဲ့ကြ သည်။ လူစည်ကားရာ ဒလမြို့တွင်း၌ ငြိမ်သက်နေပြီး မြို့ပြင်တွင် တားဆီးပိတ်ဆို့ရန် အသင့်စောင့်နေခြင်းကြောင့် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ဒလမြို့တွင်းသို့ ဖြတ်၍ မြို့ပြင် ကျွန်စစ်သားရပ်ကွက်အနီးသို့ ရောက်ရှိသည့်အခါ ဒေသ ဆိုင်ရာ အာဏာပိုင်များနှင့် ရဲမှူးမျိုးလွင် ဦးဆောင် လုံခြုံရေးတပ်ဖွဲ့ ဝင်များ၏ တားဆီးပိတ်ဆို့မှုကို ခံရတော့သည်။ ရဲမှူးမျိုးလွင်က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ခရီး ဆက်လက် ထွက်ခွာခွင့် မပြုကြောင်းနှင့် ရန်ကုန်သို့ ပြန်လိုက ပြန်နိုင်ကြောင်း အမိန့်ပေး သည်။ ထိုအခါ ဒေါ်အောင်ဆန်းစုကြည်က ''ကျွန်မတို့ မသွားနိုင် ဘူး၊ ကျွန်မတို့ စည်းရုံးရေး သွားရမယ့်နေရာကို သွားရမှာပဲ''ဟု တုန့်ပြန်ပြောဆိုသည်။ ထုံးစံအတိုင်း ဒေါ်အောင်ဆန်းစုကြည်က မပြန်နိုင်ကြောင်း ပြောဆိုသည့်အခါ ကားနှစ်စီးကို ကရိန်းကားကြီး နှင့် မ၍ ကားလမ်းမကြီးပေါ်မှ ဖယ်ရှားလိုက်သည်။ ထို့နောက် လယ်နှစ်ကွက်အကြားရှိ မြေနီလမ်းကလေးပေါ်သို့ ရွှေ့လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယင်းဖြစ်ရပ်မျိုး နှစ်ကြိမ်တိုင် တွေ့ကြုံရပြီးဖြစ်သဖြင့် ယာယီတဲထိုးရန် ပစ္စည်းပစ္စယများ၊ အစား အသောက်များ၊ ရေများကို ကြိုတင်ယူဆောင်လာခဲ့ကြသည်။ ခရီး





ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူး ကွမ်းခြံကုန်းမြို့နယ်
စည်းရုံးရေးခရီးစဉ်တွင် ဒလမြို့ အထွက် လယ်ခင်းများအနီး
ကားလမ်းဘေးတွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား တားဆီးပိတ်ဆို့ခံရစဉ်

ဆက်လက်ထွက်ခွာခွင့်မပြုလျှင်မပြန်ဟူသော သံန္နိဋ္ဌာန်ဖြင့် ပင်ပန်း ဆင်းရဲကြီးစွာဖြင့် ခိုင်မာသော စိတ်ဓာတ်ဖြင့် ဆက်လက် ရပ်တည် နေထိုင်ခဲ့ကြသည်။ ဒေသဆိုင်ရာ အာဏာပိုင်များ၏ အနှောင့်အယှက် အမျိုးမျိုးကို ကြံ့ကြံ့ခံ ရပ်တည်ခဲ့ကြသည်။ တုံ့ပြန်ခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ဒေါ်အောင် ဆန်းစုကြည်တို့အဖွဲ့ တားဆီးပိတ်ဆို့ခံရသည့် ၉ ရက်မြောက်နေ့ ဖြစ်သည်။ ထိုညက လမသာပါ။ ည ၁၁ နာရီခန့်တွင် ရဲမှူးချုပ် အောင်နွယ်၊ ရဲမှူးမျိုးလွင်၊ ထောက်လှမ်းရေးမှ ဗိုလ်မှူးသူရ၊ ဗိုလ် မှူးတေဇတို့ ခေါင်းဆောင်သော အဖွဲ့သည် လုံခြုံရေးအင်အားသုံး လေးရာခန့်ဖြင့် ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဝိုင်းပတ်ပိတ်ဆို့လိုက်သည်။

ထို့နောက် အဓိကပစ်မှတ်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည် နှင့် ဦးတင်ဦးတို့အား အတင်းအကျပ် ဝင်ရောက်ဖမ်းဆီးထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။ ဒေါ်အောင်ဆန်းစုကြည်အား အမျိုးသမီးအရာရှိပါဝင်သော ရဲမေ ၆ ဦးက အတင်းအဓမ္မ ချုပ်နှောင်ဖမ်းဆီးကာ ယင်းတို့ အသင့် စီစဉ်လာသည့် ကားပေါ်သို့ တင်သည်။ ဦးတင်ဦးကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြမ်းတမ်းစွာ အတင်းအကျပ် ချုပ်နှောင်၍ ကားပေါ်သို့ ပို့ကြသည်။ ဒေါက်တာမျိုးအောင်နှင့် ဦးစိုးမြင့်တို့မှာလည်း ထိုနည်းတူစွာပင်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ လူငယ် ၁၆ ဦးမှာ ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ် လုံခြုံရေး တာဝန်ယူကြသူများ ဖြစ်သဖြင့် တားဆီးသည့် လူငယ်အချို့ကို ရိုက်နှက်ဖမ်းဆီးကြသည်။ အကြမ်းဖက် ချုပ်နှောင်ဖမ်းဆီးခြင်းတို့ ခံခဲ့ကြရသည်။ ထို့နောက် ယင်းတို့အစီအစဉ်ဖြင့် ဒလမှ ရန်ကုန်တစ်ဖက်ကမ်းသို့ ကူးကာ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား နေအိမ်သို့ အတင်းအကျပ်ဖမ်းဆီးချုပ်နှောင်ကာ ပြန်လည်ပို့ဆောင်ခဲ့ကြသည်။ ဦးတင်ဦးအား ယင်း၏ နေအိမ်သို့ ပြန်လည် ပို့ဆောင်ရာတွင် ရိုင်းပြကြမ်းတမ်းစွာ ဆက်ဆံခြင်း ခံရသည်။ ကားပေါ်မှ ကြမ်းတမ်းစွာ ဆွဲချခံရသည်။

ထိုညက ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဖမ်းဆီးခေါ်ကြသည့် ထောက်လှမ်းရေးအဖွဲ့များက တစ်ဖွဲ့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးကို ဝင်ရောက်စီးနင်းသည့် ထောက်လှမ်းရေးအဖွဲ့များက တစ်ဖွဲ့ ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရုံးချုပ်ကို ဝင်ရောက်စီးနင်းသည့် ခေါင်းဆောင်မှ ထောက်လှမ်းရေးမှ ဗိုလ်မှူးကြီးသန်းထွန်းက ခေါင်းဆောင်ခဲ့သည်ဟု ဆိုသည်။ အခန်းတံခါးသော့များကို ရိုက်ချိုးသည်။ သေတ္တာနှင့် ဘီဒိုသော့များကို ဖျက်ဆီးသည်။ ထို့နောက် ဘီဒိုနှင့် သေတ္တာများအတွင်းမှ စာရွက်စာတမ်းများကို ရှာဖွေကြသည်။ အရေးစာရွက်စာတမ်းများ၊ မှတ်တမ်းများကို ယူဆောင်သွားကြသည်။ ယင်းလုပ်ရပ်များမှာ တရားရုံး၏ ရှာဖွေဝရမ်း မပါ။ တာဝန်ရှိမြို့နယ်မှ ရဲမပါ။ သက်သေများ မထားရှိဘဲ လုပ်ဆောင်သွားခြင်း ဖြစ်သည်ဟု ဥပဒေပညာရှင်များက ဆိုသည်။



နောက်တစ်နေ့နံနက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရုံးချုပ် အပါအဝင် မြို့နယ် ပါတီစည်းရုံးရေး ကော်မတီရုံးများကို ပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည့် သဘောရှိသည်။ အချို့ မြို့နယ်ပါတီစည်းရုံးရေး ကော်မတီရုံး ဆိုင်းဘုတ်များ ဖြုတ်ချခြင်း ခံရသည်။ အချို့မှာ ဖျက်ဆီးခြင်း ခံခဲ့ကြရသည်။ နောက်ဆုံး ပါတီရုံးများ ချိတ်ပိတ်ခဲ့ကြသည်။

နှစ်ပတ်နီးပါးခန့်အကြာ တိတိကျကျ ဆိုလျှင် ၁၂ ရက်ခန့်အကြာ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေအား နိုင်ငံတော်အေးချမ်းသာယာရေးဖွံ့ဖြိုးကောင်စီ၊ အတွင်းရေးမှူး-၁၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါ်ယူတွေ့ဆုံခဲ့သည်။ ထို့နောက် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်ကြောင်းနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ရုံးချုပ်အား ပြန်လည် ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ယင်းသတင်းကို ဦးအောင်ရွှေမှတစ်ဆင့် ဗဟိုအမှုဆောင်အဖွဲ့အား အသိပေးခဲ့ရာ ဥက္ကဋ္ဌ အပါအဝင် ဗဟိုအမှုဆောင်အားလုံး အဖွဲ့ချုပ်ရုံးသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။ အဖွဲ့ချုပ်ရုံးတွင် တွေ့ရှိရမည့် မြင်ကွင်းမှာ မြင်မကောင်း ရှုမကောင်း။ အရေးကြီးစာရွက်စာတမ်းများနှင့် ပစ္စည်းများ ထားရှိသည့် ဘီဒိုများ၊ သေတ္တာများ သော့များမှာ ဖျက်ဆီးခံရသဖြင့် အားလုံး ပျက်စီးနေပြီဖြစ်သည်။ ရုံးစာရွက်စာတမ်းများနှင့် မှတ်တမ်းများ ဖွာလန်ကျဲနေသည်။ အချို့မှာ အစုလိုက် အပုံလိုက် အထပ်လိုက် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်တွင်သာမက အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်ရုံးများ၊ မြို့နယ်ရုံးများတွင်လည်း ဖြစ်ပွားသည့် သတင်းကို ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဗဟိုအမှုဆောင်အားလုံးနီးပါး သတင်း ရရှိကြသည်။ ရန်ကုန်ရှိ မြို့နယ်ပါတီရုံးများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အင်န်အယ်လ်ဒီပါတီရုံးနှင့် မြို့နယ်ရုံးများကို သွားရောက်စုံစမ်းစစ်ဆေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်လူငယ်များသည် ၂၀၀၀ ပြည့်နှစ် စက်တင်လာ ၂၁ ရက်နေ့ နေ့လယ်တွင် ညနေရထားဖြင့် မန္တလေးသို့ သွားရန်အတွက် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိလာကြသည်။ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်ဘူတာကြီးသို့ နာရီဝက်ခန့်စီခွာ၍ ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလာခြင်း ဖြစ်သည်။ မန္တလေးလက်မှတ် ဖြတ်ရာတွင် လက်မှတ် ကုန်နေပြီဟု ဆိုသည်။ မန္တလေးလက်မှတ်မှာ အမှန်တကယ် ကုန်နေပြီလား။ လိမ်ညာပြောသည်လား တဇ်အပ် မသိနိုင်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့သားအားလုံး မနက်ရထားနှင့် မန္တလေးသို့ လိုက်ပါနိုင်ရန် ရန်ကုန်ဘူတာကြီးတွင် ခရီးသည်ဟန်ဆောင်ထားသူများနှင့် ရော၍ စောင့်ခဲ့ကြသည်။

ရန်ကုန်ဘူတာကြီးမှာ ယခင်နေ့များနှင့်မတူ လူ ရှင်းနေသည်။ ဘူတာရုံရှိ ရုံးခန်းများတွင် မီးများ ပိတ်ထားသည်။ ယံန်ကာပြင်နေသည့် ဝန်ထမ်းတစ်ဦးက ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်အား ရိုးသားစွာနှင့် သတင်းလာပေးသည်။ "အဘတို့ ဒီမှာ ဆက်နေလည်း ဒုက္ခပေးမှာပဲ၊ ဒီယံန်ကာတွေကို ပျက်တယ်ဆိုပြီး အစောကြီးကတည်းက လုပ်ထားတာ"ဟု ပြောသည်။ ညမှောင်သွားသည့်အခါ ဘူတာရုံ



စကြံနံတွင် ပုံမှန်ခရီးသည်များ မရှိ၊ ကြံ့ခိုင်ရေးမှ ခရီးသည် ဟန်ဆောင်ထားသူများနှင့် စွမ်းအားရှင်များသာ ရှိသည်။

ရန်ကုန်ဘူတာကြီး အတွေ့အကြုံကို ဦးတင်ဦးက ပြန်လည်ပြောရာတွင် "ညဆယ်နာရီလောက်ကျတော့ ထွက်စရာ ရထားမရှိတော့ဘူးတဲ့၊ ခရီးသည်ဟန်ဆောင်ထားတဲ့ ကြံ့ခိုင်ရေးက မိန်းမတွေလည်း အကုန်လှည့်ပြန်သွားတော့ ကျွန်တော်တို့ပဲ ကျန်ခဲ့တာပေါ့။ သူတို့က ရထားလာမယ်၊ မလာဘူးဆိုတာ မပြောဘူးလေ။ နောက်တော့ ခေါင်းလောင်းထိုးတယ်ပေါ့ဗျာ။ အဓိပ္ပာယ်ကတော့ လူရှင်းရမယ်။ ပစ္စည်းရှင်းရမယ်ပေါ့။ ရှိသမျှလူတွေ အကုန် ထွက်ရမယ်ပေါ့ဗျာ"ဟု ပြောပြခဲ့သည်။

ထိုနေ့က ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့သားအားလုံး ရန်ကုန်ဘူတာကြီးတွင် ညမအိပ်လိုက်ရပေ။ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအမှုဆောင်များအား အတင်းအကျပ် ချုပ်နှောင်ဖမ်းဆီးကာ နေအိမ်များသို့ ပြန်ပို့သည်။ အဖွဲ့ချုပ်မှ လူငယ်များကိုမူ ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ နောက်တစ်နေ့နံနက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအမှုဆောင်အားလုံးအား နေအိမ်အကျယ်ချုပ် ပြစ်ဒဏ်ချမှတ်ကြောင်း အကြောင်းကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ ၂၂ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ပြစ်ဒဏ် တစ်နှစ်နှင့်ခြောက်လ ချမှတ်ခဲ့သဖြင့် ၂၀၀၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည် လွတ်မြောက်ခဲ့သည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်သူတွေ လုပ်ကြံခဲ့သလဲ

ဒေါ်အောင်ဆန်းစုကြည်သည် ပိန်ပိန်ပါးပါး ခန္ဓာကိုယ်အမျိုးအစားရှိပြီး ကျန်းမာကြံ့ခိုင်သူတစ်ယောက်ဟု ဆိုနိုင်သည်။ သူ၏ရုပ်ခန္ဓာ ကြံ့ခိုင်သကဲ့သို့ စိတ်ဓာတ်လည်း ကြံ့ခိုင်သူ ဖြစ်သည်။ တကယ်ပင် အာဇာနည်မျိုးရိုးစိတ်ဓာတ်ရှိသူ ဖြစ်သည်။ မျက်နှာသွင်ပြင်လက္ခဏာမှာ မာန်မာနကင်းနေသော်လည်း အားမာန်အပြည့်ရှိနေသည်။ ဥပဓိရုပ် ကောင်းသူဖြစ်သည်။ အကြောက်တရားကင်းမဲ့သူလည်း ဖြစ်သည်။ ရှေ့တိုးလျှင် နောက်မဆုတ်တတ်သူလည်း ဖြစ်သည်။ ခေတ်ပညာတတ်တစ်ဦး ဖြစ်သော်လည်း ပညာဂုဏ်မမောက်။ လူသားချင်း စာနာတတ်သူ တစ်ဦးမျှသာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပင်ကိုယ်အင်္ဂါရုပ်မှာ မိန်းမသားတစ်ဦး ဖြစ်သော်လည်း တည်ကြည်သည်။ ခန့်ညားသည်။ ရိုးရှင်းသည်။ ပွင့်လင်းသည်။ အာဇာနည်မျိုးရိုးနှင့် လိုက်ဖက်သည့် ဥပဓိရုပ်ရှိသူလည်း ဖြစ်သည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်ရှိသူ ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးလုပ်ငန်းများကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များသို့ ဆင်းရဲဒုက္ခခံ၍ ကိုယ်တိုင် စည်းရုံးရေးဆင်းသည်။ ကိုယ်တိုင် ဟောပြောခဲ့သည်။



၂၀၀၂ ခုနှစ်၊ ဖွန်လတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၌ ၁၆ မြို့နယ်၊ ဇူလိုင်လတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၂ မြို့နယ်၊ အောက်တိုဘာလတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ၁၄ မြို့နယ်၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်အတွင်း ၁၇ မြို့နယ်၊ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ မြို့နယ်ပေါင်း ၁၅ မြို့နယ်၊ စုစုပေါင်း မြို့နယ် ၇၄ မြို့နယ်သို့ ကိုယ်တိုင် စည်းရုံးရေး ဆင်းခဲ့သည်။

၂၀၀၃ ခုနှစ်၊ ဧပြီလတွင် မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်သို့ စည်းရုံးရေးဆင်းခဲ့သည်။ မေလတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ မြို့နယ်ဆိုင်းဘုတ်တင်ပွဲများနှင့် စည်းရုံးရေးခရီးစဉ်များ သွားရောက်ရန် စီစဉ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၂ ခုနှစ် ခရီးစဉ်အတွင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ စီစဉ်ပေးမှုဖြင့် အောင်လံမြို့နယ်ရှိ ဒုရင်ဗို မြစ်ရေတင်စီမံကိန်း၊ တောင်တွင်းကြီးမြို့နယ်ရှိ ရန်ပယ်ချောင်းစီမံကိန်း၊ ဧရာဝတီမြစ်ကူးတံတား (မကွေး)စီမံကိန်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ကူးတံတား(မော်လမြိုင်)စီမံကိန်း၊ ဝင်းဖဒုံဆည်တည်ဆောက်ရေးစီမံကိန်း၊ မင်းလှမြို့နယ်ရှိ သရက်တစ်ပင်စီမံကိန်း၊ ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းဆည်စီမံကိန်း၊ ပန်းတောင်းမြို့နယ်ရှိ ညောင်ကိုင်းဆည်စီမံကိန်းနှင့် ပြည်မြို့နယ်ရှိ နတ်မော်မြစ်ရေတင်စီမံကိန်းများ လေ့လာခွင့်ရခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီစည်းရုံးရေးခရီးစဉ်များသွားလာရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် မိမိသွားရောက်လိုသည့် တိုင်းဒေသကြီးအသီးသီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များသို့ သွားလိုသည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို ထောက်လှမ်းရေးသို့ တင်ပြပြီး

www.burmeseclassic.com

www.burmeseclassic.com





စည်းရုံးရေးခရီးစဉ်တစ်ခုတွင် ပြည်သူလူထုအား
မိန့်ခွန်းပြောကြားနေသော ဒေါ်အောင်ဆန်းစုကြည်

ခွင့်ပြုမှ သွားလာရခြင်း ဖြစ်သည်။ မိမိအစီအစဉ်ဖြင့် သွားချင်သည့်နေ့ သွားလိုသည့် မြို့နယ်များကို လွတ်လွတ်လပ်လပ် သွားလာရသည် မဟုတ်ပေ။ ထောက်လှမ်းရေးတစ်ဆင့် တင်ပြ၍ နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုချက်ရမှသာ သွားလာရသည်။

၂၀၀၃ ခုနှစ်၊ မေလတွင် ဒေါ်အောင်ဆန်းစုကြည်သည် ပခုက္ကူ၊ ရွှေဘို၊ မိုးညှင်း၊ မိုးကောင်း၊ တနိုင်း၊ ဝိုင်းမော်၊ ဗန်းမော်၊ ရွှေကူ၊ ဖားကန့်၊ မြစ်ကြီးနားမြို့နယ်များနှင့် ကချင်ပြည်နယ်ရုံးတို့တွင် ဆိုင်းဘုတ်တင်ခွင့်ပြုရန် ဦးလွင်မှတစ်ဆင့် ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်သန်းထွန်းထံသို့ တင်ပြရသည်။ ဗိုလ်မှူးချုပ်သန်းထွန်းကတစ်ဆင့် နိုင်ငံတော်အကြီးအကဲထံ အဆင့်ဆင့် ခွင့်ပြုချက်တင်ပြပြီး ခွင့်ပြုမှသာလျှင် သွားလာခဲ့ခြင်း ဖြစ်သည်။

ပထမ တင်ပြလိုက်သည့် မြို့နယ်များနှင့် ကချင်ပြည်နယ်ရုံးတို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဆိုင်းဘုတ်များကို နိုင်ငံတော်အကြီးအကဲက ခွင့်ပြုသည့်အခါ ဒုတိယအကြိမ်အနေဖြင့် နောက်



တိုးမြို့နယ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်းနှင့် စဥ့်ကူးမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ဖြူ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်း၊ ကန့်ဘလူ၊ ဝန်းသို၊ မြင်းမူ၊ ဘုတလင်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ခင်ဦး၊ အရာတော်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မိုးမိတ်နှင့် မဘိမ်းမြို့နယ်များတွင် ပါတီဆိုင်းဘုတ်များ တင်နိုင်ရေးအတွက် ထပ်မံ၍ ခွင့်ပြုချက် တောင်းခံခဲ့သည်။

ပထမအကြိမ် တင်ပြခဲ့သည့် ခရီးစဉ်မြို့များကို ခွင့်ပြုထားသော်လည်း ဒုတိယအကြိမ် တင်ပြသည့် နောက်တိုးခရီးစဉ်မြို့နယ်အတွက် ခွင့်ပြုချက် မရရှိခဲ့ပေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ယင်းခရီးစဉ်များအတွက် ခွင့်ပြုချက် မရသော်လည်း ပါတီဆိုင်းဘုတ်များ တင်ရန် စီစဉ်ခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ ၆ ရက်နေ့ နံနက် ၅ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်သည် ပါတီဆိုင်းဘုတ်များ တင်ရန်နှင့် ပါတီစည်းရုံးရေးခရီးစဉ်ကို စတင်ခဲ့သည်။ ယင်းခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် စီးရန် ၄ × ၄ နှစ်ခန်းတွဲ ပစ်ကပ်တစ်စီး၊ ဦးတင်ဦး စီးရန် ခဲရောင်တောင်းအော



စည်းရုံးရေးခရီးစဉ်တစ်ခုတွင် ကျေးရွာတစ်ရွာ၌ မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စီးနှင့် အန်အယ်လ်ဒီပါတီလူငယ်များ စီးနင်းရန် ဒိုင်နာအဖြူတစ်စီး တို့ဖြင့် သွားခဲ့ခြင်း ဖြစ်သည်။

ည ၁၂ နာရီကျော်တွင် မန္တလေးမြို့သို့ ရောက်ရှိသည်။

ယခုခရီးစဉ်သည် ဒေါ်အောင်ဆန်းစုကြည်၏ ထူးခြားသော ခရီးစဉ် ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် ၂၀၀၂ ခုနှစ်မှ ၂၀၀၃ ခုနှစ်၊ ဧပြီလအထိ တိုင်းဒေသကြီးများနှင့် ပြည်နယ် ၁၂ ခု သို့ မြို့နယ်ပေါင်း ၂၃၅ မြို့နယ်သို့ စည်းရုံးရေးဆင်းခဲ့ပြီး ဖြစ်သည်။ တပ်မတော်အစိုးရ၏ အာဘော်အရ မြို့နယ်ပေါင်း ၉၅ မြို့နယ် သွားရောက်ခဲ့ပြီးဖြစ်သည် ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နောက်တစ်နေ့ ၂၀၀၃ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး စည်းရုံးရေးမှူးများဖြစ်သည့် ဦးဘိုဖဲ၊ ဦးဘာဘာ၊ ဦးသိန်းဖံ၊ ဦးထွန်းမြင့်တို့နှင့် တွေ့ဆုံကာ ကချင်ပြည်နယ်ရုံးနှင့် မြို့နယ်ရုံးများတွင် ဆိုင်းဘုတ်တင်မည့် ကိစ္စများနှင့် လူငယ်အဖွဲ့များ ဖွဲ့စည်းရန်ကိစ္စများအတွက် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တည်းခိုမည့် မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးသို့ သွားရောက်ခဲ့သည်။ ထို့နောက် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ နာယကဟောင်း ကွယ်လွန်သူ ဦးညီပုနေအိမ်သို့ သွားရောက်၍ သတင်းမေးမြန်းခဲ့သည်။

နောက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ခရီးဆက်ရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရသည်။

ရန်ကုန်က လာစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့မှာ ကား သုံးစီးနှင့် ဦးတင်ဦး၊ တနင်္သာရီတိုင်းဒေသကြီး စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမင်း၊ လူငယ်စည်းရုံးရေးတာဝန်ခံ ကိုအောင်ထူး၊ လူငယ်လုံခြုံရေးအဖွဲ့ဝင် ကိုကျော်ဇင်ဝင်း၊ ဗဟန်းမြို့နယ် အတွင်းရေးမှူး ကိုထွန်းမြင့် စသည်တို့ လိုက်ပါခဲ့ကြသည်။





စည်းရုံးရေးခရီးစဉ်တစ်ခုတွင် လမ်းဘေးရှိ ကျေးရွာတစ်ရွာတွင် Hand Speaker ဖြင့် မိန့်ခွန်းပြောကြားနေသည့် ဒေါ်အောင်ဆန်းစုကြည်

၂၀၀၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ခရီးစဉ် မထွက်ခွာမီ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် သံဃာတော် ၁၀ ပါးအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ပြီးမှ ခရီးထွက်ခွာခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ခရီးစဉ်တွင် ရန်ကုန်မှ လာသည့် ကား ၃ စီးနှင့် မန္တလေးမှ ကား ၂ စီးတို့တွင် အဖွဲ့ဝင်အင်အား ၂၀ ကျော် နောက်ထပ် တိုးလာသည်။ မန္တလေးမှ ထွက်ခွာလာပြီး စစ်ကိုင်းတံတားထိပ် ရောက်သည့်အခါ စစ်ကိုင်းတိုင်းဒေသကြီး ပါတီစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်အတူ အင်းတော်မြို့ နယ် ညီလာခံကိုယ်စားလှယ် ဦးမောင်လှိုင်တို့ ခေါင်းဆောင်သည့် လူ အင်အား ၅၀ ခန့်ရှိ အဖွဲ့မှ လာရောက်ကြိုဆိုခဲ့ကြသည်။ ကြိုဆိုရေးအဖွဲ့တွင် မော်တော်ဆိုင်ကယ် ၁၀ စီးကျော် ပါရှိသည်။

ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ စစ်ကိုင်းတံတားကို ဖြတ်ကျော်ပြီးသည်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ကားဘေး ဝဲဘက်နှင့် ညာဘက်တို့မှ ဆိုင်ကယ်များ ဝိုင်းရံကာ ခရီးဆက်ကြသည်။ စစ်ကိုင်းမြို့ တိုင်းဒေသကြီး ပါတီရုံးသို့ ခဏဝင်၍ နားကြသည်။ ထိုစဉ် ဒေါ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စုကြည် စီးလာသည့် ကားမှာ စက်ချို့ယွင်းသွားသဖြင့် ၁၅ မိနစ်ခန့် ပြင်ရသေးသည်။

ထို့နောက် ခရီး ဆက်လက် ထွက်ခွာလာရာ ရွှေဘိုသို့ မွန်းမတည့်မီ ရောက်ရှိကြသည်။ ရွှေဘိုမြို့ အမှတ် ၁၀ ရပ်ကွက်ရှိ ပါတီဝင်ဦးဖေစန်း၏ နေအိမ်သို့ ခေတ္တဝင်၍ နားကြသည်။ ရွှေဘိုမြို့နယ်ပါတီရုံးတွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှာ နာရီဝက် ကြာသည်။

ခင်ဦးမြို့သို့ ခရီးဆက်ခဲ့ရာ နှစ်နာရီကြာခန့် မောင်းနှင်ပြီးနောက် ရေဦးမြို့ ရောက်ရှိသည်။ အင်န်အယ်လ်ဒီ မြို့နယ်ပါတီဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်အိမ်တွင် ခေတ္တ နားပြီး ဒေါ်အောင်ဆန်းစုကြည်က ယင်းအိမ်အပေါ်ထပ်မှနေ၍ မြို့လူထုပရိသတ်များကို မိန့်ခွန်းပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် ကြံ့ခိုင်ရေးအဖွဲ့များနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အာဏာပိုင်အဖွဲ့များမှ ဗီဒီယို ရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်နေကြကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အင်န်အယ်လ်ဒီပါတီကို ထောက်ခံအားပေးသူများအား အာဏာပိုင်အဖွဲ့အစည်းများနှင့် ကြံ့ခိုင်ရေးမှ ခြိမ်းခြောက်မှုများ ရှိနေကြောင်း၊ တကယ် ခြိမ်းခြောက်ခံရလျှင် သူ့ကို ပြောဖို့၊ သူ့အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့နောက် ညနေ လေးနာရီခွဲကျော်ခန့်တွင် ခရီးဆက်ခဲ့ကြသည်။ ည ၁၁ နာရီခန့်တွင် ကန့်ဘလူမြို့သို့ ရောက်ရှိသည်။ ညဥ့်နက်နေပြီဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် လူထုပရိသတ်အား မိန့်ခွန်းပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ်အား မရပ်မနား ခရီးသွားရင်း စည်းရုံးရေးတရားများ ဟောသည်။ ဟောပြောပွဲပြီးသည်နှင့် ခရီးဆက်ခဲ့ကြရာ မေလ ၉ ရက်နေ့ မနက် ၃ နာရီခန့်တွင် ဗိုးကုန်းရွာသို့




ရောက်ရှိပြီး နီလာဝင်းဆန်စက်၊ ဦးခင်မောင်ကြီးနေအိမ်တွင် ခရီးတစ်ထောက် ရပ်နားခဲ့သည်။

နံနက် မိုးလင်းသည့်အခါ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ကောလင်းမြို့နယ်ညီလာခံ ကိုယ်စားလှယ် ဦးသိန်းစံနှင့်အဖွဲ့မှ လာကြိုသည်။ ကောလင်းသို့ ခရီး ဆက်ထွက်ခဲ့ပြီး ည ၈ နာရီခန့်တွင် ကောလင်းမြို့၊ ဈေးရုံ ဗိုလ်တဲရပ်ကွက်၊ ၉ လမ်းတွင် ရှိသည့် ဒေါ်ဖြူဖြူဝင်း၏ နေအိမ်တွင် ညစာ စားကြသည်။ ထို့နောက် ဝန်းသိုသို့ ခရီးဆက်ကြသည်။

ဝန်းသိုမြို့နယ် ပါတီရုံးသို့ ရောက်သည့်အခါ လူငယ်ဖွဲ့စည်းရေးဆိုင်ရာကိစ္စများကို ဒေါ်အောင်ဆန်းစုကြည်က မြို့နယ်ပါတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည်။ ဆွေးနွေးပြီးသည်နှင့် ကောလင်းမြို့သို့ ပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် စည်းရုံးရေးခရီးစဉ်ကို မရပ်မနား ဇယ်ဆက်သလို သွားသည်။

ကောလင်းမြို့မှ မေလ ၁၀ ရက်နေ့တွင် လွယ်မောက်တောင်ဟုခေါ်သည့် ခမောက်တောင်ဘုရားသို့ သွားရောက်ဖူးမြော်ပြီး အပြန်



စည်းရုံးရေးခရီးစဉ်တွင် ပရိသတ် ရာပေါင်းများစွာအား
ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းနဘေးရှိ ညောင်ပင်သာကျေးရွာတွင် ခေတ္တ ရပ်နား၍ ရွာထိပ်ဇရပ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် စည်းရုံးရေးတရား ဟောသည်။ ထို့နောက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ခရီး ဆက်ခဲ့ရာ အင်းတော်မြို့နယ်၊ မဲဇာတံတားထိပ်တွင် ညီလာခံကိုယ်စားလှယ် ဦးစောလှိုင်တို့အဖွဲ့ လာရောက်ကြိုဆိုသည်။ မဲဇာတံတားကို ဖြတ်ကျော်လာပြီးနောက် လမ်းဘေးဝဲယာတလျှောက်ရှိ ရွာများမှ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ကို လာရောက်၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ကျောင်းကုန်းရွာ၊ နန့်သဲရွာ စသည်တို့တွင် ဒေါ်အောင်ဆန်းစုကြည်တရားဟောခဲ့ပြီး အင်းတော်မြို့သို့ ညကိုးနာရီခန့်တွင် ရောက်ရှိသည်။

ထူးခြားသည်မှာ အင်းတော်မြို့ အဝင်တွင် "ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ"ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကြီးဖြင့် ကြိုဆိုနေသည်မှာ ခရီးစဉ်တလျှောက် ပထမဦးဆုံး တွေ့မြင်ရသည့် မြင်ကွင်းတစ်ခု ဖြစ်သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသည့် အဖွဲ့နှင့် မထောက်ခံသည့် အဖွဲ့တို့ တစ်ဖက်နှင့်တစ်ဖက် အော်ဟစ်ရှုံ့ချကြသည်။ ဒဏ်ရာရရှိသူများလည်း ရှိသည်။

ထိုအခါ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူလူထုအား "ဒီမိုကရေစီ ရတဲ့အခါ ကျွန်မတို့ကို အတိုက်အခံ လုပ်တဲ့ အဖွဲ့အစည်းတွေရော၊ ပြည်သူတွေရော ဒီမိုကရေစီ တန်းတူအခွင့်အရေး ရရှိမှာဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ပြေလည်မှု ရရှိခဲ့သည်ဟု ဆိုသော်လည်း အင်န်အယ်လ်ဒီ ပါတီအဖွဲ့ဝင်များနှင့် အတိုက်အခံများ ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ တည်းခိုမည့် ဦးစောလှိုင်နေအိမ်သို့ ရောက်ရှိသည့်အခါ ည ၁၀ နာရီ ကျော်သည်ထိ လူထုပရိသတ်များ စုဝေးရောက်ရှိနေသဖြင့် ဒေါ်အောင်ဆန်းစုကြည်မှာ ဟောပြောရသေးသည်။ ထို့နောက် လူငယ်ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စများကို မြို့ခံပါတီဝင်များ ညှိနှိုင်းဆွေးနွေးရ



ပြန်သည်။ ည ၁၁ နာရီကျော်ပြီ ဖြစ်သည်။ ထိုညက ဦးစောလှိုင်တို့အိမ်တွင် ညအိပ်ရပ်နားကြသည်။

၂၀၀၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် နံနက်စောစော ခရီးထွက်ရန် အစီအစဉ် ပြုလုပ်ထားသော်လည်း ဒေါ်အောင်ဆန်းစုကြည် စီးလာသည့် ကားမှာ လေးကျိုးနေသဖြင့် ပြုပြင်ရပြန်သည်။ ကားပြင်သည်မှာ အတော်ကြာသွားသဖြင့် မွန်းလွဲမှ ကသာမြို့သို့ ခရီးဆက်ရသည်။ အင်းတော်နှင့် ကသာမှာ ခရီးမိုင် သိပ်မဝေးလှသဖြင့် မွန်းလွဲနှစ်နာရီဝန်းကျင်ခန့်တွင် ကသာမြို့ဝင်ဂိတ်သို့ ရောက်ရှိသည်။

မြို့ဝင်ဂိတ်လမ်းဘေးဝဲယာတွင် ဆိုင်းဘုတ်များ ကိုင်ဆောင်ထားသည့် ကြံ့ခိုင်ရေးအဖွဲ့ဝင်များနှင့် ပြည်သူအချို့ကို တွေ့ရသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အော်ဟစ်ကြသည်။ ထိုစဉ်က ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံ၍ ရှင်းပြသည်။ ဖြစ်စဉ်မှာ ဝန်းသိုမြို့တွင် ဒေါ်အောင်ဆန်းစုကြည် တရားဟောစဉ် ကြံ့ခိုင်ရေးကို ထိခိုက်ပုတ်ခတ်ပြောဆိုခဲ့ခြင်းနှင့် ရွာသားငါးဦး ဒဏ်ရာ ရရှိတဲ့အတွက် ခုလို ကိစ္စမျိုးဖြစ်ကြောင်း ခယကဥက္ကဋ္ဌက ရှင်းပြသည်။

ဒေါ်အောင်ဆန်းစုကြည်က သူ့အဖွဲ့ဝင်တွေကို ထိန်းပေးမည်။ ကသာမှာ ကြံ့ခိုင်ရေးကို ပုတ်ခတ်ပြောဆိုမှာ မဟုတ်သည့်အတွက် လမ်းဖယ်ပေးရန် တောင်းဆိုသဖြင့် လမ်းဖယ်ပေးခဲ့ကြသည်။ ကသာမြို့ဝင်တွင် အခြေအနေ ရှုပ်ထွေးနေသဖြင့် ကသာ အင်န်အယ်လ်ဒီဥက္ကဋ္ဌ ဦးမြင့်ကြည်အိမ်သို့ ညနေ ငါးနာရီထိုးမှ ရောက်သည်။

ကသာမြို့၊ အမှတ် ၆ ရပ်ကွက်၊ နိဗ္ဗာန်လမ်းရှိ ဦးမြင့်ကြည်၏ နေအိမ်သို့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မရောက်ရှိမီက ကြိုတင်ရောက်ရှိနေသည့် ပါတီဝင်များနှင့် မြို့ခံပြည်သူများ၊ နောက်ထပ်ပိုင်းအုံရောက်ရှိလာသည့် ပရိသတ်များကြောင့် ခရီးရောက်ဆိုက်ပင် ဒေါ်အောင်ဆန်းစုကြည် တရားဟောရပြန်သည်။ ပါတီစည်းရုံးရေးကိစ္စများကိုသာ

www.burmeseclassic.com

www.burmeseclassic.com





ကသာမြို့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဆန့်ကျင်ဆန္ဒပြနေသူများ ရှိနေသည့်တိုင် ကြိုဆိုထောက်ခံသူများက လာရောက်နှုတ်ဆက်ကြစဉ်

အစိက ဟောပြောခဲ့သဖြင့် ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ ထိခိုက်စေမည့် အကြောင်းများ မပါရှိခဲ့ပေ။ ယင်းမှာ ဒေါ်အောင်ဆန်းစုကြည်၏ ကတိတည်ကြည်မှုကို ပြသရာရောက်သည်။

ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်တလျှောက်လုံး ရောက်လေရာ အရပ်တွင် မနားမနေ အလုပ်လုပ်သည်။ ယခုလည်း ဦးမြင့်ကြည်၏ အိမ်အပေါ်ထပ်မှ တရားဟောပြောပြီးသည့်အခါ မြို့နယ်လူငယ်အဖွဲ့ ဖွဲ့စည်းရေးအတွက် ပါတီဝင်များ ညှိနှိုင်းဆွေးနွေးကြသည်။ ပြီးသည့်အခါ ညစာ ထမင်းစား၍ နားကြသည်။

ညရှစ်နာခွဲခန့်တွင် ကသာမှတစ်ဆင့် မိုးညှင်းသို့ ခရီးဆက်ခဲ့ကြသည်။ ညအချိန် ရောက်နေပြီ ဖြစ်သော်လည်း ကားလမ်းဘေးဝဲယာရှိ ရွာများမှ အသင့်စောင့်ဆိုင်း၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ကို ကြိုဆိုကြသည်။ အချို့ရွာများတွင် ပရိသတ် များပြားသဖြင့် ဒေါ်အောင်ဆန်းစုကြည်မှာ လူထုကို တရားဟောသည်။ နောက်တစ်နေ့ နံနက်သုံး



နာရီကျော်ကျော်တွင် မိုးညှင်းမြို့သို့ ရောက်ရှိသည်။ မိုးညှင်းမြို့တွင် နတ်ကြီးကုန်းရှိ မြို့နယ်ပါတီစည်းရုံးရေးကော်မတီ ယာယီဒုတိယဥက္ကဋ္ဌ ဦးစိန်ဖေအိမ်တွင် ညအိပ်ရပ်နားကြသည်။

၂၀၀၃ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ဦးတင်ဝယ်၏ နေအိမ်တွင် ဆိုင်းဘုတ်တင်ပွဲ ကျင်းပသည်။ ဦးတင်ဦးက အန္တရာယ်ကင်းဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်က ပါတီဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်က ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် မြို့ခံလူထုပရိသတ်များအား ဟောပြောသည်။

ဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ပြီးသည့်အခါ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့သည် မြို့ခံလူထုပရိသတ်များအား နှုတ်ဆက်၍ မိုးကောင်းသို့ ခရီးဆက်ခဲ့ကြသည်။ ညနေငါးနာရီခန့်တွင် ဟိုပင်မြို့သို့ ရောက်ရှိပြီး မြို့မတောင်ရပ်ကွက်ရှိ ဦးခွန်ဇော်မိုင်၏ အိမ်တွင် ခေတ္တ ဝင်ရောက်၍ နားကြသည်။ ထို့နောက် ခရီးဆက်ခဲ့ကြရာ ညရှစ်နာရီခွဲခန့်တွင် မိုးကောင်းမြို့နယ် မန့်ရွက်ကျေးရွာသို့ ရောက်ရှိသည့်အခါ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား လူအင်အား အနည်းငယ်ခန့်က ဆိုင်းဘုတ်ငယ်များကိုင်ဆောင်၍လည်းကောင်း "ပြည်ပအားကိုး ပုဆိန်ရိုး အလိုမရှိ၊ အလိုမရှိ" ဟုလည်းကောင်း ကြွေးကြော်အော်ဟစ်ကြသည်။

ထိုစဉ် ရွာထဲမှ ရွာသူရွာသားများ စုဝေးရောက်ရှိလာကြသည်။ ဒေါ်အောင်ဆန်းစုကြည် စီးလာသည့် ကားကို လိုက်ရှာကြသည်။ တွေ့ရှိသည့်အခါ ရွာသူရွာသားအချို့က "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ၊ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ" ဟု သံပြိုင်ဆုတောင်းမေတ္တာပို့ကြသည်။ မန့်ရွက်ကျေးရွာ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် အတိုက်အခံများနှင့် ကြုံတွေ့ရသော်လည်း ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပါ။ ငြိမ်းချမ်းစွာ ရှေ့သို့ ခရီးဆက်နိုင်ခဲ့သည်။

မိုးကောင်းမြို့သို့ ညကိုးနာရီကျော်ခန့် ရောက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အတိုင်း ဦးတင်ဝယ်၏ နေအိမ်တွင် မိုးကောင်းမြို့နယ်၏ အင်န်အယ်လ်ဒီပါတီ ဆိုင်းဘုတ်တင်ပွဲကို ညဆယ်နာရီခန့်တွင် အခမ်းအနားဖြင့် ကျင်းပခဲ့သည်။ ထိုညက မိုးကောင်းတွင် ညအိပ်ရပ်နားခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ပါတီရုံးဖွင့်ပွဲအခမ်းအနား ကျင်းပကြသည်။ ယင်းနောက် ပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မောင်တို့နှင့်အတူ ပါတီစည်းရုံးရေးကိစ္စများနှင့် လူငယ်အဖွဲ့ ဖွဲ့စည်းရေးကိစ္စများကို ညှိနှိုင်းတိုင်ပင်ကြသည်။ ဆွေးနွေးကြသည်။ ထို့နောက် မြို့အထွက်ရှိ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်၍ ဖူးမြော်ကြသည်။ မနက် ၁၁ နာရီခွဲခန့်တွင် မိုးညှင်းမြို့သို့ ခရီးဆက်ခဲ့ကြသည်။

ညနေ ငါးနာရီခန့်တွင် တံတားဦးညီနောင်သို့ ရောက်ရှိသည်။ လွန်ခဲ့သည့် တစ်ပတ်ခန့်ကတည်းက တံတား ပျက်နေသဖြင့် ပြင်ဆင်နေသည်မှာ ယနေ့တိုင် မပြီးသေး။ တံတားပြင်သည့် အဖွဲ့က ယာယီဖြတ်သန်းသွားနိုင်စေရန် ပြင်ဆင်ပေးသဖြင့် ညနေ ခြောက်နာရီခွဲခန့် ညီအစ်ကိုမသိတသိအချိန် ရောက်မှ တံတားပေါ်မှ ဖြတ်သန်းနိုင်ခဲ့သည်။

လုံးခင်းသို့ ရောက်ရှိသည့်အခါ ညဆယ်နာရီ ထိုးပြီဖြစ်သည်။ သို့သော် လုံးခင်းတွင် မြို့ခံလူထုပရိသတ်က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ရောက်ရှိသည်နှင့် စုဝေးရောက်ရှိလာကြသည်။ ဒေါ်အောင်ဆန်းစုကြည်က ပရိသတ်အား ဟောပြောရာတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကြသူများ ပါရှိသဖြင့် နိုင်ငံရေးစကားလုံး မပါဘဲ မေတ္တာစကားဖြင့် ကျန်းမာရေး ဂရုစိုက်ရန် သတိပေးစကားပြောသည်။ လုံးခင်းတွင် ဒေါ်အောင်ဆန်းစုကြည် ဟောပြောခဲ့သည်မှာ မေတ္တာစကား၊ ကရုဏာစကားများသာ ဖြစ်ပေသည်။

လူထုပရိသတ်အား ဟောပြောနှုတ်ဆက်၍ ဖားကန့်သို့ ခရီးဆက်ကြရာ နမ့်မစစ်ရွာထိပ်တွင် လူအနည်းငယ် ဆိုင်းဘုတ်များ ကိုင်ဆောင်




၍ ရပ်နေကြသည်။ ငြိမ်သက်စွာဖြင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆန္ဒပြနေကြသည်။ ဆိုင်းဘုတ်ငယ်ကလေးများတွင် ရေးထားသည့် စာများကို ဖတ်မကြည့်လျှင် ဆန္ဒပြနေသည်ဟုပင် မထင်ရပေ။ ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်း ဖြတ်သွားသည့်အချိန်တွင်လည်း ကြွေးကြော်အော်ဟစ်ခြင်း အလျဉ်းမရှိခဲ့ပေ။

နာရီဝက်ကျော်ကျော် တစ်နာရီနီးပါးခန့် ခရီးပေါက်လာသည့်အခါ မိုးညှင်းမြို့သို့ ရောက်သည်။ မိုးညှင်းမြို့ မော်ပိုင်းရပ်ကွက်ရှိ ဒေါ်ခင်ခင်အုန်းအိမ်သို့ သွားသည်။ ဒေါ်ခင်ခင်အုန်းမှာ မိုးညှင်းမြို့နယ် အင်န်အယ်လ်ဒီပါတီ၏ ဘဏ္ဍာရေးမှူး ဖြစ်သည်။

ပါတီဆိုင်းဘုတ်တင်ပွဲကို ညဆယ့်နှစ်နာရီအချိန်တွင် ကျင်းပခဲ့သည်။ ပါတီဆိုင်းဘုတ်တင်ပွဲတွင် အနှောင့်အယှက် မရှိ အေးချမ်းစွာ ကျင်းပနိုင်ခဲ့သည်။ ညဉ့်နက်နေသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ အိပ်စက်အနားယူခဲ့ကြသည်။

၂၀၀၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် နံနက်စောစော ဖားကန့်မှ မိုးကောင်းသို့ ပြန်ရန် စီစဉ်ထားသည်။ သို့သော် စီးလာသည့်ကားအချို့



ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ် မြစ်ကြီးနားမြို့တွင် ဒေါ်အောင်ဆန်းစုကြည် ဟောပြောနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်သဖြင့် ဝပ်ရှော့တွင် ပြင်ကြရသည်။ ကားများပြင်ပြီး နေမြင့်မှ မိုးကောင်းသို့ ပြန်ထွက်ခဲ့ကြသည်။ လမ်းခရီးတွင် ကားအချို့ ပျက်ပြန်သည်။ ပျက်လိုက်ပြင်လိုက်နှင့် ခရီးဆက်ခဲ့ရာ မိုးကောင်းသို့ ညဆယ်နာရီခန့်တွင် ပြန်လည် ရောက်ရှိသည်။ မေလ ၁၅ ရက်နေ့တွင် မနက်အာရုံတက်ချိန် လေးနာရီခွဲ၊ ငါးနာရီခန့်တွင် တနိုင်းမြို့သို့ ခရီးဆက်သည်။ တနိုင်းခရီးစဉ်တွင် ကားခုနစ်စီးနှင့် သွားနေခြင်း ဖြစ်သည်။

လမ်းခုလတ်ရှိ ကောင်းရာရွာတွင် "အဆိုးမြင်ဝါဒီများ အလိုမရှိ" "တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသူ အလိုမရှိ" "ပြည်ပအားကိုး ပုဆိန်ရိုး အလိုမရှိ" စသည်ဖြင့် ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ကန့်ကွက်ဆန္ဒပြကြသည်။ အော်ဟစ်ဆူပူခြင်း၊ ဘေးအန္တရာယ်ပြုခြင်း မရှိပေ။ တနိုင်းမြို့သို့ ရောက်ရှိသည့်အခါ မွန်းလွဲနေပြီဖြစ်သည်။ တနိုင်းမြို့မှ ဦးကဆန်ဆင်းဝါးနော်၏ အိမ်တွင် ပါတီဆိုင်းဘုတ်တင်ပွဲ ကျင်းပသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ပါတီဝင်များနှင့် တွေ့ဆုံကာ ပါတီစည်းရုံးရေးကိစ္စများနှင့် မြို့နယ်လူငယ်အဖွဲ့ ဖွဲ့စည်းရေးကိစ္စများကို ဆွေးနွေးပြီး နမ္မတီးသို့ ခရီးဆက်ခဲ့သည်။ နမ္မတီးမြို့မှ ပါတီဝင်ဦးချစ်သောင်းနေအိမ်တွင် ခေတ္တ ရပ်နားကြသည်။

မေလ ၁၆ ရက်နေ့တွင် နံနက် မိုးလင်းသည်နှင့် နမ္မတီးမှ မြစ်ကြီးနားသို့ ခရီးထွက်ခဲ့သည်။ ကားမောင်းချိန် နှစ်နာရီနီးပါးခန့် ကြာသည့်အခါ မြစ်ကြီးနားမြို့ အဝင်ရှိ နန်းကွေ့တံတားသို့ ရောက်ရှိသည်။ နန်းကွေ့တံတားတွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဆိုင်းဘုတ်ကိုင်သူများနှင့် ကြိုတင်စုဝေးရောက်ရှိနေသူများက ဆန့်ကျင်ကန့်ကွက်ဆန္ဒပြကြသည်။ ယင်းပုဂ္ဂိုလ်များက ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ဆန့်ကျင်ဆန္ဒပြသူများက ကားတန်းနောက်လိုက်၍ အော်ကြသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့သည် နန်းကွေ့တံတားပေါ်မှ တည်ငြိမ်စွာ ဖြတ်သန်းမောင်းနှင်၍ တည်းခိုမည့် အိမ်သို့ သွားခဲ့ကြသည်။



မြစ်ကြီးနားမြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တည်းခိုမည့် အိမ်အင်န်အယ်လ်ဒီပါတီရုံးနှင့် တစ်အိမ်ကျော်တွင် ရှိသည့် ဒေါ်ငွေကြိုင်ဆိုသူ၏အိမ် ဖြစ်သည်။

တစ်ဖွဲ့လုံး ခရီးပန်းလာသဖြင့် ခေတ္တ နားကြသည်။

ညနေ လေးနာရီ ထိုးသည့်အခါ ပါတီဆိုင်းဘုတ် တင်မည့် အိမ်သို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ခြေလျင်သွားကြသည်။ လုံခြုံရေးအတွက် ရန်ကုန်မှ ပါလာသည့် လူငယ်အဖွဲ့နှင့် ကချင်ပြည်နယ်အင်န်အယ်လ်ဒီ လူငယ်အဖွဲ့တို့က လုံခြုံရေး တာဝန်ယူပေးကြသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ကချင်တိုင်းရင်းသားဝတ်စုံကို သေသပ်လှပစွာ ဝတ်ဆင်ထားသည်။ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိသည့်အခါ ပါတီဆိုင်းဘုတ်တင်ပွဲ တစ်ဆက်တည်းဆိုသလို ကျင်းပသည်။ ဆိုင်းဘုတ်တင်ပွဲသို့ ပါတီဝင်များနှင့် မြို့ခံလူထုပရိသတ်များပါ တက်ရောက်လာသဖြင့် စည်ကားသိုက်မြိုက်သည်ဟု ဆိုနိုင်သည်။ အောင်အောင်မြင်မြင်ပင် ဆိုင်းဘုတ်တင်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ထိုညက ဒေါ်ငွေကြိုင်တို့အိမ်တွင် အေးချမ်းစွာ အိပ်စက်အနားယူခဲ့ကြသည်။

မေ ၁၇ ရက်နေ့တွင် စည်းရုံးရေးလုပ်ငန်းများနှင့် အခြားအစီအစဉ်များ မရှိသဖြင့် ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့မှာ အေးအေးဆေးဆေး နေခွင့်ရသည်။ သို့တိုင် ယင်းနေ့ ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ ဝန်းသိုဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တသီလဝံသ(အဂ္ဂမဟာပဏ္ဍိတ)အား သွားရောက်ဖူးမြော်ကြသည်။ ဆရာတော်ကြီးမှာ သက်တော် ၇၇ နှစ်ရှိပြီဖြစ်သည်။

ဝန်းသိုဘုန်းကြီးကျောင်းမှ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ထွက်လာသည့်အခါ ဇော်ဂျုန်းလမ်းပေါ်တွင် လူထုပရိသတ် စုပြုံရောက်ရှိနေသည်။ ဒေါ်အောင်ဆန်းစုကြည်မှ မြို့ခံပရိသတ်အား တရားဟောရန် ခုံများလည်း အသင့်ချထားသည့်အတွက် တရားဟောရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်အား ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်အတွင်း မြစ်ကြီးနားမြို့တွင် ကချင်ရိုးရာဝတ်စုံ ဝတ်ဆင်ထားစဉ်



ဒေါ်အောင်ဆန်းစုကြည် တရားပွဲ စသည့်အခါ မော်ဂွန်းလမ်းမှာ ပရိသတ်များနှင့် ပြည့်သွားသည်။ လမ်းလည်း ပရိသတ်များနှင့် ပြည့်နေသဖြင့် ပိတ်သွားသည်။

ဒေါ်အောင်ဆန်းစုကြည် တရားဟောနေသည်မှာ အချိန်အတန်အသင့် ကြာသည့်အခါ ဝန်းသိုကျောင်းတိုက်မှ ဆရာတော်ကြီး ကြွလာပြီး "ဒကာကြီးတို့၊ ဒကာမကြီးတို့ တော်လောက်ပြီ၊ ဒီမှာ လမ်းလည်း ပိတ်နေပြီ၊ သွားကြတော့၊ သွားကြတော့" ဆိုသဖြင့် ဒေါ်အောင်ဆန်းစုကြည်လည်း ဟောလက်စ စကားကို အနားသတ်နိဂုံးချုပ်ခဲ့သည်။ ထို့နောက် အဖွဲ့သားအားလုံး တည်းခိုသည့် အိမ်သို့ ပြန်၍ အိပ်စက်အနားယူကြသည်။

နောက်တစ်နေ့မနက် မေ ၁၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မြစ်ကြီးနားမှ ဗန်းမော်သို့ ခရီးဆက်ကြသည်။ မနက် သုံးနာရီလေးနာရီခန့် ဗန်းမော်မြို့အနီးရှိ ဝက်ကုန်းကျေးရွာသို့ ရောက်ရှိသည့်အခါ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဆန္ဒပြသည့်လူများက ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒပြကြသည်။ အော်ဟစ်ကြသည်။ အခြေအနေ တင်းမာသည့်သဘော ရှိသည်။ အားလုံး အခြေအနေကောင်းမှ ဗန်းမော်သို့ ခရီးဆက်သည်။ ဗန်းမော်မြို့ထဲ ရောက်ရှိခဲ့သည်။

မြစ်ကြီးနား၊ ဗန်းမော် ခရီးစဉ်များနှင့် ပတ်သက်၍ ဦးတင်ဦးပြန်လည် ပြောပြရာတွင် **ဒေါ်အောင်ဆန်းစုကြည် ၂၀၀၃ ခုနှစ်ကစပြီး စည်းရုံးရေး ထွက်တဲ့အချိန်တုန်းက အတားအဆီး၊ အပိတ်အပင် လုပ်တာတွေ ရှိတယ်၊ အထူးသဖြင့် ဘယ်လောက်များလဲဆိုတော့ စတာက မြစ်ကြီးနားက စပြီးတော့ ကြံ့ဖွံ့တို့၊ စွမ်းအားရှင်တို့ ဘာတို့က ကားနောက်ကနေ လိုက်အော်တာတို့၊ ကိုယ်ကို ထိပုတ်တာမျိုးတော့ ရှိတာပေါ့၊ ဗန်းမော် ဝင်တုန်းကလည်း ဒီလိုပဲ**ဟု ပြောပြခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဗန်းမော်မြို့တွင် ပါတီဒုတိယဥက္ကဋ္ဌ (၂) ဦးဘမြင့်အိမ်တွင် တည်းခိုကြသည်။ ဦးဘမြင့်၏

www.burmeseclassic.com

www.burmeseclassic.com





ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်တွင်
ဒေါ်အောင်ဆန်းစုကြည်အား တွေ့မြင်ရစဉ်



ကချင်ပြည်နယ်ခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်အား
ထောက်ခံကြိုဆိုကြသူများ



ဇနီးမှာ ပါတီတွဲဖက်အတွင်းရေးမှူး ဒေါ်ယဉ်မေ ဖြစ်သည်။ ယင်းတို့ ဇနီးမောင်နှံမှာ နှစ်ဦးစလုံး ပါတီတာဝန်များ ယူပြီး အတိုင်အဖောက် ညီညီနှင့် ပါတီလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ဗန်းမော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ပါတီဆိုင်းဘုတ်တင်ပွဲ ရှိသဖြင့် မြို့နယ် အစီအစဉ်အတိုင်း ဆောင်ရွက်ကြရသည်။ ဆိုင်းဘုတ်တင်ပြီးသည့် အခါ မြို့နယ်လူထုပရိသတ်ကို ဒေါ်အောင်ဆန်းစုကြည်က ဟော ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောပြီးသောအခါ ရွှေကူမြို့နယ် သို့ ဆက်၍ ခရီးထွက်ကြသည်။ ရွှေကူဟု ဆိုလျှင် ယခင်က အင်န် အယ်လ်ဒီပါတီ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် စာရေးဆရာမ ရွှေကူမေ နှင်းကို ပြေး၍ သတိရမိကြသည်။ ရွှေကူမြို့ လမ်းခရီးတလျှောက် အချိန်ကြာမြင့်စွာ ရပ်နားခြင်း မရှိသည့်တိုင်အောင် ညနေ နေဝင်ရီတ ရော အချိန်မှ ရောက်ရှိသည်။

ရွှေကူမြို့နယ်တွင် ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်မည့်နေရာမှာ ရွှေကူ မြို့၊ ဘောဂဗလရပ်၊ ရပ်ကွက် ၄ တွင် ရှိသည့် မြို့နယ်အင်န်အယ်လ်ဒီ ပါတီအတွင်းရေးမှူး ဦးမြသိန်းအိမ်တွင် ဖြစ်သည်။ တည်းရမည့်နေရာ မှာလည်း ဦးမြသိန်းအိမ်တွင် ဖြစ်သဖြင့် အဆင်ပြေသွားသည်။ ယင်း နေအိမ်တွင်ပင် ညနေနေဝင်ရီတရော ညီအစ်ကိုမသိတသိ အချိန် ပါတီ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောပွဲကိုပါ တစ်ဆက်တည်း ကျင်းပခဲ့ သည်။

၂၀၀၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ရွှေကူမြို့မှ မိုးမိတ်မြို့သို့ ထွက်ခွာခဲ့ရာ ခရီးစဉ်တွင် လိုက်ပါ သည့် ပါတီဝင်အချို့က မြို့ထဲတွင် ကြွေးကြော်သံအချို့ကို ကြွေးကြော် ခဲ့ကြသည်။ လမ်းခရီးတွင် ကားအချို့ ပျက်လိုက် ပြင်လိုက်၊ ဖွက်နှစ် လိုက်နှင့် သံသရာလည်ကာ မိုးမိတ်မြို့နယ်ကို ညမှ ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမိတ်မြို့တွင် မြို့နယ်အင်န်အယ်လ်ဒီ ဥက္ကဋ္ဌ ဦးမြင့်ရွှေအိမ်နှင့် ဒေါ်ခင်စိုးတို့အိမ်တွင် နှစ်ဖွဲ့ခွဲ၍ တည်းခိုကြသည်။

မိုးမိတ်မြို့မှ တစ်ဖန် မိုးကုတ်မြို့သို့ မေလ ၂၂ ရက်နေ့ နေ့လယ်တွင် စတင် ခရီးထွက်ရာ မိုးကုတ်မြို့မှ လာရောက်ကြိုဆိုသည့် ဆိုင်ကယ်အစီး လေးငါးဆယ်ခန့်နှင့်အတူ စည်ကားသိုက်မြိုက်စွာ ခရီးဆက်ခဲ့ကြသည်။ ခရီးစဉ်တလျှောက်လုံးတွင် ဆိုင်ကယ်စီးရေ အများဆုံးဖြင့် လာရောက်ကြိုဆိုခြင်းမှာ ပထမဦးဆုံး ဖြစ်သည်။

မိုးကုတ်မြို့ထဲ ဝင်သည့်အခါ ဆိုင်ကယ်စီးရေမှာ ဘိုးဘိုးအောင်တန်ခိုးနဲ့ နှစ်ဆတိုးဆိုသကဲ့သို့ ဆိုင်ကယ်စီးရေ များစွာ ဖြစ်လာသည်။ မိုးကုတ် မြို့သူမြို့သားများလည်း ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်အား တွေ့မြင်လိုစောဖြင့် လမ်းမသို့ ထွက်၍ ကြည့်ကြသည်။ ကြိုဆိုကြသည်။ မိုးကုတ်တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သည်။ မိုးကုတ်မြို့ရှိ ကျောက်မျက်ရတနာ ရောင်းဝယ်သည့် ထာပွဲ (ကျောက်မျက်ဈေး)လည်း ပိတ်၍ ဒေါ်အောင်ဆန်းစုကြည် ရှိရာသို့ စုပြုံရောက်ရှိလာကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အဖွဲ့ မိုးကုတ်မြို့ရောက်ရှိရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံကို ဦးတင်ဦးက တစ်ဆင့်ပြန်၍ ဖောက်သည်ချခဲ့သည်။

**မိုးကုတ် ရောက်တော့ မိုးကုတ်သူ၊ မိုးကုတ်သားတွေက တခဲနက် ကြိုဆိုကြတယ်၊ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေဆိုပြီး ဆုတောင်းကြတယ်၊ အဲဒီလို အောင်မြင်ပြီးတော့ လာတာကို တားဆီးချင်တဲ့၊ ပိတ်ဆို့ချင်တဲ့ သဘောတွေက ပြင်းထန်လာတဲ့သဘောတွေရှိတယ်၊ ဘယ်မှာဖြစ်လဲဆိုတော့ မိုးကုတ်ကနေ သပိတ်ကျင်းကို ထွက်လာတဲ့အချိန်မှာ နည်းနည်းလေး ညနေစောင်းသွားတော့ ဒေါ်အောင်ဆန်းစုကြည်ကို လာပြီး ကြိုဆိုတဲ့ လူအုပ်ကြီးကလည်း များတယ်၊ သတင်းတွေတော့ ရတယ်၊ စာရွက်တွေနဲ့လည်း ရတယ်၊ လူကိုယ်တိုင်လာပြီး**





ရွှေကူမြို့တွင် လူထုပရိသတ်အား ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

**သတင်းပို့တာတွေလည်း ရတယ်၊ ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေက တုတ်တွေ၊ ဓားတွေ၊ လောက်လေး(ဘတ်ခွ)တွေနဲ့ လာပြီး ချောင်းယှက်ဖို့ရှိတယ်၊ လမ်းမှာလာတဲ့ လူတွေကတော့ လောက်လေးတွေရဲ့ ပစ်ခတ်တာတွေ စပြီး ဖြစ်နေပြီ၊ လာတဲ့လူတွေက လမ်းမှာ စစ်တာ၊ ဆေးတာတွေရှိတယ်၊ ဒါပေမဲ့ အစည်းအဝေးက ညနေပိုင်းမှာ လူလေးငါးထောင်လောက် ရှိတယ်၊ အောင်မြင်သွားတယ်** ဟု ဦးတင်ဦးက ရှင်းလင်းပြောပြခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဖွဲ့သည် မိုးကုတ်မြို့တွင် မေလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရှိနေပြီး မေလ ၂၅ ရက်နေ့ ညနေ ခြောက်နာရီတွင် မိုးကုတ်မှ စဥ့်ကူးမြို့နယ်သို့ ခရီးဆက်ခဲ့သည်။

မိုးကုတ်မှအထွက် ကသည်းအုပ်စု ဗိုလ်ကုန်းအရောက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်န်အယ်လ်ဒီပါတီအား ဆန့်ကျင်ဆန္ဒပြသည့် လူအုပ်စုက ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒပြကြသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ပွားခြင်း မရှိ။ အော်ဟာစ်ခြင်းလည်း မရှိသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့မှာ ဆက်လက်၍ ခရီးထွက်ခဲ့ကြသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဆန့်ကျင်ဆန္ဒပြသူများမှာ လေးရာခန့် ရှိသည်ဟု ခန့်မှန်းရသည်။

သပိတ်ကျင်းမြို့နယ် ခုနစ်မိုင်ရွာထိပ်သို့ ရောက်ရှိသည့်အခါ ညနေသုံးနာရီခန့် ရှိပြီဖြစ်သည်။ ခုနစ်မိုင်ရွာထိပ်တွင်လည်း ဒေသခံလူအင်အား တစ်ထောင်ခန့်ရှိသော လူအုပ်က ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒပြကြပြန်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်းမှာ ဆန္ဒပြခံရသည်မှ လွဲ၍ အနှောင့်အယှက် မရှိ အန္တရာယ်ကင်းစွာဖြင့် ခရီးဆက်နိုင်ခဲ့သည်။

ညခုနစ်နာရီခွဲခန့်တွင် စဥ့်ကူးမြို့နယ် ခြေထောက်ပေါက်ကျေးရွာသို့ ရောက်သည်။ ယင်းကျေးရွာသို့ ရောက်သည့်အခါတွင်လည်း ဆိုင်း




မိုးကုတ်မြို့ စည်းရုံးရေးခရီးစဉ်တွင် လူထုပရိသတ်များအား
ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်



ဘုတ်ကို လူအုပ်စုကြီးက ဆန္ဒပြကြပြန်သည်။ လူအုပ်စုမှာ အင်အား ငါးရာခန့် ရှိသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ နွယ်ရုံကျေးရွာ ရောက်သည့်အခါတွင် အင်န်အယ်လ်ဒီပါတီအဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ တစ်ဘက်နှင့်တစ်ဘက် ခိုက်ရန်ဖြစ်ပွားမှုများ ရှိခဲ့သည်။

ယင်းအခြေအနေများနှင့် ပတ်သက်၍ ဦးတင်ဦးက ပြန်လည်ရှင်းလင်းပြောကြားရာတွင် အခြေအနေမှာ အတော် ဆိုးရွားသည်။ မိုးကုတ်မြို့က စထွက်လာကတည်းကပင် ပြဿနာ စဖြစ်သည်။

**ဒိုင်နာကားကြီးတွေနဲ့ ကျွန်တော်တို့ကားကို ပိတ်ပြီးတော့ အပေါ်မှာရှိတဲ့ အသံချဲ့စက်လေးခုလောက် တပ်ထားပြီးတော့ အကျယ်ကြီးအော်ပြီးတော့ နယ်ချဲ့အားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒ ကန့်ကွက်ကြ၊ ပြည်ဖျက်မစုကြည်ဆိုတာတွေ အော်တယ်၊ အဲဒီမှာ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ရဲမှူးကြီး၊ တစ်ပွင့်၊ နှစ်ပွင့်၊ အကြပ်တွေလည်း ရှိတယ်၊ သူတို့က ကြံ့ဖွံ့တို့၊ စွမ်းအားရှင်တို့ လုပ်တာကို မပြောရဲဘူး၊ သူတို့ကြောက်တယ်၊ ကျွန်တော်တို့ကားတွေကိုပဲ အတင်းသွားပါ သွားပါ ပြောတယ်၊ သူတို့က ရှေ့က သွားပါ သွားပါ ပြောပေမယ့် ရှေ့က ပိတ်ထားတော့ ဘယ်လို သွားရမလဲ၊ အဲဒီနေရာမှာ အတော်ကို မှောင်သွားပြီ၊ အဲဒီကနေ ထွက်လာတော့ စဥ့်ကူးကို ဝင်သွားပြီ၊ အဲဒီကားကြီးတွေကလည်း နောက်ကနေ အော်ရင်း လိုက်တယ်ဟု ဆိုသည်။**

မေလ ၂၅ ရက်နေ့ စဥ့်ကူးမြို့နယ်၊ နွယ်ရုံကျေးရွာ ဖြစ်စဉ်နှင့် ပတ်သက်၍ အစိုးရက သတင်းရှင်းလင်းပွဲတွင် အင်န်အယ်လ်ဒီပါတီဝင်များက ဒေါ်အောင်ဆန်းစုကြည်ကို ဆန္ဒပြရန် ရောက်လာသော လူများထဲမှ ဝါးရုံရွာသား ကျော်နိုင်၊ ရောက်ပင်ရိုးရွာသား စန်းဦးနှင့် ဘိုးချို့တို့ ဒဏ်ရာရရှိသည်ဟု ဆိုသည်။ ထို့အတူ အင်န်အယ်လ်ဒီပါတီမှ သတင်းထုတ်ပြန်ရာတွင် ပါတီဝင်တစ်ဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် စဥ့်ကူးမြို့နယ် အင်န်

www.burmeseclassic.com

www.burmeseclassic.com





စဥ့်ကူးမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်အား
ကြိုဆိုထောက်ခံနှုတ်ဆက်သူများအား တွေ့ရစဥ်



စဥ့်ကူးမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်အား
ကြိုဆိုထောက်ခံနှုတ်ဆက်သူများအား တွေ့ရစဥ်



အယ်လ်ဒီပါတီရုံးတွင် စည်းရုံးရေးအဖွဲ့များ တွေ့ဆုံသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အစည်းအဝေး ရောက်လာသည့် ပါတီဝင်များနှင့် လူငယ်ဖွဲ့စည်းရေးကိစ္စများ ဆွေးနွေးကြသည်။

ည ၈ နာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည်တို့ ရောက်ရှိနေသော ပါတီရုံးကို လောက်လေးနှင့် ပစ်သည်။ အိမ်ကို မှန်သည်။ ခေါင်မိုးပေါ်သို့ ကျသည်။ ထို့အတူ လောက်လေးဥနှင့် ပစ်လိုက်သည့် လောက်စာလုံးက ဒေါ်အောင်ဆန်းစုကြည်တို့ အနီးတွင် ကျရောက်သည်။ ယင်းအတွက် ဒေါ်အောင်ဆန်းစုကြည်က ရဲစခန်းတွင် အမှုဖွင့်ရန် ဦးတင်ဦးအား ပြောသည်။

သို့အတွက် ဦးတင်ဦးက စဥ့်ကူးမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သွား၍ အမှုဖွင့်သည်။ ရဲစခန်းက အမှုကို လက်မခံ။ ထိုအခါ ဦးတင်ဦးသည် ဥပဒေ နားလည်တတ်ကျွမ်းသူပီပီ တာဝန်ကျရဲအား အမှုဖွင့်ခွင့် မပြုရင် ပြန်ပြီး တရားစွဲ၍ရကြောင်း ပြောလိုက်သည်။ တာဝန်ကျရဲတပ်ကြပ်က စခန်းမှူးအား တင်ပြ၍ အမှုဖွင့်ခွင့်ပြုသည်။ ဦးတင်ဦးနှင့် စခန်းမှူးတို့ F.I.R ဖွင့်နေစဥ် ရဲစခန်းအတွင်းသို့ ကားတစ်စီး မောင်းဝင်လာသည်။ ကားပေါ်တွင် ဒဏ်ရာရ၍ ပတ်တီးစီးထားသည့် လူနာပါတယ်ဟု ရဲတပ်သားက သတင်းလာပို့သဖြင့် F.I.R အမှုဖွင့်၍ ရေးနေသည့် စခန်းမှူးမှာ ပြာပြာသလဲ သွားသည်။ ယင်းဒဏ်ရာရရှိသူမှာ ကြံ့ခိုင်ရေးမှ ဖြစ်ကြောင်း သိရသည်။

ကြံ့ခိုင်ရေးဘက်မှလည်း အမှုလာဖွင့်ခြင်း ဖြစ်သည်။ ဦးတင်ဦးတိုင်ချက်ကို အခြား ရဲတာဝန်ရှိသူနှင့် ပြီးအောင်ရေး၍ အမှုဖွင့်လိုက်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ဦးတင်ဦးက ကြံ့ဖွံ့တို့၊ စွမ်းအားရှင်တို့ဆိုရင် ဝန်ထမ်းလောက၊ အထူးသဖြင့် ရဲတို့၊ အုပ်ချုပ်ရေးအပိုင်းကလူတွေက တော်တော်ကို ကြောက်တယ်ဟု ပြောဆိုခဲ့သည်။ ဦးတင်ဦးပြောလိုချင်သည့် သဘောမှာ ပြည်ထဲရေးဝန်ကြီးမှာ ကြံ့ခိုင်ရေးဟိုကော်

www.burmeseclassic.com

www.burmeseclassic.com



မတီဝင်အဖြစ် ပါဝင်နေခြင်းကြောင့် ဖြစ်သည်ဟု ထင်သည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးမှာ ဗိုလ်မှူးကြီးတင်လှိုင် ဖြစ်သည်။

ကြံ့ခိုင်ရေးမှ အဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခြင်းမှာ ဆန္ဒပြသူများ၏ ကားပေါ်မှ လူများက ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနေသည့် ပါတီဝင်များနှင့် ရွာသူရွာသားများအား ခဲများ၊ လောက်လေးခွများနှင့် ပစ်သဖြင့် အပစ်ခံရသူများက လမ်းပေါ်မှ ခဲများနှင့် ပြန်ပစ်သဖြင့် ဒဏ်ရာရရှိခြင်း ဖြစ်သည်ဟု ဆိုသည်။

၂၀၀၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မတ္တရာမြို့နယ်သို့ ရောက်ရှိသည့်အခါတွင် တစ်ဖက်နှင့်တစ်ဖက် ပြဿနာ ဖြစ်ပွားခဲ့သည်။ ပြဿနာက အလွန် ကြီးထွားသည်။ ဒေါ်အောင်ဆန်းစုကြည်တို့ ရောက်ရှိနေသည့် အင်န်အယ်လ်ဒီအဖွဲ့ချုပ်အား ကြိုဆို နေသည့် ခြံဝင်းအတွင်းတွင် ပရိသတ်များနှင့် ပြည့်နှက်နေသည်။ ထို စဉ် မတ္တရာသွားစဉ် နောက်မှ လိုက်လာသည့် အဖွဲ့က ခြံဝင်းအတွင်းရှိ လူအုပ်ထဲသို့ ဝင်၍ အသံချဲ့စက် ဖွင့်သည်။ သံပုံးများ တီးသည်။ ကြွေးကြော်သံများ အော်ဟစ်ကြသည်။ ထိုစဉ် ပါတီဝင်အချို့နှင့် ပြဿနာ ဖြစ်သည်။ အနီးအနားရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များ ရောက်ရှိလာကာ တားမြစ်သည်။ မရပါ။ တစ်ဖက်အုပ်စုမှ ထော်လာဂျီပေါ်မှ လောက်လေးဂွနှင့် ပစ်သည်။ သည့်နောက် တစ်ဖက်အုပ်စုနှင့် သံဃာတော်များ၊ ပါတီဝင်များ အပြန်အလှန် ရိုက်ကြနှက်ကြသည်။ လေးခွနှင့် ပစ်ကြသည်။ သံဃာတော်များထဲတွင် မကြာမီက ဒုလ္လဘ ရဟန်းဝတ်နေသည့် အင်န်အယ်လ်ဒီဒုတိယဥက္ကဋ္ဌ ဦးညို ပါသည်ဟု တစ်ဖက်က ပြောသည်။ ပြဿနာဖြစ်ပြီးနောက်ပိုင်း တစ်ဖက်အုပ်စုလည်း ပြန်လည် ထွက်ခွာသွားသည်။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဖွဲ့သည် ညနေပိုင်းတွင် မတ္တရာမှ မန္တလေးသို့ ဆက်၍ ခရီးထွက်ကြသည်။ ပုသိမ်ကြီးမြို့ မရောက်မီ ပုသိမ်လေးကျေးရွာ အရောက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ရှုံ့ချ ဆန္ဒပြသူများနှင့် ထပ်မံကြုံရ



သည်။ လူအင်အားမှာ ငါးရာ၊ ခြောက်ရာခန့် ရှိမည်။ ဆန္ဒပြသူများ အချို့မှာ ဆိုင်းဘုတ်ငယ်များ ကိုင်ဆောင်လျက် ကြွေးကြော်အော်ဟစ် ဆန္ဒပြနေကြခြင်း ဖြစ်သည်။ ထိုအခါ မတ္တရာမှ လိုက်လာသည့် ဒုလ္လဘ ရဟန်းဝတ်နေသည့် ဦးညို အပါအဝင် ပါတီဝင်အချို့နှင့် ဆန္ဒပြသူများ တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ပွားကြပြန်သည်။ တစ်ဖက်မှ ပုသိမ်လေးရွာသူ မမြတ်သင်းသူနှင့် မအေးအေးခိုင်တို့ ဒဏ်ရာ ရရှိသွားသည်ဟု ဆိုသည်။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် မန္တလေးမြို့ ဆက်လက် ထွက်ခွာခဲ့ကြသည်။ ညနေငါးနာရီခွဲခန့်တွင် မန္တလေးမြို့သို့ ဝင်သည်။ လမ်းတလျှောက်တွင် ကြွေးကြော်သံများလည်း အော်ဟစ်ခဲ့ကြသည်။ ညနေ နေဝင်ချိန်ရောက်မှ အမှတ် ၆၅၄၊ ၃၈ လမ်း၊ (၇၉ လမ်းနှင့် လမ်း ၈၀)၊ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အင်န်အယ်လ်ဒီပါတီရုံးသို့ ရောက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့ ရောက်သည်နှင့် ပါတီဝင်များ၊ လူထုပရိသတ်များ အများအပြား ရောက်လာသဖြင့် ၃၈ လမ်းမှာ ပိတ်သွားသည်။

တာဝန်ရှိသူများမှ လမ်းပိတ်နေသဖြင့် လမ်းရှင်းပေးရန် အသံချဲ့စက်ဖြင့် အော်၍ ပြောသည်။ ယင်းသို့ တာဝန်ရှိသူများက အသံချဲ့စက်နှင့် အော်နေသည့် အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးတိုင်းဒေသကြီး ပါတီရုံး အပေါ်ထပ်မှ လူထုပရိသတ်အား ဟောပြောနေစဉ်ဖြစ်သည်။ ပရိသတ်မှာ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်း နားထောင်နေကြသဖြင့် လမ်းဖယ်မပေးဘဲ ဆက်၍နားထောင်နေကြသည်။

ထိုစဉ် အသံချဲ့စက်နှင့် လမ်းရှင်းနေသည့် ဒိုင်နာကားသည် ၇၈ လမ်းဘက် ကွေ့၍ ရပ်လိုက်စဉ် ပါတီဝင်အချို့နှင့် ပရိသတ်အချို့က ခဲများနှင့် ပစ်ပေါက်ခြင်း၊ တုတ်နှင့် ရိုက်ခြင်းတို့ကြောင့် လေကာမှန် ကွဲသွားသည်။ သို့တိုင် ဒေါ်အောင်ဆန်းစုကြည် ဟောပြောနေသည့် အစီအစဉ်မှာ ပျက်မသွားပေ။ ဆက်လက်၍ ဟောခဲ့သည်။ ဟောပြောပွဲ

www.burmeseclassic.com

www.burmeseclassic.com





စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်




စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်





စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်



စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com






စဥ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား
ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဥ်



စဥ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား
ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဥ်





စဥ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား
ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဥ်



စဥ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား
ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဥ်

www.burmeseclassic.com

www.burmeseclassic.com





စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်



စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဆန့်ကျင်ဆန္ဒပြ နှောင့်ယှက်သူများကို တွေ့မြင်ရစဉ်



ပြီးသွားသည့်အခါ ၃၈ လမ်းတလျှောက်လည်း လမ်းရှင်းသွားပြီ ဖြစ်သည်။ ထိုညက မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီရုံးတွင် ညအိပ်ကြသည်။

မေလ ၂၇ ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ပါတီရုံးများသို့ သွားရောက်၍ ဆိုင်းဘုတ်တင်သည့် မြို့နယ်တွင် ဆိုင်းဘုတ်တင်သည်။ ဟောပြောရမည့် နေရာတွင် ဒေါ်အောင်ဆန်းစုကြည်က ဟောပြောသည်။ မန္တလေးမြို့ပေါ်ရှိ ပါတီရုံးများသို့ သွားရောက်ပြီးနောက် တံတားဦးမြို့နယ်ပါတီရုံးသို့ ခရီးဆက်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ သွားလေရာသို့ မန္တလေးမြို့ခံများက ဆိုင်ကယ်များနှင့် ဝိုင်းရံလိုက်ပါစောင့်ရှောက်ကြသည်။ ယင်းသို့ မန္တလေးမြို့ခံများ၊ ဆိုင်ကယ်များ၊ ကားများနှင့် လိုက်ပါကြခြင်းမှာ မိုးကုတ်၊ စဉ့်ကူး၊ မတ္တရာနှင့် ပုသိမ်ကြီးမြို့နယ်များတွင် ဆန္ဒပြသူများနှင့် ဖြစ်ပွားခဲ့သည့် ပြဿနာကြောင့်ပင် ဖြစ်သည်။ မန္တလေးမြို့ပေါ်ရှိ တာဝန်ရှိယာဉ်ထိန်းရဲများကလည်း ကူညီ၍ လမ်းရှင်းပေးခဲ့သည်။ ထိုနေ့က ပြဿနာ တစ်စုံတစ်ရာ ထူးထူးခြားခြား မဖြစ်ခဲ့ပေ။

မေလ ၂၈ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်အားလုံး မန္တလေးတိုင်းဒေသကြီး ပါတီရုံးတွင် မုံရွာခရီးစဉ်အတွက် ကြိုတင်ညှိနှိုင်းပြင်ဆင်ကြသည်။ ထိုစဉ်က မန္တလေးတိုင်းဒေသကြီး အင်န်အယ်လ်ဒီပါတီ ဥက္ကဋ္ဌမှာ ဦးဘိုဓံ ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဘိုဓံတို့ ညှိနှိုင်းတိုင်ပင်၍ မန္တလေးမြို့ပေါ်ရှိ မြို့နယ်လေးမြို့နယ် ပါတီရုံးများမှ တစ်မြို့နယ် ကားတစ်စီး အနည်းဆုံး လိုက်ပါရန် နှိုးဆော်ထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အလာလမ်းခရီးတလျှောက် အတွေ့အကြုံများနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရီးစဉ်တွင် ဖြစ်ပေါ်လာမည့် ပြဿနာများကို တွက်ဆ၍ မန္တလေး-မုံရွာ ခရီးစဉ်တွင် အင်အားတောင့်တင်းစွာဖြင့် အုပ်စုဖွဲ့ သွားလာရန် စီစဉ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီးနှင့် မုံရွာမြို့တွင် အန္တရာယ်ပေးနိုင်သည့် သတင်းများကိုလည်း ကြိုတင်ရရှိထားသည်။

၂၀၀၃ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဖွဲ့သည် မန္တလေးမှ ပါတီဝင်များ လိုက်ပါလာသည်။ စုစုပေါင်း ကား ၇ စီး၊ ဆိုင်ကယ်အစီး ၂၀ ကျော်နှင့် လူအင်အား ၁၀၀ ကျော် လိုက်ပါလာခဲ့ကြသည်။

စစ်ကိုင်းတံတား ကျော်လာသည့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဆန့်ကျင်ဆန္ဒပြသူများကို တွေ့ရသည်။ လူအင်အား နှစ်ရာခန့် ရှိမည်။ ယင်းတို့လက်ထဲတွင် ဆိုင်းဘုတ်ငယ်များ ကိုင်ဆောင်ထားသကဲ့သို့ ကြွေးကြော်သံများကိုလည်း ကြွေးကြော်ကြသည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံသူများကလည်း "ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ" "ဘဘဦးတင်ဦး ကျန်းမာပါစေ"ဟု အော်ဟစ်ကာ ဆုတောင်းကြသည်။ လှိုက်လှဲစွာ ကြိုဆိုကြသည်။ လူအင်အားမှာ နှစ်ထောင်ခန့် ရှိသည်။ တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်ပွားခြင်း မရှိပေ။

ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အဖွဲ့သည် စစ်ကိုင်းမြို့မှ ထွက်လာပြီး မြင်းမူမြို့သို့ မွန်းတည့်ချိန်ခန့်တွင် ရောက်ရှိသည်။ မြင်းမူရောက်သည့်အခါ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား တိုက်ခိုက်ရန်ပြုမည့် သတင်းများ ကြားရခဲ့သည်။ ယင်းသတင်းကို ရရှိသဖြင့် ဦးတင်ဦးက ဥက္ကဋ္ဌ ဦးအောင်ရွှေကို ဖုန်းဆက်သည်။ အဆက်အသွယ်ရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးတင်ဦးက-

**"အဖွဲ့ချုပ်က ဘာပြောလဲဆိုတော့ မုံရွာဘက်က လူတစု စုပြီးတော့ ရိုက်မယ်ပြုမယ်နဲ့ လူစု နေကြတယ်လို့ ပြောတယ်၊ ပြောတဲ့အခါကျတော့ ရန်ကုန်မှာ ရှိတဲ့ အဖွဲ့ချုပ်ခေါင်းဆောင်တွေကလည်း ဒီသတင်းရတယ်၊ ဘဘက ဥက္ကဋ္ဌဦးအောင်ရွှေကို ခေါ်တယ်၊ ဦးအောင်ရွှေကလည်း ဘဘကို ခေါ်ဖို့ ကြိုးစားရင်းနဲ့ နှစ်ယောက် ဆုံတယ်၊ ခုနက**



**ပြောသလို သတင်းရတယ်၊ သတင်းရတဲ့အတွက် သက်ဆိုင်ရာ အကြီးအကဲတွေကိုတော့ သတင်းပို့ထားပြီးပြီ၊ ခင်ဗျားတို့ သွားတဲ့အခါ သတိထားသွားပါ စသည်ဖြင့် ဒီလို ပြောတယ်၊ ဘဘကလည်း ဒီမှာရှိတဲ့ လုံခြုံရေး အသိုင်းအဝိုင်းအကြောင်း ကြားထားပြီးပြီ၊ တတ်နိုင်သလောက် လုံခြုံရေး စောင့်ရှောက်ဖို့ ပြောထားတယ်၊ အဲဒီလို ပြောပြီးတော့ မြင်းမူမြို့က စထွက်ကြတယ်"**ဟု ပြောပြသည်။

ယင်းသတင်းများအရ ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေး ရောက်စဉ်ကပင် ကြိုတင်တွက်ဆထားဟန် ရှိသည်။ သတင်းရရှိဟန်တူသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်က မုံရွာမြို့သို့ မသွားမီ အနောက်မြောက်မြို့နယ် အင်န်အယ်လ်ဒီရုံးရှေ့ ဟောပြောပွဲတွင် သူ၏ စိတ်သဘောထားနှင့် ဆုံးဖြတ်ချက်ကို မေးစရာမလိုအောင် ကြိုတင်၍ ပြောထားခဲ့သည်မှာ **"နိုင်ငံရေးလုပ်တဲ့အခါ ရှေ့တိုးသင့်တဲ့ အချိန်ဆိုတိုးရမှာပဲ၊ နောက်ကိုဆုတ်သင့်တဲ့အချိန်မှာ ဆုတ်ရမယ်၊ စွန့်လွှတ်သင့်ရင်လည်း စွန့်လွှတ်ရမှာပဲ"** ဟု ပြောကြားထားပြီး ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ထိုစဉ်က ပြောခဲ့သည့် စကားဆိုလျှင် ရှေ့သို့ တိုးသင့်သည့် အချိန် ဖြစ်၍ ရှေ့သို့ တိုးမည်။ စွန့်လွှတ်စွန့်စားမည်ဟု ဆုံးဖြတ်ချက်ချပြီး ဖြစ်သည်။ သို့အတွက် မြင်းမူမြို့တွင် ပါတီဆိုင်းဘုတ်တင်ပွဲ ကျင်းပသည်။ လူငယ်ဖွံ့စည်းရေးကိစ္စများကို ဆောင်ရွက်သည်။

မြင်းမူမြို့မှ မုံရွာသို့ ခရီးဆက်ရန် ပြင်ဆင်နေစဉ် ပါတီရုံးရှေ့နားတွင် ကားငါးစီးကို တွေ့ရသည်။ ယင်းကားများပေါ်တွင် ရဲတပ်ဖွဲ့ဝင်၊ မြို့နယ်အာဏာပိုင်များ၊ ကြံ့ခိုင်ရေးများ၊ မီးသတ်များနှင့် စွမ်းအားရှင် ပါရှိသည်ကို တွေ့ရသည်။ ညနေ သုံးနာရီခန့်တွင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မြင်းမူမြို့မှ မုံရွာမြို့သို့ ထွက်ခွာလာသည့်အခါ ယင်းကား ငါးစီးသည် နောက်မှ တစ်ပါတည်း လိုက်ပါလာခဲ့သည်။

မြင်းမူမြို့မှ ထွက်လာသည့်အခါ အာလွကပ္ပရွာ၊ မြောင်လမ်းခွဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငွေးပင်တောကျေးရွာများကို ကျော်ဖြတ်လာပြီးနောက် ချောင်းဦး မရောက်မီ ရေပိုးစားသို့ ရောက်သည်။ ရေပိုးစားတွင် ဆန္ဒပြရန် အသင့်စောင့်ဆိုင်းနေသူများမှာ ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။

**"ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ"**

**"ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ"**

**"မြန်မာနိုင်ငံကို နိုင်ငံတကာမှ အကူအညီပေးခြင်းကို ပိတ်ပင်နေသူအား အလိုမရှိ"**

**"တည်ငြိမ်အေးချမ်းမှုကို လိုလားသည်"**

**"မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုများ မလာအောင် ပိတ်ပင်နေသူများအား အလိုမရှိ"**

**"လိုရာသုံး ဒီမိုကရေစီ အလိုမရှိ"**

စသည်ဖြင့် ကြွေးကြော်ဆန္ဒ ပြကြသည်။ ယင်းစာသားပါ ဆိုင်းဘုတ်ငယ်များကို လက်မှမြှောက်ကာ သံပြိုင်ကြွေးကြော်နေခြင်း ဖြစ်သည်။

ဆန္ဒပြနေသူများမှာ ရေပိုးစားမှ မဟုတ်ကြောင်း ဒေသခံများက ပြောဆိုကြသည်။ ချောင်းဦး၊ မြင်းမူ၊ မြောင် စသည့် မြို့နယ်များမှ ဖြစ်ကြောင်း သိရသည်။ ဆန္ဒပြနေသည့် အနီးအနားတွင် အာဏာပိုင်အဖွဲ့အစည်းများ ရှိနေသည်။ ထိုစဉ်က မုံရွာမှ မန္တလေးသို့ ထွက်ခွာမည့် ခရီးသည်တင် ကားလိုင်းများကို ပိတ်ထားသည်။ မုံရွာမှ ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုမည့်သူများကို မသွားရန် တားမြစ်ထားသည်။ ဆန္ဒပြပွဲမှာ သက်ဆိုင်ရာ ဒေသအာဏာပိုင်များက စနစ်တကျ စီစဉ်ထားဟန် ရှိသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့်အဖွဲ့ ယာဉ်တန်းမှာ မုံရွာနှင့် ချောင်းဦးမြို့နယ်များမှ လာရောက်ကြိုဆိုကြသည့် ပါတီဝင်များနှင့် ပြည်သူ အများအပြား ရောက်ရှိလာသဖြင့် အင်အားမှာ များနေသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်



အဖွဲ့အား အကြမ်းဖက် နှိမ်နင်းခြင်း မရှိသည်ကို တွေ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ညနေ ခြောက်နာရီခန့်တွင် မုံရွာမြို့သို့ အခဆင်ပြေချောမွေ့စွာ ရောက်ရှိလာခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ မုံရွာမြို့သို့ ရောက်ရှိစဉ် လျှပ်စစ်မီးများကို တစ်မြို့လုံး သက်ဆိုင်ရာက ဖြတ်တောက်ထားသည်။ ညနေခြောက်နာရီဆိုသော်လည်း မိုးချုပ်ကာ အမှောင်ထုက ဖုံးလွှမ်းနေပြီ ဖြစ်သည်။ သို့တိုင် မုံရွာမြို့သူမြို့သားများက ဖယောင်းတိုင်များ ထွန်း၍ ကြိုဆိုခဲ့ကြသည်။ စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြခြင်း ဖြစ်သည်။ ထို့အတူ မုံရွာမြို့သူမြို့သားများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဆုတောင်းမေတ္တာ ပို့သကြသည်။

**ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ။**

**ဘဘဦးတင်ဦး ကျန်းမာပါစေ။**

ဟု သံပြိုင်ဆုတောင်းမေတ္တာပို့သံသည် ကျယ်လောင်စွာ ပေါ်ထွက်လာသော်လည်း ကြေကွဲဝမ်းနည်းသည့် အသံလှိုင်းများ စီးဆင်းနေသည်။ မေတ္တာ၊ ကရုဏာသံများ ရောနှောပါဝင်နေသည်။ သို့သော် ဆုတောင်း မေတ္တာပို့သံတွင်မူ အကြောက်တရားများ ကင်းရှင်းနေသည်။ မုံရွာခရီး စဉ်နှင့် ပတ်သက်၍ ဦးတင်ဦးက ပြန်လည် ပြောပြရာတွင်

**မုံရွာမြို့ မရောက်ခင် မြို့အဝင်မှာကတည်းက လူအုပ်က အများကြီးဖြစ်နေပြီ၊ တစ်နေရာမှာ ဆန့်ကျင်ဘက် အော်မယ့်သူရော၊ အော်ရုံတင်မကဘူး၊ နှောင့်ယှက်ဖို့၊ တော်တော်ကြမ်းကြမ်းတမ်းတမ်း နှောင့်ယှက်ဖို့ ပြင်နေတဲ့ လူ လေးငါးခြောက်ဆယ်လောက်က လမ်းအကွေ့လေးနားမှာ ဆန့်ကျင်ဖို့၊ ပြဖို့ နည်းနည်းလေး အကြမ်းဖက်ချင်တဲ့ သဘော၊ သူတို့အမူအယာတွေက မကောင်းဘူး၊ ကျုပ်တော်တို့ကို ဘယ်သူ စောင့်ရှောက်သလဲဆိုတော့ မုံရွာက လူငယ်တွေလည်း ပါတယ်၊ မြို့လူထုလည်း ပါတယ်၊ နောက် မုံရွာက သံဃာတော်တွေရော၊ မန္တလေးက လိုက်လာတဲ့ သံဃာတော်တွေရော ပါတယ်ဆိုတော့ သူတို့ ဝိုင်းပြီး အတားအဆီး၊**

www.burmeseclassic.com



**အဝိတ်အပင် လုပ်လိုက်တဲ့အခါ ဘာမှ ဖြစ်မသွားဘူး၊ အဲဒီမှာ မှောင်စပြုနေပြီဟု ဆိုသည်။**

မုံရွာမြို့သို့ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မုံရွာမြို့ဝင်စဉ် ဆုတောင်းမေတ္တာပို့သံများနှင့်အတူ ကမ္ဘာမကျေသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်အား လာရောက်ကြိုဆိုသည့်အထဲတွင် မုံရွာတက္ကသိုလ်နှင့် ကောလိပ်များမှ ကျောင်းသူ၊ကျောင်းသားများ ဆိုင်ကယ် အစီး နှစ်ရာ၊ သုံးရာလောက်နှင့် လာရောက်ကြိုဆိုခဲ့ခြင်းဖြစ်သည်။

အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ချောင်းဦးမှ မုံရွာသို့ ရောက်ရှိသွားသည့် အချိန်တွင် ကား ၁၆စီး၊ ဆိုင်ကယ် အစီး ၁၅၀ နှင့် လူအင်အား ၃၀၀ ခန့် ရှိသည်ဟု ဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မုံရွာမြို့တွင်းလမ်းမများသို့ လှည့်လည်ပြီး မုံရွာမြို့နယ်ပါတီရုံးသို့ ညကိုးနာရီခွဲခန့်တွင် ရောက်ရှိသည်။ ဆိုင်းဘုတ်တင်ပွဲသို့ ရောက်ရှိနေသည့် လူထုပရိသတ်မှာလည်း များပြားလှသည်။ သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ပါတီဆိုင်းဘုတ်တင်ပွဲ မကျင်းပမီ လူထုပရိသတ်အား မိန့်ခွန်း ပြောသည်။

**၂၉-၅-၂၀၀၃ ရက်နေ့ညတွင် မုံရွာမြို့ အင်န်အယ်လ်ဒီပါတီဆိုင်းဘုတ်တင်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် မိန့်ခွန်းမှာ-**

၁၉၄၇ ခုနှစ်က အထက်မြန်မာနိုင်ငံကို စည်းရုံးရေး ခရီးသွားပြီးတဲ့နောက်မှာ မုံရွာကို ရောက်ခဲ့ပါတယ်။ အဲလို မုံရွာကို ရောက်တဲ့အတွက် စည်းရုံးရေးခရီးကလည်း နည်းနည်း ပမ်းလာတဲ့အခါကျတော့ မုံရွာကို ရောက်တဲ့အခါမှာ မုံရွာက ဖဆပလ အဖွဲ့ချုပ်ကနေပြီးတော့ သူတို့အနေနဲ့ နားနားနေနေ နေထိုင်ဖို့အတွက် စီစဉ်လိုက်ပါတယ်။ စီစဉ်တဲ့အခါကျတော့ ဖေဖေက ဘယ်လို ပြောလဲဆိုတော့ "မုံရွာကကွယ်၊ လိမ္မာတယ်" လို့ ဟာပြောတယ်တဲ့။



ကျွန်မ ပြောရမှာက မုံရွာက လိမ္မာတယ်လို့ ပြောမယ့်အစား "မုံရွာကကွယ့် ခိုင်မာတယ်" လို့ ကျွန်မ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မုံရွာက ၁၉၈၈ ခုနှစ်နဲ့ မထူးဘဲ မထူးခြားနားဘဲ ခိုင်ခိုင်မာမာ ရပ်တည်နေတယ်။ ပိုပြီးတော့တောင်မှ ခိုင်မာတယ်ဆိုတာ ကျွန်မ မြင်ရတယ်။ ပိုပြီး ခိုင်မာလာတဲ့အကြောင်းကို ကျွန်မ စဉ်းစားလိုက်တော့ ဒါ ကျွန်မ ထင်တာနော်။ ကျွန်မတို့ပြည်သူလူထုက မတရားတာကို မကြိုက်ဘူး။ အနိုင်ကျင့်တာကို မကြိုက်ဘူး။

ကျွန်မတို့ကို၊ ကျွန်မတို့အဖွဲ့ချုပ်ကို အခု ကျွန်မ စည်းရုံးရေးပေါ့နော်။ ကချင်ပြည်နယ်၊ အမိကကတော့ ကချင်ပြည်နယ် စည်းရုံးရေး ခရီးစဉ်ပေါ့။ ကချင်ပြည်နယ်ထိ ရောက်လာတော့ ကျွန်မတို့ကလည်း စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းမှာ ဝင်ပြီးတော့ တချို့မြို့နယ်တွေကို ဝင်လိုက်မယ်ဆိုပြီးတော့ ဆုံးဖြတ်ပြီးတော့ ခရီးစဉ်ထဲမှာ ထည့်လိုက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကချင်ပြည်နယ် ခရီးစဉ်စကတည်းကပဲ ကျွန်မတို့ရဲ့ လုပ်ငန်းတွေကို ဖျက်လိုဖျက်ဆီး နှိပ်ထက်စီးနင်းနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က အမျိုးမျိုး လုပ်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့တွေ အများကြီး သည်းခံခဲ့ပါတယ်။

ဆန္ဒပြတာကတော့ တကယ်တော့ လူတိုင်း၊ လူတိုင်းမှာ ဆန္ဒပြပိုင်ခွင့် ရှိတယ်ဆိုတာ ကျွန်မတို့ရဲ့ အယူအဆ။ ကျွန်မတို့ရဲ့ ယုံကြည်ချက်ပဲ။ အာဏာပိုင်တွေအနေနဲ့ တကယ်ပဲ လူတိုင်းလူတိုင်းမှာ ဆန္ဒပြပိုင်ခွင့် ရှိရမယ်ဆိုတာ ယုံကြည်ရင် လူတိုင်းလူတိုင်းကို ဆန္ဒပြခွင့် ပေးရမယ်။ ဒါပေမဲ့ အထူးအခွင့်အရေးအနေနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ကို ဆန္ဒပြပိုင်ခွင့် ပေးတာကိုတော့ ထားလိုက်ပါတော့။ ဒါကို ကျွန်မတို့ ဘာမှ သိပ်မပြောလိုပါဘူး။

ဒါပေမဲ့ တကယ့်မှန်ကန်တဲ့ ဆန္ဒပြခြင်းမျိုးတော့ မဟုတ်ပါဘူး။ တချို့ပြည်သူတွေက အဝင်းအကျပ် မလိုက်မနေရဆိုပြီးတော့ ဒါလာပြီးတော့ ဆန္ဒပြခိုင်းတာတွေ ရှိပါတယ်။ အဲဒါအပြင် ကျွန်မတို့လည်း

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးတိုင်းဒေသကြီး စည်းရုံးရေး ခရီးစဉ်တွင် ပြည်သူလူထု ရာပေါင်းများစွာတို့အား ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

ဘာမှ မတုံ့ပြန်ပါဘူး။ ကျွန်မတို့အနေနဲ့ အာဏာပိုင်တွေကို အသိပေးတယ်။ ဒီလိုပဲ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့က တရားဥပဒေနဲ့ မညီတဲ့ ကိစ္စတွေကို လုပ်နေပါတယ်လို့ ဆိုပေမယ့်လည်း အာဏာပိုင်တွေက အရေးမယူဘူး။ အရေးမယူတော့ အာဏာပိုင်တွေက သူတို့လက်ထဲမှာ ရှိတယ်ဆိုတဲ့ သဘောထားနဲ့ ကျွန်မတို့ကလည်း ဘာမှ မတုံ့ပြန်ဘူးဆိုတာ သိနေတော့ ဒီကြံ့ခိုင်ရေးအဖွဲ့က တစတစ ပိုပြီး ဆိုးလာတယ်။ တစတစ ပိုပြီး ဆိုးလာတယ်ဆိုတာက ကျွန်မတို့ ဒီစဥ့်ကူးကို၊ မတ္တရာကို လာတဲ့အခါ ကျည်တောက်ပေါက်ရွာမှာကျတော့ တုတ်တွေ၊ ဓားတွေ၊ လောက်လေးခွတွေနဲ့ ကျွန်မတို့ရဲ့ အဖွဲ့တွေကို၊ ကျွန်မတို့ကို ထောက်ခံတဲ့သူတွေကို ရမ်းကားလာတဲ့အထိ ဖြစ်လာပါတယ်။


ဒါပေမဲ့ ကျွန်မတို့ ဘယ်လိုမှ မတုံ့ပြန်ပါဘူး။ ရဲစခန်းမှာပဲ အမှုဖွင့်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ဒီနိုင်ငံမှာ တရားဥပဒေ စိုးမိုးသလား၊ မစိုးမိုးဘူးလားဆိုတာ သေသေချာချာ သိ



ချင်လို့။ မရှိရင်လည်း သက်သေနဲ့ သေသေချာချာ သိရအောင်လို့ပါ။

ဒီတော့ နောက်တစ်နေ့ မတ္တရာမှာကျတော့ ထပ်ပြီးတော့ တစ်ဆင့်တိုးပြီး ကျွန်မတို့ကို နှောင့်ယှက်တဲ့အနေနဲ့ ကျွန်မတို့ အဖွဲ့ချုပ်ရုံးမှာ၊ ကျွန်မတို့အဖွဲ့ချုပ်ရဲ့ ပရဝုဏ်အတွင်းမှာ ကျွန်မတို့လူငယ်ဖွဲ့စည်းရေး လုပ်နေတဲ့ အချိန်မှာ ပရိသတ် အဲဒီအဖွဲ့ချုပ်က ခြံတော်တော် ကျယ်ပါတယ်။ အခု ဒီကနေ ဟိုဘက် ခြံစည်းရိုးလောက် ရှိမယ်။ အဲဒီတော့ ပရိသတ်ကလည်း ခြံထဲမှာပဲ ရှိတယ်။ တချို့ကလည်း ခြံအပြင်မှာ၊ လမ်းဟိုဘက်မှာ ရှိတယ်။

အဲလိုအချိန်မှာ ကြံ့ခိုင်ရေးအဖွဲ့က ကားတွေနဲ့ အော်လံကြီးတွေနဲ့ လာပြီးတော့ ကျွန်မတို့ကို နှောင့်ယှက်ရန်စတဲ့သဘော လုပ်လာတယ်။ လုပ်လာတော့ ကျွန်မတို့လည်း ဘာမှမလုပ်ပါဘူး။ ဒီလိုပဲ ကိုယ့်ဟာကိုဆက်လုပ်နေတုန်း ဒီလောက်တောင်မှ အနိုင်ကျင့်တာကို ကြည့်မရတဲ့ သံဃာတော်တွေကနေပြီးတော့ ထော်လာဂျီ လာပြီးတော့ လောက်လေးခွ



ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေး ခရီးစဉ်အတွင်း ဒီဝဲယင်းမြို့အဝင်ဆိုင်းဘုတ်အား တွေ့ရှိရစဉ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပစ်တော့မှပဲ ဒီကားတွေ ထွက်သွားကြတယ်။ အဲဒီတော့ ကျွန်မတို့ မြင်တာကတော့ သံဃာတော်တွေကလည်း ဒီလို တစ်ဖက်သတ် အနိုင်ကျင့်နေတာကို ကြည့်မရလို့ လုပ်တာပဲ။ တရားမှုတမှု မရှိတာကို လက်မခံနိုင်လို့ ဒီလို လုပ်တာပဲ။ နောက်ပြီးတော့လည်း ကျွန်မတို့အဖွဲ့ အပေါ်မှာ ကရုဏာသက်လို့ လုပ်တာပဲ။

တကယ် တဖက်သတ် ခံနေတယ်ဆိုပြီးတော့၊ အဲဒီတော့ ကျွန်မတို့ မုံရွာလာတဲ့အခါမှာလည်း ကျွန်မတို့ ကြားတာပေါ့လေ။ စစ်ကိုင်းတိုင်းမှာ ဘယ်လို၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့တွေကို ဘယ်လို စုဆောင်းနေတယ်။ ဘယ်လို ကားကြီးတွေ ဘယ်နှစ်စီးနဲ့ ဘယ်နှစ်ယောက် ခေါ်လာတယ် စသဖြင့် စသဖြင့် အဲဒီလမ်းမှာ တွေ့ပါတယ်။ ကားတွေရော၊ ဆန္ဒပြတဲ့သူတွေရော ကားတွေက တော်တော်ကို များပါတယ်။

အဲဒီတော့ ကျွန်မတို့ မုံရွာ ဝင်လာပြီးတော့ ချောင်းဦးက အစပေါ့လေ။ ကျွန်မတို့ကို ချောင်းဦးက ပြည်သူလူထုကရော ချောင်းဦးနဲ့ မုံရွာကြားက ရွာက ပြည်သူလူထုတွေကရော တခဲနက် အားပေးထောက်ခံတာဟာ ဒီလို မတရားလုပ်တာ၊ အနိုင်ကျင့်တာကို မခံချင်လို့ ထောက်ခံနေတာလည်း အများကြီး ပါတယ်လို့ ကျွန်မ ဒီလိုပဲ ယုံကြည်ပါတယ်။

ကျွန်မ ဒါတွေကတော့ အင်မတန် ကျေနပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံအားဖြင့် ကျွန်မတို့ ပြည်သူလူထုဟာ မတရားတဲ့ ကိစ္စတွေ မကြိုက်ဘူး။ အနိုင်ကျင့်တာကို မနှစ်မြို့ဘူး။ ခံရတဲ့ဘက်ကိုမှ ကရုဏာသက်တယ်ဆိုတာ ဒါ အင်မတန်မှ ကောင်းပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒါဆိုရင် ဒီလို စိတ်ဓာတ်တွေ အခြေခံပြီးတော့ ဒီမိုကရေစီနိုင်ငံကြီးတစ်ခုကို ထူထောင်ရမှာ။

အမှန်တရားသည် အင်အား၊ အင်အားသည် အမှန်တရား မဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့ရဲ့ ဒီမိုကရေစီနိုင်ငံကို ထူထောင်ဖို့ လိုပါတယ်။ ကျွန်မတို့ ဒီမိုကရေစီနိုင်ငံ ထူထောင်မယ်ဆိုပြီးတော့ ပြောနေတာဟာ တရားဥပဒေစိုးမိုးရေး ရှိချင်လို့၊ တရားမျှတခြင်း ရှိ



စေချင်လို့၊ ဘယ်ကမှ ဘယ်သူ့ကို တရားဥပဒေနဲ့ မကိုက်ညီဘဲနဲ့ အနိုင်ကျင့်တာတွေ၊ ဟိုဗိုလ်ကျတာတွေ မလုပ်နိုင်ဘူး၊ အဲဒီတော့ အဲလိုအခြေအနေ ရှိနေဖို့အတွက် ကျွန်မတို့ဟာ ပြည်သူလူထုကို အာမခံချက်ပေးနိုင်မယ့် စနစ် လိုတယ်။ စနစ်ဟာ အလွန် အင်မတန် အရေးကြီးပါတယ်။ ကျွန်မတို့ ရံဖန်ရံခါ မေးပါတယ်။

စနစ်နဲ့ လူနဲ့ မူနဲ့ ဘယ်ဟာ အရေးကြီးသလဲပေါ့နော်။ ကျွန်မက မြင်တယ်။ နှစ်ခုစလုံး အရေးကြီးတယ်။ လူတွေက ဘယ်လောက်တော်တော်၊ မူပေါ့၊ စနစ်က မကောင်းဘူးဆိုလို့ရှိရင် ဒီမကောင်းတဲ့ စနစ်ထဲမှာ တော်တဲ့လူတွေ၊ ကောင်းတဲ့လူတွေက နွံထဲမှာ နစ်သလို နစ်နေမယ်ဆိုလို့ရှိရင် ဒီမကောင်းတဲ့ စနစ်ထဲမှာ တော်တဲ့လူတွေ၊ ကောင်းတဲ့လူတွေက နွံထဲမှာ နစ်သလို နစ်နေမယ်၊ ရုန်းလို့ မရဘူး ဖြစ်နေမယ်နော်၊ ကျွန်မတို့ တစ်ဖက်က ကြည့်လိုက်လို့ရှိရင်လည်း စနစ်က ဘယ်လောက်ကောင်းကောင်း၊ လူတွေက မကောင်းဘူး၊ လူတွေက မတော်ဘူး ဆိုလို့ရှိရင် နိုင်ငံတစ်နိုင်ငံမှာ တိုးတက်နိုင်မှာ မဟုတ်ဘူး။

အဲဒီတော့ အရေးကြီးတာက စနစ်က မှန်ဖို့၊ ကောင်းဖို့ လိုတယ်။ လူတွေက တော်ဖို့၊ ကြိုးစားဖို့ လိုတယ်။ အဲဒီတော့ ကျွန်မတို့ မြန်မာနိုင်ငံက ပြည်သူလူထုဟာ ဒီစနစ်ကောင်း ရတဲ့အခါမှာ နိုင်ငံတိုးတက်ဖို့အတွက်၊ အေးချမ်းသာယာဖို့အတွက် လုပ်ပေးနိုင်တဲ့၊ အရည်အချင်းရှိတဲ့ ပြည်သူလူထုသာဆို ကျွန်မတို့ သုံးသပ်လိုက်လို့ရှိရင် ကျွန်မတို့က ဒီအရည်အချင်းနဲ့ ပြည့်စုံတယ်လို့ ထင်တယ်။ ဘာဖြစ်လို့ ဒီလိုထင်လဲဆိုတာ အကြောင်းနှစ်ကြောင်းပေါ့။ တစ်ကြောင်းက အရင်သမိုင်းအရပေါ့နော်။ ဟိုလွတ်လပ်ရေး ရပြီး ကာလကဆိုရင် ကျွန်မတို့နိုင်ငံဟာ ကျွန်မတို့ အရှေ့တောင်အာရှမှာဆိုရင် အတိုးတက်ဆုံးနိုင်ငံ ဖြစ်တယ်။ ဒါ တစ်ချိန်တုန်းက ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေက ကျွန်မတို့ ဒေသမှာ ရှေ့ပြေးဖြစ်နိုင်လောက်အောင်ကို အရည်အချင်း ရှိရင် စနစ်ကနေပြီးတော့ ကောင်းလို့ရှိရင် ဒီအရည်အချင်းတွေ ထပ်ပြီးတော့ ပြန်မပေါ်လာစရာ အကြောင်း ဘာမှမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုကလည်း အခုခေတ်မှာ ကျွန်မတို့မြန်မာနိုင်ငံက စီးပွားရေးအခြေအနေ မကောင်းတဲ့အခါကျတော့ နိုင်ငံရပ်ခြားသွားပြီးတော့ မိမိတို့မိသားစုတွေအတွက်၊ ဟိုဘဝရပ်တည်နိုင်ဖို့အတွက် ပိုက်ဆံရှာရတယ်ပေါ့။ သွားပြီးတော့ အလုပ်လုပ်ရတယ်။ ပိုက်ဆံရှာတဲ့သူတွေက တော်တော်များများ ရှိတယ်။ ကျွန်မတို့နိုင်ငံမှာ အဲလို နိုင်ငံရပ်ခြားကို စွန့်စွန့်စားစား သွားပြီးတော့ အသက်မွေးဝမ်းကြောင်းအတွက် အလုပ်လုပ်တဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေဟာ တော်တော် အောင်အောင်မြင်မြင် ရှိတယ်။ အများစုက တော်တော့်ကို အောင်မြင်တယ်။ ဟိုသင်္ဘောသားတွေဆိုလို့ရှိရင် တစ်ဖက်ကလည်း ဂုဏ်ယူရတယ်။ တစ်ဖက်ကလည်း သနားရတယ်။ ရင်နာရတယ်။ ဂုဏ်ယူရတယ်ဆိုတာ ဘာလို့လဲဆိုတော့ မြန်မာသင်္ဘောသားတွေဟာ အလုပ်သိပ်လုပ်တာပဲ ဆိုပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေက သဘောကျတယ်။ မြန်မာသင်္ဘောသားတွေဆို ငှားချင်တယ်။

သူတို့အတွက် သနားစရာကောင်းတယ်။ ရင်နာစရာကောင်းတယ်ဆိုတာက မြန်မာသင်္ဘောသားတွေက ဘယ်လောက်နိုင်းနိုင်း နိုင်းလို့ရတယ်။ လခနှိမ်ပေးရင်လည်း ယူတယ်။ မြန်မာနိုင်ငံက သူ့ရဲ့ နိုင်ငံသားတွေကို ပြန်ပြီး မကာကွယ်ဘူးဆိုတော့ လုပ်ငန်းရှင်တွေက မြန်မာသင်္ဘောသားတွေကို အခွင့်အရေးယူတာမျိုး ရှိတယ်။ အဲဒီတော့ သင်္ဘောသားတွေတင် မဟုတ်ဘူး။ တခြားနေရာတွေမှာလည်း ဒီလိုပဲ။ ဒီတော့ စနစ်က မှန်လို့ရှိရင် ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေ မတိုးတက်စရာအကြောင်းမရှိဘူးဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ ဒီလို ပြည်သူလူထုကို အခွင့်အရေး အပြည့်အဝ ပေးမယ့် စနစ်တစ်ခုကို ထူထောင်ဖို့ ကြိုးစားနေတာပါ။

ကျွန်မတို့ ပြည်သူလူထုကို ချမ်းသာအောင် လုပ်ပေးမယ့်စနစ်လို့ အဲဒီလို မပြောဘူး။ အခွင့်အရေး အပြည့်အဝ ပေးမယ့်စနစ်၊ အဲဒီစနစ်ကို မှန်မှန်ကန်ကန် သုံးလို့ရှိရင် ဖွံ့၊ ဝီရိယ၊ လုံ့လနဲ့ လုပ်မယ်ဆိုလို့ရှိ





ဒီပဲယင်း အရေးအခင်း မဖြစ်ပွားမီ နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်



ဒီပဲယင်း အရေးအခင်း မဖြစ်ပွားမီ နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com




ရင် ကျွန်မတို့နိုင်ငံဟာ ချမ်းသာနိုင်မယ်။ အေးချမ်းနိုင်မယ်။ စည်းလုံးမှုဟာ အင်မတန် အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ အေးချမ်းမှုဟာ အင်မတန် အရေးကြီးပါတယ်။ လွတ်လပ်ရေး ရပြီးတဲ့ အချိန်ကာလက စပြီးတော့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေ အမျိုးမျိုး ရှိခဲ့ပါတယ်။ အခုဆိုလို့ရှိရင် အပစ်အခတ် ရပ်ဆဲရေး သဘောတူညီမှုတွေ ရှိပေမယ့် အပစ်အခတ် ရပ်ဆဲရေးဟာ ငြိမ်းချမ်းရေး မဟုတ်ပါဘူး။ ငြိမ်းချမ်းရေး သဘောတူညီချက်တွေတော့ မရှိသေးပါဘူး။ အဲဒီတော့ ငြိမ်းချမ်းရေး သဘောတူညီချက်တွေ ရှိဖို့ ကျွန်မတို့ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းမှုအာမခံဆိုတာ နိုင်ငံရေးနည်းလမ်းနဲ့ပဲ လုပ်လို့ရပါတယ်။ နိုင်ငံရေးအရ တိုင်းရင်းသားအားလုံးတွေဟာ သဘောတူညီ၊ အများအတွက် ကောင်းကျိုးပေးမယ့် ပြည်ထောင်စုတစ်ခုကို ထူထောင်မယ်ဆိုပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တဲ့အခါကျမှ ကျွန်မတို့နိုင်ငံဟာ တကယ် အေးချမ်းသွားပြီလို့ သတ်မှတ်နိုင်မှာပါ။


အဲဒီလို အေးချမ်းသွားပြီဆိုရင် နိုင်ငံကလည်း အေးချမ်းမယ်။ ပြည်သူလူထုကလည်း အခွင့်အရေးတွေကို အပြည့်အဝ ရမယ်။ ဒီတော့ ဒီမိုကရေစီစနစ်ဟာ အခွင့်အရေးပေးတဲ့စနစ်၊ လုံခြုံမှုပေးတဲ့ စနစ်၊ လွတ်လပ်မှုပေးတဲ့စနစ်၊ အဲဒီ ရထားတဲ့ လွတ်လပ်မှုနဲ့ လုံခြုံမှုနဲ့ အခွင့်အရေးဘောင်အတွင်းမှာ ပြည်သူလူထုက ကိုယ့်နိုင်ငံ တိုးတက်အောင် ကြိုးစားရမယ်။ တိုးတက်အောင် ကြိုးစားချင်တဲ့စိတ် ရှိရမယ်။ ကြိုးစားချင်တဲ့ အရည်အချင်းတွေရှိအောင် နိုင်ငံတော်က အပြည့်အဝ ကူညီရမယ်။

ဆိုလိုတာက နိုင်ငံတော်က အဆင့်မြင့်ပညာရေးစနစ် လူတွေမှာ ရှိအောင် လုပ်ပေးရမယ်။ အဆင့်မြင့်ပညာရေးစနစ် မရှိဘဲနဲ့ ကျွန်မတို့





ဒီပဲယင်း အရေးအခင်း ဖြစ်ပွားရာ အညွှန်းမြေပုံ



ဒီပဲယင်း အရေးအခင်း ဖြစ်ပွားရာ ကြည်ရွာ အုပ်ချုပ်ရေးမှူးရုံး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ပြည်သူတွေဟာ တိုးတက်မှာ မဟုတ်ဘူး။ ကျွန်မတို့ ကျောင်းသားတွေက အခု ပညာရေးစနစ်နဲ့ ပတ်သက်လို့ ကျေနပ်မှု မရှိဘူး။ ကျေနပ်မှု မရှိတော့ တစ်ဘက်ကနေ ကြည့်လို့ရှိရင်တော့ ဝမ်းနည်းစရာကောင်းတာပေါ့။ နောက်တစ်ဖက်ကနေ ကြည့်ရင်တော့ အဆင့်မရှိတဲ့ စနစ်ကို အဆင့်မရှိဘူးလို့ သိတာ အင်မတန် ကောင်းပါတယ်။ အဆင့်တန်းမမီတဲ့ ပညာရေးစနစ်ကို သိပ်ပြီး အထင်ကြီးနေလို့ရှိရင် ကျွန်မတို့ ဘယ်လို တိုးတက်မှာလဲ။

အဲဒီတော့ ကျွန်မတို့လူငယ်တွေက မျက်စိပွင့်၊ နားပွင့်မှု ရှိတယ်။ တချို့လူငယ်တွေကျတော့ ကိုယ့်အတွက်ပဲကိုယ် စဉ်းစားတယ်။ အေးအေးချမ်းချမ်း နေချင်တယ်။ ခေတ်ပေါ်ပစ္စည်းတွေကို သုံးချင်တယ်။ စားချင်တယ်။ သောက်ချင်တယ်။ ပျော်ချင်တယ်။ ပါးချင်တယ်။ ဒါကတော့ ကျွန်မတို့နိုင်ငံတွေတင် မဟုတ်ပါဘူး။ နိုင်ငံတိုင်းလိုလိုမှာ ရှိပါတယ်။

ဒါပေမဲ့ ကျွန်မတို့လူငယ် အတော်များများဟာ နိုင်ငံရေးစိတ်ဓာတ် ရှိတယ်ဆိုတာ ကျွန်မ တွေ့ရတယ်။ ဘယ်သူမှ သင်မထားပဲနဲ့နော်။ အခုခေတ်ဆိုရင် နိုင်ငံရေး အားပေးမှာ မဟုတ်ဘူး။ လွတ်လပ်ရေးခေတ်တုန်းကဆိုရင် သခင်ပေါက်စ ထောင်ခြောက်လ ဆိုပြီး ခြောက်ကြတယ်။ ကျွန်မတို့ခေတ်မှာတော့ ထောင်ခြောက်လဆိုတာ ရီတောင်ရီချင်သေးတယ်။ ထောင်ခြောက်လဆိုတာ အနားသွားယူတယ်လို့ ထင်မှာပေါ့။ အဲဒီတော့ ဒီလောက်တောင်မှ နိုင်ငံရေး အားမပေးတဲ့ ခေတ်။

နိုင်ငံရေးမှာ လူကြီး၊ လူငယ် မရွေး စိတ်မဝင်စားအောင် လုပ်နေတဲ့ ခေတ်ကြီးမှာ လူငယ်တွေဟာ နိုင်ငံရေးစိတ်ဓာတ် ရှိလာတယ်။ လူငယ်တွေက သူတို့ကိုသူတို့ နိုင်ငံရေးစိတ်ဓာတ် ရှိမှန်းတောင် သိရဲ့လားတော့ မသိဘူး။ ဒါပေမဲ့ နိုင်ငံရေးစိတ်ဓာတ် ရှိတယ်။ ကျွန်မဘာလို့ပြောလဲဆိုတော့ ဒီအခြေအနေတွေမှာ ပြောင်းလဲရမယ်ဆိုတာ သိတယ်။ ပြောင်းလဲမှုကို လိုလားတယ်။



နောက်ပြီးတော့ မဖြစ်သင့်တာတွေ ဖြစ်နေတာ၊ မတရားတဲ့ကိစ္စတွေ ဖြစ်နေတယ်ဆိုတာ လုံးဝ မကျေနပ်ဘူး။ အဲဒါကြောင့် ကျွန်မပြောနေတာ၊ ကျွန်မတို့ အဖွဲ့ချုပ်ကို ပြည်သူလူထုကနေပြီးတော့ ကျွန်မတို့ရဲ့ အဖွဲ့ချုပ်လုပ်ငန်းစဉ် ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ မူတွေ သဘောကျလို့ ထောက်ခံတာဆိုရင်လည်း သဘောကျတာပဲ။ အဲဒီလို ထောက်ခံမှုမျိုးဆိုရင် ကြိုဆိုတယ်။ ဝမ်းသာတယ်။ ဒါပေမဲ့ ဒီမတရားမှုကို မကြိုက်လို့ ကျွန်မတို့ကို ထောက်ခံတယ်ဆိုလည်း ကျွန်မ ပိုပြီးတော့ ကြိုက်တယ်။

မတရားမှုကို မကြိုက်တဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ မိမိနိုင်ငံမှာ တရားဥပဒေစိုးမိုးရေးအတွက် ထိထိရောက်ရောက် လုပ်ပေးနိုင်တဲ့ နိုင်ငံသူနိုင်ငံသားတွေ၊ တရားဥပဒေစိုးမိုးရေးဆိုတာ လူတိုင်းလူတိုင်း ဥပဒေဘောက်အောက်မှာ တန်းတူညီမျှ ကာကွယ်မှု ပေးထားပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေကို လုံခြုံမှုပေးတဲ့ စနစ်ပဲ။

အခုနောက်ပိုင်းမှာ ကျွန်မတို့ မိုးကုတ်၊ မန္တလေး၊ ချောင်းဦး၊ မုံရွာ ဒီဘက်ပိုင်းတွေ ရောက်လာတဲ့အခါကျတော့ ကျွန်မတို့ရဲ့ ပြည်သူလူထုကို ဒီမိုကရေစီနဲ့ မထိုက်တန်ဘူးလို့ ပြောတဲ့လူတွေက ပြည်သူလူထုနဲ့ လုံးဝ ထိတွေ့မှု လုံးဝ မရှိဘူးလို့ ကျွန်မ ထင်တယ်။ ကျွန်မတို့ ပြည်သူတွေဟာ ဒီမိုကရေစီနဲ့ ထိုက်တန်တယ်ဆိုတာ ကျွန်မ ယုံတယ်။ ဒါပေမဲ့ လွယ်လွယ်နဲ့တော့ မရဘူး။ လွယ်လွယ်နဲ့ ပေးချင်လို့ရှိရင် ဆယ့်ငါးနှစ်လုံးလုံး၊ ဒီလို လွယ်လွယ်နဲ့ မရတဲ့ ကိစ္စမို့လို့ ကြိုးစားပမ်းစား လုပ်ရမယ်။ ကျွန်မတို့အဖွဲ့ချုပ်က ပြည်သူလူထုကို ပေးထားတဲ့ ကတိအတိုင်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားဖို့အတွက်၊ တည်တံ့ခိုင်မာဖို့အတွက် ထပ်ပြီးတော့ ကြိုးစားရမှာပဲ။ ရတဲ့အထိ လုပ်သွားမှာပဲ။

ဒီမိုကရေစီစနစ် ထွန်းကားဖို့ ကြာလေ၊ တိုင်းပြည်နာလေလေပဲ။ စီးပွားရေးက တစ်နေ့ထက်တစ်နေ့ ကျနေတယ်ဆိုတာ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူအားလုံး သိတယ်။ ကုန်ဈေးနှုန်းတွေ တက်တယ်။ ဒီအခြေအနေမျိုးမှာ ထပ်ပြီး ကြာကြာနေလို့ရှိရင် ပြည်သူလူထု အများကြီး ဒုက္ခရောက်မှာပဲ။ အပြောင်းအလဲ အမြန်လိုတယ်ဆိုတာ စီးပွားရေးနဲ့ နိုင်ငံရေး ခွဲလို့ မရဘူး။ ဒီနိုင်ငံရဲ့ စီးပွားရေးစနစ် ညှိုးဖျင်းနေတာဟာ နိုင်ငံရေးစနစ် ညှိုးဖျင်းလို့ပဲ ဖြစ်တယ်။

အဲဒီတော့ စီးပွားရေးသမားတွေဆိုတာလည်း မိမိတို့ရဲ့ ဥပဒေဘောင်အတွင်းမှာ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ လုံလုံခြုံခြုံ လုပ်ပိုင်ခွင့်ရှိရမယ်။ ဒီလိုရှိတဲ့ စနစ်မှာမှ တိုင်းပြည်စီးပွားရေး တိုးတက်နိုင်မှာ။ ဒီတော့ ကျွန်မတို့ ဒီမိုကရေစီ မြန်မြန် လိုချင်တယ်။ ဘယ်လောက်မြန်မြန် လိုချင်သလဲဆို တချို့ကတော့ ပြောတာပေါ့နော်။ အချိန်ယူရမယ်။ ဘယ်လောက်အချိန်ယူချင်လဲ။ ဆယ့်ငါးနှစ်ဆို တော်လောက်ပြီလို့ ကျွန်မ ထင်တယ်။ ဒါပေမဲ့ ကျွန်မတို့က အမြန်ဆုံး ဒီမိုကရေစီ ရအောင်လို့ ကြိုးစားနေတယ်။ ဒီလိုကြိုးစားတဲ့ နေရာမှာ ပြည်သူလူထု ထောက်ခံမှုက အရေး အကြီးဆုံးပဲ။ ဒီမိုကရေစီ ရရှိဖို့ကတော့ ကျွန်မတို့ သံသယဖြစ်စရာ အကြောင်းမရှိဘူး။ ရကိုရမယ်။ ပြည်သူလူထုဆန္ဒက အဲဒီဘက်မှာ ရှိတယ်။ ဒီကမ္ဘာရဲ့ ရေစီးကြောင်းက ဒီမိုကရေစီဘက်မှာ ရှိတယ်။

ကမ္ဘာ့ကုလသမဂ္ဂနဲ့တကွ ကမ္ဘာ့နိုင်ငံ အများစုက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ လှုပ်ရှားမှုကို ထောက်ခံတယ်။ အားပေးကြတယ်။ ဒီတော့ ကျွန်မတို့ဟာ ဒီမိုကရေစီ ရမှာ။ ရတဲ့အခါကျလို့ရှိရင် ဒီမိုကရေစီတည်တံ့ခိုင်မြဲအောင် လုပ်ဖို့ကျတော့ ကျွန်မကနေပြီးတော့ မုံရွာသူရွာသားတွေကို သတိပေးချင်တယ်။ ဘာဖြစ်လို့ ကျွန်မ အဲဒီလို ပြောလဲဆိုတော့ မုံရွာမြို့သူမြို့သားများအား ကျွန်မ စောစောက ပြောသလို ခိုင်မာတယ်။ အင်အားတောင့်တင်းတယ်။ ကိုယ့်ရဲ့အင်အားကို မှန်မှန်ကန်ကန် သုံးဖို့လိုတယ်။ ဒီအင်အားကို စည်းကမ်းတကျနဲ့ မှန်မှန်ကန်ကန် သုံးမယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ အမြန် ကြီးပွားတိုးတက်လိမ့်မယ်။ ဒီမိုကရေ



စီစနစ်မျာ အမြန်ဆုံး တိုးတက်လိမ့်မယ်။ ကြီးမားတဲ့ အင်အားကို အလွဲသုံးစား လုပ်လို့ရှိရင်တော့ အန္တရာယ် ရှိတတ်ပါတယ်။

ဒီမိုကရေစီဆိုတာ အခွင့်အရေးကြီး မဟုတ်ဘူး။ တာဝန်လည်း ရှိတယ်။ ဒီမိုကရေစီစနစ် ရှင်သန်ဖို့ဆိုတာ အစဉ်အမြဲပဲ ကြိုးစားနေရတယ်။ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အားနည်းချက်က ဘာလဲဆိုတော့ လုပ်ငန်းတစ်ခု စပြီးလို့ရှိရင် ထိန်းသိမ်းတဲ့နေရာမှာ အားနည်းတယ်။ ဥပမာအားဖြင့် လမ်းတွေပေါ့။ လမ်းတွေ ဖောက်ပြီးတော့ ထိန်းသိမ်းခြင်း မရှိလို့ ကျန်တဲ့လမ်းတွေက ပေါက်ပြဲ ချို့တွေဖြစ်ပေါ့နော်။ ကျွန်မ အမြဲတမ်း ပြောပါတယ်။ အများပိုင်ပစ္စည်းကို ကိုယ့်ပစ္စည်းလိုသဘောထားရမယ်။ လေးစားရမယ်။ အများပိုင်ပစ္စည်းကို ကိုယ်ပိုင်ပစ္စည်းထက် တန်ဖိုးထားနိုင်တဲ့ စိတ်ရှိမှ ကျွန်မတို့ တကယ်တိုးတက်တဲ့ ဒီမိုကရေစီစနစ် ဖြစ်မယ်။ နောက်ပြီးတော့ ကျွန်မတို့ ကိုယ်ပိုင်အိမ်ယာတွေဆိုရင်လည်း ကျွန်မတို့ မြန်မာလူမျိုးတွေက အိမ် ပထမ စဆောက်တုန်း သန့်ရှင်းသပ်ရပ်လှပနေပြီးတော့ ထိန်းသိမ်းမှုနေရာ သိပ်မလုပ်ချင်ဘူး။ ပိုက်ဆံ အကုန်ခံပြီးတော့ မထိန်းသိမ်းချင်ဘူး။ ပျက်နေတာကို ဆက်နေတယ်။ နောက်လေးငါးခြောက်နှစ် ကြာတော့ တဖြည်းဖြည်း ပျက်စီးယိုယွင်းလာတယ်။ တကယ်တော့ အိမ်တွေကို ဆက်ပြီး ထိန်းသိမ်းထားမယ်ဆိုရင် နှစ်ရာချီ ခံတယ်။

ဥရောပနိုင်ငံတွေဟာ အဲဒီလို ထိန်းသိမ်းတဲ့နေရာမှာ တော်တယ်။ နှစ်ရာထောင်ချီပြီး ထိန်းသိမ်းထားနိုင်တယ်။ အဲဒါက သူတို့ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ထိန်းသိမ်းတာ တော်တယ်။

ကျွန်မတို့ ဒီမိုကရေစီ ရတဲ့အခါကျရင်လည်း ရရုံနဲ့ မပြီးသေးဘူး။ ထိန်းသိမ်းရမယ်။ ထိန်းသိမ်းဖို့အတွက် ကျွန်မတို့ ရင်းနှီးမယ်။ စိတ်ဓာတ်အင်အားတွေနဲ့ ရင်းနှီးရမယ်။ ဒီမိုကရေစီ အခွင့်အရေးတွေကို အလွဲသုံးစား မလုပ်ရဘူး။ အခွင့်အရေးတွေ၊ လွတ်လပ်ခွင့်တွေကို မှန်မှန်ကန်ကန် သုံးရမယ်။ နောက်ပြီးတော့ ဒီမိုကရေစီ ထိပါးစေမယ့် ကိစ္စတွေကို ကာကွယ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com





ဒီပဲယင်း အရေးအခင်း ဖြစ်ပွားရာ နေရာသို့ အမေရိကန်သံရုံး တာဝန်ရှိသူများ သွားရောက်ရိုက်ကူးထားသည့်နေရာ

နောက် လုပ်အားပေါ့။ လုပ်အားဆိုတာ ရတဲ့ အခွင့်အရေးတွေကို တိုင်းပြည်ချမ်းသာဖို့အတွက်၊ တိုးတက်ဖို့အတွက် သုံးရမယ်။ ကျွန်မတို့ အဲဒီလို စိတ်ဓာတ်အင်အားနဲ့၊ လုပ်အားနဲ့ ထိန်းသိမ်းသွားပြီးတော့ ခိုင်မာမှ၊ ဒီစနစ် ခိုင်မာသွားမှ ကျွန်မတို့ နောင်လာနောက်သားတွေအတွက် ကျွန်မတို့ မျိုးဆက်သစ်တွေ တစ်ဆက်ပြီးတစ်ဆက် ကျွန်မတို့ဟာ စိတ်ချရပြီလို့ ပြောနိုင်မှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ရဲ့ လူသားအင်အား စိတ်ဓာတ်ခိုင်မာတဲ့ မုံရွာမြို့သူ၊ မြို့သားများဟာ ဒီမိုကရေစီ အမြန်ဆုံး ရပါစေလို့ ဆုတောင်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောပြီးသည့်အခါ ဆိုင်းဘုတ်တင်ပွဲကို ဆက်လက် ကျင်းပသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ခရီးပန်းလာသော်လည်း မုံရွာမြို့သူမြို့သားလူထု ပရိသတ်များ၏ လှိုက်လှဲပျူငှာနွေးထွေးစွာ ကြိုဆိုမှုတ်ဆက် မေတ္တာပို့သမှုကြောင့် အားရပါးရ မိန့်ခွန်းပြောခဲ့သည်။ မိနစ်လေးဆယ်၊ လေးဆယ့်ငါးမိနစ်ခန့် ကြာသည်။ မုံရွာမြို့နယ် အင်န်အယ်လ်ဒီပါတီရုံး ဖိတ်ထားရသည်မှာ အချိန်ကာလ အတန်အသင့် ကြာမြင့်ခဲ့ပြီဖြစ်၍ ရုံးပြန်လည် ဖွင့်လှစ်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲကို ကျင်းပရခြင်း ဖြစ်သည်။



မုံရွာမြို့ ပါတီ ဆိုင်းဘုတ်တင်ပွဲ ပြီးသည့်အခါ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြဿနာ ဖြစ်သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက မုံရွာမြို့နယ် အင်န်အယ်လ်ဒီပါတီမှ တာဝန်ရှိသူအချို့ကို ဖမ်းချုပ်သည်။ အကြောင်းမှာ မြို့နယ် သက်ဆိုင်ရာ မယကကို ခွင့်မတောင်းသည့်အတွက်ဟု ဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးတင်ဦးက ပြန်လည် ပြောပြရာတွင် **အဖွဲ့ချုပ်ရုံးမှာ ဆိုင်းဘုတ်တင်ပြီးတော့ကာ မုံရွာအဖွဲ့ချုပ်က စည်းရုံးရေးပုဂ္ဂိုလ်တွေကို ဖမ်းပြီးချုပ်တယ်၊ မြို့နယ်က သက်ဆိုင်ရာ မယကကို ခွင့်မတောင်းဘူး ဆိုပြီးတော့ ဖမ်းချုပ်တယ်၊ ခေါ်ပြီးတော့ မေးတယ်၊ ဗဟိုကတော့ ကျွန်တော်တို့ အမိန့်ရတယ်။ အဲဒီဟာတွေကို ရှင်းရလင်းရ လုပ်ပြီးတော့ ပြေလည်တော့သွားတယ်။ ဒါပေမဲ့ အဲဒီက စပြီး ပဋိပက္ခလေးတော့ ရှိနေပြီ**ဟု ဆိုသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အဖွဲ့သည် တည်းခိုမည့် မုံရွာလွှတ်တော်ကိုယ်စားလှယ် ဦးကြည်စိုး (ဗိုလ်မှူးကြီးဟောင်း)၏ နေအိမ် စိန်မျှားစတိုးသို့ သွားကြသည်။ ညဆယ့်တစ်နာရီကျော်ကျော်ခန့် ရှိပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ မုံရွာမြို့ အဖွဲ့ချုပ်ပါတီ တာဝန်ရှိသူများနှင့် လူငယ်ဖွဲ့စည်းရေးကိစ္စအတွက် အိမ်အပေါ်ထပ်တွင် ဆွေးနွေးတိုင်ပင်ကြသည်။

ထိုစဉ် အောက်ထပ် နေအိမ်ရှေ့တွင် သံဃာတော်များ ရောက်ရှိလာပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ချင်၍ လာသည်ဟု ပြောသည်။ တရားဟောပြောပေးရန် တောင်းဆိုသည်။ ဦးတင်ဦးက အိမ်အပေါ်ထပ်မှ ဆင်းလာပြီး မေတ္တာရပ်ခံသည်။ ဘေးတွင်ရှိသည့် လူများကလည်း ရပ်ကြည့်နေသည်။ လုံခြုံရေးတာဝန်ယူတဲ့ လူငယ်တွေ ကျောင်းသားတွေ ရောက်လာသည်။ အနီးကပ် စောင့်ကြည့်ကြသည်။ ထိုအခါမှ သံဃာတော်များလည်း ပြန်ကြွသွားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍-

**"တည်းတဲ့အိမ်ရောက်တော့ ဆယ့်တစ်နာရီလောက် ရှိပြီ၊ အဲဒီမှာ လူငယ်ဖွဲ့စည်းပုံအရ လူငယ်ဖွဲ့စည်းရေး လုပ်တယ်၊ လုပ်တဲ့အချိန်**

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်၏ စည်းရုံးရေးခရီးစဉ် ယာဉ်တန်းအား တားဆီးရန် အမိန့်ပေးခဲ့သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မှာ အောက်မှာက သက်နံ့ဝတ်အချို့က ဒကာမကြီး တွေ့ချင်လို့ ဆင်းခဲ့ပါတို့ ဘာတို့ပေါ့လေ၊ နောက်ပြီး တရားဟောပေါ့လေ၊ ဘုန်းကြီးတို့ စောင့်နေတယ်ပေါ့၊ ဒေါ်အောင်ဆန်းစုကြည်က ကျွန်တော့်ကို ပြောတယ်၊ ပြေလည်အောင် လုပ်ပေးပါ ဆိုပြီးတော့ ပြောတယ်၊ အဲဒီမှာ ဘဘ ဆင်းသွားတယ်၊ ဆင်းသွားတဲ့အခါကျတော့ သူတို့ကို တွေ့တယ်၊ သူတို့ အမူအယာက မကောင်းဘူး၊ ရန်လိုတဲ့ အမူအယာ ဖြစ်နေတယ်၊ သူတို့က ရန်လိုတဲ့ အမူအယာတွေ ဖြစ်နေတော့ ဘဘက တောင်းပန်တယ်၊ ရှိခိုးပြီးတော့ အရှင်ဘုရား ညဉ့်လည်းနက်ပါပြီ၊ ဆရာတော်အနေနဲ့ မနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးတော့ ပြန်ကြွလာမယ်ဆိုရင်လည်း ဒကာမကြီးကို တွေ့နိုင်ပါတယ်လို့ လျှောက်ထားတယ်၊ မတွေ့နိုင်ဘူး၊ မပြန်နိုင်ဘူး၊ ဒီနေ့ည ဒကာမကြီးကို မတွေ့ရရင် ကျုပ် မပြန်ဘူး၊ ခေါ်လာခဲ့၊ ဆင်းပေးပါ၊ တပည့်တော်က ခေါ်ပြီး ဆင်းနိုင်းလို့ မရဘူး၊ အပေါ်မှာ သူ အလုပ်လုပ်နေတယ်၊ ပြီးရင် သူ အနားယူပါမယ်၊ အလုပ်လုပ်ရင် ဆယ့်နှစ်နာရီ၊ တစ်နာရီ ရောက်သွားမယ်၊ သူ့အိပ်ချိန်က နှစ်



နာရီ၊ သုံးနာရီလောက်ပဲ ရှိမယ်၊ သံဃာတော်အရှင်မြတ်များအနေနဲ့ ကျောင်းကို ပြန်ပြီး အေးအေးဆေးဆေး ပြန်ပြီး ကြွပါ၊ ပြီးတော့မှ တရေးတမော အိပ်ပြီးတော့မှ ပြန်လာပါ ပြောတာကို မရဘူး။ ပူညံပူညံ လုပ်နေတဲ့အခါမျာ ဘေးနားမှာရှိတဲ့ လူတွေက ရပ်ကြည့်နေတာပေါ့၊ အခြားတစ်ဖက်မှာ ရှိနေတဲ့ လူငယ်တွေ၊ ကျောင်းသားတွေ ရောက်လာကြတယ်၊ သူတို့လည်း အဲဒီလို ဘုန်းကြီးတွေ လုပ်နေတာကို မကြိုက်ဘူး၊ မကြိုက်တဲ့ အမူအယာကို လူအုပ်က လုပ်တဲ့အခါကျမှ သူတို့ ယောင်ချာယောင်ချာနဲ့ ပြန်သွားကြတယ်၊ စိတ်ထဲမှာတော့ သိနေတယ်၊ မနက်ဖြန် တစ်ခုခု လုပ်တော့မှာပဲဆိုတာ သိနေတယ်လေ၊ တကယ်တမ်း ကျတော့ ဘေးကနေ တစ်ခုခု လုပ်မယ်ဆိုတဲ့ သတင်းတွေလည်း အထပ်ထပ် ရနေကြတယ် ဟု ပြောပြသည်။

တကယ်တမ်း ထိုနေ့ညက ဒေါ်အောင်ဆန်းစုကြည်နှင့် မုံရွာမြို့နယ် ပါတီဝင်များနှင့် လူငယ်ဖွဲ့စည်းရေးကိစ္စ အစည်းအဝေးထိုင် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်၍ အလုပ် သိမ်းခဲ့သည်မှာ ညနှစ်နာရီ ထိုးမှပြီးသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ ခေါင်းဆောင်သော အဖွဲ့ စည်းရုံးရေးခရီးစဉ် ကိစ္စများနှင့် ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နေ့စဉ် သတင်းများ ရရှိနေသည်ဟု ဆိုနိုင်သည်။

အကြောင်းမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် (ပထမအကြိမ်) ပန်းမျိုးတစ်ရာစာပေမှ ထုတ်ဝေသည့် မော်ဝန်းသား ဦးခင်ညွန့် (ဗိုလ်ချုပ်ကြီးဟောင်း) ရေးသားသည့် ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝ အထွေထွေ စာအုပ်တွင် ဒီပဲယင်း အရေးအခင်းနှင့် ပတ်သက်၍၊ ဒီအဖြစ်အပျက်နှင့် ပတ်သက်၍ ကျွန်တော် မသိပါဟု ပြောလျှင် ကျွန်တော် လိမ်ညာရာ ရောက်ပါမည်။ ကျွန်တော်က အတွင်းရေးမှူး ၁ ဆိုတော့ ဒီကိစ္စသည်း နိုင်ငံရေးဖြစ်စဉ်မှာ ပါတာကြောင့် ကျွန်တော် မသိမဖြစ်၍ သိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ကလည်း ယာဉ်တန်းရှည်ကြီးဖြင့် ရှေ့ပြေးမော်တော်ဆိုင်ကယ်အုပ်စုကြီးဖြင့် လှည့်လည်ကာ စည်းရုံးရေးတရားတွေ ဟောနေသည့် အချိန် ဖြစ်ပါသည်။ ဒီလိုအုတ် အော်သောင်းနင်း ဖြစ်ပေါ်နေသည့် အချိန်ဆိုတော့ အစိုးရအဖွဲ့အတွက် စိုးရိမ်စိတ် ဖြစ်ပေါ်နေတာကတော့ အမှန်ပင် ဖြစ်ပါသည်ဟု ရေးသားထားသည်။

ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်၏ ရေးသားချက်အရ အုံ့ဩဖွယ်ကောင်းသည်မှာ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်ရက်ရှည်သဖြင့် ပါတီ စည်းရုံးရေးတရား လိုက်ဟောနေသည်ကို လက်ရှိ အာဏာရလက်နက်ကိုင် အဖွဲ့အစည်း ဖြစ်သည့် တပ်မတော်အစိုးရအဖွဲ့က စိုးရိမ်စိတ် ဖြစ်နေခြင်းပင် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်တွင် လက်နက် တစ်စုံတစ်ရာ မပါရှိ။ ဖြစ်ချင်းဖြစ် မိန်းမသားတစ်ဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်ကသာ စိုးရိမ်စိတ် ဖြစ်ပေါ်ရမည်သာ ဖြစ်သည်။ သို့သော် ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ စိုးရိမ်စိတ် လုံးဝ မဖြစ်



ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်အား တားဆီးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ခိုင်းစေခဲ့ကြောင်း ပြောပြသည့် ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်



ပေါ်ခဲ့သည်မှာ သေချာသည်။ အကြောင်းမှာ အကြမ်းဖက်မည့် အန္တရာယ်ကို ကြိုတင်သိရှိထားသည့်တိုင် ဆက်လက်၍ ရှေ့သို့သာ ခရီးဆက်နေခြင်းကြောင့် ဖြစ်သည်။

ထို့အတူ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်က သူ၏ စာအုပ်တွင် ရေးသားထားသည်မှာ-

**ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ယာဉ်တန်းရှည်ကြီးဟာ မန္တလေးမှ ထွက်ခွာပြီး လမ်းတလျှောက် စည်းရုံးရေးတရားတွေ ဟောရင်းနဲ့ မုံရွာမြို့လည်း ရောက်ရော ဉက္ကဋ္ဌက ကျွန်တော်တို့လူကြီးပိုင်း ငါးယောက်၊ခြောက်ယောက်ကို သူ့အခန်းကို ခေါ်လိုက်ပါသည်။ ကျွန်တော်တို့ လူလည်းစုံရော တို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းကို တားဆီးရမယ်၊ ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ်ဟု ပြောပါသည်။ ထိုအချိန်တွင် ကျွန်တော်ကပဲ အကြမ်းဖက် တားဆီးတာမျိုး မလုပ်သင့်ကြောင်း ပြောသောအခါ ကျွန်တော့်တင်ပြမှုကို သဘောမတူပါ၊ အဲဒါကလည်း ကျွန်တော့်အတွက် ကောင်းသည်ဟု မြင်ပါသည်၊ အဲဒီမှာတင်ပဲ ဒီကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်ကို တာဝန်မပေးတော့ဘဲ ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဦးဆောင်စေကာ အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကို လိုက်ပါစေလျက် ရဟတ်ယာဉ်ဖြင့် မုံရွာသို့ စေလွှတ်ပါသည်ဟု ရေးသားထားသည်။**

ယင်း၏စာတွင် ဉက္ကဋ္ဌမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဆိုလိုရင်း ဖြစ်သည်။ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ရသည့်နည်းနှင့်ဆိုသည့် အဓိပ္ပါယ်မှာ အကြမ်းဖက်နှိမ်နင်းခြင်း ပါဝင်သည်ဟု အဓိပ္ပါယ်ရသည်။ ထို့အတူ အကြမ်းဖက် မနှိမ်နင်းရန် တင်ပြချက်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဘောမတူခြင်းသည် အကြမ်းဖက်နှိမ်နင်းရန် ဆန္ဒရှိခြင်းအပြင် အကြမ်းဖက် နှိမ်နင်းရန် ဆုံးဖြတ်ပြီးမှ စေလွှတ်ခြင်းဖြစ်ကြောင်း ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့်၏ ရေးသားချက်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား အကြမ်းဖက် နှိမ်နင်းရန် စေခိုင်းသူမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်ပြီး ယင်းကိစ္စကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သူမှာ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖြစ်ကြောင်း ပေါ်လွင်စေသည်။ ဒီပဲယင်းကိစ္စအပြီး မကြာမီကာလတွင် ဒုတိယဗိုလ်ချုပ်ကြီးမှ ဗိုလ်ချုပ်ကြီးစိုးဝင်းအဖြစ် ရာထူးတိုးခဲ့သည်။ ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် အတွင်းရေးမှူး (၁) တာဝန်ကိုပါ တာဝန်ပေးခြင်း ခံခဲ့ရသည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ နိုင်ငံတော် ဝန်ကြီးချုပ် ဖြစ်သွားသည်။

ဗိုလ်ချုပ်ကြီးခင်ညွန့် တာဝန်မှ ရပ်ဆိုင်း၍ အပြစ်ပေး အရေးယူခံရသည့်အခါ ဗိုလ်ချုပ်ကြီးစိုးဝင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဖြစ်လာသည်။ ထို့နောက် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ရင်းပင် ကွယ်လွန်ခဲ့သည်။

ထူးခြားသည်မှာ ဒီပဲယင်းကိစ္စနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့သည့် ပညာရေးဝန်ကြီး ဦးသန်းအောင်၊ ကြံ့ခိုင်ရေးအထွေထွေ အတွင်းရေးမှူးမှာ တာဝန်မှ ရပ်စဲခြင်း ခံရသည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် မုံရွာမြို့မှ ရွှေဆက်မည့် ခရီးစဉ် တစ်နေရာရာတွင် အကြမ်းဖက် နှိမ်နင်းမည့် သတင်းကို ရရှိလာသော်လည်း နောက်တစ်နေ့ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် နံနက် ၁၀ နာရီအချိန်၌ မုံရွာမှ ဘုတလင်သို့ ခရီးထွက်ခဲ့ကြသည်။

မုံရွာမြို့မှ ဘုတလင်မြို့သို့ ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ ထွက်ခွာလာသည့်အခါ သံဃာတော်များ၊ ကျောင်းသားများ၊ မန္တလေးနှင့် စစ်ကိုင်းမှ လိုက်ပါလာသည့် အမျိုးသမီးအဖွဲ့မှာ လိုက်ပါလာကြသည်။ ဆိုင်ကယ်များနှင့် ကားတန်းကြီး ရှည်လျားစွာ ရှိသည်။ ဘုတလင်မြို့သို့ ရောက်ခါနီးသည့်အခါ နောက်ကားများ ပြတ်၍ကျန်ခဲ့သည်။ ပါမလာ။ အတားအဆီး ခံရသည်။ ဖမ်းဆီးခံရသည်ဟု သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဦးတင်ဦးက-





ဒီပဲယင်းအရေးအခင်း မဖြစ်ပွားမီ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်အား တားဆီးရန် တာဝန်ပေးအပ်ခံရသည့် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

"မုံရွာကနေ ထွက်တော့ လူအုပ်က မနည်းဘူး၊ သံဃာတော်တွေရော၊ မုံရွာက ကျောင်းသားတွေရော၊ မန္တလေး၊ စစ်ကိုင်းဘက်က ပါလာတဲ့ အမျိုးသမီးအဖွဲ့တွေရော ကားတန်းက အရှည်ကြီးပေါ့၊ အဲဒီမှာ ရွှေဆက် တော်တော်လေး သွားတဲ့အခါကျတော့ ဘုတလင်ရောက်ခါနီးတော့ ဘာသိလည်းဆိုတော့ နောက်ကလိုက်လာတဲ့ ကားတွေကို ဖမ်းတယ်၊ ဆီးတယ်၊ ပိတ်တယ်၊ လုပ်တယ်လို့ ကြားတယ်၊ အဲဒီနောက် ကားတွေ ပါမလာဘူး၊ ကား တော်တော်များများက ပါလာတယ်၊ အမြီးပိုင်းလေးလောက်တော့ ကျန်ခဲ့တယ်"ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဘုတလင်မြို့သို့ မွန်းလွဲနှစ်နာရီခန့်တွင် ရောက်ရှိသည်။ ဘုတလင်မြို့နယ် အင်န်အယ်လ်ဒီပါတီဆိုင်းဘုတ်တင်ပွဲ ကျင်းပပြီး မြို့နယ်ပါတီဝင်များနှင့် လူငယ်ဖွဲ့စည်းရေးကိစ္စများကို ဆွေးနွေးဆောင်ရွက်ကြသည်။ ဦးတင်ဦးက အစည်းအဝေးပြီးသည်ထိ နောက်ကားအချို့ ပါမလာသဖြင့် ကားတစ်စီးကို လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လွှတ်လိုက်သည့် ကားလည်း ပြန်မလာသည်ကို သတိထားမိသည်။ ဘုတလင်သို့ လာစဉ်က လမ်းခရီးတွင် အဖမ်းအဆီး၊ အချုပ်အနှောင်များ စရှိလာသည်။

ညနေ လေးနာရီခွဲကျော်ကျော်ခန့်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ဘုတလင်မြို့မှ စတင် ထွက်ခွာလာခဲ့သည်။ လမ်းခရီးရှိ ရွာမှ ကြိုဆိုနှုတ်ဆက်သူများမှာ အဆက်မပြတ် ရှိသည်။ အချို့ရွာများက ဒေါ်အောင်ဆန်းစုကြည်အား တရားဟောခိုင်းသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ တရားမဟောဘဲ လက်ပြ၍သာ နှုတ်ဆက်ခဲ့ရသည်။

ညီအစ်ကိုမသိတသိ၊ မှုန်ရိုင်းသွင်းချိန်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် စိုင်ပြင်ကြီးကျေးရွာသို့ ရောက်ရှိကြသည်။ စိုင်ပြင်ကြီးကျေးရွာသို့ ခဏ ဝင်သည်။

စိုင်ပြင်ကြီးကျေးရွာမှတစ်ဆင့် ကြည်ရွာသို့ ခရီးဆက်ကြသည်။ ကြည်ရွာသို့ ရောက်ရှိသည့်အခါ ကားလမ်းဘေး ဝဲယာတလျှောက်လုံး



ဒီပဲယင်းအရေးအခင်းအကြောင်း DVB သတင်းဌာနအား ပြောကြားခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦး



မှာ အမှောင်ထု၏ လွှမ်းမိုးခြင်းကို ခံလိုက်ရလေသည်။ ကြည်ရွာတွင် ဆယ့်လေးငါးမိနစ်ခန့် ကားရပ်သည်။ ဒေါ်အောင်ဆန်းစုကြည်တို့ အဖွဲ့ယာဉ်တန်းတွင် မုံရွာမှ လိုက်လာသည့် လမ်းပြကားမှာ မုံရွာသို့ ပြန်လှည့်သွားသဖြင့် ဒေသခံ ဂျစ်ကားလေးဖြင့် ခရီးဆက်ရသည်။ ယင်းကား၏ နောက်တွင် ဦးတင်ဦး၏ တောင်းအေ့စ်ကားက နောက်မှ လိုက်လာသည်။ ဒေါ်အောင်ဆန်းစုကြည်၏ Double Cap ကားသည် ကပ်လျက် လိုက်ပါလာပြီး မကြာမီ ရပ်လိုက်သည်။ ရှေ့တွင် သွပ်ဆူးကြိုးများ သုံးလေးထပ် ကာရံထားသည်။ လူအုပ်က လေးငါးထောင်ခန့်ရှိသည်။

ထို့နောက် မကြာမီ ကြည်ရွာနားမှာရှိတဲ့ ကားပေါ်မှ လူများအား နောက်က လိုက်လာသည့် ဒိုင်နာကားပေါ်မှ လူများက ဆင်း၍ရိုက်ကြသည်။ အသင့်စောင့်ဆိုင်းနေသည့် လူအုပ်ကြီးမှာ အော်ဟစ်ရင်း ဒေါ်အောင်ဆန်းစုကြည်တို့ ယာဉ်တန်းမှ လူများကို ဝင်ရိုက်ကြသည်။

**မျိုးဖျက်မ၊ သစ္စာဖောက်မကို သတ်၊ မျိုးဖျက်မကို သတ်**ဟု အော်ရင်း အတင်းဝင်ရိုက်နေသည်။ ထိုစဉ် ဦးတင်ဦးသည် ဒေါ်အောင်ဆန်းစုကြည်အား စိတ်မချသဖြင့် ကိုက်နှစ်ဆယ်၊ သုံးဆယ်ခန့် အကွာရှိ ဒေါ်အောင်ဆန်းစုကြည်၏ ကားဆီသို့ သွားသည်။ ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်းဘက်သို့ မောင်းထွက်သွားရန် ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်က သူနှင့် အတူပါလာသူတွေ၊ ကြိုဆိုတဲ့သူတွေကို ရိုက်တာ လက်မခံဘူး၊ မသွားဘူးဆိုကာ တင်းခံနေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကို လူငယ်များက တာဝန်ယူထားသည်။ ယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ ဦးတင်ဦးက ပြန်လည် ပြောပြရာတွင်

**"ကလေးတွေက ကျွန်တော်တို့ကားနဲ့ ဒေါ်အောင်ဆန်းစုကြည်၏ ကားကို လုံခြုံရေး တာဝန်ယူထားတယ်၊ ဘဘကို ကားပေါ်က မဆင်းဖို့ ပြောတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကားနဲ့ အဘကား ရပ်ထား**

www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေရာနဲ့ ကိုက်နှစ်ဆယ်၊ သုံးဆယ်လောက် ဝေးတယ်၊ အဲဒီကို အဘ လိုက်သွားတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကားက Double Cap ပေါ့၊ သူက အလယ်ခန်းမှာ ရှိတယ်၊ အဘက ကားဘေးရောက် တော့ ကြည်ရွာမှာ ရိုက်ကုန်ပြီလို့ ပြောတော့ သူ သိတယ်၊ အဘက အန္တရာယ်ရှိနေတာဆိုတော့ သူ့ကားကို သွားစေချင်တယ်၊ နောက်က အရိုက်အနှက်ခံနေရတဲ့သူတွေ၊ သူ့ကို ကြိုဆိုနေတဲ့ လူတွေကို ရိုက်တာ၊ နှက်တာ သူ လက်မခံဘူး၊ ဒါကြောင့်မို့ ဒီလူတွေနဲ့အတူ သူနေမယ်၊ မသွားဘူး ဆိုပြီး ပြောတယ်"ဟု ဆိုသည်။

ထိုစဉ် ဒေါ်အောင်ဆန်းစုကြည် ကားနောက်က မန္တလေးမှ ကား တစ်စီး မောင်းသွားစဉ် မီးလောင်ပုံများကို မြင်တွေ့နေရသည်။ ကားများ မှ မီးထိုးထားသဖြင့် မြင်တွေ့နေရသည်။ ရိုက်သံ၊ နှက်သံ၊ အော်ဟစ်သံ များနှင့်အတူ ဆူညံပွက်လောရိုက်နေသည်။ လူများမှာ ပြေးလွှားအော် ဟစ်နေသဖြင့် ဖုန်များလည်း ထနေသည်။ သို့သော် ကားမီးရောင်ကြောင့် ရိုက်နှက်ထုပုတ်သတ်ဖြတ်နေသည်ကို အနီးနားမှ လူများမှာ မြင်တွေ့ နေရသည်။

ဒေါ်အောင်ဆန်းစုကြည် ကားအနီးသို့ လူအုပ်တစ်အုပ် ရောက် လာသည်။ သံဃာတော်များလည်း ပါသည်။ သူတို့၏ လက်ထဲတွင် ဝါးရင်းတုတ်များ ကိုင်ဆောင်ထားသည်။ ထိုစဉ် အောင်ဆန်းစုကြည်၏ လုံခြုံရေးတာဝန်ယူထားသည့် ကိုတိုးဟု ခေါ်သည့် လူငယ်ကလေးက ကားပေါ်မှ ဆင်း၍ အော်ဟစ်တားမြစ်သည်။

**"ဒီကားဟာ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း သမီးရဲ့ ကား"**

ထိုစဉ် ဦးတင်ဦးကလည်း မလုပ်နဲ့၊ မရိုက်နဲ့ဟု ဝင်ရောက်တား မြစ်သည်။ ယင်းသို့ အော်ဟစ်တားမြစ်သဖြင့် ခေတ္တ ရပ်သွားသည်။ ဒီကောင်တွေပါ ချကွာဆိုပြီး နောက်ကနေ လှမ်းအော်သည်။ နောက်က လှမ်းအော်သည့်အတိုင်း ရှေ့မှလူများ ရိုက်သည်။ ဦးတင်ဦးကိုလည်း



လှမ်းရိုက်သည်။ ဦးတင်ဦးမှာ တုတ်နှင့်လွတ်ရာသို့ လှည့်၍ရှောင်လိုက် သည်။ ဦးတင်ဦး လဲကျသွားသည်။ တုတ်နှင့် ရိုက်လိုက်ခြင်းကြောင့် ဦးတင်ဦး လဲကျသွားခြင်း မဟုတ်ပေ။ ခြေထောက်ခေါက်ကာ ခြေချင်း ဝတ်လည်ပြီး လဲကျသွားခြင်း ဖြစ်သည်ဟု ဆိုသည်။ ဦးတင်ဦး ပြန်ထ လိုက်သည့်အချိန်တွင် ဒေါ်အောင်ဆန်းစုကြည် စီးသည့် ကားမှာ ရုတ် တရက် စောင့်၍ မောင်းထွက်သွားသည်။

သို့တိုင် တစ်ဖက်မှ လူများသည် ဒေါ်အောင်ဆန်းစုကြည်ကား အား လိုက်၍ရိုက်သေးသည်။ အရှိန်နှင့် မောင်းထွက်သွားသဖြင့် နောက် မှ လိုက်လာသူများ မမီတော့ပေ။ ဒေါ်အောင်ဆန်းစုကြည်၏ ကားသည် သံဆူးကြိုးများ ကာဆီးထားသည့် သံဆူးကြိုးတန်း သုံးလေးဆင့်ကို တိုက်၍ မောင်းထွက်သွားသည် ယင်းနေရာမှ လွတ်မြောက်သွားသည်။ သေနတ်ပစ်သံ ဆယ်ချက်၊ ဆယ့်ငါးချက်ခန့် ကြားရသည်။

ကြည်ရွာအနီးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဝိုင်း ဝန်းရိုက်နှက်ဖမ်းဆီးနေသည်မှာ ကမ္ဘာပျက်လုမခန်း ဖြစ်သည်။ ဒေါသ တကြီး အော်ဟစ်သံ၊ ရိုက်သံ၊ ငိုညည်းသံ၊ ရှိုက်သံတို့နှင့်အတူ အကူ အညီတောင်းသံများကိုလည်း ကြားနေရသည်။

ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့မှ လူများမှာ အရိုက်နှက်ခံရသူ၊ သေဆုံးသူနှင့် အဖမ်းခံရသူများနှင့် ပြည့်နှက်နေသည်။ အဖမ်းခံရသူ များတွင်လည်း သံဃာတော်အချို့လည်း ပါရှိသည်။ ဖမ်းဆီးရမိသူများ ကို ဒိုင်နှာကားများပေါ်သို့ တင်သည်။ အဖမ်းခံရသူများတွင် သံဃာ တော်များ အပါအဝင် လူငယ်များနှင့် အမျိုးသမီးများလည်း ပါရှိသည်။

ဒီပဲယင်း အရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကားမှာ ကားရှေ့ခန်း ညာဘက်တံခါးပေါက်နှင့် နောက်ခန်းမှ ပြူတင်းပေါက် များ ကွဲသွားသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ညာဘက်ပခုံးမှာ အရိုက်ခံရသည့် ဒဏ်ရာနှင့် ဘယ်ဘက်လည်ပင်းတွင် ကားမှန်ကွဲများ ထိမှန်သဖြင့် အနည်းငယ် ဒဏ်ရာ ရရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com





ဒီပဲယင်းအရေးအခင်းကြောင့် နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် လာရောက်တွေ့ဆုံစဉ်

တပ်မတော်အစိုးရ၏ သတင်းစာရှင်းလင်းပွဲနှင့် တရားဝင်ထုတ်ပြန်ချက်များအရ မေ ၃၀ ရက်နေ့ ၁၂ နာရီတွင် မုံရွာမှ ဘုတလင်သို့ ထွက်ခွာသည်။ မော်တော်ယာဉ် ၁၅ စီးကို ဆိုင်ကယ်အစီး ၁၀၀ ခန့်က ရှေ့နောက် ဝဲယာ ခြံရံပြီး သွားခဲ့သည်။ ဘုတလင်မြို့အဝင်တွင် ဆိုင်ကယ်များကို မီးထိုး၍ အရှိန်ပြင်းစွာဖြင့် ဆူညံစွာ မောင်းနှင်ဝင်ရောက်ခဲ့ကြသည်။ ဘုတလင်မြို့တွင် ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်ပြီး ဒီပဲယင်းသို့ ဆက်လက် ထွက်ခွာခဲ့ရာ ဒီပဲယင်း မရောက်မီ ဆိုင်ပြင်ကြီးရွာသို့ ည ခုနစ်နာရီကျော်အချိန်တွင် ကား ၉ စီး၊ မော်တော်ဆိုင်ကယ် အစီး ၄၀ နှင့် ဝင်ရောက်ခဲ့သည်။ ဒီပဲယင်း မရောက်မီ နှစ်မိုင်ခန့်အကွာ မြို့အဝင်တွင် ဒေါ်စုကြည် (ဒေါ်အောင်ဆန်းစုကြည်)အား ကန့်ကွက်ဆန္ဒပြရန် စောင့်နေသည့် လူအင်အား ၅၀၀၀ ခန့်ရှိသည့် လူစုလူဝေးနှင့် ကြုံတွေ့ခဲ့ရသည်။

ဒေါ်စုကြည် (ဒေါ်အောင်ဆန်းစုကြည်) ယာဉ်တန်းတွင် လိုက်ပါ



လာသည့် မော်တော်ယာဉ်များသည် လူအုပ်အတွင်း ထိုးထွက်မောင်းနှင်ရာမှ ပဋိပက္ခ ဖြစ်ပွားခဲ့ကြသည်။ ညနှစ်နာရီမှ ဆယ့်တစ်နာရီအထိ အခြေအနေ ရှုပ်ထွေးနေခဲ့သည်။ မော်တော်ယာဉ်တစ်စီးမှာ အရှိန်နှင့် လမ်းဘေးသစ်ပင်ကို ဝင်ဆောင့်မိပြီး တစ်စီးမှာ မြောင်းအတွင်း ထိုးကြပြီး မှန်များ ကွဲသွားသည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်တွင် လမ်းဘေးသစ်ပင်နှင့် ဝင်ဆောင့်မိသည့် ကားမှာ မန္တလေးတိုင်းဒေသကြီး စည်းရုံးရေးကော်မတီဝင် ဒေါ်ဝင်းဝင်းမြ စီးလာသည့်ကား ဖြစ်သည်။ ယင်းကားမှာ ဆိုင်ကယ်ပေါ်မှာ ပြုတ်ကျလာသည့် လူကို ရှောင်ရင်း လမ်းဘေးမှ ကုက္ကိုပင်ကြီးအား ဝင်၍တိုက်မိခြင်း ဖြစ်သည်ဟု သိရသည်။

အစိုးရ၏ သတင်းထုတ်ပြန်ချက်များအရ ဒီပဲယင်း အရေးအခင်းတွင် လူ ၄ ဦး သေဆုံးပြီး အပြန်အလှန် ရိုက်နှက်မှုကြောင့် လူ ၅၀ ခန့် ဒဏ်ရာရရသည်။ မော်တော်ယာဉ် ၈ စီးနှင့် ဆိုင်ကယ် ၉ စီး ပျက်စီးသွားသည်ဟု ဆိုသည်။ ဒီပဲယင်းဖြစ်စဉ်တွင် လူပေါင်း ၁၅၃ ဦး ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၁၀၉ ဦးမှာ ပြန်လည် လွှတ်မြောက်ခဲ့သည်ဟု ဆိုသည်။


ဒီပဲယင်း အရေးအခင်းတွင် သေဆုံးသူ ၄ ဦးမှာ ဦးတင်မောင်ဦး (ဓာတ်ပုံဆရာ)၊ ကိုသိန်းတိုးအေး၊ ကိုစန်းမြင့်(ခ) ရာဂျူး (ယာဉ်မောင်း) နှင့် ဦးထွန်းအောင်ကျော် (ကျောင်းဆရာ)တို့ ဖြစ်သည်။ သုံးဦးမှာ အခင်းဖြစ်နေရာတွင် ပွဲချင်းပြီး သေဆုံးပြီး ဦးထွန်းအောင်ကျော်မှာ ဆေးဝါးကုသနေစဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်။ သေဆုံးဒဏ်ရာရသူများမှာ အစိုးရက ထုတ်ပြန်သည်ထက် ပို၍ များသည်ဟု အချို့က ဆိုသည်။

ဖမ်းဆီးထိန်းသိမ်းခံရသူများမှာ အစိုးရ အဆိုအရ ၁၅၃ ဦးဆိုသော်လည်း အချို့က ၂၅၀ ဦးခန့် ရှိသည်ဟု ဆိုသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူ အများစုမှာ ရွှေဘိုထောင်၊ ကလေးထောင်၊ ခန္တီးထောင်တို့တွင် ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ အချင်းဖြစ်နေ့က ရေဦးတွင် ဖမ်းဆီးခြင်း ခံရသည်။ ထို့နောက် ရန်ကုန် ဗဟိုအင်းစိန်

www.burmeseclassic.com

www.burmeseclassic.com






အမေရိကန်နိုင်ငံ၊ ယေးတက္ကသိုလ်တွင် Rule of Law ခေါင်းစဉ်ဖြင့် ဒေါ်အောင်ဆန်းစုကြည် ဟောပြောစဉ်

အကျဉ်းထောင်တွင် ထိန်းသိမ်းထားရာမှ စစ်ထောက်လှမ်းရေးစခန်းတစ်ခုသို့ ပြောင်းရွှေ့ထိန်းသိမ်းသည်။ ထိုစဉ် ဒေါ်အောင်ဆန်းစုကြည်မှာ ခွဲစိတ်ကုသမှု ခံယူရန် လိုအပ်လာသဖြင့် အာရှတော်ဝင်ဆေးရုံတွင် ခွဲစိတ်ကုသမှု ခံယူပြီး နေအိမ်သို့ ပြောင်းရွှေ့ကာ အကျယ်ချုပ် ကျခံရသည်။ ဒီပဲယင်း အရေးအခင်း ဖြစ်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်ဖြင့် ပြစ်ဒဏ် ၅ နှစ် ကျခံခဲ့ရသည်။ ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ ၂၀၀၈ ခုနှစ် မေလ ၃၀ ရက်နေ့အထိ ဖြစ်သည်။

ဒီပဲယင်း အရေးအခင်း လုပ်ကြံမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့် ရေးသားချက်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်ကို ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ်ဟု ရေးသားခဲ့ပြီး သူ့အစား ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား အဖွဲ့ခေါင်းဆောင်တာဝန်ပေးခဲ့သည်။ ထိုစဉ်က စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမှူးမှာ ဗိုလ်ချုပ်စိုးနိုင် ဖြစ်ကြောင်း ရေးသားထားသည်။



ထို့အတူ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွန့်သည် ဒီပဲယင်းအရေးအခင်းနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်၊ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် ထိုင်းနိုင်ငံမှ ဘန်ကောက်ပို့စ်သတင်းစာနှင့် အင်တာဗျူးရာတွင် -

"အဲဒီအရေးအခင်းညက ကျွန်တော့်တပည့်တွေကို သူ့ကို ကယ်တင်ဖို့ ပို့လွှတ်လိုက်ပြီးတော့ အနီးမှာရှိတဲ့ စစ်ဌာနချုပ်မှာ ကယ်တင်ထားရတယ်"

ဟု ဖြေဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်နှင့် အင်တာဗျူးရာတွင်လည်း ဒီပဲယင်းကိစ္စ မေးမြန်းရာ

"ကျွန်တော် မသိဘူးဗျ၊ မသိဘူးဆိုတာက ဒီလောက်လည်း လုပ်လိမ့်မယ် မထင်ဘူး၊ ဒါပေမဲ့ ကျွန်တော့်တပည့်တွေက လာလာပြောတယ်၊ ကျွန်တော်က မယုံဘူး၊ ဟောကောင်တွေ သွား၊ ငါ့ကို မဟုတ်တာတွေ လာမပြောကြနဲ့ကွာ" ဟု ဖြေကြားခဲ့သည်။

ထူးခြားသည်မှာ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်က သူ၏စာအုပ်တွင် ဒီပဲယင်းအရေးအခင်းနှင့် ပတ်သက်၍-

"ဒီဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ကျွန်တော် ဦးဆောင်ပါဝင်ခြင်း မဟုတ်သော်ငြားလည်း ကျွန်တော်သည် အစိုးရအဖွဲ့ဝင် ထိပ်ပိုင်းခေါင်းဆောင် တစ်ဦးဖြစ်တာကြောင့် ကျွန်တော့်တွင်လည်း တာဝန်ရှိသည် ခံယူပါသည်"

ဟု ရေးသားခဲ့သည်။

ဦးတင်ဦး ပြောပြချက်အရ-

"ကြွေးကြော်သံတွေ အော်နေတဲ့ အချိန်မှာ ခေါင်းဆောင်လုပ်တဲ့သူက ဟောကောင်တွေ ပါးစပ်ပိတ်၊ တိတ်စမ်း၊ လုပ်စရာရှိတာ ဒီလူတွေနဲ့ စကားပြောနေတယ်၊ မင်းတို့ ပါးစပ်ပိတ်ဆိုတော့ ငြိမ်သွားတယ်၊ အဲဒါ ကြည့်ပြီးတော့ ဘာဘာ စဉ်းစားတာက သူတို့ဟာ အဖွဲ့အစည်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ခုက သင်တန်းပေးထားတဲ့ လူတွေလား၊ တပ်ထဲက အဝတ်အစားလဲပြီး လုပ်တာလား၊ ရဲထဲကပဲလားဆိုတာကို စဉ်းစားမိတယ်၊ ဘာဖြစ်လို့ဆိုတော့ အုပ်ချုပ်တဲ့ကောင်ရဲ့ အမိန့်ဟာ ကွပ်ကဲမှုအနေအထားအရ လိုက်နာမှု ရှိတယ်၊ ချက်ချင်း ပြောတဲ့အခါ ချက်ချင်း ရပ်သွားတာတွေ၊ မသွားနဲ့ဆို မသွားတာတွေ၊ ရပ်ဆိုရပ်တာတွေကို သတိထားကြည့်မိတော့ ဒါဟာ အဖွဲ့အစည်းတစ်ခုအနေနဲ့ လုပ်တာပဲလို့ အောက်မေ့မိတယ်''

ဟု ဆိုသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဒီပဲယင်း အရေးအခင်း ပြီးသည့်အခါ အမေရိကန်သံရုံးမှ တာဝန်ရှိသူများသည် အခင်းဖြစ်နေရာသို့ သွားရောက်၍ စုံစမ်းမေးမြန်းခဲ့သည်။ ခတ်ပုံ၊ ဗီဒီယိုများလည်း ရိုက်ကူးခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဒီပဲယင်းအနီး လုပ်ကြံခံရသည့် အရေးအခင်းမှာ မြန်မာနိုင်ငံသာမက ကမ္ဘာကျော်သွားသည်။ နိုင်ငံတကာ သတင်းဌာနများက စိတ်ဝင်စားခဲ့သည့် အရေးအခင်း ဖြစ်သည်။ ပဋိပက္ခ ဖြစ်သည်။

ဒီပဲယင်း အရေးအခင်းနှင့် စပ်လျဉ်း၍ ၁၂.၆.၂၀၀၃ ရက်နေ့တွင် ထုတ်ဝေသည့် Wall Street Journal တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်က ''မေလ ၃၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက်ပိုင်း၌ သတင်းအချက်အလက်များ စုဆောင်းနိုင်ရန် အမေရိကန် သံရုံးအရာရှိများကို အချင်းဖြစ်ပွားသည့် နေရာသို့ ကျွန်ုပ်တို့ စေလွှတ်ခဲ့သည်။ ၎င်းတို့က ယင်းတိုက်ခိုက်မှုမှာ ကြိုတင်ကြံရွယ်ထားခြင်းဖြစ်ကြောင်း အစီရင်ခံခဲ့ကြသည်။

ထရပ်ကားများသည် လူသူကင်းရှင်းသည့် နေရာ ရောက်သည်အထိ ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်းနောက်မှ လိုက်ပါလာပြီး





စွမ်းအားရှင်အဖွဲ့များနှင့် မသက်ဆိုင်ဟု ငြင်းဆိုခဲ့သည့် အမှတ် (၁) စက်မှုဝန်ကြီး ဦးအောင်သောင်း

နောက် ပိတ်ဆို့ဟန့်တားခဲ့သည်။ ထို့နောက် ထရပ်ကားပေါ်တွင် လိုက်ပါလာသူ လူရမ်းကားများသည် ဒီမိုကရေစီ လှုပ်ရှားထောက်ခံသူများ၏ မော်တော်ယာဉ်များကို ဒေါသတကြီးနှင့် တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်သူများမှာ ရက်စက်ကြမ်းကြုတ်လွန်းပြီး စနစ်တကျ စီစဉ်တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ခံရသူများမှာ ငြိမ်းချမ်းစွာ ပြန်လည် တုံ့ပြန်ခဲ့ပြီး ပြန်လည် တိုက်ခိုက်ခြင်း မပြုလုပ်ခဲ့ပေ။ ထိုသို့ ဖြစ်ပျက်ခဲ့သည်များနှင့် ပတ်သက်၍ မြန်မာစစ်အာဏာပိုင် ပြောကြားချက်တို့မှာ လုံးဝ အခြေအမြစ် မရှိပေ။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သေဆုံးဒဏ်ရာရသူ အရေအတွက်နှင့် ပတ်သက်၍ ယုံကြည်ရလောက်သည့် အစီရင်ခံမှုမျိုး မပြုလုပ်နိုင်ခဲ့ပေ''ဟု ရေးသားဖော်ပြထားသည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ နေ့တွင် ကျင်းပသည့် ၅၀ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ပါမောက္ခ ပေါလိုဆာဂျီယိုပီညဲရိုးက တတိယကော်မတီသို့ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အစီရင်ခံစာ တင်သွင်းရာတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ "I can say that there is a prima facie

www.burmeseclassic.com

www.burmeseclassic.com



evidence that the Depayin incident could not have happened without the convience of State agents" "အစိုးရအာဏာပိုင်များက ပူးပေါင်းကြံစည်တာမျိုး မဟုတ်ရင် ဒီပဲရင်းဖြစ်ရပ် ဖြစ်ပွားနိုင်စရာ မရှိဘူးဆိုတဲ့ အချက်ကို လက်ခံနိုင်လောက်အောင် မြင်သာတဲ့ သက်သေခံ အထောက်အထားတွေ ရှိနေပြီလို့ ကျွန်တော် ပြောနိုင်တယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်က ၁၀.၆.၂၀၀၃ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပြီး မလေးရှားနိုင်ငံသို့ ရောက်ရှိပြီး မလေးရှား ကီနီ အင်တာနက်သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာတွင် "ဒေါ်အောင်ဆန်းစုကြည်က မေလ ၃၀ ရက် ဖြစ်ရပ်မှာ လူမဆန်သည့် ရက်စက်ယုတ်မာမှုဟု ပြောဆိုခဲ့ပြီး ဥပဒေအရ တရားအမျှတဆုံး ဆုံးဖြတ်ပေးပါရန် တင်ပြတောင်းဆိုခဲ့သည်"ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုစဉ်က ၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှဆိုင်ရာ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လည် လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဒီပဲယင်း အရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား လုပ်ကြံမှုနှင့် ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများက နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အကျဉ်းကျခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးထိန်းသိမ်းခံနေသူအားလုံးအား ပြန်လည် လွှတ်ပေးရန်နှင့် ဒီပဲယင်း အရေးအခင်း လုပ်ကြံမှုအား ဖော်ထုတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

သို့တိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေ အတွင်းရေး



မှူး ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ ၂၀၀၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့အထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပြီး ဒီပဲယင်းအရေးအခင်း လုပ်ကြံမှုတွင် ပါဝင်သူ ပြစ်မှုကျူးလွန်သူတို့အား စုံစမ်းဖော်ထုတ် အရေးယူအပြစ်ပေးနိုင်ခြင်း မရှိပေ။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် အမေရိကန်ခရီးစဉ်ကို စတင်ခဲ့သည်။ အမေရိကန်ခရီးစဉ်အတွင်းတွင် ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ ဖို့ဝိန်း၊ လူးဝစ်ဗီးလ်၊ ဆန်ဖရစ်စစ္စကိုနှင့် လော့စ်အိန်ဂျယ် လိစ်မြို့များသို့ သွားရောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်သို့ ရောက်ရှိစဉ် သမ္မတအိုဘားမားနှင့် အိမ်ဖြူတော်တွင်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် နယူးယောက်မြို့တွင်လည်းကောင်း၊ အမေရိကန်ရောက် မြန်မာများနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

အမေရိကန်နိုင်ငံသို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိစဉ် အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်ရွှေတံဆိပ်ဆု၊ Atlantic Council ၏ ကမ္ဘာ့နိုင်ငံသားဆု၊ Asia Sociaty ၏ Global Vision ဆု၊ ဆန်ဖရန့်စစ္စကိုတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် National Endowment For Democracy ၏ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရ ဆယ်နှစ်ပြည့် ဂုဏ်ပြုရုပ်တုတို့ကို လက်ခံရယူခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိစဉ် ၂၇.၈.၂၀၀၃ ရက်နေ့တွင် ယေးတက္ကသိုလ်၌ Rule of Law ခေါင်းစဉ်ဖြင့် ဟောပြောရာ သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဒီပဲယင်း ဖြစ်စဉ်များကို ထည့်သွင်းဟောပြောခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် Rule of law ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့ခြင်း ဖြစ်သည်။ ဒီပဲယင်း ဖြစ်စဉ်နှင့်ပတ်သက်၍ ဟောပြောရာတွင် -

My own expreince at Depayin. Depayin was in

www.burmeseclassic.com

www.burmeseclassic.com



2003 went I was campaining in northen Burma. And as the camping proceeded, the support of the public become Stronger and stronger. And one evening while I was travelling from one place to another, our car was stopped. It was stopped by a monk who said that he wanted me to give a speech. Dusk was coming on, and we had been warned that there might be problems. So we said on. It was too late, and there were no arrangements for me to speak at that particular place. So we would have to go on. But he kept on trying to persuade us to stop far a bit. And then somebody came running up form the back of motorcade and said that troops of thugs had arrived, and they were beating up our people at the back.

This was what the Depeyin incident was about. Some of those thugs were dressed as monk, but they were obviously not monks and they all had white handkerchidfs tied to one arm and tattoos indicating that they belonged to the same group. They had enormous staffs.

They killed four of our people. They just beat them to dead. They also beat the windows of my car. But had a very driver. I did not go on because I felt that I had to wait for the others. I couldn't just leave to be beaten up.

Them the young men, who was driving my car, said, "Look! They are putting barriers up across the road in front of us!" And I saw that, and he said, "I think they are trying to direction. Sall I drive through the barrier?" So I said. "Yes. Drive through the barrier so we can meet up." Well! What did you expect me to do? It was very exciting.

I had never been in a car that leapt over the barrier before. But when we got to the other side, we found that





သမ္မတဦးသိန်းစိန်လက်ထက် အမျိုးသားပညာရေးဥပဒေကို
ကန့်ကွက်ဆန္ဒပြသူများအား ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အကြမ်းဖက်
နှိမ်နင်းခဲ့သည့် ခေတ်သစ်စွမ်းအားရှင်များ



သမ္မတဦးသိန်းစိန်လက်ထက် အမျိုးသားပညာရေးဥပဒေကို
ကန့်ကွက်ဆန္ဒပြသူများအား ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အကြမ်းဖက်
နှိမ်နင်းခဲ့သည့် ခေတ်သစ်စွမ်းအားရှင်များ

www.burmeseclassic.com

www.burmeseclassic.com



there was nobody there. They are just trying to cut us off from all the roads around us.

And I don't know what there intention was, but they were just to beat all of us up or to arrest all of us. But when we got over the barrier, we found nothing, and we kept going and going and going until we got to the next town when we were arrested.

Now the point is that we were the ones who were beaten up, but we were put in prison as destructive elements. So this is the great mystery to us. What had we done to deserve this inprisonment?

We hadn't raised a finger, yet that was the reason why I was placed under house arrest for the next 6 year, which stretched to 7 years.

ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်ပါ။ ၂၀၀၃ ခုနှစ်မှာ အထက်ဗမာပြည်ကို စည်းရုံးရေးဆင်းတုန်းကပါ။ စည်းရုံးရေးဆင်းလေ ပြည်သူတွေရဲ့ အားပေးမှုနဲ့ ထောက်ခံမှုတွေ ရလေပါ။ တစ်ညနေမှာ တစ်နေရာကနေ တစ်နေရာသွားရင်း ကျွန်မတို့ကားကို ရပ်ခိုင်းတယ်။ သံဃာတော်တစ်ပါးက တားတာပါ။ ကျွန်မကို မိန့်ခွန်း ပြောပေးစေ ချင်ပါတယ်တဲ့။ နေဝင်ရီတရော အချိန်လေးမှာပါ။ ပြဿနာတွေ ဖြစ် နိုင်တယ်လို့ ကျွန်မတို့ သတင်းကြားရထားတဲ့အတွက် "မဖြစ်နိုင်ပါဘူး ဘုရား၊ အချိန်လည်း နောက်ကျနေပါပြီ၊ ဒီမှာ ကျွန်မ မိန့်ခွန်းပြောဖို့ အစီအစဉ်လည်း မရှိပါဘူး ဘုရား၊ ခရီးဆက်စရာ ရှိလို့ပါလို့ လျှောက်တဲ့အခါ ခဏဖြစ်ဖြစ် ရပ်ဖို့ပဲ ပြောနေပါတယ်၊ အဲဒီအချိန်မှာ ကျွန်မတို့ ယာဉ်တန်းနောက်ကနေ လူတစ်ယောက်က ပြောလာပြီးတော့ ပြောတယ်။ လူမိုက်လူရမ်းကားတွေ အုပ်စုလိုက် လာပြီး ကျွန်မတို့လူ တွေကို ရိုက်နှက်ဖမ်းဆီးနေပြီတဲ့။

ဒါကတော့ ဒီပဲယင်းဖြစ်စဉ်တွေပါ။ အဲဒီလူမိုက်၊ လူရမ်းကား တွေထဲမှာ တချို့က သံဃာတော်တွေလို သင်္ကန်း ဝတ်ထားတယ်။





သမ္မတဦးသိန်းစိန်လက်ထက် အမျိုးသားပညာရေးဥပဒေကို
ကန့်ကွက်ဆန္ဒပြသူများအား ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အကြမ်းဖက်
နှိမ်နင်းခဲ့သည့် ခေတ်သစ်စွမ်းအားရှင်များ



သမ္မတဦးသိန်းစိန်လက်ထက် အမျိုးသားပညာရေးဥပဒေကို
ကန့်ကွက်ဆန္ဒပြသူများအား ရန်ကုန်မြို့၊ မြို့တော်ခန်းမရှေ့တွင် အကြမ်းဖက်
နှိမ်နင်းခဲ့သည့် ခေတ်သစ်စွမ်းအားရှင်များ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သံဃာအစစ် မဟုတ်မှန်း သိသာပါတယ်၊ လက်မောင်းမှာ ဝိတ်ဖြူစတွေ ပတ်ထားတဲ့အပြင် တက်တူးတွေလည်း ထိုးထားကြပါတယ်။ ဒါကို မြင်တာနဲ့ တစ်အုပ်စုထဲဆိုတာ သိသာတယ်။

ကျွန်မရဲ့ လူ လေးယောက်ကို သတ်ပစ်လိုက်တယ်။ မသေမချင်း ရိုက်တာပါ။ ကျွန်မရဲ့ကားမှန်တွေကိုလည်း ရိုက်ခွဲကြတယ်။ ကျွန်မရဲ့ ဒရိုင်ဘာက ကားမောင်းကျွမ်းကျင်လို့ပါ၊ ကျွန်မက ဆက်မသွားသေးဘဲနဲ့ ကျန်ခဲ့တဲ့ လူတွေကို စောင့်နေပါတယ်၊ ကျွန်မရဲ့လူတွေကို ရိုက်နှက်နေတာ ပစ်ပြီး ဒီအတိုင်း ထွက်မသွားရက်ဘူး။

အဲဒီအချိန်မှာ ကျွန်မကားကို မောင်းတဲ့လူငယ်လေးက "ကြည့်ပါဦး၊ ကျွန်တော်တို့သွားမယ့် လမ်းကို သွပ်ဆူးကြိုးတွေနဲ့ ပိတ်နေတယ်ဗျ" လို့ ပြောတယ်။ အဲဒါကို ကျွန်မလည်း မြင်တယ်၊ လူငယ်လေးက "တစ်ဖက်ကလာနေတဲ့ ကျွန်တော်တို့လူတွေနဲ့ အဆက်ပြတ်အောင် လုပ်တာဗျ၊ တားထားတဲ့ သွပ်ဆူးကြိုးတွေကို ဖြတ်မောင်းလိုက်ရမလား ဟင်" လို့ မေးတယ်။ "ကျွန်မက မောင်းလေ၊ တို့လူတွေနဲ့ တွေ့ရတာပေါ့" လို့ ပြောလိုက်တယ်။ သည်းထိပ်ရင်ဖိုပါပဲ။ ဒီလို ပိတ်ထားတဲ့ သွပ်ဆူးကြိုး ကားနဲ့ တိုက်ပြီး ဖြတ်မောင်းတာမျိုး တစ်ခါမှ မလုပ်ဖူးဘူးလေ။ ဟိုဘက်လည်း ရောက်ရော တစ်ယောက်မှ မတွေ့ရဘူး၊

တကယ်တော့ ကျွန်မတို့ ပတ်ပတ်လည်မှာရှိတဲ့ လမ်းတွေကို ပိတ်ထားတာ၊ သူတို့ ဘာအကြံအစည်နဲ့ လုပ်တာလဲဆိုတာ ကျွန်မ မသိပါဘူး၊ ကျွန်မတို့အားလုံးကို ဖမ်းမလို့လား၊ ရိုက်မလို့လားတော့ မသိဘူး၊ ကျွန်မတို့လည်း တစ်ဖက်ရောက်တော့ ဆက်ပြီး မောင်းလာလိုက်တာ နောက်တစ်မြို့လည်း ရောက်ရော ကျွန်မ အဖမ်းခံရတော့တာပါပဲ၊

ဒီမှာ အဓိကအချက်အနေနဲ့ ပြောချင်တာက အရိုက်ခံရတာက ကျွန်မတို့တတွေပါ၊ ဒီလိုပဲ အဖျက်သမားတွေလို့ စွပ်စွဲပြီး ထောင်ချခံတာလည်း ကျွန်မတို့ပါပဲ၊ ဒါကို ဘယ်လို စဉ်းစားလို့ မရဘူး၊ ကျွန်မတို့ကို ထောင်ချပစ်ရလောက်အောင် ဘာများ လုပ်ခဲ့မိလို့လဲ။



သူတို့ကို လက်ဖျားနဲ့တောင် မတို့ခဲ့မိပါဘူး။ ဒါပေမဲ့ အဲဒီကိစ္စကြောင့် ကျွန်မကို ဖမ်းပြီး နေအိမ်အကျယ်ချုပ်နဲ့ ၆ နှစ် ချလိုက်တယ်။ နောက်တစ်နှစ် ထပ်တိုးလိုက်တော့ ၇ နှစ်ပေါ့။

ဒေါ်အောင်ဆန်းစုကြည် ပြောပြသည့် တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်နှင့် ဟောပြောသည့် မိန့်ခွန်းထဲမှ ဒီပဲယင်းဖြစ်စဉ်ကောက်နုတ်ချက် ဖြစ်သည်။ ဒီပဲယင်းဖြစ်စဉ် လုပ်ကြံမှု အရေးအခင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ပြောလေ့ပြောထမရှိသည့် မိန့်ခွန်းပါ အကြောင်းအရာ ဖြစ်သည်။

ယနေ့အချိန်အထိ ဒေါ်အောင်ဆန်းစုကြည်သည် ကံ ကံ၏အကျိုးကို ယုံကြည်သည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ အာဃာတ ရှိပုံမတူပေ။ အငြိုးအတေး၊ အမှတ်အတေး ထားဟန်မတူသော်လည်း ဒီပဲယင်းအရေးအခင်း လုပ်ကြံမှုကို ရင်ထဲတွင် ကိန်းအောင်းနေပေလိမ့်မည်။ အမှတ်ရဆဲ ရှိနေပေလိမ့်မည်။

ဒီပဲယင်း အရေးအခင်း လုပ်ကြံမှုမှာ ကမ္ဘာကျော်သော်လည်း လုပ်ကြံဖန်တီးသူတို့မှာ ယနေ့တိုင် ထုတ်ဖော်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။

ဒီပဲယင်း အရေးအခင်း လုပ်ကြံမှုနှင့် ပတ်သက်၍ ဆရာမြင့်သူ ရေးသားသည့် မဖျော်လင့်ခရီးရှည် စာအုပ်တွင် ထည့်သွင်းရေးသားထားသည်။ အဆိုပါ စာအုပ်တွင် စာရေးသူက-

**ဒီပဲယင်း ပြဿနာသည် အင်န်အယ်လ်ဒီနှင့် ပြည်ခိုင်ဖြိုးအကြား နိုင်ငံရေးအရ အားပြိုင်မှု ဖြစ်စဉ်များထဲမှ မမျှော်လင့်ဘဲ ဖြစ်ပွားခဲ့ရသော သာမန်ထက်ပိုသည့် ရှုန်းရင်းဆန်ခတ်မှုတစ်ခု ဖြစ်သည်**

ဟု ရေးသားထားသည်။ အဆိုပါအချက်အရ ဒီပဲယင်းအရေးအခင်း၏ အဓိက လက်သည်မှာ ပြည်ခိုင်ဖြိုး ဖြစ်သည်ဟု ဆိုလိုသည့်သဘော သက်ရောက်သည်။

ထို့အတူ ယင်းစာအုပ်တွင် စာရေးသူသည်

**ဒေါ်စုကြည် ခရီးထွက်မည် ဆိုသောအခါ နိုင်ငံရေးအရ အား**

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်မှုများ၊ ပဋိပက္ခများ ဖြစ်နိုင်သည်ကို လူကြီးများက ကြိုတင်တွက်ဆခဲ့ကြသည်။ တစ်ဖက်က ပြည်နိုင်ငံဖြိုးအနေဖြင့် နိုင်ငံရေးအရ အသာစီးမရစေရန် လုံးပန်းရသကဲ့သို့ တစ်ဖက်ကလည်း ပဋိပက္ခများ မဖြစ်စေရန် ထိန်းကျောင်းဖို့လည်း လိုသည် ဟု ဆိုသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ စည်းရုံးရေးခရီးစဉ်များ ဖြစ်သည့် အထက်မြန်မာပြည် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၂ မြို့နယ်သို့ စည်းရုံးရေး ဆင်းခဲ့ရာ မြို့နယ် ၁၄ မြို့နယ်တွင် ပြဿနာ ဖြစ်ခဲ့သည်။ ယင်းဖြစ်စဉ်မှာ သာမန်ဖြစ်ရိုးဖြစ်စဉ်မျိုး မဟုတ်။ ပဋိပက္ခမျိုး မဟုတ်ပေ။ ခရီးစဉ်တလျှောက် တာဝန်ရှိပုဂ္ဂိုလ်များ၏ ညွှန်ကြားစေခိုင်းချက်နှင့် ခွင့်ပြုချက် မရှိလျှင် ပြဿနာ ဖြစ်နိုင်စရာမရှိနိုင်ဟု နိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြသည်။

မိုလ်ချုပ်ကြီးစိုးဝင်းကမူ-

**"ဒီနယ်မြေတွင် တောက်လျှောက် စည်းရုံးရေး ဆင်းခဲ့ကြသော ပြည်နိုင်ငံဖြိုး မြို့နယ်တာဝန်ခံများ၏ သာမန်ထက်ပိုသော စည်းရုံးလှုံ့ဆော်ထားမှုများသည် တစ်ဖက်စွန်းရောက်စေခဲ့သည်၊ တစ်ချိန် သို့မဟုတ် တစ်ချိန် ပြဿနာ ဖြစ်စေရန် အစပျိုးနေသည့် အခြေအနေမျိုး ဖြစ်သည်"**

ဟု ဆိုသည်။

၂၀၀၃ ခုနှစ်၊ မေလအတွင်းတွင် မိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်နိုင်ငံဖြိုး ဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး ကချင်ပြည်နယ် စည်းရုံးရေးတာဝန်ခံမှာ ဦးသိန်းဇော် (ဝန်ကြီး၊ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန)၊ မန္တလေးတိုင်းဒေသကြီး စည်းရုံးရေးတာဝန်ခံမှာ ဦးအောင်သောင်း (ဝန်ကြီး၊ အမှတ် ၁ စက်မှုဝန်ကြီးဌာန)နှင့် စစ်ကိုင်းတိုင်းဒေသကြီး စည်းရုံးရေးတာဝန်ခံမှာ သူရအေးမြင့် (ဝန်ကြီး အားကစားဝန်ကြီးဌာန) တို့ ဖြစ်သည်။ အရေးအခင်း ဖြစ်ပွားရာ ဒီပဲယင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေး



နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် စစ်တိုင်းမှူးမှာ မိုလ်ချုပ်စိုးနိုင် ဖြစ်သည်။

မိုလ်ချုပ်ကြီးစိုးဝင်းက နယ်မြေတာဝန်ခံများ၏ စည်းရုံးလှုံ့ဆော်မှုကြောင့်ဟု ထုတ်ဖော်ပြောကြားခြင်းဖြင့် ဒီပဲယင်းအရေးအခင်းမှာ နယ်မြေ စည်းရုံးရေးဝန်ကြီးများကြောင့်ဟု ဆိုလိုသည့်သဘော ဖြစ်သည်။ သို့သော် နယ်မြေစည်းရုံးရေးတာဝန်ခံ ဝန်ကြီးများကို မည်သူက ခိုင်းခဲ့သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ထို့အတူ မိုလ်ချုပ်ကြီးစိုးဝင်းက ဒီပဲယင်းဒေသသည် အစိုးရအဆက်ဆက်ကို ဆန့်ကျင်သော အင်အားစု ရှိသည့်နေရာ ဖြစ်သည်။ တစ်ချိန်က ကွန်မြူနစ်များ ကြီးစိုးသည့် နေရာ၊ ယခု ကွန်မြူနစ်လူထွက်များနှင့် နိုင်ငံရေး မရှိသူများ ရှိသောနေရာဟု ဆိုသည်။ ဒီပဲယင်းအရေးအခင်း လုပ်ကြံမှုမှာ ကွန်မြူနစ်လူထွက်များကြောင့်လည်း ဖြစ်နိုင်သည်ဟု ဆိုလိုသည့် သဘော ဖြစ်သည်။

ထို့အတူ ဒီပဲယင်းအရေးအခင်းတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အင်န်အယ်လ်ဒီအဖွဲ့ဝင်များအား လုပ်ကြံသူများမှာ-

၁။ တတိယအင်အားစုများ။

၂။ အဖွဲ့အစည်း အမျိုးမျိုး။

၃။ နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်နေသော အဖွဲ့အစည်းများ။

၄။ ပြည်နိုင်ငံဖြိုးအဖွဲ့အစည်း မဟုတ်သည့် အခြားအဖွဲ့အစည်းများ။

၅။ တစ်ကိုယ်တော် ဟီးရိုးလုပ်ချင်သည့် လူစွမ်းကောင်းများ။

၆။ ပြဿနာ ရှုပ်ထွေးလျှင် အမြတ်ထုတ်လိုသည့် တောကြောင်များလည်း ဖြစ်နိုင်သည့်သဘောကို ကောက်ချက် ဆွဲထားသည်။

သို့သော် နိုင်ငံရေးပညာရှင်များနှင့် ဥပဒေရေးရာကျွမ်းကျင်သူအချို့က ယင်းပုဂ္ဂိုလ်များ လုံးဝ မဖြစ်နိုင်ဟု တညီတညွတ်တည်း ဝေ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ပြောဆိုခဲ့ကြသည်။ အကြောင်းမှာ ယင်းအဖွဲ့အစည်းများသည် ဥပဒေပြင်ပ အဖွဲ့အစည်းများ ဖြစ်သဖြင့် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ခွင့်ပြုမည် မဟုတ်သကဲ့သို့ သတင်းများလည်း ကြိုတင်ရရှိနိုင်သောကြောင့် ဖြစ်သည်။ ဆရာမြင့်သူ ရေးသားသည့် မမျှော်လင့်သော ခရီးရှည်စာအုပ်မှာ ဗိုလ်ချုပ်ကြီး စိုးဝင်း၏ အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ပြီး ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမျိုး မဟုတ်။ ဒုတိယလူမှ ပါဝင်ရေးသားထားခြင်း ဖြစ်သဖြင့် ယုံမှားသံသယ များစွာ ရှိနေသည်ဟု စာပေပညာရှင်အချို့က သုံးသပ်သည်။

မည်သို့ဆိုစေ ဒီပဲယင်းအရေးအခင်း လုပ်ကြံမှုအပြီး မကြာသော အချိန်ကာလများတွင် ဗိုလ်ချုပ်စိုးဝင်းမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး (၁)၊ ဗိုလ်ချုပ်ကြီးရာထူးနှင့် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် အဆင့်ဆင့် ရာထူးတိုးခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်မှာ ဧရာဝတီတိုင်းဒေသကြီး တိုင်းမှူးအဖြစ်လည်းကောင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူး ရဲထွဋ်မှာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းဟန်သည် ရဲမှူးချုပ်အဖြစ် လည်းကောင်း၊ ဒီပဲယင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်း မြို့နယ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရွှေဘိုခရိုင် ပြည်ခိုင်ဖြိုး အတွင်းရေးမှူး ဦးတင်မြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ခိုင်ဖြိုး အတွင်းရေးမှူး အဖြစ်လည်းကောင်း စသည်ဖြင့် အသီးသီး အသက အသက ရာထူးဌာနန္တရ တိုးခဲ့ကြလေသည်။

❒ ❒ ❒

## လူသားချင်း စာနာမိလို့ တရားရုံးက ထောင်ဒဏ်ချသတဲ့

ဒေါ်အောင်ဆန်းစုကြည်အား တပ်မတော်အစိုးရက ချမှတ်သော ပြစ်ဒဏ်များ အားလုံးမှာ ဥပဒေမှာ အားလုံးနီးပါး တူညီသည်။ ယင်းပြစ်ဒဏ်မှာ **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ- ၁၀ (ခ)** အရ အရေးယူ၍ နေအိမ်အကျယ်ချုပ်နှင့် ထားရှိခြင်းပင် ဖြစ်သည်။

တပ်မတော်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား ချမှတ်သည့် ဥပဒေပုဒ်မ ၁၀(ခ) အရ အရေးယူခြင်းခံရသူကို တစ်နှစ်အထိ တားဆီးမှု ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ တားဆီးမှုဆိုသည်မှာ-

(က) မည်သည့်နေရာတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း။

(ခ) မည်သည့်နေရာတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း။

(ဂ) သွားလာမှုကို လိုအပ်သလို တားဆီးခြင်း။

(ဃ) သတ်မှတ်သည့် အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) အသုံးပြုခြင်းကို ပိတ်ပင်တားဆီးခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဆိုသည်။

ယင်းဥပဒေအရ အရေးယူခံရသူများသည် နေအိမ်အကျယ်ချုပ်ဖြင့် ထားရှိသော်လည်း ယင်းဥပဒေအရ တားဆီးမှုအပြင် စည်းကမ်းသတ်မှတ်ချက်၊ ကန့်သတ်ချက်များ သီးခြား ထပ်မံ ထားရှိသည်။

ဒေါ်အောင်ဆန်းစုကြည်အား တပ်မတော်အစိုးရက ယင်းဥပဒေအရ နိုင်ငံတော် အန္တရာယ် ဖြစ်စေမည့် အခြေအနေများ ဖြစ်ပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခဲ့ခြင်း၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်ကို သွေးခွဲပြီး တိုင်းရင်းသားပြည်သူများက တပ်မတော်အပေါ်တွင် မုန်းတီးအောင် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဟုဆိုကာ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့အထိ နေအိမ်အကျယ်ချုပ်ပြစ်ဒဏ် ၆ နှစ်၊ မန္တလေးသို့ ရထားနှင့် သွားရောက်ရန် ကြိုးစားခဲ့ခြင်းကြောင့် ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၀၀၂ ခုနှစ် မေလ ၅ ရက်နေ့အထိ နေအိမ်အကျယ်ချုပ်ပြစ်ဒဏ် ၁ နှစ်နှင့် ၆ လ၊ ဒီပဲယင်းအရေးအခင်းကြောင့် ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှ ၂၀၀၉ ခုနှစ် မေလ ၂၆ ရက်နေ့အထိ နေအိမ်အကျယ်ချုပ် ပြစ်ဒဏ် ၆ နှစ်ကို ကျခံစေခဲ့သည်။ နေအိမ်အကျယ်ချုပ် ပြစ်ဒဏ် စုစုပေါင်း ၁၃ နှစ်နှင့် ၆ လ ချမှတ်ခြင်း ခံခဲ့သည်။

နေအိမ် အကျယ်ချုပ်တွင် ချမှတ်ခံရသည့် ပြစ်ဒဏ်များထဲတွင် ဒေါ်အောင်ဆန်းစုကြည်အား ဒီပဲယင်း အရေးအခင်းအပြီးတွင် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ၃ လခန့် အကျဉ်းချထားသည်ဟူသော အငြင်းပွားဖွယ်ရာ ပြစ်ဒဏ်လည်း ပါရှိသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ တပ်မတော်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းချထားခဲ့ခြင်း မရှိကြောင်း ငြင်းဆိုခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်ကမူ ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်မြို့ရှိ အကျဉ်းထောင်တစ်ခုထဲတွင် အုတ်နှင့်ဆောက်ထားသည့် သီးသန့်အခန်းကျဉ်းလေးထဲတွင် တွေ့ရှိခဲ့ရကြောင်း၊ သူမကို ထားသည့် နေရာမှာ လူထုခေါင်းဆောင်၊ နိုင်ငံခေါင်းဆောင်တစ်ယောက်ကို ထားရှိရမည့် နေရာ မဟုတ်ကြောင်းကို ဒီပဲယင်းအရေးအခင်းနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခဲ့သည်လည်း ရှိသည်။

ယခု နောက်ဆုံး ချမှတ်ခဲ့သော ပြစ်ဒဏ်သည် ဒေါ်အောင်ဆန်းစုကြည် မျှော်လင့်မထားသော ဖြစ်ရပ်ကြောင့် ချမှတ်သော ပြစ်ဒဏ်ဖြစ်သည်။





အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တော လွတ်မြောက်ရေးအတွက် အမေရိကန်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် မြန်မာနိုင်ငံသို့ လာရောက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံစဉ်

ထိုနေ့မှာ ၂၀၀၉ ခုနှစ်၊ မေလ ၃ ရက်နေ့ ည ၁၁ နာရီ ၄၅ မိနစ် အချိန် ဖြစ်သည်။ ထိုနေ့က ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံ ယက်တော (John Willian Yattaw) ဆိုသူသည် ရေမိုင်တစ်မိုင်ခွဲခန့်ရှိ အင်းလျားကန်ရေပြင်ကို ဖြတ်ကူး ရောက်ရှိလာသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်နှင့် ကျခံနေရသော ကာလ ဖြစ်သည်။ ယင်း၏ နေအိမ်တွင် ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့နှင့် အတူရှိသည်။ ဂျွန်ဝီလျံယက်တော ရောက်ရှိလာသဖြင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ သုံးဦးစလုံး အံ့သြကြရသည်။ အထိတ်တလန့်ဖြစ်ခဲ့ကြရသည်။ အင်းလျားကန်အနီးရှိ လုံခြုံရေးများနှင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ် လုံခြုံရေးများ မသိစေဘဲ ဝင်ရောက်လာနိုင်သည်မှာလည်း အံ့ဖွယ်ကောင်းသည်။

ဂျွန်ဝီလီယံယက်တောသည် အမေရိကန်နိုင်ငံ စစ်သားဟောင်း ဗီယက်နမ်စစ်ပြန်တစ်ဦး ဖြစ်၍ လုံခြုံရေးများ မသိစေဘဲ ဒေါ်အောင်ဆန်းစု

www.burmeseclassic.com

www.burmeseclassic.com



ကြည်၏ နေအိမ်သို့ ဝင်ရောက်နိုင်ခြင်းလော။ သို့တည်းမဟုတ် အင်းလျားကန်အနီး ထားရှိသော လုံခြုံရေးများနှင့် ဒေါ်အောင်ဆန်းစုကြည် နေအိမ်တွင် ထားရှိသည့် လုံခြုံရေးများ အားနည်းချက်ကြောင့် လုံခြုံရေး စည်းပေါက်သည်လောဟု အများပြည်သူတို့မှာ လောပေါင်းများစွာနှင့် ထင်ယောင်ထင်မှား ဖြစ်စေခဲ့သည်။

အသက် ၅၃ နှစ်အရွယ်ရှိ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောသည် ယခုတစ်ကြိမ်သာ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အားရောက်ရှိခဲ့သည် မဟုတ်။ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ အင်းလျားကန်ရေပြင်ကို ဖြတ်ကူး၍ ရောက်ရှိလာခဲ့ဖူးသည်။ ထိုစဉ်က ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့က အပြင်လူကို လက်ခံ၍မရကြောင်း ငြင်းဆန်ခဲ့သဖြင့် လာရာလမ်းအတိုင်း ပြန်သွားခဲ့သည်။

ဒုတိယအကြိမ် ဒေါ်အောင်ဆန်းစုကြည် အိမ်သို့ ဂျွန်ဝီလီယံယက်တော ရောက်ရှိလာသည့် အချိန်မှာမူ ညဥ့်သန်းခေါင်ယံ၊ ကျန်းမာရေး



ဂျွန်ဝီလီယံယက်တောကိုစွ အမေရိကန်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ လာရောက်တွေ့ဆုံစဉ်



အခြေအနေကလည်း မကောင်းသဖြင့် လက်မခံသင့်ဘဲ လက်ခံလိုက်ရသည်။ ဒေါ်အောင်ဆန်းစုကြည်က ဂျွန်ဝီလီယံယက်တောကို လက်ခံလိုက်ခြင်းသည် လူသားချင်း စာနာသော စိတ်ဖြင့် လက်ခံခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က ဂျွန်ဝီလီယံယက်တောကို မသိကျွမ်းသကဲ့သို့ ဂျွန်ဝီလီယံယက်တောကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ခင်မင်ရင်းနှီးသိကျွမ်းခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။

ဂျွန်ဝီလီယံယက်တော အဆိုအရ သီးခြားစစ်ဆေးမှုတစ်ခုတွင် The national police chief later confirmed that Yellow was the "main culprit" in the case field against Suu Kyi. နေအိမ်သို့ ရေကူးသွားရခြင်းမှာ စုကြည်၏ အသက်အန္တရာယ် ကျရောက်နိုင်ခြင်းကို သိရှိခြင်းကြောင့် သွားရောက်အသိပေးခြင်း ဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေး ချို့တဲ့နေသည့် ဂျွန်ဝီလီယံယက်တောကို ကြမ်းပြင်တွင် အိပ်စရာ ပေးသည်။ စားစရာ ပေးသည်။ နေအိမ်ရှိ ဆေးဝါးများဖြင့် ဆေးကုသပေးသည့် အခြေအနေမျိုးသာ ရှိသည်။ အခြား နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် မည်သည့်အကြောင်းချင်းရာ လားလားမျှ မပါ။ အဓိကမှာ လူသားချင်း စာနာသောစိတ်ကြောင့် ဖြစ်သည်။ သနားကြင်နာတတ်သောစိတ်ကြောင့်သာ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ဂျွန်ဝီလီယံယက်တော ကျန်းမာသည်ထိ နှစ်ရက်တိုင် နေထိုင်ခွင့်ပြု၍ အိမ်တွင်းဆေးများနှင့် ဆေးဝါးကုသပေးခဲ့သည်ဟု ဆိုသည်။ ဂျွန်ဝီလီယံယက်တော ကျန်းမာရေးအခြေအနေကောင်းမွန်လာသည့်အခါ မေလ ၆ ရက် နံနက် ၅ နာရီတွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှ ဂျွန်ဝီလီယံယက်တော ပြန်လည် ထွက်ခွာစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသည်။

ယင်းဖြစ်စဉ်ကြောင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည် တရားရုံးသို့ တရားရင်ဆိုင်ရန် ရောက်ရှိလာစဉ်

ဒေါ်ဝင်းမမနှင့် ဂျွန်ဝီလီယံယက်တောတို့ လေးဦးစလုံး ၂၀၀၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ ပို့ဆောင်ကာ သီးသန့်အဆောက်အဦများတွင် ဖမ်းဆီးထိန်းသိမ်းခံကြရသည်။ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့၏ ပြောပြချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် အင်းစိန် ဗဟိုအကျဉ်းထောင် သီးသန့်အဆောက်အဦတွင် ဖမ်းဆီးထိန်းသိမ်းထားစဉ် သူ၏ ၆၄ နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပခဲ့သည်။ မွေးနေ့ကိတ်နှင့် ဒံပေါက်ကို သူ့အား စောင့်သည့် လုံခြုံရေးအစောင့်များနှင့်အတူ မျှဝေစားသုံးခဲ့ကြောင်း ရေးသားပြောဆိုခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမတို့အား နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှု ပုဒ်မ ၂၂ အရလည်းကောင်း၊ ဂျွန်ဝီလီယံယက်တောအား နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၁၂၄(ခ) နှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေတို့အရ တပ်မတော်အစိုးရက အနောက်ပိုင်းခရိုင် တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၄၇/၂၀၀၉ နှင့် ၂၀၀၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် တရားစွဲဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြကြသည်။

ဒေါ်အောင်ဆန်းစုကြည်က တရားရုံးမှ စွဲချက်တင်သည့်အခါ သူ့တွင် အပြစ်မရှိကြောင်း၊ အပြစ်ကင်းစင်သူအဖြစ် ပြန်လည် လျှောက်



ထားခဲ့သည်။ ဂျွန်ဝီလီယံယက်တောက တရားရုံးတွင် ထွက်ဆိုရာတွင် သူ၏ ထွက်ဆိုချက်များကို အင်္ဂလိပ်ဘာသာဖြင့် သူကိုယ်တိုင် ရေးသား၍ ထွက်ဆိုသည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သူ သွားရောက်ခြင်းသည် "ဒေါ်အောင်ဆန်းစုကြည်အား မသမာသူများ လုပ်ကြံမည်ကို အကြားအမြင် ရ၍ လာရောက်အသိပေးရန်ဖြစ်သည်" ဟု ထွက်ဆိုခဲ့သည်။

တရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်တို့ အမှုစစ်ဆေးသည့်နေ့တွင် သံတမန်များနှင့် သတင်းထောက်များအား ဝင်ခွင့်မပြုခဲ့သော်လည်း ရုရှား၊ ထိုင်းနှင့် စင်ကာပူ သံအမတ်ကြီးများနှင့် သတင်းထောက်အချို့အား တွေ့ဆုံခွင့်ပြုခဲ့သည်။ အမှု စစ်ဆေးစဉ် တရားလိုပြသက်သေ ၂၂ ဦး ရှိပြီး ဒေါ်အောင်ဆန်းစုကြည်တို့ဘက်မှ တရားခံပြသက်သေ ၄ ဦး တင်ပြခဲ့ရာ ဦးတင်ဦးနှင့် ဦးဝင်းတင်နှင့် အခြားတစ်ဦးအား တရားခံပြသက်သေအဖြစ် ပြုခွင့်မပေးဘဲ တစ်ဦးသာ ခွင့်ပြုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်တို့ အမှုကို အမြန်ပြီးပြတ်စေရန် တရားရုံးမှ အလျင်အမြန် ဆက်တိုက် စစ်ဆေးခဲ့သည်။ ယင်းကဲ့သို့ စစ်ဆေးမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အနောက်နိုင်ငံများမှ အစိုးရများ၊ တောင်အာဖရိက၊ ဂျပန်နှင့် အာဆီယံအဖွဲ့တို့မှ ဝေဖန်ရှုံ့ချ ပြစ်တင်ခဲ့ကြသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဒေါ်အောင်ဆန်းစုကြည်တို့ အမှုကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လာရောက်တွေ့ဆုံသည်။ ဆွေးနွေးသည်။ တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘန်ကီမွန်း၏ တောင်းဆိုချက်များအားလုံးကို လက်မခံ ပယ်ချခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ မဖိတ်ခေါ်ဘဲ ရောက်လာသည့်
အမေရိကန်နိုင်ငံသား ဗီယက်နမ် စစ်ပြန် ဂျွန်ဝီလီယံယက်တော



အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောမှ ဒေါ်အောင်ဆန်းစုကြည်
နေအိမ်သို့ ရေကူးရောက်ရှိလာပုံ လာရာလမ်းကြောင်းကို
တာဝန်ရှိသူများအား ပြသနေစဉ်



၂၀၀၉ ခုနှစ်၊ ဩဂုတ် ၁၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်တို့အမှုကို အပြီးသတ် အမိန့်ချမှတ်ရာတွင် နေအိမ်အကျယ်ချုပ် ဖောက်ဖျက်မှု ဥပဒေပုဒ်မ ၂၂ အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်စီ ချမှတ်ခဲ့သည်။ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောက သူ့အပြစ်ကို ဝန်ခံသဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ် ချမှတ်ပြီး မိနစ်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်အစား နေအိမ်အကျယ်ချုပ် ပြစ်ဒဏ် ၁ နှစ်နှင့် ၆ လအထိ လျှော့ပေါ့ပေးခဲ့သည်။ ပြောင်းလဲချမှတ်ပေးခဲ့သည်။ ယင်းပြစ်ဒဏ်ကို ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက မတရားပြစ်ဒဏ်ချမှတ်မှုအပေါ် ရန်ကုန်တိုင်းဒေသကြီး တရားရုံးသို့ အယူခံတင်သွင်းခဲ့သည်။ အယူခံမှာ ပယ်ချခံရသည်။ သို့အတွက် ရှေ့နေများက ဥပဒေကြောင်းအရ ၂၁.၁၂.၂၀၀၉ ရက်နေ့တွင် ဗဟိုတရားရုံးချုပ်သို့ အယူခံပြင်ဆင်ခွင့်လျှောက်လွှာကို ထပ်မံ တင်သွင်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမှုအတွက် အယူခံပြင်ဆင်ခွင့် လျှောက်လွှာကို ဗဟိုတရားရုံးချုပ်က လက်ခံခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်၏ ပြစ်ဒဏ်မှာ လျှော့နည်းသွားခြင်း မရှိခဲ့ပေ။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တော လာရောက်ခဲ့သည့်အပေါ် ပြည်သူအချို့က တပ်မတော်အစိုးရ၏ လုပ်ကြံဖန်တီးမှု ဖြစ်သည်ဟု အများအားဖြင့် သံသယရှိကြသည်။ စွပ်စွဲပြောဆိုခဲ့ကြသည်။ တပ်မတော်အစိုးရက ယင်းကိစ္စနှင့်ပတ်သက်၍ ငြင်းဆိုခဲ့သည်။

ဂျွန်ဝီလီယံယက်တောအပေါ် မြန်မာအစိုးရက ချမှတ်သည့်

www.burmeseclassic.com

www.burmeseclassic.com





အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောအား လေဆိပ်မှ မထွက်ခွာမီ တာဝန်ရှိသူများနှင့်အတူ တွေ့မြင်ရစဉ်

ပြစ်ဒဏ်တွက် အမေရိကန်နိုင်ငံသားတစ်ဦး ဖြစ်၍ အမေရိကန်အစိုးရ၌သာ တာဝန်ရှိသည်။ ယင်းအတွက် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဂျွန်ဝီလီယံယက်တော၏ ပြစ်ဒဏ်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်နှင့် မက်ကောနဲလ်တို့အား တာဝန်ပေးသည်။

အမေရိကန်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်သည် ဂျွန်ဝီလီယံယက်တော လွှတ်မြောက်ရေးအတွက် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ အမေရိကန်လွှတ်တော်အမတ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် တွေ့ဆုံသည်။ ဂျွန်ဝီလီယံယက်တော လွှတ်မြောက်ရေး အပါအဝင် အချက်သုံးချက်ကို တောင်းဆိုခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဂျွန်ဝီလီယံယက်တော လွှတ်ငြိမ်းချမ်းသာခွင့်ပေးသည့် အချက်အပါအဝင် အချက်နှစ်ချက် ခွင့်ပြုခဲ့သည်။



ဂျင်မ်ဝက်ဘ် တောင်းဆိုသည့် အချက်သုံးချက်မှာ အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောအား ကျန်းမာရေးအခြေအနေကြောင့် လူမှုရေးအရ လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ပေးရန်နှင့် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ငြိမ်းချမ်းသာခွင့် ပေး၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပေးရန်တို့ ဖြစ်သည်။ ခွင့်မပြုသည့်အချက်မှာ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ငြိမ်းချမ်းသာခွင့် မပေး၊ နိုင်ငံရေးတွင် ပါဝင်ခွင့်မပြုခြင်းပင် ဖြစ်သည်။ ယင်းအတွက် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ဝေးခဲ့ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံတင်ခြင်း မပြုဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ပြီးဆုံး၍ သမ္မတဦးသိန်းစိန် အစိုးရ တက်သည့်




လွှတ်ငြိမ်းချမ်းသာခွင့်အရ ဂျွန်ဝီလီယံယက်တော ပြန်လည် လွှတ်မြောက်ပြီး အမေရိကန်အထူးဂျက်လေယာဉ်ဖြင့် ဒေါ်အောင်သွားရာ ထိုင်းနိုင်ငံသို့ ရောက်ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com



အခါ ၂၀၁၀ ပြည့်နှစ်၊ မေလ ၂၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ ရုပ်သိမ်းပေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဖိတ်ခေါ်ခြင်း မရှိဘဲ ရောက်ရှိလာသည့် အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောအပေါ် လူသားချင်းစာနာထောက်ထားမိသောကြောင့် တရားရုံးက အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် အပြစ်ပေးခံရသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကောင်းမှုကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်အစား နေအိမ်အကျယ်ချုပ် ပြစ်ဒဏ် တစ်နှစ်ခွဲ ပြင်ဆင်ချမှတ်ခံရသဖြင့် အလွန် ဆိုးရွားသော လုပ်ရပ်မှ အနည်းငယ် လျှော့ပေါ့ခြင်းကို ကျေးဇူးတင်ရမလိုပင် ဖြစ်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ပြစ်ဒဏ် ချမှတ်ခံထားရသဖြင့် ပြည်သူလူထုသည်လည်း အနာဂတ် ဘဝမျှော်မှန်းချက်၏ ပထမအစိုးရသက်တမ်းတွင် နစ်နာဆုံးရှုံးမှုများကို ခံစားခဲ့ကြရသည်။

❒ ❒ ❒

## သမ္မတဖြစ်ခွင့်ကို ကြိုတင် တားဆီးပိတ်ပင်ခံရသူ

၂၆ နှစ်တာ ကာလပတ်လုံး တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးကြောင့် နိုင်ငံတော်သမ္မတ သုံးယောက် အပြောင်းအလဲဖြစ်ခဲ့ပြီး တစ်ခန်းရပ်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်ထံမှ တပ်မတော်က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အာဏာသိမ်းခဲ့သည်။ စစ်အာဏာသိမ်း ခေါင်းဆောင်မှာ ဗိုလ်ချုပ်ကြီးစောမောင် ဖြစ်သည်။ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူပြီးနောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အစိုးရတစ်ရပ် ထူထောင်ခဲ့သည်။

ယင်းနောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပါတီအနေဖြင့် မှတ်ပုံတင်သည်။ ပါတီအထွေထွေအတွင်းရေးမှူးမှာ ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။ ပထမဆုံး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ကြီးအား အဖွဲ့ချုပ်မှ ထုတ်ပယ်ပြီးနောက် ဦးတင်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပခဲ့သည်။ အထွေထွေရွေးကောက်

www.burmeseclassic.com

www.burmeseclassic.com





၁၈.၉.၈၈ ရက်နေ့တွင် စစ်အာဏာ သိမ်းခဲ့သည့်
စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောမောင်

ပွဲရှင်သို့ မှတ်ပုံတင်ထားသည့် ပါတီပေါင်းမှာ ၂၃၅ ပါတီ ရှိခဲ့သည်။ သို့သော် အမှန်တကယ် ရွေးကောက်ပွဲဝင်သည့် ပါတီများမှာ ၉၃ ပါတီသာ ရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှာ အဓိက ပြိုင်ဘက်ပါတီကြီးနှစ်ခု ဖြစ်ခဲ့သည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေး မှူး ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်ဖြင့် ပြစ်ဒဏ်ကျခံနေရသည်။ သို့တိုင် ဒေါ်အောင်ဆန်းစုကြည်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်သို့ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံမည့် အမည်စာရင်းကို တင်သွင်းခဲ့သည်။


ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင်အရွေးခံမည့် တိုင်းရင်းသား



စည်းလုံးညီညွတ်ရေးပါတီ ဗဟန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် ၁ ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလဘန်ဂရောင်မှ ရန်ကုန်တိုင်းဒေသကြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်သို့ ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။ ယင်းကော်မရှင်က ဒေါ်အောင်ဆန်းစုကြည်အား ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၀(င)အရ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာကို ပယ်ချခဲ့သည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးချယ်တင်မြှောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရခဲ့ပေ။

၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်သည့် မဲဆန္ဒနယ် ၄၉၂ နယ် ရှိသည်။ အမှန်တကယ် ရွေးကောက်ပွဲ ကျင်းပပေးနိုင်ခဲ့သည့် မဲဆန္ဒမှာ ၄၈၅ နယ် ရှိသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် ကျခံနေရပြီး ရွေးကောက်ပွဲတွင်




၁၉၉၀ ပြည့်နှစ်၊ ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲလာထည့်သည့်
ဗိုလ်ချုပ်ကြီးစောမောင်အား မြင်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ယှဉ်ပြိုင်ခွင့် မရခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအနေဖြင့် မဲဆန္ဒနယ်(၄၈၅) နယ်တွင် မဲဆန္ဒနယ် (၄၄၇) နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဝင်ရောက်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် ၄၇၇ နယ်တွင် ၃၉၂ နယ် အနိုင်ရရှိခဲ့သည်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ၂၃ နယ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ၅ နယ်၊ ကျန်ပါတီများမှာ အနည်းဆုံး မဲဆန္ဒနယ် ၁ နယ် အပါအဝင် ၃၈ နယ်နှင့် တသီးပုဂ္ဂလ ၆ ဦး ရွေးချယ်ခံခဲ့ရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် ၄၄၇ နယ်အနက် ၃၉၂ ဦး ရွေးချယ်တင်မြှောက်ခြင်း ခံရကာ မဲအပြတ်အသတ်ဖြင့် အနိုင် ရရှိခဲ့ခြင်း ဖြစ်သည်။ အစိုးရတစ်ရပ်ကို ကောင်းမွန်စွာ ဖွဲ့စည်းနိုင်သည့် အခြေအနေတွင် ရှိသည်။

ဤတွင် ပြဿနာက စပါတော့သည်။

အနိုင်ရပါတီ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တပ်မတော်အစိုးရမှ အာဏာလွှဲပြောင်းပေးရန် တောင်းဆိုသည်။ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုသည်။

ထိုအခါ တပ်မတော်အစိုးရက ရွေးကောက်ပွဲ ပြီးလျှင် အခြေခံဥပဒေအရ တက်လာမည့် အစိုးရကို အာဏာလွှဲပေးမည်ဟု ဆိုသည်။ တပ်မတော်အစိုးရက အခြေခံဥပဒေအရသာ အာဏာလွှဲပြောင်းပေးမည်ဆိုသော်လည်း အခြေခံဥပဒေက မရှိသေးပေ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေတို့မှာ ဖျက်သိမ်းပြီး ဖြစ်သည်။

ရွေးကောက်ပွဲ မစမီက အခြေခံဥပဒေကို တပ်မတော်အစိုးရက ရေးဆွဲပေးမည်ဟု အမိန့်မထုတ်ပြန်ခဲ့သကဲ့သို့ ရွေးကောက်အနိုင်ရလွှတ်တော်က ရေးဆွဲရမည်ဟုလည်း အမိန့် တစ်စုံတစ်ရာ ထုတ်ပြန်ခဲ့ခြင်း မရှိသဖြင့် အစိုးရအား အာဏာလွှဲပြောင်းရေး ကိစ္စမှာ အငြင်းပွားဖွယ် ပြဿနာ စခဲ့ရသည်။



ထို့အတူ ရွေးကောက်ပွဲ အနိုင်ရလွှတ်တော် ခေါ်ပေးရန် တပ်မတော်အစိုးရအား တောင်းဆိုသော်လည်း လွှတ်တော် ခေါ်ယူမပေးပေ။ သို့အတွက် ရွေးကောက်ပွဲ အနိုင်အရ အမျိုးသားဒီမိုကရေစီအချုပ်က ကြီးမှူး၍ လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ညီနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပရန် စီစဉ်ခဲ့သည်။

ထိုအခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၏ လက်မှတ်ဖြင့် အမိန့်အမှတ် ၁/၉၀ ထုတ်ပြန်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ပထမအကြိမ် ညီနှိုင်းအစည်းအဝေးကို ကန့်သတ်ခဲ့သည်။ တားမြစ်ခဲ့သည်။ သို့သော် ၁၉၉၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် ဂန္ဓီခန်းမတွင် ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ်များ ညီနှိုင်းအစည်းအဝေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစီး၍ ကျင်းပနိုင်ခဲ့သည်။ ဂန္ဓီကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။

၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောမောင်နှင့် အေးရှားဝိခ်မဂ္ဂဇင်း သတင်းထောက်ချုပ် ဒေးဗစ်ရင်း၊ သတင်းစာဆရာ ဒိုမိနစ်ဖော်လ်ဒါတို့၏ တွေ့




၁၉၉၀ ပြည့်နှစ်၊ ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲထည့်နေသည့် ပြည်သူများအား တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံစဉ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား
တွေ့ဆုံပွဲအပြီး မြင်တွေ့ရစဉ်



ဆုံမေးမြန်းခန်းတွင် ဗိုလ်ချုပ်ကြီးစောမောင်က **ရွေးကောက်ပွဲ ကျင်းပပြီးစီးသောအခါ ဗိုလ်ချုပ်ကြီးစောမောင် ဘာဆက်လုပ်မလဲ မေးခွန်းအပေါ် ကျွန်တော် အနားယူမှာ ဖြစ်ပါတယ်** ဟု ဖြေကြားခဲ့သည်။ တကယ်တမ်း ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ရွေး ကောက်ပွဲ ကျင်းပပြီးစီးခဲ့သော်လည်း အသက် ၆၀ ပြည့်သည့်တိုင် အငြိမ်းစား မယူဘဲ ဆက်လက် တာဝန်ထမ်းဆောင်နေသည်။

ထို့အတူ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးစောမောင်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် တိုင်းနှင့်ပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ အစည်းအဝေးတွင် **ပါတီစုံ ရွေးကောက်ပွဲ ပြီးရင် ဘာလုပ်ကြမှာလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲဖို့ပဲ ဖြစ်တယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဘယ်လို ရေးဆွဲကြမလဲ**ဟု မေးခွန်းနှင့် အဖြေကို တစ်ပါတည်း ထည့်သွင်းပြောကြားဆွေးနွေးခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကိစ္စအတွက် အဖြေ မပါရှိခဲ့ပေ။ ထို့အတူ ဗိုလ်ချုပ်မှူးကြီးစောမောင်က ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် **ရွေးကောက်ပွဲ ပြီးပါက ဥပဒေနှင့်အညီ တက်လာသည့် အစိုးရ၊ ပေါ်ပေါက်လာသည့် အစိုးရအား အာဏာအမြန်လွှဲအပ်မည်**ဟု ရွေးကောက်ပွဲ မကျင်းပမီက ပြောကြားခဲ့ဖူးသည်။ **သို့အတွက်** ဗိုလ်ချုပ်ကြီးစောမောင်မှ ဗိုလ်ချုပ်မှူးကြီးစောမောင်အဖြစ် ရာထူးတိုး ပြီးသည့်အခါ ရွေးကောက်ပွဲ မတိုင်မီ ပြောစကားနှင့် ရွေးကောက်ပွဲ ပြီးနောက်ပိုင်း ပြောစကားမှာ တူသယောင်နှင့် မတူ၊ ကွဲပြားခြားနား လာသည်။

အထူးသဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပသည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အကြိမ် ၁၀၀ မြောက် သတင်းစာရှင်းလင်းပွဲ၌ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ခင်ညွန့်က ရှင်းလင်းပြောကြားရာတွင် **ရွေးကောက်ပွဲ ပြီးသည့်**ရုံ တစ်ဖြိုင်

www.burmeseclassic.com

www.burmeseclassic.com



တည်း ဤအတိုင်း အာဏာလွှဲအပ်၍ မရကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပေါ် မူတည်၍ အစိုးရကို ဖွဲ့ရသည့် အခြေအနေရှိကြောင်း၊ နိုင်ငံတော်အာဏာကို ဒရောသောပါးဖြင့် အပ်မည်ဆိုပါက ယိမ်းယိုင်ချို့နဲ့သည့် အစိုးရသာ ဖြစ်လာနိုင်ကြောင်းနှင့် နိုင်ငံရေးပါတီအနေနဲ့ ကိုယ့်သဘောနှင့်ကိုယ် လွှတ်တော် ခေါ်ပြီးတော့ အစိုးရဖွဲ့ရင် အဲဒီအစိုးရဟာ စင်ပြိုင်အစိုးရသာ ဖြစ်လိမ့်မယ်ဟု ရှင်းလင်းပြောကြားခဲ့သည်။ ယင်းရှင်းလင်းချက်မှာ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ စကားနှင့် ဆန့်ကျင်နေသကဲ့သို့ ဖြစ်နေသည်။ ရှေ့နောက် ညီညွတ်မှု မရှိသကဲ့သို့ ဖြစ်နေသည်။ အနိုင်ရပါတီကို အာဏာလွှဲမပေးချင်၍ ပြောနေသကဲ့သို့ ဖြစ်နေသည်။

ယခုလည်း တပ်မတော်အစိုးရက အနိုင်ရပါတီ အပါအဝင် ပါတီအားလုံး ပါဝင်သော လွှတ်တော်ကို ခေါ်ယူမပေးသည့်တိုင် အနိုင်ရပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကိုပင် တပ်မတော်အစိုးရ၏ အမိန့်အမှတ် ၁/၉၀ ဖြင့် ဟန့်တားထားသည်။

အမှန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များတွင် အငြိမ်းစား တပ်မတော်အရာရှိ ၄၂ ဦး၊ အငြိမ်းစားဝန်ထမ်း ၁၄၅ ဦး၊ ဥပဒေပညာရှင် ၅၄ ဦး၊ ဆေးပညာရှင်ဆရာဝန် ၅၀ ဦးနှင့် အခြားပုဂ္ဂိုလ်အရပ်သား ၁၉၄ ဦး ပါရှိသည်။ အခြားအနိုင်ရပါတီများတွင် တိုင်းရင်းသား အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များ ပါရှိခဲ့သည်။ လွှတ်တော်ခေါ်ယူ၍ အခြေခံဥပဒေရေးဆွဲမည်ဆိုလျှင် ရေးဆွဲနိုင်မည့် အနေအထားတွင် ရှိသည်ဟု နိုင်ငံရေးပညာရှင်အချို့က သုံးသပ်ခဲ့ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ လက်ဝယ်တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အသင့်ရှိနေသည်။

သို့သော် တပ်မတော်အစိုးရက နိုင်ငံရေးအင်အားစုများ၏ အခြေ






သမ္မတဦးသိန်းစိန် ဖြစ်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်သည့်နေ့တွင် ပြည်သူလူထုနှင့် တွေ့ဆုံစဉ်

အနေ လေ့လာသုံးသပ်ရာတွင် ငွေကြေးအင်အားဖြင့် အမတ်နေရာ ဝယ်ယူထားသည့် ဘာသာရေး အစွန်းရောက်များနှင့် လူမျိုးရေး အမြင်ကျဉ်းမြောင်းသည့် ပါတီများက နယ်မြေခွဲထွက်ရန်နှင့် မရပါက လက်နက်ကိုင် တိုက်ရန် ပြင်ဆင်လာကြသကဲ့သို့ အာဏာရလာလိမ့်မည်ဟု မျှော်လင့်နိုင်သည့် နိုင်ငံရေးပါတီများက အနောက်အုပ်စုအကြိုက် လိုက်လုပ်၍ လက်ဝဲဝါဒီ လွှမ်းမိုးသည့် ပါတီများက အာဏာရှင်စနစ် ထူထောင်ရန် ကြိုးစားနေသည်ဟု စွပ်စွဲသည်။ အထူးသဖြင့် ကြည်း၊ ရေ၊ လေ တပ်မတော်ကို သီးခြားဆီ ခွဲထုတ်၍ တပ်မတော် ဖြိုခွဲရန်နှင့် ဖျက်သိမ်းရန်အထိ ကြံစည်နေသည်ဟု ထင်မြင်နေကြသည်။ ယူဆနေကြသည်။ သို့အတွက် တပ်မတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွက်လာရန် လိုအပ်သည်ဟု အခိုင်အမာ ယုံကြည်ထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အပါအဝင် ပါတီများက ရေးဆွဲထားသည့် အခြေခံဥပဒေကို လက်မခံသည့်သဘောပင် ဖြစ်သည်။ အာဏာရရှိရေးအတွက် ပြီးစလွယ် ရေးဆွဲထားသည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့ပါတီများကလည်း အခြေခံဥပဒေကို ရေးဆွဲရာတွင် ဖရက်ဒယ်မူ၊ ခုနစ်တိုင်း ခုနစ်ပြည်နယ်မူ၊ ရှမ်းပြည်နယ်မူ၊ ဆယ်ပြည်နယ်မူ၊ ဆယ့်တစ်ပြည်နယ်မူ စသည်တို့ကို ရေးဆွဲထားခြင်းကြောင့်ဟု ဆိုကာ အခြေခံဥပဒေသစ် ရေးဆွဲနိုင်ရန် တပ်မတော်အစိုးရက ပြင်ဆင်ခဲ့သည်။

အခြေခံဥပဒေ ရေးဆွဲရေးအတွက် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံကို စတင် ကျင်းပခဲ့သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအသစ်သည် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ၁၅ နှစ်တာ ကာလ ကြာမြင့်ပြီး ပေါ်ထွက်လာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အသစ်သည် လူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ် ၁၈၈၈ ဦးဖြင့် ၆ နှစ်နှင့် ၅ လ အချိန်ယူ ရေးဆွဲခဲ့သည်ဟု ဆိုသည်။

ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ တွင် လွှတ်တော်အဆင့်အသီးသီးတွင် တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစီ ထည့်သွင်းထားသည်။ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ကို ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံရရှိမှ ပြင်ဆင်နိုင်မည့် အရေးကြီးဥပဒေများ ပါရှိသည်။ ယင်းအခြေခံဥပဒေကို ရေးဆွဲစဉ်က အများပြည်သူများ ဆွေးနွေးဝေဖန်ခွင့် မရှိနိုင်စေရန် ဥပဒေအမှတ် ၅/၉၆ ကဲ့သို့ ဥပဒေများ ထုတ်ပြန်ကာ တင်းတင်းကျပ်ကျပ် တားမြစ်၍ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ စတင် ရေးဆွဲစဉ် ကာလက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၈၆ ဦး တက်ခဲ့သည်။ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ၊ ၁၀ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည် လွှတ်မြောက်လာသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၂ ရက်နေ့ ရက်စွဲပါစာဖြင့် အမျိုးသားညီလာခံအပေါ် ထားရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် ညီလာခံကိုယ်စားလှယ် ပါဝင်မှုနှင့် လုပ်ထုံးလုပ်နည်းများနှင့်



ဆွေးနွေးမှုများကို ပြစ်တင်ဝေဖန်ခဲ့သည်။ ထို့အတူ **ယခုကဲ့သို့ ညီလာခံကို ဆက်လက် စခန်းသွားနေခဲ့ပါမူ ညီလာခံမှ နေ၍ အမျိုးသား ပြန်လည် စည်းရုံးရေးကို မရယူနိုင်ပါ၊ စစ်မှန်သည့် ဒီမိုကရေစီစနစ် မပေါ်ပေါက်နိုင်၊ ထို့အပြင် ပြည်သူလူထု ယုံကြည်ကိုးစားသော အခြေခံဥပဒေသည်လည်း အကောင်အထည် ပေါ်မည်မဟုတ်**ဟု ထည့်သွင်းဖော်ပြခဲ့သည်။ နိုဝင်ဘာ ၂၈ ရက်နေ့တွင်မူ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၏ မိန့်ခွန်းတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးရေး မပါရှိသဖြင့် အမျိုးသားညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးရေး မပါရှိသဖြင့် အမျိုးသားညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်များ ကိုယ်စားလှယ်များ တက်ရောက်ခြင်း ပြုမည်မဟုတ်ကြောင်းကို အမျိုးသားညီလာခံဥက္ကဋ္ဌထံ သတိပေးစာ ပေးပို့ခဲ့သည်။ ထိုအချိန်မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းကိုယ်စားလှယ်များကို ညီလာခံသို့ တက်ရောက်ခြင်း မပြုဘဲ သပိတ်မှောက်ခဲ့ကြသည်။ သို့သော် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ၁၉၉၅



ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွှတ်မြောက်ပြီးနောက်ပိုင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် တွေ့ဆုံစဉ်

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၄၈ အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ညီလာခံ ကိုယ်စားလှယ် ၈၆ ဦးကို ညီလာခံကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးကိစ္စမှာ ခက်ခဲသည့် ကိစ္စမဟုတ်သော်လည်း မည်သည့်အတွက် တွေ့ဆုံမဆွေးနွေးသည် နိုင်ငံရေးသုတေသီများအဖို့ မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ၂၀-၁၀-၉၄ ရက်နေ့က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့သည်။ ထို့အတူ ၂၈-၁၁-၉၄ ခုနေ့တွင် အတွင်းရေးမှူး ၁ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးခဲ့သေးသည်။ အများပြည်သူတို့က ဘာကြောင့် ယခုမှ တွေ့ဆုံဆွေးနွေးခွင့်မရသည်ကို အဖြေရှာ၍ မရနိုင်အောင်ဖြစ်ကြရသည်။

အထူးသဖြင့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရလဒ်ကို ပစ်ပယ်၍ အသိအမှတ်မပြုဘဲ လျစ်လျူရှုထားလိုက်သည်။ ဥပေက္ခာပြုလိုက်ခြင်းပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အတည်ပြုပြီးနောက် အထွေထွေရွေးကောက်ပွဲ အသစ် ပြန်လည်ကျင်းပရန် စီစဉ်ခဲ့သည်။ ကျင်းပခဲ့သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်နှင့် ပြစ်ဒဏ်ကျခံနေရသဖြင့် ရွေးကောက်ပွဲ မဝင်လိုက်ရပေ။

ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တပ်မတော်အစိုးရက ရေးဆွဲသည့် အခြေခံဥပဒေကို မထောက်ခံသဖြင့် ပါတီမှတ်ပုံမတင် ရွေးကောက်ပွဲ မဝင်ဘဲ သပိတ်မှောက်လိုက်ကြသည်။

ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ၂၀၁၀ ပြည့်နှစ်၊





ဒေါ်အောင်ဆန်းစုကြည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်
ရွေးချယ်တင်မြှောက်ခြင်း ခံရပြီး ပြည်ထောင်စုလွှတ်တော်တွင် သစ္စာကျိန်ဆိုစဉ်

နိုဝင်ဘာလ ၁၃ ရက်နေ့တွင် လွှတ်မြောက်လာပြီး လေးလခန့်အကြာ၌ တပ်မတော်အစိုးရက ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တပ်မတော်အစိုးရလက်ထက် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ ဗိုလ်ချုပ်ကြီးသိန်းစိန်အား သမ္မတဦးသိန်းစိန်အဖြစ် အာဏာလွှဲပြောင်းပေးခဲ့သည်။

သမ္မတဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နေပြည်တော်ရှိ သမ္မတအိမ်တော်ရုံးခန်းတွင် ခေါ်ယူတွေ့ဆုံခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘာပတိအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဥက္ကဋ္ဌဖြစ်လာသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်အတွင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ပြည်သူ့လွှတ်တော်နေရာ ၄၀၊ အမျိုးသားလွှတ်တော် ၆ နေရာနှင့် တိုင်းဒေသကြီးလွှတ်တော် ၂ အတွက် စုစုပေါင်း ၄၈ နေရာ လစ်လပ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်န်အယ်လ်ဒီသည် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပြီး နောက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ပြန်လည် လျှောက်ထား ခဲ့ပြီး ဖြစ်သဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ဝင်၊မဝင်သာ ဆုံးဖြတ်ရန်လို တော့သည်။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့်အခါ ဒေါ်အောင်ဆန်းစု ကြည် အပါအဝင် လစ်လပ်လျက်ရှိသည့် မဲဆန္ဒနယ် ၄၈ နေရာစလုံးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အနိုင်ရရှိခဲ့ သည်။ ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒနယ် ၄၈ နေရာတွင် ၄၇ နေရာ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်ပွဲဟု ဆိုနိုင်သည်။ အမျိုးသားဒီ မိုကရေစီအဖွဲ့ချုပ်အနေဖြင့် လွှတ်တော်အတွင်း တရားဝင် ပြောဆိုခွင့် ရရှိသွားပြီ ဖြစ်သည်။

သို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ပြင်ဆင်ရေးကို အားစိုက်လုပ်ကိုင်လာခဲ့သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပခရီးစဉ် အချို့နှင့် ပြည် တွင်း ခရီးစဉ်များတွင် သမ္မတလုပ်လိုကြောင်းနှင့် နိုင်ငံရေးအာဏာရလို ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ရန်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၉(စ)ကို ပြင်ဆင်ပေးမှ သမ္မတ ဖြစ်ခွင့်ရမည် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(စ)တွင် "မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ ဇနီး (သို့) ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီးတစ်ဦးဦး သော်လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦး၏ ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို



ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူ သို့မဟုတ် တိုင်းတပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ။ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်း ကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံခွင့်များကို ခံစားနိုင်ခွင့်ရှိသူများ မဖြစ်စေ ရ"ဟု ထည့်သွင်းပြဌာန်းထားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ် နှင့် သားဖြစ်သူ မောင်မြင့်ဆန်းအောင်၊ မောင်ထိန်လင်းတို့မှာ နိုင်ငံခြား သားများ ဖြစ်နေသည်။ ခင်ပွန်းဖြစ်သူ ဒေါက်တာမိုက်ကယ်အဲရစ်သည် ၁၉၉၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က လန်ဒန်တွင် ကွယ်လွန်ခဲ့ပြီးဖြစ် ၍ ထည့်သွင်းစဉ်းစားရန် မလိုသော်လည်း သားနှစ်ဦးက နိုင်ငံခြားသား အဖြစ် ရှိနေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(စ) ဒေါ်အောင်ဆန်းစုကြည်အား သမ္မတဖြစ်ခွင့်မှ ပိတ်ပင်ထားသော ပုဒ်မ ဖြစ်သည်။ ယင်းပုဒ်မအား ဒေါ်အောင်ဆန်းစုကြည် သမ္မတ မဖြစ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲစဉ်ကပင် ရည်ရွယ်ချက်ရှိရှိနှင့် ထည့်သွင်းရေးဆွဲထား ကြောင်း ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ပြည်သူတို့ သည်လည်းကောင်း၊ နိုင်ငံတကာမှသော်လည်းကောင်း ထင်မြင်ယူဆကြ သည်။ ယုံကြည်ကြသည်။ ယင်းပုဒ်မ ပြင်ဆင်မှသာ ဒေါ်အောင်ဆန်းစု ကြည် သမ္မတ ဖြစ်မည်။

သို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပါတီဝင်များသည် ၅၉(စ) အပါအဝင် ပုဒ်မ ၄၃၆ ပြင်ဆင် ရေးအတွက် ဆန္ဒပြခြင်း၊ ဟောပြောခြင်းနှင့် လက်ရေးထိုး ကောက်ခံ ခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ကြသည်။ ပြည်သူတို့ထံမှ ဖွဲ့စည်း ပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ကောက်ခံသည့် လက်မှတ်ပေါင်း ၅ သန်းကျော် ရရှိခဲ့သည်။ ထို့အတူ လွှတ်တော်တွင်း၌ ကြိုးစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် ပါဝင်သည့် ပုဒ်မများမှာ ပြင်ဆင်ရန် လွယ်ကူသည့် အခြေခံဥပဒေ (Flesible Constitution)နှင့် ပြင်ဆင်ရန်ခက်ခဲသည့် အခြေခံဥပဒေ (Rigid Constitution) ပုဒ်များ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မပေါင်း ၄၅၇ ခု ရှိသည့်အနက် အခန်း ၁၂ အခြေခံဥပဒေ ပြင်ဆင်ခြင်း၊ ပုဒ်မ ၄၃၆(က) အရ ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေ (Rigid Constitution) ပုဒ်မပေါင်း ၉၂ ခု ရှိသည်။ ယင်းပုဒ်မ ၉၂ ခုထဲတွင် ပုဒ်မ ၅၉(စ) ပါဝင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆(က) အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲ ရရှိမှသာ ပြင်ဆင်နိုင်မည် ဖြစ်သည်။



ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၅၉(စ) အပါအဝင် ပုဒ်မ- ၄၃၆ တို့အား ပြင်ဆင်နိုင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ဒေါ်အောင်ဆန်းစုကြည် ဆန္ဒမဲပေးနေစဉ်



၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ နှင့် ၅၉ (စ) တို့အား ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၉(ဃ) ထောက်ခံမဲ ၅၅၆ မဲ၊ ပုဒ်မ ၅၉(စ) ထောက်ခံမဲ ၃၇၁ မဲ၊ ပုဒ်မ ၆၀(ဂ) ထောက်ခံမဲ (၃၈၆) မဲ၊ ပုဒ်မ ၄၁၈(ခ) ထောက်ခံမဲ (၃၈၆) မဲ၊ ပုဒ်မ ၄၃၆(က)၊ ထောက်ခံမဲ (၃၈၈)မဲနှင့် ပုဒ်မ ၄၃၆(ခ) ထောက်ခံမဲ (၃၈၈) မဲ အသီးသီး ရရှိခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၃၆ အပါအဝင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် အဓိက အရေးပါသည့် ပုဒ်မ ၅၉(စ) တို့ ရှုံးနိမ့်ခဲ့ရသည်။ ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ခွင့်ရှိသည့် တပ်မတော်သား ကိုယ်စားလှယ် ၁၆၆ ဦးမှာ အပြည့် တက်ရောက်ခဲ့ပြီး ကန့်ကွက်မဲ ပေးခဲ့ကြသည့်သဘော ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် မဲခွဲဆုံးဖြတ်အပြီးတွင် ဒေါ်အောင်ဆန်းစုကြည်က **ပုဒ်မ ၄၃၆ နှင့် ပတ်သက်၍ တပ်မတော်သားတွေရဲ့ ကန့်ကွက်မှုကို မအံ့ဩပါဘူး၊ တပ်မတော်သားတွေဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အမိန့်ကို နာခံရသည်မှာ အမှန် ဖြစ်ပါတယ်**ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် အခြေခံဥပဒေပုဒ်မ ၅၉(စ) ပြင်ဆင်ခွင့်မရသဖြင့် သမ္မတဖြစ်ခွင့် ဝေးခဲ့ရသော်လည်း စိတ်ဓာတ်မကျ၊ အားမာန်အပြည့် ရှိသည်။ ယုံကြည်ချက် အပြည့်အဝ ရှိနေဆဲဖြစ်သည်။ ၂၅·၇·၂၀၁၅ ရက်နေ့တွင် ကျိုက်လတ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပစဉ် ဒေါ်အောင်ဆန်းစုကြည်က **ကျွန်မ သမ္မတဆိုတဲ့ ရာထူးကို မမက်မောဘူး၊ ပြည်သူလူထုနဲ့ နိုင်ငံအကျိုးပြုနိုင်မယ့် နေရာကနေ လုပ်ပိုင်ခွင့် ရှိလို့ရှိရင် ကျွန်မ ကျေနပ်တယ်၊ ဒါပေမဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ဖို့ နည်းလမ်းတွေကို စဉ်းစားထားပါတယ်** ဟု ထည့်သွင်းပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်း မိုက်ကယ်အဲရစ် မကွယ်လွန်မီက သားနှစ်ဦးနှင့် တွေ့ရှိရစဉ်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်က ၁၉၉၀ တုန်းက ကျွန်မတို့ရဲ့ အဲဒီရွေးကောက်ပွဲဟာ နိုင်ငံရဲ့ ကံကြမ္မာကို ပြောင်းလဲနိုင်တဲ့ ရွေးကောက်ပွဲလို့ ပြည်သူတွေက ယုံကြည်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံကြတယ်၊ ပံ့အောပြီးတော့ မဲတွေ ပေးကြတယ်၊ ဒါပေမဲ့ ပြည်သူ့ဆန္ဒကို မလေးစားဘဲ ပယ်ဖျက်ခဲ့တယ်၊ ကောင်းပြီ၊ အခု ၂၀၁၅ ခုနှစ် ရောက်လာပြီ၊ ဒီရွေးကောက်ပွဲဟာလည်း နိုင်ငံရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲ ဖြစ်တယ်ဟု ထည့်သွင်းပြောကြားခဲ့သည်။

❒ ❒ ❒

## ရွှေနှင့်ဆက်ဝယ်၍လည်းမရ၊ ပြိုင်ပွဲဝင်ဆုများလည်း မဟုတ်၊ ဘဝနှင့်ရင်း၍ရခဲ့သော နိုင်ငံတကာမှ ပေးအပ်သည့် ဆုများကို ပိုင်ဆိုင်သူ

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့တွင် စစ်အစိုးရက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ) အရ တားဆီးမိန့် ထုတ်ပြန်၍ နေအိမ်အကျယ်ချုပ် ချမှတ်ခြင်း ခံခဲ့ရသည်။ ယင်းပုဒ်မ ၁၀(ခ)အရ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ် ချမှတ်ခြင်းမှာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိစဉ် ပထမဦးဆုံး ပြစ်ဒဏ် ဖြစ်သည်။

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ၁၀(ခ) အရ လူတစ်ယောက်အား တရားရုံးသို့ ခေါ်ယူစစ်ဆေးရန် မလိုဘဲ စစ်အုပ်ချုပ်ရေးအမိန့်အရ ၃ နှစ်ထိ ထိန်းသိမ်းနိုင်သဖြင့် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ဖြင့် ၃ နှစ်ချမှတ်ခဲ့ပြီး ၃ နှစ်ပြည့်သည့်အခါ နောက်ထပ် သက်တမ်းတိုး၍ ၃ နှစ် ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အား ပုဒ်မ ၁၀(ခ) အရ နေအိမ်အကျယ်ချုပ်ဖြင့် ၃ နှစ် ပြစ်ဒဏ် ချမှတ်ပြီး မကြာမီ ၁၉၉၀ ပြည့်နှစ်တွင် စိန့်

www.burmeseclassic.com

www.burmeseclassic.com



ဟူးကောလိပ် (အောက်စဖို့ဒ်၊ ယူကေ)က ပေးအပ်သည့် ဂုဏ်ထူးဆောင်အဖွဲ့ဝင် (Honnorary Fellows St. Hugh's College, Oxford, UK) ပေးအပ်သည့် ဂုဏ်ထူးဆောင်ဆုနှင့် နော်ဝေနိုင်ငံ သော်ရိုလ်ဖ်ရက်ဖတိုဖောင်ဒေးရှင်းက ချီးမြှင့်သည့် လူ့အခွင့်အရေးဆု (Rafto Prize Thorolf Rafto Foundation, Narway) ကို ရရှိခဲ့သည်။

ထို့အတူ ၁၉၉၁ ခုနှစ်တွင် ဥရောပပါလီမန်က ပေးအပ်သည့် အတွေးအခေါ် လွတ်လပ်ခွင့်ဆု (ဆာခါရော့ဆု) (Sakharov Prize for Freedom of Though European Parliament) ဆု ရရှိသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်တွင် နိုင်ငံတကာက ပေးအပ်သည့်ဆု ငါးကြိမ်တိုင် ရရှိခဲ့သည်။ ယင်းဆုငါးဆုအနက် အမြင့်ဆုံးဆုတစ်ဆု ဖြစ်သည့် နိုင်ငံရေးသြဇာ အရှိန်အဝါ ကြီးမားသော ငြိမ်းချမ်းရေး နိုဘယ်လ်ဆု (Nobel Peace Prize, Oslo, Norway) ကို ရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဖြစ်လာသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် ကျခံနေရသည်။

ငြိမ်းချမ်းရေး နိုဗယ်လ်ဆုတံဆိပ် တီထွင်သူ နိုဗယ်လ်၏ သေတမ်းစာတွင် **"One part to the person who shall have done the most or the best work fartenity between nations for the abidance or reduction of standing armies and for the holding and Promotion of peace congresses"** ဟု ဖော်ပြပါရှိသည်။

အဓိပ္ပာယ်မှာ **ဆုလက်ခံထိုက်သည့် ပုဂ္ဂိုလ်သည် နိုင်ငံအချင်းချင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ချစ်ခင်ရင်းနှီးစေရန် ချစ်ကြည်ရေးကို ဆောင်ရွက်နိုင်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းခြင်းနှင့် လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း၊ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် ရရှိပြီးဖြစ်သည့် ငြိမ်းချမ်းရေးကို ပိုမို တိုးတက်လာစေ**



**ရန် ငြိမ်းချမ်းရေးညီလာခံများ ခေါ်ယူကျင်းပနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည့် ပုဂ္ဂိုလ် ဖြစ်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။**

ယင်းအချက်ကို ထောက်၍ မြန်မာနိုင်ငံရှိ ပုဂ္ဂိုလ်ကြီးအချို့က ဒေါ်အောင်ဆန်းစုကြည်သည် ပြင်ပလောက မဆိုထားနှင့် သူမ ပါတီတွင်းမှ အုပ်စုအကွဲအပြဲကိုပင် ခေတ္တခဏ ငြိမ်းအေးပြေလည်အောင် ညှိနှိုင်းပေးနိုင်သူ မဟုတ်ဟု ဝေဖန်ခဲ့ကြသည်။ ထို့အတူ မတန်မရာဆုများကို အလကား ယူရတိုင်း ယူမိလေပြီးနောက် နိုင်ငံရေးအရ နယ်ကျွံကာ နှံ့အတွင်း ဆင်းသက်မိသူတစ်ဦးအဖြစ် ပြောဆိုဝေဖန်ခဲ့ကြသည်။

မည်သို့ဆိုစေ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ၁၉၉၁ နှစ်အတွက် နိုင်ငံတကာဆုများအနက် အမြင့်ဆုံးဆု ဖြစ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို အခမ်းအနားနှင့် ချီးမြှင့်ခြင်း ခံရသည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတွင် နေအိမ်အကျယ်ချုပ်နှင့် ကျခံနေရသဖြင့် မိခင်ကိုယ်စား သားကြီးဖြစ်သူ ကိုမြင့်ဆန်းအောင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောခဲ့သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်နှင့် သားဖြစ်သူ ကိုမြင့်ဆန်းအောင်နှင့် ကိုထိန်လင်းတို့ တက်ရောက်ခဲ့ကြသည်။


၁၉၉၁ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆု ပေးအပ်ပွဲ အခမ်းအနားကို နော်ဝေးနိုင်ငံ၊ အော်စလိုမြို့တော်တွင် ကျင်းပခဲ့ရာ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ နော်ဝေနိုင်ငံ နိုဗယ်လ်ဆု ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပါမောက္ခ ဖရန်ဆစ်စီဂျာစတက် (Francis Sejersted) က အမှာစကား ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍-

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတ္တိဟာ အာရှနိုင်ငံရဲ့ အထူးအံ့သြဖွယ် ချီးကျူးစရာ ဥပမာများထဲမှ တစ်ခု ဖြစ်ပါတယ်၊ သူဟာ ဖိနှိပ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော

www.burmeseclassic.com

www.burmeseclassic.com





နေအိမ်အကျယ်ချုပ် ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည် ကိုယ်စား သားကြီးကိုမြင့်ဆန်းအောင်မှ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားစဉ်

အမိက အရေးပါတဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်၊ အခု ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗယ်လ်ဟာ ဒေါ်အောင်ဆန်းစုကြည်အတွက် ဂန္ထိနဲ့ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းတို့လို ဩဇာတိက္ကမ ကြီးမားလှတဲ့ သင်္ကေတ အမှတ်အသားအဖြစ် ရောက်ရှိလာခြင်း ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း လုပ်ကြံသတ်ဖြတ်ခြင်း ခံရပါတယ်။ ဒီလို သူ့ရဲ့ဘောကြောင်စွာ လုပ်ဆောင်တဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာ့နိုင်ငံရေးဖြစ်စဉ်ထဲက ဖယ်ရှားနိုင်မယ်လို့ လုပ်ကြံသတ်ဖြတ်တဲ့သူတွေက ယူဆခဲ့ရင် တကယ်တက်စင်အောင် လွဲမှားပါလိမ့်မယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်တဲ့ မြန်မာပြည်သူတွေအတွက် စည်းလုံးညီညွတ်မှုရဲ့ သင်္ကေတ ဖြစ်လာပြီး လူ့အဖွဲ့အစည်း တိုးတက်စေဖို့ ကြိုးပမ်းတိုက်ပွဲဝင်နေသူတွေကို စိတ်ဓာတ်ခွန်အား ဖြစ်စေမယ့် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာခဲ့ပါတယ်။ အဲဒီလို နမူနာထားစရာ စိတ်ဓာတ်ခွန်အားဖြစ်စရာ ဖြစ်တဲ့အပြင် ပြည်သူလူထုရဲ့ နှလုံးသားမှာ



ဗိုလ်ချုပ်အောင်ဆန်း ရယူပိုင်ဆိုင်ထားတဲ့ နေရာကို ၄င်းကျဆုံးပြီး ၄၁ နှစ်အကြာမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာ့နိုင်ငံရေးလောကကို စတင် ဝင်ရောက်ရင်း ပြည်သူ့မေတ္တာကို ရရှိခဲ့ပါတယ်။

သူဟာ ဖခင်ရဲ့ အမွေကို ဆက်ခံခဲ့ပြီး သူကိုယ်တိုင် မြန်မာပြည်မှာတင်မက အာရှတစ်ခွင်လုံးနဲ့ အခြားကမ္ဘာ့နေရာ အနှံ့အပြားမှာ အကြမ်းဖက်မှုကို လက်ကိုင်ထားတဲ့ အာဏာရှင်ကို တွန်းလှန်ပြီး လွတ်လပ်တဲ့ လူ့ဘောင်သစ် တည်ဆောက်ဖို့ သင်္ကေတ ဖြစ်လာပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်တွင်းမှာ နိုင်ငံရေးအရ ဖိနှိပ်ခံနေရတဲ့အတွက် ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို လက်ခံဖို့ သူကိုယ်တိုင် မလာရောက်နိုင်သလို ဒီအကြိမ်ဟာ ပထမဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်လည်း မဟုတ်ပါဘူး။

ဟစ်တလာရဲ့ တစ်ခုတည်းသော အကျဉ်းစခန်းမှာ ဖျားနေတဲ့ ကားလ်ဖွန်အော်စီအက်စကီး (Carl Von Ossidfzky) ဟာ ၁၉၃၆ ခုနှစ်က ဆုလာမယူနိုင်ပါဘူး။ အင်ဒရေးဆာခါရော့ဗ် (Andrei-



ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျနေစဉ် ပေးအပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုပေးပွဲတွင် ခင်ပွန်းဒေါက်တာမိုက်ကယ်အဲရစ်၊ သားကိုမြင့်ဆန်းအောင်နှင့် ကိုထိန်လင်းတို့အား အတူတကွ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



Sakharrove) နဲ့ လက်ဝါလီဆာ (Lech Walesa) တို့ဟာလည်း အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရပါတယ်။

အော်စီအက်စကီးဟာ နာဇီအစိုးရ ပြုတ်မကျမီ သေဆုံးခဲ့ရပြီး ဆာခါရော့ဗ်နဲ့ ဝါလီဆာတို့ဟာ ယင်းတို့ရဲ့ ကြိုးပမ်းမှု အောင်ပွဲတွေကို ကိုယ်တိုင် မြင်တွေ့သွားကြရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း သူ ကြိုးပမ်းဆောင်ရွက်နေတဲ့ ဒီမိုကရေစီ အရေးတော်ပုံ အောင်ပွဲကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။


နိဂုံးချုပ်အားဖြင့် ဒေါ်အောင်ဆန်းစုကြည်လို ဖွဲ၊ သတ္တိ၊ ရိုးသားနှိမ့်ချမှုနဲ့ ကြောက်ရွံ့ခြင်း ကင်းဝေးမှုကို ပြုကြပါ။ ပိုပြီးနေချင်စရာကောင်းတဲ့ ကမ္ဘာလောကကြီး ပေါ်ပေါက်လာမည်မှာ မလွဲဧကန် ဖြစ်ပါတယ်လို့ ဒီနေရာကနေ ဆိုခဲ့ပါရစေဟု ချီးမွမ်းစကားပြောဆိုခဲ့သည်။

သို့သော် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်အချို့က နိုဗယ်လ်ဆု ရွေးချယ်ရေးကော်မတီ၏ ချီးမွမ်းစကားသည် လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်လျှင် အရှေ့နှင့်အနောက်ကဲ့သို့ လားလားကြီး ဆန့်ကျင်လျက်ရှိသည်ဟု ဆိုသည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးအထင်ကရဖြစ်စေရန် နည်းမျိုးစုံနှင့် ဆုအမျိုးမျိုး ပေးနေကြသည်ဟု ဝေဖန်ခဲ့ကြသည်။

အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အား သာမန်အရပ်သူတစ်ဦး၏ ဉပုသ်နေ့ အခါကြီးရက်ကြီးတွင် ငါးပါးသီလ လုံအောင် နာယူတတ်မှုလောက်ပင် တန်ဖိုးမရှိသည့် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တန်ဖိုးထားမှုသည် အနှစ်သာရ ကင်းမဲ့လွန်းလှပေသည်ဟု ဝေဖန်တိုက်ခိုက်ခဲ့သည်။ ယင်းမှာ ဘာသာရေးနှင့် နိုင်ငံရေးကို ယှဉ်တွဲလိုက်ခိုက်ဝေဖန်ခြင်း ဖြစ်တန်ရာသည်။

ယင်းဝေဖန်တိုက်ခိုက်မှုများကို ဒေါ်အောင်ဆန်းစုကြည် သိအံ့မထင်။





ဂျာမဏီနိုင်ငံ ဘာလင်တံတိုင်းတွင် ရေးဆွဲထားသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ပန်းချီပုံတူများတွင် ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူပန်းချီ ရေးဆွဲထားရှိစဉ်

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်အား အနောက်အုပ်စုဝင်များ၏ ဒေါင်အာရှနှင့် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံများအပေါ် ဒေသတွင်း ဗိုလ်ကျစိုးမိုးရေး မူဝါဒများ အကောင်အထည်ဖော်နေသူအဖြစ်လည်းကောင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံဒေသတွင်း နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုများကို ဖျက်ဆီးနိုင်သူအဖြစ်လည်းကောင်း၊ တရုတ်အပါအဝင် အာရှနိုင်ငံများနှင့် ရန်တိုက်ပေးခဲ့သူများလည်း ရှိခဲ့သည်ဟု ဆိုကြသည်ဟု ဆိုကြသည်။ တကယ်တမ်းဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်တွင် ဉာဏ်ပညာ လက်နက်မှတစ်ပါး အခြားမရှိပေ။ မိန်းမသားတစ်ဦးမျှသာ ဖြစ်ပေသည်။

ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေး နိုဗယ်လ်ဆု ရစဉ်အခါက ကမ္ဘာ့နိုင်ငံသူ၊နိုင်ငံသားများနှင့် မြန်မာပြည်သူ၊ပြည်သားအားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ သို့သော် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအချို့မှာ ဂုဏ်ယူဝမ်းမြောက်ရန်ပင်ဝေးစွ။ ဒေါ်အောင်ဆန်းစုကြည်အားယင်းဆုနှင့် မထိုက်တန်သယောင် လေသံ ထွက်လာကြသည်။ [illegible]ပြစ်တင်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဝေဖန်ကြသည်။ မှီချိုးမှုန်ချိုး ပြော၍ ငယ်ကျိုးငယ် နာပြောသူများလည်း ရှိခဲ့သည်။ သို့သော် ဒီမိုကရေစီခေတ်မို့ ထိုသူတို့အား အပြစ်မဆိုသာ။ ဒေါ်အောင်ဆန်းစုကြည်အား ကြိုက်သူရှိသလို မကြိုက်သူလည်း ရှိပေလိမ့်မည်။ ချစ်သူ ရှိသလို မုန်းသူလည်း ရှိကောင်းရှိမည်။

ထို့အတူ ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေး နိုဗယ်လယ်လ်ဆု အပါအဝင် နိုင်ငံတကာမှ ပေးအပ်သည့် ဆုများ ရရှိသဖြင့် သူ၏ စားဝတ်နေရေး ချောင်လည်လာသယောင်ယောင် ထင်ယောင်ထင်မှားဖြစ်စေရန် ဝါဒဖြန့်သူများလည်း ရှိကြသည်။

တကယ်တမ်း ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေး နိုဗယ်လ်ဆု ရရှိသဖြင့် ချီးမြှင့်သည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကို မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် ပညာရေးရံပုံငွေအဖြစ် ထူထောင်ခဲ့သည်။ သို့တိုင် ယင်းဆုငွေဖြင့် အချို့အချို့သော ပုဂ္ဂိုလ်တို့က အင်္ဂလန်နိုင်ငံရှိ နေအိမ်ကို အသစ် ဝယ်သယောင်ယောင်၊ ပြင်ဆောက်သယောင် တီးတိုးပြောဆိုခဲ့ကြသေးသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ ပေးအပ်သည့် ဂုဏ်ထူးဘွဲ့ထူး ဆုတံဆိပ်များအနက် ၁၉၉၀ ပြည့်နှစ်တွင် အောက်စဖို့ဒ်၊ ယူကေက ပေးအပ်သည့် Hononary Fellower St.Hugh's College ဂုဏ်ထူးဆောင်ဆုမှာ ပထမဆုံး ဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Alian Jappe က မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားရေးအတွက် ဆောင်ရွက်နေသည့် ဒေါ်အောင်ဆန်းစုကြည်အား ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဆု အမျိုးအစားဖြစ်သည့် National Order of the Legion of Honour ဆု၏ အမျိုးအစားတစ်ခု ဖြစ်သော Commander ဆုကို ကိုယ်တိုင် ချီးမြှင့်ခဲ့သည်။ ၂၀၀၇ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သည့် ဆုမျိုးကို မလေးရှားနိုင်ငံသူ မင်းသမီး မိရှယ်ယိုကိုလည်း ချီးမြှင့်ခဲ့ဖူးသည်။ မင်းသမီးမိရှယ်ယိုမှာ ရုပ်ရှင်နှင့် မီဒီယာလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။



၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိလာသည့် ပါကစ္စတန်သမ္မတ အာဆစ်အလီဇာဒါရီကလည်း ဒေါ်အောင်ဆန်းစုကြည်အား Mohtarma Benazir Bhutto Shaheed ဆုကို ယင်း၏ နေအိမ်သို့ လာရောက်၍ ကိုယ်တိုင် ပေးအပ်ချီးမြှင့်ခြင်း ခံရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာမှ ပေးအပ်သည့် ဂုဏ်ထူး၊ဘွဲ့ထူးဆုတံဆိပ်များကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ (၁၃၀) ခန့် ရရှိခဲ့ရာတွင် ၁၉၉၀ ပြည့်နှစ်တွင် (၂) ကြိမ်၊ ၁၉၉၁ ခုနှစ်တွင် (၅) ကြိမ်၊ ၁၉၉၂ ခုနှစ်တွင် (၁၀) ကြိမ်၊ ၁၉၉၃ ခုနှစ်တွင် (၉) ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် (၂) ကြိမ်၊ ၁၉၉၅ ခုနှစ်တွင် (၆) ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် (၅) ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် (၁၁) ကြိမ်၊ ၁၉၉၈ ခုနှစ်တွင် (၇) ကြိမ်၊ ၁၉၉၉ ခုနှစ်တွင် (၃) ကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် (၂) ကြိမ်၊ ၂၀၀၁ ခုနှစ်တွင် (၂) ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် (၂) ကြိမ်၊ ၂၀၀၃ ခုနှစ်တွင် (၁) ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် (၆) ကြိမ်၊ ၂၀၀၅ ခုနှစ်တွင် (၆) ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် (၁) ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် (၅) ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် (၆) ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် (၄) ကြိမ်၊ ၂၀၁၀ ခုနှစ်တွင် (၃) ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် (၈) ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် (၁၀) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၁၁) ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၁) ကြိမ်နှင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလအထိ (၁) ကြိမ်ကို နှစ်စဉ်မပြတ်ဆိုသလို ပေးအပ်ချီးမြှင့်ခံရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သော ဂုဏ်ထူးဘွဲ့ထူးဆုတံဆိပ်များ

1. Honorary Fellow St. Hugh's College (Oxford, UK) 1990
2. Thorolf Rofto - Human Rights Norway 1990
3. Sakharov (Freedom of Thought)
   European Parliment 1991
4. Nobel Peace Prize Oslo, Norway 1991
5. Honorary Member International PEN
   (Norwegian Center) 1991
6. Humanities Human Rights Award USA 1991
7. Honorary Member International PEN
   (Candian Center) 1991
8. Marisa Bellisario Price Italy 1992
9. Annual Award of the International Human Rights Law Group, USA 1992
10. Honorary President Students Union London School of Economics and Political Science, UK, 1992
11. Honorary Member
    International PEN (English Centre) 1992
12. Honorary Life Member
    University of London Union, UK 1992
13. Honorary Professional Fellowship
    Law and Society Trust, Sri Lanka 1992



14. Honorary Doctorate in Political Science
    Thammasat University Thailand 1992
15. International Simon Bolivar Prize UNESCO 1992
16. Prix Itteraire des Droits de l'Homme
    Nouveaux Droits de l'Homme, France 1992
17. Honorary Member
    World Commission on Culture and Development, UNESCO 1992
18. Member
    Academic Universelle des Cultures, Paris, France 1993
19. Rose Prize
    Arbejderbevaegelsens Internationale Forum/ International Forum of the Danish Labour Movment, Copenha gen, Denmark 1993
20. Victor Jara International Human Rights
    Center for Human Rights and Constructional Law, Los Angeles, USA 1993
21. Member of the Advisory Board
    Francois-Xavier Bagnoud Center for Health and Human Rights, Hurvard University, USA 1993
22. Honorary Doctorate of Law
    University of Toronto, Canada 1993
23. The Freedom of the City
    Commune of Giugliano, Italy 1993
24. Bremen Solidarity City of Bremen, Germany 1993
25. Premio Mujer Progresista Federacion Mujeres
    Progresists/Spanish Federation of Progressive Women, Madrid 1993
26. Honorary Doctorate Philosophy & Letters,
    Free University of Brussels, Belgian 1994
27. Honorary Adviser
    Forum of Democratic Leaders in the Asia-Pacific 1994

www.burmeseclassic.com

www.burmeseclassic.com



28. The Freedom of the City Aversa,Italy 1995
29. Liberal International Prize for Freedom Britanints
    Libreal Democracy Party, UK 1995
30. Honorary Doctorate of Laws
    Queen's University, Canada 1995
31. Jawaharlal Nehru Award
    for Internaional Understanding (for 1995)
32. Thakore Visiting Scholar Awar Simon Fraser University,
    Canada(1995)
33. Honorary Doctorate of Civil Law University of Oxford,
    UK (1995)
34. IRC Freedom Award International Rescue Committee
    (1995)
35. Companion of the Order of Australia Australia 1995
36. Asia Human Rights of Law Japan 1996
37. W.Averell Harrimen Democracy Award
    National Democratic Institute, USA 1996
38. Rajiv Shmirti Parashka
    [Rajiv Gandhi Memorail Award] India 1996
39. Empty Chair Award Women of the Year
    Lunch, London, UK 1996
40. Honorary Doctorate of Law
    Charles University in Prague, Czeeh Republic 1997
41. Honorary Doctorate of Letters
    Sydney University of Technology,
    Australia 1997,May 23
42. Honorary Doctorate of Letters
    California Chapman University, USA 1997
43. Honorary Doctorate of law
    Natal University, South Africa 1997
44. Honorary Doctorate of law
    America University, Washington DC, USA 1997



45. Distinguished Alumni Award
    Central Unirersity/Delhi University, India 1997
46. Honorary Citizenship of Rome
    Italy 1997, May 23
47. Honorary Doctorate of Letters
    Glasgow University, UK 1997
48. Pearl S. Buck Woman's Award
    Pearl S. Buck Foundation, USA 1997
49. International Award
    St. Angela's Peace and Justice Group,
    Waterford (Eire) 1997
50. Profiles in Courage Award
    Kennedy Society of Denmark 1997
51. Honorary Doctorate
    Cambridge University 1998, June
52. Freedom of the City Oxford, UK 1998
53. Honorary Doctorate of laws
    University of Wales, Cardiff 1998
54. Honorary Doctorate of Laws
    University of Bristol, UK 1998
55. Honorary Doctorate of Laws
    University of Melbourne, Australia 1988
56. Honorary Degree
    University Catholique de Louvain,
    Belgium 1998, December
57. Honorary Degree
    University of Bath, UK 1998, December
58. Honorary Degree
    Buknell University 1999, May
59. Freedom Award
    International Republican Institute 1999,October
60. The Freedom of the City of Dublin Award
    Ireland 1999,November

www.burmeseclassic.com

www.burmeseclassic.com



61. Presidential Medal of Freedom Award
Washington DC, USA 2000, December 6
62. Collage United Nations Prize 2001
Germany 2001, June
63. International Social Welfare Prize
University of Southern California,
School of Social Work 2001, December 8
64. UNESCO - Madanjeet Singh Prize
for the Promotion of Tolerance and
Non-Violence UNESCO 2002
65. 2002 Al Neuharth Free Spirit of the Year Award Freedom
Forum, Washington, USA 2003
66. MTV Humanitarian Award
'Free Your Mind' MTV Europe, EDINBURGH, UK
2003
67. Kwangju Human Rights Award
May 18 Memory Foundation from South Korea 2004
68. Honary Doctorate of Laws Memorial University of
Newfoundland, Canada
69. TIME's Asia's Hero 2004
TIME magazine 2004
70. The Honorary Citizen of Paris Town Hall of Paris 2004
71. Honorary Doctorate Degree in Politics
Philosophy and Economics Rangsit University,
Thailand 2004
72. The 2004 TIME 100, The most influential people
in the world today TIME Magazine
73. Outstanding Women Buddhism
(Award for Battling for Democracy)
The United Nations Gender and Religious department
2005
74. Honorary Degree in Political Science
Themmasat University, Thailand 2005



75. Freedom of Galway City
The City Council of Edinburgh, Scotland 2005
76. Freedom of Galway City
Galway City, Ireland 2005
77. UNISON Honorary Membership
UNISON, Britain's Largest trade union 2005
78. Olof Palme Prize
Olof Palme Memorial Fund, Stockholm, Sweden 2006
79. Four Freedoms medals
(Freedom from Fear) Franklin and
Eleanor Roosevelt Institute, Hyde Park, NY 2006
80. Netaji Subhas Award
Netaji Subhas Foundation, Kolkata, India 2007
81. Honorary Doctorate of
Law on Human Rights Activist
The University of Cape Town, South Africa 2007
82. Freedom of Glasgow
The freedom of Scotland's largest city 2007
83. Rome of Peace and Humanitarian Action
City of Rome, Italy 2007
84. Abogadosde Atocha Castilla-La Mancha region
Spain 2008, January
85. Honorary Canadian Citizenship
Parliament Hill in Ottawa, Canada 2008, May 6
86. Honorary Doctorate of Letters Colgate University, US
87. Congressional Gold Medal US
88. The Honorary Doctor of Laws (LLD)
at Derry's Millennium Forum, the University of Ulster
in Derry, Ireland, UK 2009, june 24
89. The Ambassador of Conscience Award
the recipient of Amnesty International's highest honorary
(Irish band U2 is publicy announcing Aun San Suu

www.burmeseclassic.com

www.burmeseclassic.com



Kyi's award Monday night at a Dublin concert.) 2009, July 27

90. Benazir Bhutto Shaheed Award for democryacy instituted the Pakistan People's Party, Islamabad, Pakistan 2010, June 21
91. Honorary Individual Membership Council of Asian Liberals and Democrats (CALD) 2010, June 21
92. Queen of Myanmar's Democracy and Human Rights Manav Ekta Parishad, India 2010, November 25
93. Honorary Degree Doctor of Law Carleton University, Ottawa, Canada 2011, February 22
94. Global Leadership Award (Trail-Blazer) Voice of Decade Vita Voices Global Partnership, USA 2011, April 12
95. The Freedom of the City Dundee Scotland 2008, June 10
96. Catalonia International Prize 2008 MOTHERSOF COURAGE (shared with Dr. Cynthia Maung) Palau de la Generalitat, Catalan Government, Barcelona, Spain 2008, November
97. Honorary Member of the Club of Madrid Club de Madrid, Madrid, Spain 2008, November 20
98. Trumpet of Conscience Award Realizing the Dream a non-profit organization set up in honor of civil rights leader Dr. Martin Luther King Jr., Hyatt Regency - Capital Hilton, Washington, USA 2009, January 19
99. Mahatma Gandhi International Award for Peace and Reconciliation - MAGI Awards The Gandhi Development Trust (GDT), Durban, South Africa 2009, May 22



100. The Honorary Doctor of Laws (LLD) at Derry's Millennium Forum, the University of Ulster in Derry, Ireland, UK 2009, june 24
101. The Ambassador of Conscience Award the recipient of Amnesty International's highest honorary (Irish band U2 is publicy announcing Aun San Suu Kyi's award Monday night at a Dublin concert.) 2009, July 27
102. Benazir Bhutto Shaheed Award for democryacy instituted the Pakistan People's Party, Islamabad, Pakistan 2010, June 21
103. Honorary Individual Membership Council of Asian Liberals and Democrats (CALD) 2010, June 21
104. Queen of Myanmar's Democracy and Human Rights Manav Ekta Parishad, India 2010, November 25
105. Honorary Degree Doctor of Law Carleton University, Ottawa, Canada 2011, February 22
106. Global Leadership Award (Trail-Blazer) Voice of Decade Vita Voices Global Partnership, USA 2011, April 12
107. Hononary Adult Friend of the World's Children's Prize for the Rights of the Child World's Children's Prize, Sweden
108. Freedom of Brighton and Hove City of Briton and Hove, UK
109. Freedom of the City (an Honorary Freewoman of the city of Brighton & Hove) Brighton & Hove City Council, UK 2011, May19

www.burmeseclassic.com

www.burmeseclassic.com



110. Doctor Litterarum et Philosophiae (homoris causa) (an Honorary Doctoral Degree) University of Johannesburg (UJ), South African 2011, June 24
111. Chatham House Prize 2011 The Royal Institute of International Affairs, Chatham House, UK 2011, September 22
112. Wallenberg Medal University of Michigan, USA 2011, October
113. Global Vision Award Asia Society, US (2012)
114. Legion of Honor France (2012)
114. Sukarno Prize Sukarno Center, Indonesia(2012)
115. International Bhagwan Mahavir World Peace Award Sarhad, India
116. Doctor of Humane Letters degree Johns Hopkins University, US (2012)
117. Ambassador of Conscience Award Amnesty International (2012)
118. Honorary Degree Trinity College, Ireland (2012)
119. Global Citizen Award Atlantic Council, US (2012)
120. Honorary Doctorate University of San Francisco, US (2012)
121. Sakai Peace Contribution Award City of Sakai, Japan (2012)
122. Hawai Rotary Glogbal Peace Award Rotary Global Peace Forum, US (2013)
123. Honorary Doctorate Seoul National University, South Korea (2013)
124. Honorary Doctorate Ryukoku University, Japan (2013)
125. Geremek Award Community of Democracies (2013)
126. Honorary citizenship City of Warsaw, Poland (2013)
127. Honorary Doctorate University of Sydney, Australia (2013)




128. Honorary Doctorate University of Technology, Sydeney, Australia (2013)
129. Honorary Doctorate Australian National University, Australia (2013)
130. Honorary Doctorate Australian National University in Canberra, Australia (2013)
131. Honorary Doctorate Monash University, Australia (2013)
132. Desmund Tutu Award from Global Reconciliation, Monash University, Australia (2013)
133. Willy brand Award, Germany (2014)
134. Monter-ma Benazin Bbutto Shaheed, Pakistan (2015)

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



## မောင်ခိုင်ခန့် (အမျိုးသားစာပေဆု)၏ ကိုယ်ရေးအကျဉ်း

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၌ အဖ ဦးလှမောင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားခဲ့သည်။

B.Sc (Hons) Year II , BIT, Dip in IT, Dip in Agri ဘွဲ့များ ရရှိခဲ့ပြီး National Workshop for CLC Personal on Management and Implementation of CE Activities (UNESCO), Media Training (FAO), Intellectual Property for Bussiness Training (AOTS) Japan, Press Training (China), cetificate များ ရရှိခဲ့သည်။



၁၉၇၃ ခုနှစ်တွင် 'လွတ်လပ်ရေး အောင်ပွဲသစ်ဆီသို့' ကဗျာကို စတင် ရေးသားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် 'ကိုယ့်မျိုးကိုယ်ထား ကိုယ့်မျိုးကိုယ်ပွား' ဆောင်းပါးဖြင့် စာပေလောကသို့ စတင် ဝင်ရောက်ခဲ့သည်။

- ၁၉၉၅ ခုနှစ်တွင် အသုံးချသိပ္ပံ၊ စာပေဗိမာန်စာမူဆု ဒုတိယဆု
- ၁၉၉၈ ခုနှစ်တွင် လူငယ်စာပေဘာသာရပ်၊ စာပေဗိမာန်စာမူဆု ပထမဆု
- ၂၀၀၀ ပြည့်နှစ်တွင် လူငယ်စာပေဘာသာရပ်၊ စာပေဗိမာန်စာမူဆု ပထမဆု
- ၂၀၀၀ ပြည့်နှစ်တွင် လူငယ်စာပေဘာသာရပ်၊ အမျိုးသားစာပေဆု
- ၂၀၁၂ ခုနှစ်တွင် လူငယ်စာပေဘာသာရပ်၊ ဒုတိယဆုများ

ရရှိခဲ့သည်။

စာပေလောကတွင် ကျင်လည်ရင်း မြတ်ပန်းဝေ ဘာသာရေးမဂ္ဂဇင်း၊ မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း၊ ရွှေမြန်မာဂျာနယ်၊ ရွှေနိုင်ငံဂျာနယ်တို့တွင် စာတည်းမှူးချုပ်အဖြစ်လည်းကောင်း၊ Hot News ဂျာနယ်တွင် အကြံပေးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ပုဒ်ရေ ၇၅၀ ကျော်ခန့်နှင့် ဘာသာရေးဓာတ်ညွှန်းနှင့် လုံးချင်းစာအုပ် ၇၅ အုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ "နှင်းခွဲနေ"၊ "အမေကို ဓားနှင့်လိုက်၍ မွေးမြူခံရသူ"၊ "အမေကို ပါးရိုက်၍ မွေးမြူခံရသူ မရင်ရွှေ" ဝတ္ထုများကို အဆင့်မြင့်ဗီဒီယို ရိုက်ကူးခဲ့သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးတွင် အထွေထွေသပိတ်ကော်မတီ (ရန်ကုန်) ၌ ဗဟိုအမှုဆောင်ကော်မတီအဖြစ် ဆောင်ရွက်ခဲ့သည်။

စားဝတ်နေရေးအတွက် ဝန်ထမ်းအဖြစ် ဗန္ဓုလကုမ္ပဏီတွင် လက်ထောက်မန်နေဂျာ၊ ကရုဏာဖောင်ဒေးရှင်းတွင် ဒုတိယအထွေထွေ

www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာ၊ ပြည်နိုင်ဖြိုး၊ ပညာရေးရာဌာနတွင် စာတည်းမှူးချုပ်(အဖွဲ့မှူး) အဖြစ် ဆောင်ရွက်ခဲ့သည်။

စာပေတာဝန်အနေဖြင့် ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိချုပ် (CEO)အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

စာပေတာဝန်ဖြင့် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံ(ယူနန်)နှင့် တရုတ်နိုင်ငံ(ဘေဂျင်း)သို့ သွားရောက်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၊ KAFF, International Publishing နှင့် Myanmar Fairy Tales စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ယခုအခါ စာပေရေးသားထုတ်ဝေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် မြန်မာနိုင်ငံ စာရေးဆရာအသင်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းအဖွဲ့ဝင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြောင်မြို့နယ်အသင်းဥက္ကဋ္ဌနှင့် Myanmar Citzen Jouralist Socity (ယာယီ) ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်းမှာ ဦးအောင်သိန်းဝင်း ဖြစ်သည်။

❒ ❒ ❒

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ


၁။ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်။

၂။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ (၂၂) ရက်။

၃။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁) ရက်။

၄။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်။

၅။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်။

၆။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၆) ရက်။

၇။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၇) ရက်။

၈။ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၈) ရက်။

၉။ ဗမာပြည် ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်ရေး လှုပ်ရှားမှုများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ (၃) ရက် (ဒုတိယအကြိမ်)


www.burmeseclassic.com

www.burmeseclassic.com




၁၀။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်ကြီးစောမောင်၏ မိန့်ခွန်းများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ (၂) ရက်၊ ဒသမအကြိမ်။

၁၁။ ၄၅ နှစ်မြောက် တော်လှန်ရေးနေ့ (တပ်မတော်နေ့) ၂၇.၃.၉၀ စစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးစောမောင် ပြောကြားသည့် မိန့်ခွန်း၊ ၁၉၉၀ ပြည့်နှစ်၊ မေလ (ပထမအကြိမ်)။

၁၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သဘောထား ရှင်းလင်းချက်၊ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် အမျိုးသားရေး ဦးတည်ချက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၃) ရက် (ပထမအကြိမ်)။

၁၃။ မိုးလုံးပြည့်မုသားဝါဒများ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာ အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၁ ခုနှစ်၊ ဖွန်လ (ပထမတွဲ)။

၁၄။ မိုးလုံးပြည့်မုသားဝါဒများ၊ ဘီဘီစီ၊ ဗွီအိုအေ၊ အေအိုင်အာ အသံလွှင့်ချက်များနှင့် ၎င်းတို့အပေါ် ချေပချက်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၁ ခုနှစ်၊ ဖွန်လ (ဒုတိယတွဲ)။

၁၅။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၊ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား အကြိမ် ၁၁၀ မြောက် အထူးသတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းချက်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)။

၁၆။ စည်သူအောင်နှင့် မောင်မှတ်၊ ရွှေပြည်တော် မျှော်မဝေးပြီမို့၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်)။





၁၇။ ဖေကံကောင်း၊ ဒေါ်အောင်ဆန်းစုကြည် ဘယ်လဲ၊ ဒေါ်အောင်ဆန်းစုကြည် ဘာလဲ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (ဒုတိယအကြိမ်)

၁၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ်-၄(၆/၉၈)၊ ၁၉၉၈ ခုနှစ်၊ ဖွန်လ (၂၆) ရက်။

၁၉။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ်-၁၈(၇/၉၈)၊ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်။

၂၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ်-၂၀(၈/၉၈)၊ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်။

၂၁။ ရှုးကြောင်မှူးကြောင် အတုအယောင်လွှတ်တော်နှင့် လက်ရွေးစင်ဆောင်းပါးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်)။

၂၂။ မြန်မာ့အလင်း သတင်းစာ၊ ၂၀၀၃ ခုနှစ်၊ မေလ (၃၁) ရက်။

၂၃။ ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (မောင်ရင်မှိုင်း)နှင့် လက်ရွေးစင်ဆောင်းပါးများ၊ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)။

၂၄။ ဒီပဲယင်းလုပ်ကြံမှု အရေးယူဆောင်ရွက်ရေးကော်မရှင်၊ ဒုတိယအကြိမ်ပဏာမအစီရင်ခံစာ၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)

၂၅။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ။

၂၆။ ဓေယျဇော်၊ စေတနာမီခင် မဟာသီရိသုဓမ္မ၊ ဒေါ်ခင်ကြည်၊ ပန်းဝေဝေစာပေ၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်)။

၂၇။ မြန်မာသစ် ရသစုံမဂ္ဂဇင်း၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ။

၂၈။ ကောင်းထက်၊ အောင်ဆန်း၏ မယောသီ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)။


www.burmeseclassic.com

www.burmeseclassic.com



၂၉။ ကိုကြီးထွန်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး အတွေးအမြင်များ၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)။
၃၀။ မောင်နိုင်ခန့် (အမျိုးသားစာပေဆု)၊ ၈၈၈၈ ဒီမိုကရေစီအရေးတော်ပုံ မှတ်တမ်း၊ ကြည်လှမောင်စာပေ၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ (ပထမအကြိမ်)။
၃၁။ ချမ်းဇော်ထက်၊ တရားဥပဒေစိုးမိုးရေး ဘာလဲ၊ ဒေါ်အောင်ဆန်းစုကြည် ဘယ်လဲ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)။
၃၂။ မြတ်နိုင်၊ ဗိုလ်ချုပ်ကြီးဟောင်း၊ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း၊ ဦးခင်ညွန့်နှင့် အင်တာဗျူး၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်)။
၃၃။ ထားထားမြင့်(ဘာသာပြန်)၊ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်ဗိုလ်ချုပ်ကြီးများတို့၏ စာအုပ်တိုက်၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)။
၃၄။ မောင်နိုင်ခန့်(အမျိုးသားစာပေဆု)၊ သတိ စစ်တပ်က တရားဝင် အာဏာသိမ်းခွင့် ရှိသည်။ နိုင်ငံရေးအတွေးအမြင်များ၊ ကြည်လှမောင်စာပေ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်)။
၃၅။ ရေဝတီသတင်းဌာန၊ စွမ်းအားရှင်နှင့် မပတ်သက်ပါဘူးဆိုတဲ့ ဦးအောင်သောင်းနှင့် အင်တာဗျူး၊ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်။
၃၆။ မိုးဇေညိမ်း၊ ဘာလဲဟဲ့ စွမ်းအားရှင်၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ (ပထမအကြိမ်)။
၃၇။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်။
၃၈။ ဖိုးစိုး(ဂျာနယ်လစ်) ပြည်သူချစ်သော ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ သူရဦးတင်ဦး၊ အင်န်အယ်လ်ဒီနာယက၊ ၂၀၁၅ ခုနှစ်၊ မတ်လ (ဒုတိယအကြိမ်)
၃၉။ မြန်မာသံတော်ဆင့်ဂျာနယ်၊ အတွဲ-၄၊ အမှတ်-၁၁၊ ၂၀၁၅ ခု နှစ်၊ မေ ၂၃-၂၉။



၄၀။ မြန်မာသံတော်ဆင့်ဂျာနယ်၊ အတွဲ-၄၊ အမှတ်-၁၉၊ ၂၀၁၅ ခု နှစ်၊ ဇူလိုင် ၁၈-၂၄။
၄၁။ Daily Eleven နေ့စဉ်သတင်းစာ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၄) ရက်။
၄၂။ Daily Eleven နေ့စဉ်သတင်းစာ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၅) ရက်။
၄၃။ Daily Eleven နေ့စဉ်သတင်းစာ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂၆) ရက်။
၄၄။ Daily Eleven နေ့စဉ်သတင်းစာ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်။
၄၅။ www. google.com
၄၆။ www. Wikipedia.com

❒ ❒ ❒

www.burmeseclassic.com